www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ





# ရွှေနန်းတွင်းအထွေထွေ

(ခေါ်)

# လက်ထက်တော်တွင်းအဖြစ်အပျက်စာတမ်း

အမျိုးသားခေါင်းဆောင်ကြီးဆရာကြီးဦးရာဇတ်

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ရွှေနန်းတွင်းအတ္ထုပ္ပတ္တိ

[illegible]

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းတွင်းအစ္စုပ္ပတ္တိ
ဆရာကြီးဦးရာဇတ်

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၀၀ ၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၂၀ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | ကေစာချို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောင်ဇေက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၃၀၈.၉
ရာဇတ်၊ ဦး၊ ဆရာကြီး
ရွှေနန်းတွင်းအစ္စုပ္ပတ္တိ /
ဆရာကြီးဦးရာဇတ်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ စာတွဲအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၂၂၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ရွှေနန်းတွင်းအစ္စုပ္ပတ္တိ

၂၀၁၂ ဩဂုတ်လ၊ စာတွဲအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး
၃၀၀၀

မြန်မာအမျိုးသားများနှင့်
ခေတ်မီတက်လူမျိုးများ အမြဲလက်ကိုင်ထားသင့်သည်

# ရွှေနန်းတွင်း အစ္စုပ္ပတ္တိခေါ်



## လက်ထက်တော်တွင်း
## အဖြစ်အပျက် စာတမ်း

မန္တလေးသူရိယ
The New By Sun Daily

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ဤစာမူမှာ ဆရာကြီး ဦးရာဇတ် ရေးသားပြုစုခဲ့ကြောင်း နောက်ပိုင်းတွင် ဖော်ထုတ်ခဲ့သည့် စာရေးသူအမည်မပါသော "ရွှေနန်းတွင်း အတ္ထုပ္ပတ္တိ စာတမ်း"အမည်ဖြင့် ၁၉၃၆ ဧပြီလတွင် မန္တလေးသူရိယမှ ပထမအကြိမ် ထုတ်ဝေခဲ့သော စာမူဖြစ်ပါသည်။ ထို့ပြင် "ရွှေနန်းတွင်း အတ္ထုပ္ပတ္တိခေါ် လက်ထက်တော်တွင်း အဖြစ်အပျက်စာတမ်း"ဟုလည်း အမည်တပ်ခဲ့ကြပါသည်။ ဒုတိယအကြိမ်ကို ၁၉၅၉ နိုဝင်ဘာလတွင် မန္တလေးသူရိယမှပင် "ရွှေနန်းတွင်း အရေးတော်ပုံ" ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့ပြန်ပါသည်။ တတိယအကြိမ်ကိုမူ များမကြာမီက ပဥ္စင်စာအုပ်တိုက်မှ ၂၀၀၇ ဇူလိုင်လတွင် ပြန်လည် ထုတ်ဝေခဲ့ပါသည်။ ယခုထုတ်ဝေခြင်းမှာ စတုတ္ထအကြိမ်ဖြစ်ပါသည်။

စိတ်ကူးချိုချို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ဦးရာဇတ် (၁၈၉၈-၁၉၄၇)

ဦးရာဇတ်သည် တိုက်ပိုင်အင်စပိတ်တော် မစ္စတာအေ၊ ရာမန်နှင့် ဒေါ်ငြိမ်းလှတို့မှ မွေးဖွားသော သားသမီး ၁၃ ယောက်အနက် စတုတ္ထသားဖြစ်၍၊ မိတ္ထီလာမြို့တွင် ၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ တနင်္လာနေ့၌ ဖွားမြင်သည်။ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မိသားစု အလုပ်အတွက်နှင့် ပြောင်းရွှေ့ရသောအခါ မန္တလေးမြို့ ဝက်စလီယန် မိန်းကလေးကျောင်းတွင် သူငယ်တန်းမှစ၍ ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်းအောင်မြင်သောအခါ ဝက်စလီယန် ယောကျာ်းကလေးကျောင်းသို့ပြောင်းရွှေ့ပြီးလျှင် စာသင်တန်းထဲတွင် ထူးချွန်သဖြင့် ဆရာကြီး မစ္စတာမီးက တက္ကသိုလ်ဝင်တန်းသို့ အတန်းကျော်၍ တင်ပေးသည်။ အချိန်ကျသဖြင့် တက္ကသိုလ်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုစေရာ ကောင်းစွာ အောင်မြင်လေသည်။

ကိုရာဇတ်အား သူ့မိဘများက ရန်ကုန်မြို့၊ ကောလိပ်သိပ္ပံကျောင်းသို့ လွှတ်ကာ ပညာကို ဆက်၍ သင်ကြားစေသည်။ ကိုရာဇတ်သည် တစ်နှစ်တစ်တန်း မှန်မှန်တက်ရပြီးနောက် ဝိဇ္ဇာတန်းသို့ရောက်လျှင် အင်္ဂလိပ်စာဂုဏ်ထူးယူခဲ့သည်။ ကောလိပ်ကျောင်း၌ ပညာဆည်းပူးနေစဉ် အင်္ဂလိပ်အဘိဓာန်စာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမရရှိသဖြင့် ဘိုင်မြားရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။ ကိုရာဇတ်သည် ပညာဘက်တွင်သာ ထူးချွန်သည်မဟုတ်၊ တင်းနစ်နှင့် ကရစ်ကက်ရိုက်ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ **ဘောလုံးကန်**

www.burmeseclassic.com



ခြင်းစသော အားကစားဘက်တွင်လည်း ပြောင်မြောက်သည်။ ထို့ကြောင့်လည်း ကိုရာဇတ်သည် ကောလိပ်ကျောင်း ဘောလုံးအသင်းတွင် ပါဝင်ခဲ့လေသည်။

၁၉၂၀ ပြည့်နှစ်တွင် ပထမ ကျောင်းသားသပိတ် အရေးတော်ပုံကြီး ပေါ်ပေါက်လာသောအခါ ကိုရာဇတ်သည် သပိတ်မှောက် ကျောင်းသားခေါင်းဆောင် တစ်ဦးအဖြစ် ပါဝင်လေသည်။ သပိတ်မှောက်ကောင်စီမှ သပိတ်မှောက် ကျောင်းသားငယ်များ ပညာရေးတွင် မနစ်နာစေရန် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် အမျိုးသားကျောင်းများ ဖွင့်လှစ်ရန် ဆုံးဖြတ်ပြီးသည့်နောက်တွင် ကိုရာဇတ်သည် မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီး၌ အင်္ဂလိပ်ဘာသာနှင့် ပါဠိဘာသာ အထက်တန်းပြဆရာအဖြစ် ၁၉၂၁ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့သည်။ ထို ၁၉၂၁ ခုနှစ်တွင်ပင် အမျိုးသားပညာရေးကောင်စီမှ ကြီးမှူးကျင်းပသော ဘီအေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာ အောင်မြင်ခဲ့လေသည်။ ဦးရာဇတ်သည် ဗဟိုအမျိုးသားအထက်တန်းကျောင်း၌ ၁၉၂၃ ခုနှစ်မှစ၍ ကျောင်းဆရာကြီး အဖြစ်ဖြင့်လည်းကောင်း၊ ကျောင်းအုပ်အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့လေသည်။

ဆရာကြီး ဦးရာဇတ်သည် အင်္ဂလိပ်စာ အရေးအသား အစီအကုံးကောင်း၍ အသနားခံစာ စသည်တို့ကို တစ်ပါးသူတို့အတွက် ရေးသားပေးရလေ့ရှိသောကြောင့် "စေတနာ့ဝန်ထမ်း လျှောက်လွှာစာရေးကြီး"ဟူ၍ပင် ချစ်စနိုးခေါ်ဝေါ်ကြ၏။ တစ်ခါက အိန္ဒိယ နယူးတိုင်းမဂ္ဂဇင်းသို့ ရှမ်းပြည်နယ်၌ အထူးကျော်ကြားသော ၃၆ ကောင် ထိအကြောင်းကို ကြေးစန္ဒီ နတ်ရုပ်နှင့်တကွ အတိတ်ပေးပုံ၊ ကပ်တီတ်၊ အနီးဖော်ပြပြီးလျှင် ပေးပို့ခဲ့ရာ ပထမတန်းဆောင်းပါးဆုကို ရရှိခဲ့ဖူးလေသည်။ ဆရာကြီး ဦးရာဇတ်သည် မြန်မာဘာသာတွင်လည်း ကျွမ်းကျင်သူဖြစ်၏။ မြန်မာနှင့် ပါဠိဘာသာရပ်များကို ကျောင်း၌ မသင်ကြားရဘဲ ကျောင်းပိတ်ရက်များအတွင်း မန္တလေးမြို့ နန်းတော်ရှေ့ တိုက်တော်ကျောင်းတိုက်၊ ခင်မကန်ကျောင်းတိုက်၊ အတုမရှိကျောင်းတိုက် စသည့် ကျောင်းတိုက်များရှိ တိုက်အုပ်ဆရာတော်များထံသို့ သွားကာ သင်ကြားလေ့လာခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး ဦးရာဇတ်သည် ဖခင်၏ အစ္စလာမ် အယူဝါဒကို လက်ခံ



သော်လည်း မိခင်၏ ဗုဒ္ဓအယူဝါဒကိုလည်း မပစ်ပယ်ချေ။ များသောအားဖြင့် ဆရာကြီးသည် ဗုဒ္ဓအယူဝါဒီ ရဟန်းရှင်လူများနှင့် ခင်မင်ရင်းနှီးပေါင်းသင်း ဆက်ဆံနေလေ့ရှိသည်။ ထို့ကြောင့် ဗုဒ္ဓအယူဝါဒကို အထူးလေးစားသော မန္တလေးမြို့ကဲ့သို့သော မြို့ကြီးတစ်မြို့ရှိ အမျိုးသား အထက်တန်းကျောင်းတွင် ဆရာကြီးနှင့် ကျောင်းအုပ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဦးရာဇတ်သည် မန္တလေး ဗဟိုတန်းမြင့် အမျိုးသားကျောင်းတွင် ကျောင်းဆရာကြီး အဖြစ်ဖြင့်လည်းကောင်း၊ ကျောင်းအုပ်အဖြစ်ဖြင့်လည်းကောင်း၊ အမှုထမ်းစဉ် ကျောင်းသားများ၏ ကိုယ်လက် ကျန်းမာရေးအတွက် ကွင်းဆင်းချိန်၌ ကွင်းမဆင်းသူများနှင့် နံနက်တိုင်း ဘုရားရှိခိုးချိန်တွင် ဘုရားရှိခိုးမတက်သော ကျောင်းသားများကို ကြိမ်လုံးတစ်ချောင်းဖြင့် ကြပ်မတ်ပေးလေ့ရှိသည်။ ဆရာကြီး ဦးရာဇတ်သည် ဂုဏ်ရည်တူသူများ၊ အထက်တန်းကျသူများနှင့် ဆက်ဆံရာတွင် မျက်နှာထားတည်တည်နှင့် ဆက်ဆံလေ့ရှိသော်လည်း တပည့်များနှင့် ဆက်ဆံရာတွင်မူ အမြဲလိုလိုပင် ဆေးပေါ့လိပ်ကြီးကို ခဲကာ မဲ့ပြုံးကလေးပြုံး၍ ဆက်ဆံလေ့ရှိသည်။ ထို့ကြောင့် ကျောင်းသားများက ဆရာကြီးအား အမြဲတစေ ချစ်ကြောက်ရိုသေကြသည်။ ကျောင်းဆရာကြီးနှင့် ကျောင်းအုပ်အဖြစ် ထမ်းဆောင်စဉ် ဦးရာဇတ်သည် ကျောင်းသားများအား ပညာကိုသာမက မျိုးချစ်စိတ်ကိုပါ သွတ်သွင်းပေးလေ့ရှိသည်။ ဆရာကြီး၌ မျိုးချစ်စိတ်ဓာတ်ရှိခြင်းကို မလှမင်းဆေးပေါ့လိပ် အတုတ်ကြီးကို အမြဲလိုလို သောက်လေ့ရှိခြင်းဖြင့် ထင်ရှားစေသည်။ ကျောင်းတွင် ကျောင်းသားများကို သမဂ္ဂဖွဲ့စေပြီးလျှင် ထိုစဉ်က ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော ကိုနု၊ ကိုအောင်ဆန်း၊ မစ္စတာရာရှစ် စသည်တို့နှင့် အဆက်အသွယ် ပြုလုပ်ပေးခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဒုတိယအကြိမ် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းတို့ အလာတွင် ဆရာကြီး ဦးရာဇတ် အမှူးပြုသော အမျိုးသားကျောင်းဆရာများက လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံခဲ့လေသည်။

၁၉၃၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုအခါ မန္တလေးမြို့ရှိ ဥရောပတိုက်သား ပညာဝန်နှင့် အရေးပိုင်တို့သည် ဆရာကြီး ဦးရာဇတ် အုပ်ချုပ်သော အမျိုးသားကျောင်းသို့ ရောက်ရှိလာကြသည်။ ထို့နောက် ကျောင်းသားများက ကျောင်းကို သပိတ်

www.burmeseclassic.com



မှောက်၊ မမှောက်မေးကြရာ ဆရာကြီးက “ကျုပ်ကျောင်းကို ကျုပ်ကျောင်းသားများက ဘယ်တော့မှ သပိတ်မမှောက်” ဟု ဖြေလိုက်သဖြင့် ဝမ်းသာကာ ပြန်သွားကြသည်။ ထို့နောက် နာရီဝက်ခန့်အကြာတွင် ခေါင်းလောင်းတီးပြီးလျှင် သပိတ်မှောက်သွားကြလေသည်။ ထိုအခါ အထက်ဖော်ပြပါ အရာရှိနှစ်ဦးသည် ဆရာကြီးထံသို့ ပြန်သွားကြပြီးလျှင် “ဆရာကြီး ညာတယ်၊ လိမ်တယ်” ဟု ပြောကြသည်။ ဆရာကြီးသည် သူတို့အား မည်သို့မျှ မဖြေကြားဘဲ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌကို ခေါ်လိုက်သည်။ ဆရာကြီးနှင့် အရာရှိနှစ်ဦး၏ ရှေ့သို့ သမဂ္ဂဥက္ကဋ္ဌ ရောက်လာသောအခါ ဆရာကြီးက “မင်းတို့ ငါ့ကျောင်းကို သပိတ်မှောက်ကြတာလား” ဟု မေးလိုက်ရာ သမဂ္ဂဥက္ကဋ္ဌက “ကျွန်တော်တို့ ဆရာကြီးကျောင်းကို ဘယ်တော့မှ သပိတ်မမှောက်ပါ။ ယခု သပိတ်မှောက်ခြင်းမှာ ပညာရေးစနစ်ကိုသာ မှောက်ခြင်းဖြစ်ပါသည်”ဟု ဖြေကြားသည်။ ထိုအခါ အရာရှိနှစ်ဦးသည် သဘောပေါက်ကာ ပြန်သွားကြသည်။

ဆရာကြီး ဦးရာဇတ်သည် မြန်မာအမျိုးသားကို ချစ်ခင်သူဖြစ်သည့်အတိုင်း ဗမာမွတ်ဆလင်ဟူသော အမည်ကို စတင်၍ အသုံးပြုခဲ့လေသည်။ ရမည်းသင်းမြို့တွင်ပြုလုပ်သော ဗမာမွတ်စလင် ညီလာခံ၌ ဆရာကြီးသည် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို ခံရသည်။ မန္တလေးမြို့ရှိ အပျော်တမ်း ရဲအဖွဲ့ ဖွဲ့ရာတွင်လည်း ဆရာကြီးသည် အုပ်ချုပ်သူ ဗိုလ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ ဂျပန်ခေတ်တွင် ဆရာကြီး ဦးရာဇတ်သည် ထောင်သွင်း အကျဉ်းချထားခြင်း ခံခဲ့ရဖူးရာ သူ့အား ရွှေဘိုထောင်မှ မန္တလေးထောင်သို့ အပြောင်းတွင် တပည့်များက မိမိတို့၏အသက်များကို စွန့်လွှတ်ကြကာ လုယူကယ်ဆယ်ရန်ပင် ကြံစည်ခဲ့ကြဖူးသည်။ သို့သော် ဆရာကြီးက ထိုအကြံကို အခွင့်မပြုခဲ့ချေ။

ဦးရာဇတ်သည် မျိုးချစ်စိတ် ထက်သန်သူဖြစ်သည့်အတိုင်း အမျိုးသားပညာရေးစနစ်နှင့် အခလွတ် ပညာရေးစနစ်တို့တွင် အမြဲတစေ စိတ်စောခဲ့သည်။ သူသည် သူ့အကျိုးထက် တိုင်းပြည်၏အကျိုးကို ငဲ့သူလည်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ကို ကျောင်းသားများအား သွတ်သွင်းပေးခဲ့မှုကြောင့် ယခုအခါတွင် သူ၏ကျောင်းသားဟောင်းများသည် စစ်ဘက်တွင်လည်းကောင်း၊ မြို့ပြအုပ်ချုပ်ရေးဘက်တွင်လည်းကောင်း အမြောက်အမြားရောက်ရှိ



ကာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြလေသည်။ ဦးရာဇတ်သည် ၁၉၄၅ ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့သော မန္တလေးခရိုင် ဖက်ဆစ်တော်လှန်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖဆပလအဖွဲ့) တွင် ပထမဦးစွာဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရသည်။ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ခုနှစ်၊ ဧပြီလတွင် ကျင်းပသောအခါ ဦးရာဇတ်သည် မန္တလေးမြို့မ အရှေ့ပိုင်းအမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရ၏။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရဝန်ကြီးအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန ဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ရသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့၌ ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခြင်း ခံရလေသည်။ ထိုအခါက သူ့အား သွေးအိုင်ထဲမှ ပွေ့ပိုက်၍ ထူမပေးသောအခါ “ကျွန်တော်က အရေးမကြီးပါဘူး၊ ဗိုလ်ချုပ်နှင့် သခင်မြတို့က ပိုဆိုးပုံရတယ်၊ သူတို့ကိုသာ ဂရုစိုက်ကြပါ” ဟု ပြောကြားခဲ့လေသည်။

ဆရာကြီးဦးရာဇတ်သည် ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့စဉ်က တက္ကသိုလ်ကျောင်းသားသမဂ္ဂ ခေါင်းဆောင်သည့် ကျောင်းသားအဖွဲ့ တစ်ခုကို ၁၉၄၇ ခုနှစ်၊ ဇွန်လတွင် အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့၌ ကျင်းပခဲ့သော အာရှအရှေ့တောင်ပိုင်း ကျောင်းသားများ ညီလာခံသို့ စေလွှတ်ခဲ့သည့်အပြင် ကိုယ်တိုင်လည်း ပညာရေးဝန်ကြီးအဖြစ် တက်ရောက်ခဲ့၏။ ၁၉၄၇ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်ကို ဒီဂရီကောလိပ်အဖြစ် တိုးမြှင့် ဖွင့်လှစ်ခဲ့ သည်မှာလည်း ဦးရာဇတ်၏ ကြိုးပမ်းမှုကြောင့် ဖြစ်လေသည်။ ဦးရာဇတ်သည် ကွယ်လွန်သည့်အချိန်တွင် ပါဠိတက္ကသိုလ်တစ်ခု ဖြစ်မြောက်ရေးကို ကြိုးပမ်းနေဆဲဖြစ်၏။

ဆရာကြီး ဦးရာဇတ် ကွယ်လွန်သောအခါ ဇနီး ဒေါ်ခင်ခင်နှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့လေသည်။

❑

(မြန်မာ့စွယ်စုံကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာအမည်မခံ စာဆိုရှင် ဦးရာဇတ်

ကျော်ဝင်းမောင်

ကျွန်တော် ၃-၁၂-၇၂ နေ့ ညနေက အင်ဗွိုင်းခန်းမရှိ နိုင်ငံတကာ စာအုပ်ပြပွဲဆီကို ရောက်ခဲ့ပါတယ်။

အင်ဗွိုင်းခန်းမထဲဝင်သွားတယ်ဆိုရင်ပဲ ကွယ်လွန်သွားရှာနှင့်ပြီးတဲ့ စာဆိုရှင်ကြီးတွေရဲ့ ဓာတ်ပုံရယ်၊ ဓာတ်ပုံရိုက်ယူ ဖော်ပြထားတဲ့ သူတို့ရဲ့ လက်ရေးမူ တစ်စိတ်တစ်ဒေသရယ်တို့ကိုပါ တွေ့ရပါတယ်။

သခင်သန်းထွန်း၊သခင်ကိုယ်တော်မှိုင်း၊ သခင်ဗဟိန်း၊ ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ရဲထွန်းလင်း (ကသာ ကာယဗလ ဦးနေဝင်း)၊ ဘကြီး ဘဖေ အစရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံတွေကိုလည်း တခမ်းတနား တွေ့ရပါတယ်။

ဒီလိုကွယ်လွန်နှင့် ပြီးတဲ့စာဆိုရှင်တွေကို ပြန်လည် ဖော်ထုတ် အသိအမှတ်ပြု ဂုဏ်ပြုထားတာဟာ စာပေလုပ်သားတွေအတွက် အားတက်ဝမ်းသာစရာတစ်ခုပေါ့ ကျေးဇူးလဲ တင်မိပါတယ်။

ဒီလိုဓာတ်ပုံတွေ လျှောက်ကြည့်ရာကနေ တစ်ခုသော ကွက်လပ်ဘောင်ဆီကို ရောက်သွားပါတယ်။ အမှတ်မထင် ဒီဆေးဖြူသုတ်ထားတဲ့ ကွက်လပ်ဘောင်ကို အားယူစူးစိုက်ကြည့်နေမိပါတယ်။ ပြီးတော့ အတွေး တစ်ခု ပေါ်လာပါတယ်။

ဒီကွက်လပ်ဘောင်မှာ ရွှဲ့ပြုံးကလေး၊ ဒါမှမဟုတ်၊ မဲ့ပြုံးကလေးနဲ့



ဆရာကြီး ဦးရာဇတ်ပုံကို ဘာကြောင့်များ မထည့်ပါလိမ့်။ တကယ်ကျတော့ ဆရာကြီး ဦးရာဇတ်ဟာ စာဆိုရှင်တစ်ယောက်ပေပဲ၊ ဒါပေမဲ့ သူဟာ စာရေးဆရာ နာမည်ခံပြီး အင်မတန် စာရေးခဲ့ပါတယ်။ ဘာကြောင့် အမည် မခံဘဲ စာတွေရေးခဲ့သလဲဆိုတာ ကျွန်တော်လည်း အတိအကျ မပြောနိုင်ဘူး။ ဒါပေမယ့် သူဟာ စာတွေတော်တော်များများ ရေးခဲ့တာကတော့ အမှန်ပဲ။ ဒါနဲ့ပတ်သက်ပြီး ဒီလို အထောက်အထားတွေကို တွေ့ရပါတယ်။

ဆရာကြီး ဦးရာဇတ်ဟာ စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်လည်းဖြစ်ကြောင်း ဟောဒီလို ပြောပြကြပါတယ်။

'တစ်ညနေမှာ ဆရာကြီး ဦးရာဇတ်ဟာ ကျွန်မဆီရောက်လာပါတယ်။ သူက စာအုပ်တစ်အုပ်ကို ဘယ်ဘက်လက်မှာ လက်ညှိုးခံပိတ်ကိုင်ပြီး တစ်ဘက်မှာတော့ သာစည်သူ မမြရီရဲ့ ဖက်ဆေးလိပ်ကို လက်ညှိုးနဲ့ လက်ခလယ်မှာ ညှပ်ကိုင်လို့ပေါ့' ဆိုတဲ့ စကားတွေချီပြီး ပြောသူကတော့ မန္တလေးက စာရေးဆရာ၊ သတင်းစာဆရာမကြီး ဒေါ်အမာပေါ့။ ဆရာကြီး ဦးရာဇတ် စာအုပ်ပြုစုဖို့ သွားတုန်းက ဒေါ်အမာက ကျွန်တော့်ကို ဒီလိုပြောပြခဲ့ခြင်းပါ။)

ဒေါ်အမာက သူ့စကားကို ဒီလိုဆက်လာပြန်တယ်။

'ဒီအချိန်က ကျွန်မဟာ (ဘီအေ)က ကျလို့ ကျောင်းထွက်ပြီး အိမ်မှာ အားနေချိန်ပေါ့၊ ဆရာကြီးက ဘာပြောသလဲဆိုရင်'

'ဟေ့ အမာ ... ဒီစာအုပ်ဖတ်ဖူးသလား'တဲ့ ပြီး လက်ညှိုးခံ ပိတ်ထားတဲ့ စာအုပ်ကို ကျွန်မလှမ်းပေးလိုက်ပါတယ်။ မောရစ်ကောလစ် **Maurice Collis** ရေးတဲ့ **Trials in Burma** စာအုပ်ပါ၊ ဒီစာအုပ်မဖတ်ဖူးသေးဘူးလို့ ပြောပြလိုက်တော့။

'ဒီ မန္တလေးသူရိယသတင်းစာမှာ ဘာသာပြန်ထည့်နေတာကော ဖတ်ရသလား'လို့ မေးလာပြန်တယ်။ 'ဖတ်ရပါတယ်' ဆိုတဲ့ အကြောင်း ပြန်ဖြေလိုက်ပါတယ်။ ဒီတော့ ဆရာကြီးက ဆက်ပြီး –

'ဒီစာအုပ် မဖတ်ရသေးရင် မင်းဆက်ဖတ်ကြည့်။ ကြိုက်ရင် မင်းဟာ မင်း ဆက်ဘာသာပြန်၊ ကိုယ် One chapter (အခန်းတစ်ခန်း)ပဲဘာသာပြန်ရသေးတယ်၊ သတင်းစာမှာ ကိုယ်က ကိုယ့်နာမည်မခံဘဲ ပြန်ထားတယ်။ ဒီတော့ မင်းကပဲ မင်းနာမည်ခံပြီး ဆက်ဘာသာပြန်ပေါ့ ဟုတ်လား'လို့ ရွှဲ့ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ ပြောပြရင်း ပြန်သွားပါတော့တယ်။ ဆရာကြီးက စကားပြောရင် ‘ငါ’တို့ ‘ကျုပ်’တို့စကားလုံးအစား ‘ကိုယ်’ဆိုပြီး ပြောလေ့ပြောထရှိတယ်။ ကျွန်မလည်း စာအုပ်ကို ဖတ်ကြည့်တော့ တကယ်အရသာရှိတယ်။ ဖတ်လို့ကောင်းတယ်၊ ဒါနဲ့ဆရာကြီး ဘာသာပြန်လို့ ပြီးသွားတဲ့ အပိုင်းကနေ အခန်းနှစ်ကို စပြန်ပြီး မန္တလေးသူရိယမှာ ကျွန်မနာမည်ခံပါတယ်။ တကယ်က ဒီစာအုပ်ကို စ ဘာသာပြန်တဲ့ သူက ဆရာကြီး ဦးရာဇတ်ပဲ ဖြစ်ပါတယ်’တဲ့။

နောက် မန္တလေး သူရိယသတင်းစာ အယ်ဒီတာချုပ် ဦးသန်းမောင်က ‘ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့ (ရွှေနန်းတွင်း အရေးတော်ပုံ) စာအုပ်မှာ ၁–၁၁–၅၉ နေ့စွဲတပ် အမှာစာရေးပြီး လက်မှတ်ရေးထိုးထားပါတယ်။ သူ့ရဲ့‘အမှာမှာ’ ဒီလိုတွေ့ရပါတယ်။

မန္တလေးသူရိယ နေ့စဉ်သတင်းစာတိုက်မှ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်သော (ရွှေနန်းတွင်း အရေးတော်ပုံ) စာအုပ်သည် ကိုလိုနီခေတ်တွင် မန္တလေးသူရိယနေ့စဉ်ထုတ်ဝေခဲ့စဉ် မန္တလေးသူရိယတိုက်မှ ရိုက်ထုတ်ခဲ့သည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။

မူလပထမ စာအုပ်တွင် ရေးသားပြုစုသူ၏ အမည်နာမ လုံးဝ မပါရှိခဲ့ပါ။ အမှန်စင်စစ် ၎င်းစာအုပ်ကို ရေးသားပြုစုသူမှာ ကျွန်တော်၏ဆရာ အမျိုးသားခေါင်းဆောင်ကြီး (ကွယ်လွန်သူ) ဆရာကြီး ဦးရာဇတ်ပင် ဖြစ်ပါသည်။

အဲဒီလို ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။ ပြီးတော့ စာရေးဆရာ ဆရာသခ်ါရဲ့ ထောက်ပြချက်ကိုလည်း ဆက်လက်ကြည့်ကြပါဦးစို့။

ဆရာသခ်ါက ၁၄–၇–၆၉ ခု နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်မှာ ‘ဤရတုပိုဒ်စုံ’ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ သူ့ဆောင်းပါးကို ကောက်နုတ် ဖော်ပြရရင် –

“ရုတ်တရက် ဖတ်ရလျှင် ဤရတုစာကိုများကို ရှေးစာဆိုများ၏ စာဟောင်းများဟု ထင်ကောင်းထင်ဖွယ် ရှိလိမ့်မည်။ အမှန်တော့လည်း ဤရတုပိုဒ်စုံမှာ ရှေးနှစ်ပေါင်း ၃၀ ကျော်လောက်က ရေးစပ်ခဲ့သော ရတုဟောင်းများ ဖြစ်သည်ကား မှန်၏။ သို့သော် ရှေးခေတ်စာဆိုတော်ကြီးများ၏ ရတုစာဟောင်းများကား မဟုတ်ပေ”



သိမ်းအဖွဲ့အနွဲ့တို့မှာကား သာမည ပုဂ္ဂိုလ်တစ်ဦး၏ လက်ရာမဟုတ်ဘဲ အတော်အတန် ကဗျာဉာဏ်၊ ရသဂုဏ်နှင့် ပြည့်စုံအောင် နိုင်နိုင်နင်းနင်း ဖွဲ့နိုင်သူတစ်ဦးဖြစ်ကြောင်းကိုမူ သုတေသီများ ခန့်မှန်းနိုင်လောက်ပေသည်။

‘ထိုထက် ယင်းကဗျာရှင် မည်သူဖြစ်သည်ကိုသိက ပို၍ပင် အံ့ဩသွားပေလိမ့်မည်။ ထိုရတုပိုဒ်စုံ သုံးပုဒ်၏ စာဆိုရှင်ကား အခြားသူမဟုတ်ဘဲ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ ၁၉ ဇူလိုင် မမေ့နိုင်သောနေ့တွင် ကျဆုံး ကွယ်လွယ်ခဲ့ရသူတစ်ဦး အပါအဝင်ဖြစ်သည့် ဆရာကြီး ဦးရာဇတ်ပင် ဖြစ်သည်။ ဆရာကြီး ဦးရာဇတ်၏ နာမည်နှင့် ရုပ်လက္ခဏာ၊ အဝတ်အစား၊ အဆင်အပြင်တို့ကို သာမန်တွေ့မြင်ရသူတစ်ဦးအဖို့မှာကား ထိုကဗျာသည် ဆရာကြီး၏ လက်ရာဖြစ်သည်ဟု ဆိုလျှင် ‘အမှန်သံသယစိတ်ဓာတ်ဖြင့် အံ့ဩသွားမည် မုချဖြစ်သည်။ သို့သော် ဤရတုပိုဒ်စုံ သုံးပုဒ်ကား ဆရာကြီး ဦးရာဇတ်၏ လက်ရာအစစ်များသာတည်း’

ဆရာသခ်ါရဲ့ ရေးသားဖော်ပြချက်တွေကို ကြည့်ရင်လည်း ဆရာကြီး ဦးရာဇတ်ဟာ စာဆိုရှင်တစ်ဦး ဟုတ်မဟုတ်ဆိုတာကို ပြဿနာတစ်ခုအနေနဲ့ အငြင်းပွားနေဖို့လိုမယ်လို့ မထင်ပါ။

ဆရာကြီးဟာ ပါဠိဘာသာဂုဏ်ထူးမို့ ပါဠိတော်သူတစ်ဦး ဖြစ်ပါတယ်။ ပါဠိမှာ တော်သလို အင်္ဂလိပ်စာမှာလည်း တော်သူဖြစ်လို့ အင်္ဂလိပ်လူမျိုးတွေ ကိုယ်တိုင်က ချီးကျူးခဲ့ပါတယ်။ မြန်မာစာနဲ့ စာပေများ၊ ရတုကဗျာတွေ အရေးအသားကောင်းသလို အင်္ဂလိပ်လို ရေးတဲ့ ဆောင်းပါးတွေဟာလည်း အဆင့်မြင့်လှပါတယ်။

The Cry (Official organ of the muslim Student & Society Rangoon) ဆိုတဲ့ ဂျာနယ်မှာ အင်္ဂလိပ်လို ဆောင်းပါးရေးသားခဲ့ပါတယ်။ ၁၉၄၆ခုနှစ်၊ ပျဉ်းမနားမှာ ကျင်းပခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ ဗမာမွတ်ဆလင် အမျိုးသား ကွန်ဂရက်ကြီး ပြီးတဲ့နောက် ဒီကွန်ဂရက်ကြီးနဲ့ ပတ်သက်တဲ့ ဆောင်းပါးကို ဒီ (The Cry) ဆိုတဲ့ ဂျာနယ်မှာ "The Burman muslim organization (On account of the formation of all Burma, Burman muslim Congress at Pyinmana by A. Razak B.A ဆိုပြီး ဆောင်းပါးကို တွေ့နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဘဝ အိုင်အေ အထက်တန်းတုန်းက မစ္စတာဘိုင်မြား (Mr. Bhymyah) ရဲ့ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲဝင်ရောက်ဖြေဆိုရာလည်း ပထမဆုရွှေတံဆိပ်ကို ဆွတ်ခူးခဲ့ဖူးပါသတဲ့။

ဆရာကြီးဟာ အင်္ဂလိပ်စာကော မြန်မာစာပါ စွယ်စုံတော်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဒီလို ပုဂ္ဂိုလ်မျိုးရှားလိမ့်မယ်လို့ ထင်ပါတယ်။

ဆရာကြီး ဦးရာဇတ်ကို အမျိုးသား ကျောင်းဆရာကြီး တစ်ဦးအဖြစ်နဲ့ အမျိုးသား ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်သာ သိကြပါတယ်။ စာဆိုရှင်တစ်ဦးအမြင်နဲ့ သိသူ အင်မတန်နည်းလှပါတယ်။

ဒီလို ဖြစ်ရတာဟာ ဆရာကြီးဟာ စာဆိုရှင်အဖြစ် နာမည်မခံခဲ့လို့နေမှာပါပဲ။

တကယ်လို့သာ စာဆိုရှင်အဖြစ် နာမည်ခံခဲ့မယ်ဆိုရင် ဒီလွတ်လပ်နေတဲ့ကွက်လပ်ဘောင်မှာ ဆရာကြီးရဲ့ ရွဲ့ပြုံးကလေးနဲ့ ရုပ်ပုံလွှာရယ် သူ့စာစုကလေးတွေရယ်တို့ကို မြင်တွေ့ရမှာကိုတော့ သံသယဖြစ်စရာ လိုမယ်မထင်ပါ။

ဘာပဲဖြစ်ဖြစ် ဒီအကြိမ်မှာ တိမ်မြုပ်ခံနေရတဲ့ စာဆိုရှင်ကြီးတစ်ဦးဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်ကို နောင်နှစ်တွေ နောင်နှစ်တွေမှာ ပြုလုပ်မယ့် စာဆိုရှင်ပွဲတွေ နိုင်ငံတကာ စာအုပ်ပြပွဲတွေမှာတော့ နိုင်ငံရဲ့ အာဇာနည်ခေါင်းဆောင်ကြီးအဖြစ် ကျောင်းဆရာကြီးအဖြစ် အပြင် စာဆိုရှင်ကြီးအဖြစ်နဲ့ပါ ဖော်ထုတ်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်ရင်း။

❑

## ဒုတိယနှိပ်ခြင်းအတွက် ရှင်းလင်းချက်အမှာ

မန္တလေးသူရိယ နေ့စဉ်သတင်းစာတိုက်မှ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်သော (ရွှေနန်းတွင်းအရေးတော်ပုံ) စာအုပ်သည် ကိုလိုနီခေတ်တွင် မန္တလေးသူရိယ နေ့စဉ်ထုတ်ဝေခဲ့စဉ် မန္တလေးသူရိယတိုက်မှ ရိုက်ထုတ်ခဲ့သည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ရှေးယခင် ၎င်းစာအုပ်ကို ထုတ်ဝေခဲ့စဉ်က (ရွှေနန်းတွင်းအဋ္ဌပွတ္တိခေါ် လက်ထက်တော်တွင်း အဖြစ်အပျက် စာတမ်း) အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။

မူလ ပထမစာအုပ်တွင် ရေးသားပြုစုသူ၏ အမည်နာမ လုံးဝမပါရှိခဲ့ပါ။ အမှန်စင်စစ် ၎င်းစာအုပ်ကို ရေးသားပြုစုသူမှာ ကျွန်တော်၏ ဆရာ အမျိုးသား ခေါင်းဆောင်ကြီး (ကွယ်လွန်သူ) ဆရာကြီး ရာဇတ်ပင် ဖြစ်ပါသည်။

ဆရာကြီးရာဇတ်နှင့် ကျွန်တော်၏ဖခင်ကြီး (ကွယ်လွန်သူ) ဦးထွန်းရင်တို့ တိုင်ပင်ညှိနှိုင်းပြီး ဆရာကြီးရာဇတ်က ပြုစုခဲ့သော စာအုပ်ကြီးတစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ပါ ဓာတ်ပုံဘလောက်များကို မန္တလေးသူရိယ၏ ဖခင်ကြီး ဦးထွန်းရင်ကိုယ်တိုင် မင်းတုန်းမင်း၊ သီပေါမင်းတို့၏ ဆွေတော်မျိုးတော်များထံ အပင်အပန်းခံ၍ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ရှာဖွေတင်ပြထား

www.burmeseclassic.com

www.burmeseclassic.com



သော ရေးဟောင်းစာတ်ပုံများပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ဤစာအုပ် ထုတ်ဝေစဉ်က အရွယ်မရောက်သေး၍ မဖတ်ရသေးသော လူငယ်လူရွယ်များ ဖတ်ရှုလေ့လာစေရေးအတွက် အကြောင်းတစ်ချက် ပါပါသည်။

ထို့ပြင် ဤ (ရွှေနန်းတွင်းအရေးတော်ပုံ) ပါ အဖြစ်အပျက်သည် မန္တလေးမြို့ ကိုယ့်မင်းကိုယ့်ချင်းဘဝ နေခဲ့စဉ်က အဖြစ်အပျက်များကို ရေးသားထားခဲ့သော စာအုပ်ဖြစ်ပြီး ဤ "မြို့တည် နန်းတည်နှစ်တစ်ရာပြည့်" အထိမ်းအမှတ် ပွဲတော်နှင့်လည်း ကြုံဆုံနေသဖြင့် ယခုလို ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပြုစုကြသူများမှာ ကျွန်တော်၏ဖခင်ကြီးနှင့် ဆရာကြီးတို့ဖြစ်ရာ ၎င်းတို့၏ လက်ငုတ် လက်ရင်း အမွေအနှစ် မကွယ်ပျောက်စေရန်နှင့် ကျေးဇူးတရားကို တုံ့ပြန် သောအားဖြင့် ဤ စာအုပ်ကို ပြန်လည် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးသော စာရေးဆရာ (ရွှေကိုင်းသား)နှင့် အထက် မြန်မာနိုင်ငံ သတင်းထောက် အသင်းဥက္ကဋ္ဌကြီး ဦးဘကွန်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

နေ့စွဲ ၁–၁၁–၅၉
မန္တလေး။

(ပုံ) သန်းမောင်
အယ်ဒီတာချုပ်
မန္တလေးသူရိယနေ့စဉ်

## ရွှေနန်းတွင်းအရေးတော်ပုံ (ရွှေကိုင်းသား)၏ အမှာ

မန္တလေး ရတနာပုံခေတ်ကား ယခုမှ ရာစုတစ်ခု ပြည့်ရုံကလေးမျှသာ ရှိသေးသည်။ လှမ်းမျှော်ကြည့်လျှင် မြင်နိုင်လောက်သေးသည်။ မြင်လည်း မြင်ကြရသည်။ မြင်ရသည်မှ ရာဇဝင်ရေးတင်ထားချက်လောက်မျှသာ မဟုတ်။ (သက်ကြီးစကား သက်ငယ်ကြား) ဆိုသလို အဆင့်ဆင့်မှ မှတ်သားလာခဲ့ကြသည့် ပါးစပ်ရာဇဝင်များအရလည်း သိကြရ၊ မြင်ကြရသည်။ အထူးသဖြင့် လက်ထက်တော်ကလေးဟု ခေါ်ဆိုကြသော သီပေါဘုရင်မင်းမြတ်လက်ထက် ဖြစ်ပျက်ခဲ့သည့် နန်းတွင်းအရေးများကို ရာဇဝင်ရေးတင်သည်ထက်ပင် ပိုမိုစုံလင်စွာ သိကြရသည်။

ကိုယ့်ဘုရင်၏ အတွင်းရေးမှုများကို ကိုယ့်လူမျိုးများကသာ သိကြသည်မဟုတ်သေး။ နိုင်ငံခြားသားများကလည်း သိကြသည်။ သိသည်မှ အချို့နေရာများ၌ နိုင်ငံခြားသားများကပင် တိုင်းရင်းသားများထက် အသေးစိတ်ပြီး သိကြသေးသည်။ သို့သော် သူတို့၏အသိအမြင်ကို ပြန်လည်ဖောက်သည်ချရာ၌ တကယ် တွေ့မြင်ကြားနာ မှတ်သားခဲ့ရသည်ထက် ပုံကြီးချဲ့ပြီး ရေးပြသည်က များလေသည်။

သူတို့ ပုံကြီးချဲ့ပြသမျှလည်း များသောအားဖြင့် မြန်မာဘုရင်တို့ ကမ္ဘာ့အမြင်တွင် အထင်အမြင်သေးစရာဖြစ်အောင် တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ချဲ့ပြခြင်းများသာ ဖြစ်လေသည်။ ၎င်းကို အင်္ဂလိပ်စာရေးဆရာမတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့သည့် "သည်လက္ကာလေဒီ" ဝတ္ထုတစ်ပုဒ်ဖြင့် သိနိုင်လောက်ပေသည်။

လက္ကာလေဒီဝတ္ထုမှာ ဝတ္ထုရေးဆရာတစ်ယောက်၏ အမြင်ဖြင့် ကိုယ်လိုရာဆွဲဆောင် ရေးသားသွားသည့်တိုင်အောင် ဝတ္ထုပါအချက်အလက်တို့မှာ ထိုအခါက သီပေါမင်း နန်းတွင်းရေးကို သိမီလိုက်သူများ၏ ပြောပြချက်များအရ မန္တလေးမြို့ရှိ ဗြိတိသျှ သံရုံးနှင့် ရန်ကုန်ကော်မရှင်နာ မင်းကြီးရုံး၊ ၎င်းမှတစ်ဆင့် အိန္ဒိယပြည် နိုင်ငံခြားရေးဌာနတို့ ဆက်သွယ် ပေးပို့ကြသော စာတမ်းများအပေါ်တွင် အခြေခံထားသည်ကို တွေ့ရသဖြင့် ရာဇဝင်သဘောအရ တန်ခိုးရှိသည်ဟု ဆိုရပေမည်။

ကျွန်ုပ်တို့ မြန်မာများအမြင်တွင် ပထမကျော် ဘုရင်တစ်ပါးအနေဖြင့် လောကုတ္တရာရေးရာဘက်မှ ထူးချွန်သော မင်းတစ်ပါးအဖြစ် ဂုဏ်ယူထားကြသည့် သီပေါအရှင်မင်းမြတ်ကို (လက္ကာလေဒီ) ဝတ္ထု၌ ယစ်ထုတ်ကြီးသဖွယ် ရေးခြယ် ပြသထားသည်ကို ဖတ်ရှုရလေသည်။

အစက ဝတ္ထုရေးဆရာ၏ ကလောင်သရမ်းမှုဟု ယူဆခဲ့မိသော်လည်း မန္တလေးမြို့ရှိ ဗြိတိသျှသံအမတ်ကြီးက အိန္ဒိယအစိုးရထံပေးပို့သည့် စာတမ်းတွင် ထိုအကြောင်းကို အရိပ်အမြွက်မျှ ဖော်ပြထားကြောင်း တွေ့ရတော့မှ ဝတ္ထုရေးဆရာသည် အကြောင်းမဲ့ ရေးခဲ့သည် မဟုတ်ကြောင်းကို နားလည်ရတော့သည်။

ရာဇဝင်သုတေသီများအဖို့ ရာဇဝင်အမြင်ကျယ်ရန်မှာ ကျဉ်းမြောင်းသော ဇာတိမာန်စိတ်တစ်ခုတည်းဖြင့် မကြည့်မူ၍ ကိုယ့်ဘက်က ရေးသားထားသော ရာဇဝင်များသာမက နိုင်ငံခြားသားများ၏ အမြင်ကိုပါ သိထားဖို့လိုအပ်ပေသည်။ ယခု မန္တလေးသူရိယ သတင်းစာတိုက်မှ ပြန်လည် ပုံနှိပ်ထုတ်ဝေလိုက်သော "ရွှေနန်းတွင်းအရေးတော်ပုံ" စာအုပ်မှာ ထိုရာဇဝင် အမြင်ကျယ်မှုအတွက် အထောက်အပံ့ပေးမည့် စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်လေသည်။ ဝတ္ထုရေးဆရာ၊ ရာဇဝင်ဆရာတို့မှာ ကိုယ်လိုရာ ဆွဲဆောင်ရေးသားတတ်သော်လည်း အစိုးရအနေဖြင့် ရေးသားမှတ်တမ်းတင်ရာ၌မူကား အမြင်မှားသော်မှသာ မှားရပေမည်။ တကယ့်ဖြစ်ရပ်အမှန်ကိုသာ တိတိကျကျ ဖော်ပြရမည့် ဝတ္တရားရှိနေပေသည်။

ရွှေနန်းတွင်း အရေးတော်ပုံပါ ဗြိတိသျှအစိုးရ၏ တာဝန်ခံပုဂ္ဂိုလ်များ



တစ်ဦးနှင့်တစ်ဦး ရေးသားပေးပို့ကြသည့် စာတမ်းများမှာ ထိုစဉ်အခါက အစိုးရ ဝတ္တရားတစ်ရပ်အနေဖြင့် ရေးသားခဲ့ခြင်း ဖြစ်သော်လည်း ယနေ့အဖို့မှာကား ရာဇဝင်ကို အသေးစိတ် မှတ်တမ်းတင် ဖော်ပြထားသည်နှင့် တူနေပေသည်။

စာအမှတ် (၁၁) တွင် ဆိုပါမူ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့၏ ဆက်ဆံမှုရာဇဝင်ကို အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲအပြီးမှ သီပေါမင်းလက်ထက် တတိယစစ်ပွဲမဖြစ်မီ ၎င်းစစ်ပွဲအတွက် ၎င်းတို့ဘက်မှ တာစူနေသည့် အချိန်ပိုင်းထိ ရေးပြထားခြင်းဖြစ်ရာ ရာဇဝင်ချုပ် တစ်ခုသဖွယ် ဖြစ်နေပေသည်။ ၎င်းစာတမ်းတစ်စောင်တည်းနှင့်ပင် စာမျက်နှာနံပါတ် ၁၇ မှ ၃၅ အထိ နေရာယူထားခြင်းအားဖြင့် အင်္ဂလိပ် မြန်မာ ဆက်ဆံရေး ရာဇဝင်ကို အတော်အသေးစိတ်၍ ရေးပြထားကြောင်း ခန့်မှန်းနိုင်လောက်ပေသည်။

သီပေါမင်းနန်းတက်စက မင်းဆွေစိုးမျိုးများ ရက်စက်စွာ အသတ်အဖြတ်ခံရပုံဆိုလျှင် အင်္ဂလိပ်သံအမတ် မစ္စတာရှောနှင့် ကင်းဝန်မင်းကြီးတို့ အပြန်အလှန် ပေးစာများသာမက ၎င်းတို့ ထောက်လှမ်းရရှိချက်များကိုပါ အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရလေသည်။ (လက္ကာလေဒီ) ဝတ္ထု၌ ၎င်းအခန်း ပိုင်နိုင်စွာ ရေးပြနိုင်သည်မှာ ရွှေနန်းတွင်းအရေးတော်ပုံပါ စာတမ်းများကို အထောက်အထားပြုရသောကြောင့် ဖြစ်ပေသည်။ ဤနန်းတွင်း သတ်ဖြတ်မှုမှ အစပြု၍ အင်္ဂလိပ် မြန်မာဆက်ဆံရေး ပိုမိုတင်းမာလာသည်ကို တွေ့ရပေရာ နောက်ဆုံး မန္တလေးမြို့မှ ဗြိတိသျှသံရုံး ရုပ်သိမ်းသွားရသည် အထိ အခြေအနေ ဆိုးဝါးသွားတော့သည်။

ရွှေနန်းတွင်း အရေးတော်ပုံပါ စာတမ်းအားလုံးတို့ကို ခြုံ၍ကြည့်လိုက်မည်ဆိုလျှင် မြန်မာဘုရင်အပေါ် နိုင်ငံရေးအရ မကျေနပ်မှု၊ စီးပွားရေးအရ မကျေနပ်မှု၊ ဆက်ဆံရေးအရ မကျေနပ်မှု၊ အသေးအဖွဲအားဖြင့် ဘုရင်ရှေ့တော်သို့ ဖားလွယ်လွယ်ပြီး ဖိနပ်စီးမဝင်ရမှုကစပြီး မကျေနပ်မှုများကို ထုတ်အန်ထားသည်ကို တွေ့ရပြီး ၎င်းမကျေနပ်မှုများအတွက် အင်္ဂလိပ်တို့ဘက်မှ တန်ပြန်အနေဖြင့် နိုင်ငံရေးအကျပ်ကိုင်မှု၊ စီးပွားရေးအကျပ်ကိုင်မှုနှင့် အင်အားကြီးဝါဒသုံးစွဲမှုကိုပါ ဖော်ပြလာပေတော့သည်။

ရာဇဝင်ကို ရာဇဝင်အမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြည့်မည်ဆိုလျှင် အင်္ဂလိပ်တို့ ထိုးစစ်ဆင်လာနိုင်အောင် မြန်မာတို့ဘက်မှလည်း ချို့ယွင်းချက်

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ပေါ်လာသည်ကို တွေ့ကြရမည် ဖြစ်ပေသည်။ ၎င်းကို မြန်မာတို့ဘက်က ရာဇဝင်သင်ခန်းစာ ယူဖို့ကောင်းပေသည်။ ဤသို့သော အချက်အလက်များ ပြည့်စုံစွာ ရေးသားမှတ်တမ်းတင်ထားသော ရွှေနန်းတွင်းအရေးတော်ပုံ စာအုပ်မှာ မြန်မာစာပေ ဂန္ထဝင်တွင် နေရာကောင်းပေးရမည့် စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်ဟု ဆိုချင်ပါတော့သည်။

ယင်းစာအုပ် ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် နှစ်တစ်ရာပြည့် မန္တလေးစာအုပ်ကြီးမှနေပြီး သက်ဆိုင်သူများသို့ တိုက်တွန်းတောင်းပန်ခဲ့ဖူးသည့်အတိုင်း မန္တလေးသူရိယသတင်းစာတိုက်မှ မန္တလေးရာပြည့်ပွဲတော်ကြီးအမီ ပြန်လည် ထုတ်ဝေလိုက်သည်မှာ မူလတောင်းပန်သူ တစ်ယောက်အနေဖြင့်လည်းကောင်း၊ ရာဇဝင်သုတေသီ တစ်ယောက်အနေဖြင့်လည်းကောင်း မန္တလေးသူရိယ ဦးသန်းမောင်အား ကျေးဇူးတင်ကြောင်း ရေးသားလိုက်ရပေသတည်း။

ရွှေကိုင်းသား

၁၄-၁၀-၅၉

## ရည်ရွယ်ချက်နှင့် နိဒါန်း

ကျွန်ုပ်တို့၏သခင် မြန်မာပြည့်ရှင် ဘုရင်သီပေါမင်းတရားအား ထိပါး ရှုတ်ချလျက် (Miss Tennyson Jesse) မစ္စတယ်နီဆင်ဂျက် အမည်ရှိသော အင်္ဂလိပ်လူမျိုး စာရေးဆရာမတစ်ယောက်က (Lacquer Lady) လက္ကာလေဒီဟူသောအမည်နှင့်ဝတ္ထုစာအုပ်အဖြစ်ဖြင့် လွန်ခဲ့သည့် ၁၂၈၂ ခု၊ ၉၃ခုနှစ်အတွင်းဆီက ထုတ်ဝေဖြန့်ချိခြင်း ပြုခဲ့ကြောင်း။

ထိုနောက် အရှင်သီပေါမင်းတရား၏ အပါးတော်မြဲ အတွင်းဝန်မင်း ဦးစံရွှေနှင့် ရန်ကုန်သူရိယသတင်းစာတို့က မြန်မာ့တန်ခိုး တိမ်မညှိုးစေရန်ကြောင်းကျိုးဆက်လက် ကြိုးစားချက်ကြောင့် (Lacquer Lady) လက္ကာလေဒီ ဝတ္ထုကို ချေပခြင်းပြုကာ (ဂီရိရတနာ ဆောင်းပါးမဟာ)ကို မကြာမီက ထုတ်ဝေခြင်း ပြုနိုင်ခဲ့ကြကြောင်း။

အထက်ဖော်ပြပါ လက္ကာလေဒီဝတ္ထုနှင့် ဂီရိရတနာဆောင်းပါးမဟာတို့တွင် ပါရှိကြသော လက်ထက်တော် အဖြစ်အပျက်များမှာလည်း တစ်မျိုးတစ်ဖုံဆီ ဖြစ်ပြန်ကြောင်း။

ထို့ပြင် တစ်ဝ ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင် အရှင် သီပေါမင်းတရားကို ဗြိတိသျှအစိုးရတို့ အိန္ဒိယသို့ ယူဆောင်သွားသည့်အခါက မြန်မာပညာရှိ ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မော်တို့သည် ပါတော်မူ ဆောင်းပါး ကဗျာများကို ရေးသားကြရာတွင်လည်း များစွာ ကွဲလွဲဆန့်ကျင်ခြင်း ရှိခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ။ မန္တလေးမြို့ ကဗျာ့ဝိဒူ ဆီးပနီ ဆရာတော်ဘုရားကြီးက 'မှတ်ပါ ရစ်စေ မှာခဲ့ပေအံ့' ဟူသော သံဝေဂရတုဧကပိုဒ်ဖြင့် 'မကိုဋ်နရိန် ဂုဏ်ရှိန် ရွှေ့ရော် ပါတော်မူရခြင်းမှာ မှူးမတ် သေနာပတိအမတ်တို့ သစ္စာမဲ့မှုကြောင့်' ဟု အပြစ်ဖို့ ရေးတော်မူ၏။

ဒုတိယ။ ကင်းဝန်မင်းကြီးက 'မန်းမကိုဋ်မှာလ' ဟူသော လေးချိုး ကဗျာဖြင့် လောကဓံ ဓမ္မသဘောရကို ကြောင်းပြချေလဲကာ ပြန်လှန်ရေးသားခဲ့၏။

တတိယ။ ဆီးပနီဆရာတော်ဘုရားကြီးက 'တစ်ဖန်မှတ်စေ၊ ထပ်၍ဖြေပိမ့်' ဟူသော ဧကပိုဒ်ဖြင့် ပထမ ဧကပိုဒ်ထက်ပင် မှူးမတ်များအပေါ် အပြစ်တင်ဖို့ ကာ သည်လိုခေတ်၌ သေခြင်းကပင်ကောင်းသေး၏ဟုရေးသားပြန်ကြောင်း။

စတုတ္ထ။ စာရေးတော် နော်ရထာသီဟအမည်ရှိသော ပုဂ္ဂိုလ်က 'မြရောင်သာရွှန်းတော့၊ တောင်ကျွန်းသပြေဒီမှာ' ဟူသော ကောက်ချက် လေးချိုးဖြင့် အဖျန်တရားရေးသားကြောင်း။

ပဉ္စမ။ စာဆိုတော်ဘွဲ့ရ လွှတ်တော်စာရေးကြီး ဦးမောင်ကလေးဆိုသူ ပုဂ္ဂိုလ်ကလည်း 'အံ့လို့သာလှိုင်းတော့ မြန်တိုင်းဘူမိန်မှာ' ဟူ၍ အဖျန်တရား အဖြစ်ဖြင့် လေးချိုးကြီး ရေးသားပြန်ကြောင်း။

ဆဋ္ဌမ။ စစ်ကိုင်းမြို့ ညောင်ပင်သာ ဆရာတော် ဦးပုညက 'ကုန်းဘောင် အာဟိန် ဘုန်းရောင်ရှိန်သား' ဟူသော ဧကပိုဒ်ဖြင့် ကမ္မသကာဆိုသော သဘာဝဓမ္မဖြင့် ရေးသားပြဆိုပြန်ကြောင်း။

သတ္တမ။ ညောင်ကန်ဆရာတော် ဦးဝိလာသကလည်း 'တစ်ဖန်ဓာတ်နေ ဟပ်၍ ကြေစိမ့်' ဟူသော ဧကပိုဒ်ဖြင့် လောကဓမ္မကိုပင်၊ နှိုင်းဆယှဉ်ရာ ရေးသား တော်မူခဲ့၏။

အဋ္ဌမ ။ ယခု မန္တလေးရှိ တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီးက လည်း 'လုဒ္ဓန ပလုဒ္ဓန တေနလောကော' ဟူသောတမ်းချမ်း ကဗျာ၃ပုဒ်ဖြင့် ပါတော်မူရခြင်းများအတွက် အများပြည်သူ ဗိုလ်လူခပင်း ဖြည့်တင်းဓမ္မ ဉာဏသံဝေ ယူဆစေရန်၊ ကျမ်းဂန် ရာဇဝင်ပုံပြင်တန္တိ အစုစုတို့ဖြင့် အဖု၊ အထစ်၊ အဆစ်၊ အမျက်ပျက်ပြေပျောက်အေးစေရန် ရေးသားတော်မူပေ ကြောင်း။

အထက်တွင် ဖော်ပြခဲ့သော (၁) လက္ခာလေဒီဝတ္ထု (၂) ဂီရိရတနာ ဆောင်းပါးမ်ဟာ (၃) မြန်မာပညာရှိတို့ ပါတော်မူဆောင်းပါး ကဗျာများ



စသောဝတ္ထုဆောင်းပါးကဗျာတို့တွင် အရှင်သီပေါမင်းတရား၏ ရွှေနန်း တွင်း အဖြစ်အပျက် အတ္ထုပ္ပတ္တိအကြောင်းတို့မှာ ကွဲလွဲဆန့်ကျင်ကာ များပြား ရှုပ်ထွေးလျက် ပါရှိနေကြ၏။

## အကြောင်းမှန်ကို ချိန်ဆနှိုင်းယှဉ်ဖွယ်

ကျွန်ုပ်တို့ မန္တလေးသူရိယ၏ အဓိက ရည်ရွယ်ချက် သဘောရင်းမှာ အရှင်သီပေါမင်းတရားကြီး ပါတော်မူရခြင်း၏ အကြောင်းတရား၊ အကျိုး တရားများကို သေချာစွာ စိစစ်၍ အမှန်ကို ချိန်ဆ နှိုင်းယှဉ်ဖွယ်များနှင့် နောင်လာနောင်သား ကျွန်ုပ်တို့၏ မျိုးညွန့်တက်လူ မြန်မာများ စဉ်းစားဉာဏ် ပွင့်လင်းတောက်ထွန်းစေခြင်း အကျိုးငှာ မြန်မာရဋ္ဌ၊ မြန်မိဘဟု မြန်မာ့ ဥဩချောင်၊ ကုန်းဘောင်နေညွန့် ကိုဋ်ကွန့်ဖြာထိန် သမ္ဘာရှိန်လျက် ဆယ့်တစ် ကြိမ်ကြငှန်း ပြည်ထောင်မန်းကို စံမြန်းအုပ်စိုးတော်မူသော မာရ်အောင် ရတနာစေတီတော် ဒါယကာမင်းတရား၏ ရွှေလက်ထက်တော်တွင် မြန်မာ လွှတ်တော် မှူးကြီး မတ်ကြီးများနှင့် ဗြိတိသျှအစိုးရတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ရာဇသံရွှေလွှာ ကမ်းလှမ်းပေးပို့တော်မူကြသော စာများ၏ မူလ စာကိုယ်၌ အပိုအလိုမရှိစေရဘဲ အင်္ဂလိပ်ဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆို ထည့်သွင်း ဖော်ပြမည်ဖြစ်ကြောင်း။

ဤကဲ့သို့ အတွင်းရေးများအတွက် ဗြိတိသျှ အစိုးရ၏ အမိန့်စာများ နှင့် အစိုးရအမှုတော်ထမ်း အရာရှိများ၏ အစီရင်ခံစာများ၊ မြန်မာမှူးတော် မတ်တော်များ၏ အစီရင်ခံစာ စသည်များမှာ လွယ်လင့်တကူ ရရှိသည် မဟုတ်၊ အတော်ပင် ကြိုးစားရှာဖွေ စုဆောင်းကာ ရရှိထားရသော စာများ ဖြစ်ကြောင်း။

ထိုကဲ့သို့ ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းပြီးလျှင် ကျွန်ုပ်တို့၏ သတင်း စာ၌ထည့်သွင်း ဖော်ပြသည်မှာ ယခင်က အမျိုးသားတို့၌ အမှတ်အသား ဖောက်ပြားသံသယ လွန်မင်းစွာဖြစ်ကြသည့် သံမှုဋ္ဌညွှတ်ကွင်းမှ လွတ်ကင်း ပျောက်ပကြပြီးလျှင် ခေတ်ကာလအလျောက်မျိုးချစ်စိတ်၊ မျိုးစောင့်စိတ် ရောက်ရှိကြကာ မိမိတို့၏မြန်မာအမျိုးသားများအတွက် ကြီးပွားရေး၊ စီးပွား ရေး၊ကျန်းမာရေး၊ချမ်းသာရေး၊ ဘာသာ သာသနာ ထွန်းလင်းတောက်ပရေး စသော နိုင်ငံနှင့် အမျိုးသားတို့၏ တိုးတက်ကောင်းစားရေးကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ပုဂ္ဂိုလ်အသီးသီးတို့အား (ပါပကာရီ–ပါပကံ။ ကလျာဏကာရီ–ကလျာဏံ)ဟု ဟောတော်မူသော ဒေသနာအရပင်၊ ဤကဲ့သို့သောအကြောင်းပြုလျှင် ထိုကဲ့သို့သောအကျိုးပေးပါတကားဟု အတိတ်က ဖြစ်ပျက်ခဲ့ကြရသော မြန်မာဝံသ ရာဇတန္တီ၊ ပဝေဏီ ဥဒါန်း စာတမ်း သာဓက၊ ရကြစေရန် အကျိုးများကို မျှော်ကိုးထောက်ဆခြင်းအမှုကိုလည်း ပြုလုပ်လျက်ရှိပါကြောင်း။

ယင်းကဲ့သို့သော ရှေ့ရေး၊ နောက်ရေး၊ ထောက်တွေးနှိုင်းစာ အမျိုးသားတို့ဉာဏ်မှာ ပွင့်လင်းခြင်းဖြစ်ဖို့ရာ ပဓာနမှုပြုကြီးပြုလျက် အဆိုပါ လက်ထက်တော်တွင်း အဖြစ်အပျက် ရွှေနန်းတွင်းအတွင်းပွတ္တိ စာတမ်းကို ဘာသာပြန်ဆို၍ ထုတ်ဝေ ရေးသားခြင်း ပြုရပေကြောင်း။

နောင်လာ နောက်သား အမျိုးသမီး၊ အမျိုးသားတို့သည် ဆင့်ပွား ဉာဏ စူးရှထက်မြက် ယထက္ကမ – ရာဇဝံသာ၊မှန်ရာဟုတ်တိုင်း မြင်းကောင်းနှင်စိုင်း ဓားကောင်းပိုင်းသို့ မဆိုင်းမတွ၊ ခဏချက် တစ်ဖြုတ်၊တစ်မှုဟုတ်ခြင်း သံသယ ကင်းရှင်းလျက် ပွင့်လင်းသော ဉာဏ်သတိဖြင့် သိရှိနိုင်ကြပါစေသော။

**နိဒါန်းပြီး၏။**

## ရွှေနန်းတွင်း အတွင်းပွတ္တိစာတမ်း

မြန်မာပြည်ရှင် ဘုရင်သီပေါမင်းတရားကြီးလက်ထက်၊ ရာဇဝင်မတင်ရသေးသည့် ဗြိတိသျှအစိုးရနှင့် မြန်မာအစိုးရတို့၏ နိုင်ငံအုပ်ချုပ်ပုံ အတွင်းရေး အဖြစ်အပျက်များ။

(နိုင်ငံရေးလိုက်စားသူနှင့် မြန်မာလူမျိုးတိုင်း အထူးသိသင့် သိထိုက်သော ဝမ်းနည်းကြေကွဲဖွယ်ရာ နည်းယူဖွယ်ရာနှင့် သတိထွားဖွယ်ရာ အခန်းပေါင်း မြောက်မြားစွာ ပါဝင်ပါသည်။)

**အရှင်သီပေါမင်းတရား အထွတ်အထိပ် ရောက်သည်မှစ၍**
**ရေးသားပေးပို့ကြသော စာများ**

စာအမှတ် (၁)

(Lord Lyons)ပြင်သစ်နိုင်ငံနေ အင်္ဂလိပ်သံအမတ်ထံမှနိုင်ငံခြားရေးရာ ဆိုင်ရာ အတွင်းဝန် လော့ဆယ်လစ်ဘယ်ရီ (Marquis of Salisbury) ထံပေးစာ။

www.burmeseclassic.com

www.burmeseclassic.com



## ပြင်သစ်ပြည် ပဲရစ်မြို့

၁၈၇၈၊ ဇူလိုင်လ ၁၉ရက်နေ့

အစီရင်ခံပါသည် နိုင်ငံခြား အတွင်းဝန်မင်း။

မြန်မာပြည်မှ စေလွှတ်လိုက်သော သံအမတ် ဖန်ချက်ဝန်ထောက်သည် ပြင်သစ်ပြည် ပဲရစ်မြို့တော်သို့ ဆိုက်ရောက်ကြောင်း၊ ပြင်သစ်အစိုးရက ကြေညာပါကြောင်း။

ကျွန်ုပ်သည် မနေ့က ပြင်သစ်ပြည်နိုင်ငံခြား အတွင်းဝန်ထံ ဖန်ချက်ဝန်ထောက်ရောက်ကြောင်း သိမသိ၊ ၎င်းပြင် မြန်မာပြည်နှင့် ပြင်သစ်အစိုးရတို့ ဆက်ဆံရေး ကိစ္စများ ရှိမရှိ စုံစမ်းပါကြောင်း။

ပြင်သစ်အတွင်းဝန်က မြန်မာအမတ်မင်းရောက်ကြောင်း ဘာမျှမကြားရသေးသဖြင့် စုံစမ်းပါဦးမည်ဟု ပြောကြောင်း။

ကျွန်ုပ်သည် ပြင်သစ် အတွင်းဝန်အား အထက်က တစ်ကြိမ် ပြင်သစ်ပြည်နှင့် မြန်မာပြည် နှစ်ပြည်ထောင်တို့ ၁၈၇၄ ခုနှစ်တွင် ချုပ်ဆိုကြသော စာချုပ်သည် များစွာကန့်ကွက်ဖွယ်ကောင်းကြောင်း၊ ပြင်သစ်အစိုးရကလည်း ၎င်းစာချုပ်ကို အတည်မပြု မလုပ်ပါဟူ၍ ဝန်ခံကြောင်းများကို သတိပေး ဆွေးနွေးခဲ့ပါကြောင်း။

၎င်းပြင် မြန်မာပြည်မှ စေလွှတ်သော ကိုယ်စားလှယ်တော်များအား လက်နက်များ ဝယ်ခြင်း၊ ကန့်ကွက်ချက်များကိုလည်း ညွှန်ပြခဲ့ပါကြောင်း။

(ပုံ) လာယင်း။

* * *

စာအမှတ် (၂)

ပြင်သစ်ပြည်နေ၊ သံအမတ် လော့လာယင်းထံမှ

အင်္ဂလိပ်နိုင်ငံခြားအတွင်းဝန် လော့ဆဲလစ်ဘယ်ရီထံသို့ ပေးစာ။

ပြင်သစ်ပြည် ပဲရစ်မြို့

၁၈၇၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့။

အစီရင်ခံပါသည် အတွင်းဝန်မင်း။

ကျွန်ုပ်သည် ပြင်သစ်ပြည်၊ နိုင်ငံခြား အတွင်းဝန် (M. Woddington) နှင့် မြန်မာပြည်မှ ဖန်ချက်ဝန်ထောက်ရောက်ကြောင်း၊ ၎င်းသည် မြန်မာပြည်၏ သံအမတ်အဖြစ် လာရောက်ခြင်း ကိစ္စနှင့် ပတ်သက်၍ စကားပြောဆိုကြောင်း။

ပြင်သစ်အတွင်းဝန်က ပြန်ပြောသည်မှာ သူ၏ထံသို့ မည်သည့်မြန်မာပြည်သံအဖွဲ့ကမှ သူထံရောက်ကြောင်း မတိုင်ကြားသေး၊ ထို့ပြင် ဖန်ချက်ဝန်ထောက်ထံမှသော်လည်းကောင်း၊ မည်သည့် မြန်မာလူမျိုးထံမှသော်လည်းကောင်း၊ မည်သို့မျှ ဆက်သွယ်အကြောင်းကြားခြင်း မရှိသေးကြောင်း။

ထိုနောက် ပြင်သစ်အတွင်းဝန်က အကယ်၍ မြန်မာပြည်မှ သံအမတ်များရောက်ရှိ၍ ပြင်သစ်အစိုးရက အသိအမှတ်ပြုကာ လက်ခံခဲ့သော် ဘုရင်မကြီး၏ ဗြိတိသျှအစိုးရက ကန့်ကွက်လိုသော စိတ်ထားများရှိသလောဟု မေး၏။

ကျွန်ုပ်က လက်သင့်ခံရုံမျှနှင့် ကန့်ကွက်ဖွယ် ရှိမရှိ မသိကြောင်း၊ ထိုသို့ မြန်မာပြည်နှင့် အင်္ဂလိပ်မင်းတို့ပိုင် နယ်များ နီးကပ်ခြင်း၊ နိုင်ငံရေးဆက်သွယ်ခြင်းများကိုထောက်သော်**အကယ်၍မြန်မာပြည်သည် အခြားတိုင်းတစ်ပါးနှင့် မဟာမိတ်ဖွဲ့စည်းခြင်း၊၁၈၇၄ခုစာချုပ်အလား၊ စာချုပ်ချုပ်ခြင်းများကို ဗြိတိသျှအစိုးရက ကေန်မုချ ကန့်ကွက်လိမ့်မည်ဖြစ်ကြောင်း။**

**၎င်းပြင် အရှင်ဘုရင်မကြီး၏ ဗြိတိသျှအစိုးရသည် မြန်မာများသို့ လက်နက်ဝယ်မှု လွယ်ကူကြောင်း စီမံပေးခြင်းကို မလိုလားကြောင်းကို ကျွန်ုပ်က သတိပေးပါကြောင်း။**

အမှန်ဆိုသည်ရှိသော် ၁၈၇၂ ခု၊ ၁၈၇၄ ခု များတွင် မြန်မာသံအမတ်များ ပြင်သစ်ပြည်က လက်ခံခဲ့၏။ ဗြိတိသျှအစိုးရက ကန့်ကွက်ခြင်းမရှိခဲ့။ ၎င်း ပထမရောက်သော မြန်မာသံအဖွဲ့နှင့် ပြင်သစ်အစိုးရတို့သည် စာချုပ်စာတမ်းကို လက်မှတ်ရေးထိုးကြသည်။

ပြင်သစ်လွှတ်တော်အဖွဲ့ (French National Assembly) က ၎င်းစာချုပ်ကို အတည်ပြုရန် အခွင့်ပြုခဲ့၏။ မြန်မာလွှတ်တော်က အတည်ပြုမပြုကို ကျွန်ုပ်မသိ။ ပြင်သစ်အမတ် (M. de Roche Chonart) ကို မြန်မာပြည်သို့ ထိုစာချုပ်အတည်ပြုမှုနှင့် လွှတ်ရာ၊ ၎င်းစာချုပ်မဟုတ်ဘဲ အထက်ဖော်ပြခဲ့သော များစွာ ကန့်ကွက်ဖွယ်ရာ စာချုပ်ကိုသာ အစားသွင်း၍ လက်မှတ်ရေးထိုးခဲ့ကြောင်း။

(ပုံ) လာယင်း။



www.burmeseclassic.com

www.burmeseclassic.com



စာအမှတ် (၃)

အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန

အိန္ဒိယအတွင်းဝန်ကြီး လော့ခရိုင်ဘရွတ်

(Viscount Cranbrook) ထံ ပေးစာ။

အိန္ဒိယပြည်၊ ဆင်မလားမြို့

၁၈၇၈ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့

အစီရင်ခံပါသည်။

(၁) လွန်ခဲ့သည့် စက်တင်ဘာလ၁၄ရက်နေ့က မြန်မာဘုရင်မင်းမြတ်သည် နတ်ရွာစံလုဆဲဆဲရှိကြောင်း၊ နတ်ရွာစံခဲ့သော် နိုင်ငံအတွင်းမှုများ ရှုပ်ထွေးမည့်အကြောင်း၊ အရိုက်အရာဆက်ခံရန်အတွက် စစ်မက်များ ဖြစ်ပေါ်မည့် အခင်းကို ကျွန်ုပ်တို့က အတွင်းဝန်မင်းထံ ကြေးနန်းရိုက်ကြား လိုက်ပါကြောင်း၊ ၎င်း ကြေးနန်းတွင် ဗြိတိသျှပိုင် မြန်မာပြည်အောက်ပိုင်းကို အုပ်ချုပ်သော ကော်မရှင်နာ မင်းကြီးသည် ထိုအခါတွင် မန္တလေးမြို့တော်ရှိ အင်္ဂလိပ်သံတဲနှင့် အင်္ဂလိပ်လက်အောက်ခံ တိုင်းသားများကို မည်သို့ ကာကွယ်သင့်ကြောင်း၊ အရေးယူရမည့်ပုံကို ဖော်ပြလိုက်ပါကြောင်း၊ မြန်မာ ဘုရင်မင်းမြတ်မကျန်းမာတော်မူကြောင်း သတင်းကြားရပြီးနောက် နောက်ထပ် သတင်းမရမရှိကြောင်း၊ ဘုရင်မင်းမြတ်၏ အခြေအနေကို ကောင်းစွာ လျှို့ဝှက်၍ထားကြောင်း၊ သို့သော် မန္တလေးမြို့တော်၌ ဆက်လက်၍ တုန်လှုပ်ခြင်းရှိနေသေးသည်။ ဘုရင်မင်းမြတ်၏ သားတော် မင်းသားနှစ်ပါးသည် အသက်အန္တရာယ်ကာကွယ်ရန်ဟူ၍ အင်္ဂလိပ်သံတဲ၌ တည်းခိုလျက် ရှိကြပါသည်။ မြန်မာအစိုးရသည်လည်း စစ်တပ်များကို အရပ်ရပ် နယ်ခြားသို့ပို့ထားပါကြောင်း၊ အချို့တပ်များကို တောင်အရပ် အင်္ဂလိပ်နယ်ခြားသို့ (မန္တလေးမြို့ရှိ အင်္ဂလိပ် သံအမတ် ကြေးနန်းရိုက်သည့်အတိုင်း) ဗြိတိသျှ အစိုးရ၏ အနှောင့်အယှက်ကို စိုးရိမ်မကင်းရှိ၍ ပို့ထားပါကြောင်း။

စက်တင်ဘာလ ၂၁ ရက်နေ့က မန္တလေးမြို့ရှိ သံအမတ် မစ္စတာရှော (Mr. Shaw)ထံမှ ကြေးနန်းရရှိသည်မှာ သီပေါမင်းသားကို အိမ်ရှေ့မင်းအဖြစ် တင်မြှောက်လိုက်သဖြင့် မစ္စတာရှောသည် ဝမ်းမြောက်ကြောင်းနှင့် မင်းသားကို နှုတ်ခွန်းဆက်သ ခစားခဲ့ကြောင်း၊ အောက်တိုဘာလ ၁ရက်မှသာ ဘုရင်မင်းမြတ် နတ်ရွာလားကြောင်း အမှန်သတင်းကို ရရှိကြောင်း၊



သီပေါမင်းသားသည် အနှောင့်အယှက်ကင်းစွာ နန်းတက်သည်ဟု ယုံကြည်ရ၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသည် ငြိမ်သက်စွာရှိခြင်းကြောင့်တည်း။ မင်းတရားကြီး၏ ဈာပနကိစ္စကို အောက်တိုဘာလ ၇ ရက်နေ့၌ ချိန်းဆိုထား၏။ မင်းတရားကြီး၏ ရုပ်ကလာပ်တော်ကို ဥရောပတိုက်သားများနှင့်တကွ အခြားကျေးတော်မျိုး ကျွန်တော်မျိုးတို့ပါ ဖူးမြော်ကန်တော့ရန် ခွင့်ပြု၏။ အချို့ အချို့သော ကူးသန်းရောင်းဝယ်ရေး အခွန်တော်များကို ချမ်းသာခွင့်ပေးသနားတော်မူလိမ့်မည်ဟူ၍ ကြေညာ၏။

(၂) ယခု ရတ်တရက်၊ ကျွန်ုပ်တို့နှင့် မြန်မာပြည်ကြား၌လည်းကောင်း မန္တလေးမြို့တော်၌လည်းကောင်း၊ ထကြွဆူညံခြင်း ပေါ်ပေါက်မည့်အရိပ်လက္ခဏာမရှိခြင်းကြောင့် ကျွန်ုပ်တို့သည် ရန်ကုန်မှ ကော်မရှင်နာမင်းကြီးနှင့် မန္တလေးမြို့ သံတဲ မှရရှိသည့် ကြေးနန်းနှင့် လိုက်လျောစွာ ထိန်းအရိပ်အရာဆက်ခံရေးနှင့်သော်လည်းကောင်း၊ ပြည်တွင်းရေး ဖောက်ပြန်ခဲ့သော်လည်းကောင်း၊ အရန်သင့် စီမံ၍ထားနှင့်သည့် ကိစ္စအရပ်ရပ်တို့ကို ယခင်ကကဲ့သို့ပင် ဆက်လက်၍ ရန်ထားပါကြောင်း၊ မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏ သံတဲကို ကာကွယ်ရန် စေလွှတ်မည်ဖြစ်သော စစ်သားများကို မစေလွှတ်တော့ပါ။ လက်နက်ဖြည့်စွက်ထားသော ဧရာဝတီခေါ် မီးသင်္ဘောကိုလည်း မန္တလေးမြို့သံတဲမှ အခေါ်မရှိခဲ့သော် သရက်မြို့ထက် ကျော်လွန်၍ သွားလိမ့်မည်မဟုတ်။ မန္တလေးမြို့တော်၌ ဖြစ်ပျက်ပေါ်ပေါက်လျက်ရှိသော အခြေအနေကို သိစေကြောင်း၊ ကျွန်ုပ်တို့ ရရှိသော စာများနှင့် ကြေးနန်းများကို ပူးတွဲပေးပို့လိုက်ပါကြောင်း။

အဖခမည်းတော်၏ အရိုက်အရာကိုဆက်ခံသော သီပေါမင်းသားသည် ယခု မန္တလေးမြို့တွင် ကျန်ရှိသော မင်းသား ၄ပါးအနက် အထွေးဆုံးသော မင်းသားဖြစ်၏။ ၎င်းမင်းသားသည်သာလျှင် ခမည်းတော်ဘက်မှသော်လည်းကောင်း၊ မယ်တော်ဘက်မှသော်လည်းကောင်း၊ မဟာမျိုး မဟာနွယ်စစ်သည်ဟူသတတ်။ အဖခမည်းတော်၏ အချစ်ဆုံးသောသားလည်းဟုတ်၏။ သက်တော်မှာ ၂၀ မျှသာ ရှိသေး၍ စာမေးပွဲအမျိုးမျိုးကိုလည်း ထူးချွန်သော ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ကျွန်ုပ်တို့သည် ရန်ကုန်မြို့ရှိ၊ ကော်မရှင်နာ မင်းကြီးနှင့် မန္တလေးမြို့ရှိ သံငယ်အဲရာရှိ (Resident) တို့ထံမှ အစီရင်ခံစာကို ရရှိသောအခါ **ကျွန်ုပ်တို့သည် မြန်မာတို့ တိုင်းနိုင်ငံနှင့် မည်ကဲ့သို့သောစည်းစနစ်ဖြင့် ဆက်ဆံမည်၊ ယခုနန်းတက်သော ဘုရင်နှင့်ဘုရင်မင်းမြတ်၏လွှတ်တော်သည် အင်္ဂလိပ်အစိုးရအပေါ်သို့ မည်သို့သော စိတ်နေ သဘောထားရှိသည်ကို စေ့စေ့ငုငုစွာ အစီရင်ခံရန် ရည်ရွယ်ချက်ရှိပါကြောင်း။**

မန္တလေးမြို့မှ နောက်ဆုံးရရှိသော ကြေးနန်းများအလိုမှာ ရုတ်တရက် တစ်စုံတစ်ရာ လုပ်ကိုင်ခြင်း ရှောင်ကြဉ်စေလိုကြောင်း၊ အခါမရသေးမီ အခြေအနေက ဂဏ သေချာမသိမီ တစ်စုံတစ်ရာ ခြေလှမ်းလှမ်းခြင်းသည် မလျော်ကြောင်း၊ ယခု **သီပေါဘုရင်မင်းမြတ်၏ နန်းတက်ခြင်းသည် ကျွန်ုပ်တို့နှင့်မြန်မာပြည် ဆက်ဆံမှုကို ပိုမိုကောင်းမွန်အောင် စီမံရန် အခွင့်အရေး ဖြစ်ပေ၏။**

ယခု ကျွန်ုပ်တို့ ရှေးဦးစွာဆောင်ရွက်အပ်သော ကိစ္စသည် မန္တလေးမြို့တော် ဘုရင့်အပါး ခန့်ထားသော ကျွန်ုပ်တို့၏ သံအမတ် အခြေအနေနှင့် ဩဇာကို ခိုင်ခံ့အားရှိအောင်ပြုလုပ်ခြင်း ဖြစ်သည်။ ဤကိစ္စ အောင်မြင်စေရာ၌ ပထမအရေးကြီးသောအချက်မှာ ကျွန်ုပ်တို့၏ သံသည် ဘုရင့်အပါးတော်သို့ လွတ်လပ်စွာ သွားရောက် ခစားနိုင်ခွင့်ရှိစေရမည်။ ၎င်းသံကို သင့်တင့်လျောက်ပတ်စွာ လက်ခံစေရမည်။ သူ၏တောင်းဆို လျှောက်လဲချက်များကို အလေးဂရု ရှိစေရမည်။ ၎င်းနောက် လျှောက်လဲချက်များကို ဘုရင်၏ လွှတ်တော်က စဉ်းစားဆင်ခြင်စေရမည်။ ၎င်းပြင် ကျွန်ုပ်တို့၏ သံသည် သူ၏ရာထူးဌာနန္တရနှင့် လျောက်ပတ်သော နေအိမ်အဆောင့်အကြပ်အဆောင် အယောင် ရှိသင့်သည်ဟု ကျွန်ုပ်တို့ သဘောရရှိကြောင်း ဗြိတိသျှ အစိုးရနှင့် မြန်မာနိုင်ငံ ဆက်သွယ်မှုတွင် ယခုဖော်ပြသောအချက်တို့သည် မူလအခြေခံ အချက်များဟု ကျွန်ုပ်တို့ ထင်မြင်၏။

ကျွန်ုပ်တို့ အစိုးရနှင့် မြန်မာပြည် ပတ်သက်ဆက်ဆံသည့် **အကျိုးစီးပွားမှုတို့တွင် ကူးသန်းရောင်းဝယ်ရေးသည် အဓိကအချက်ဖြစ်၏။ ၎င်းအချက်သည် ကြီးကျယ်၍ တစ်နေ့ တခြား အရေးကြီးလာ၏။ လူ၏အသက်နှင့် ဥစ္စာပစ္စည်းတို့၏ စိတ်မချရခြင်း။**

တစ်စုံတစ်ရာနစ်နာ၍ လျော်ကြေးငွေ အစရှိသည့် ငွေကြေးတောင်းဆို



လျှောက်ထားရာ၌ နှောင့်နှေးခြင်း၊ ယခုလက်ရှိစာချုပ်စာတမ်းများကို ဘုရင်မင်းမြတ်က ဂရုမမူခြင်းများသည် ကူးသန်းရောင်းဝယ်မှု၌များစွာ ထိခိုက်စေ၏။ အထက်မြန်မာပြည်နေ ကျွန်ုပ်တို့ ဗြိတိသျှလက်အောက်ခံများတို့၏ နစ်နာချက်များ၊ စာချုပ်စာတမ်းအရ ပြုဖွယ်ကိစ္စများနှင့် ရှောင်တိမ်းခြင်းများကို ကျွန်ုပ်တို့သည် ယခုတိုင် ထိထိရောက်ရောက် မြန်မာပြည်အစိုးရနှင့် လက်ဆုပ်လက်ကိုင် ပြောခဲ့ကြဖူးသည်မရှိ။

ဤကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများကို ပြောင်းလွဲရန် အခိုက်အခါသင့်ပြီဟု သဘောရရှိကြောင်း၊ ယခုစာနှင့် အတူ ဗြိတိသျှအစိုးရလက်အောက်ခံ လူနှစ်ယောက်တို့ကို နှိပ်စက်ကလူပြုခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သံအမတ်ကလည်း မြန်မာဘုရင်မင်းမြတ်၏ အစိုးရနှင့် ထိထိရောက်ရောက် လေးလေးနက်နက် ပြောဆိုရန် အမှာစာများ၏ မိတ္တူများပါရှိ၏။

(၄) ဤအကြောင်းများကို ထောက်ရှုမျှော်ကိုး၍ ယခုကဲ့သို့ မြန်မာမင်းနှင့် မဟာမိတ်သဖွယ် ဆက်လက်၍ ဆက်ဆံရန် ကျွန်ုပ်တို့အသင့်ရှိ၏။ သို့သော် ဤကိစ္စ၌ မန္တလေးမြို့ရှိ ကျွန်ုပ်တို့ သံအမတ်၏ဂုဏ်သိက္ခာနှင့် ဩဇာတန်ခိုးကို အသိအမှတ်ပြုလုပ်မှသာ ဖြစ်နိုင်မည့်အကြောင်း။ မန္တလေးမြို့တော်ရှိ အစိုးရက သိရှိအောင် ပြောဆိုခွင့်အာဏာကို ကျွန်ုပ်တို့၏ သံမစ္စတာရှောသို့ အာဏာလွှဲလိုက်ပါကြောင်း။

(ပုံ)
လစ်တန် Lytton
ဟိန်း F.P. Haines
ကလပ် A. Clarke
စတုတ် W. Stokes
သော်မဆင် A.R.Thompson
ဘရောင်း A. J. Browne

* * *

www.burmeseclassic.com

www.burmeseclassic.com



(၃) မှတ်စာတွင် ပူးတွဲပါစာ (က)

၁၈၇၈ ခု၊ အောက်တိုဘာလ ၃ရက်

နေ့စွဲနှင့် မန္တလေးမြို့၊ သံအမတ်ထံရိုက်သည့် ကြေးနန်း

မန္တလေးမြို့ မြန်မာမှူးမတ်များအား အောက်ပါအတိုင်း ပြောကြားရန် အခွင့်အရေး ပေးလိုက်သည်။

အိမ်ရှေ့မင်းသား အသိအမှတ်ပြုရေးနှင့် ထောက်ခံရေးမှာ ဗြိတိသျှ အစိုးရအပေါ်၌ ဆက်ဆံရေးစနစ် အသစ်ပြုပြင်၍ သံအမတ်အား ဘုရင်မင်းမြတ်အပါး လွတ်လပ်စွာ ဝင်ထွက်နိုင်ခွင့်နှင့် သံအမတ်၏ ဂုဏ်ဒြပ်နှင့် သြဇာကို ပိုမိုထောက်ထားခြင်းများနှင့် တိုင်းထွာကာ ထောက်ချင့်ရလိမ့်မည်ဖြစ်ကြောင်း။

* * *

(၃) မှတ်စာတွင် ပူးတွဲပါစာ (ခ)

မန္တလေးမြို့သံအမတ်။

R.B. Shaw, Exqr., C.I,E. ထံမှ။

အိန္ဒိယအစိုးရနိုင်ငံခြားဌာန၊ အတွင်းဝန်မင်း

A.E.Lyall, Exqr. ထံ ပေးစာ

၁၈၇၈ ခု၊ စက်တင်ဘာလ ၄ရက် မန္တလေးမြို့။

(၁) ဗြိတိသျှတိုင်းသား ကုလားဒိုဘီ နှစ်ယောက်ကို နှိပ်စက်ခြင်းကိစ္စနှင့် ပတ်သက်၍ အစီရင်ခံရမည်မှာ ၎င်းဒိုဘီ နှစ်ယောက်ကို အမတ်ကြီးသည် စုံစမ်း၍ လွှတ်လိုက်ပြီဖြစ်ပါကြောင်း၊ ၎င်းတို့နှစ်ဦးသည် အချိန်မတော် မီးမပါဘဲသွားလာမိ၏။သို့သော် သူတို့သည် သူခိုးဖမ်းရာ၌အမှုထမ်း၊အရာထမ်းများကို ကူညီရာမှ ပြန်လာသည်ဟု ပြောဆိုချက်ကို အမတ်ကြီးက ထောက်ခံ၏။

(၂) ကျွန်ုပ်သည် နောက် ထပ်မံနှိပ်စက်မှုနှင့် ပတ်သက်၍ အစီရင်ခံရခြင်းကို ဝမ်းနည်း၏။ ယခုအကြိမ် နှိပ်စက်ခံရသူမှာ အင်္ဂလိပ်လူမျိုး ဖြစ်၏။ လဆန်း ၂ရက်နေ့ နံနက်တွင် ဖြစ်၏။ အလွန်တရာ ငြိမ်သက်၍ သိက္ခာရှိသော



(ချင်းတွင်း) ခေါ် သင်္ဘော၏ကပ္ပတိန်အရာရှိ မစ္စတာဒွိုင်း Mr Doyle ရှုံ့ညွှန်ပြည့်နေသော လမ်းကို ရှောင်ရှားရာတွင် မတော်တဆ မြစ်ရေကာတာကို ကျော်နင်းမိ၏။ ၎င်းနေရာသည် တားမြစ်ထားသောနေရာဟူ၍ သိရန် အကြောင်းလည်းမရှိ။ မြန်မာအမှုထမ်းများ ညွှန်ကြားလျှင် ဆင်ခြေ တုံ့ပြန်ခြင်းမရှိဘဲ အောက်သို့ဆင်းခဲ့၏။ သို့သော် ၎င်းကို ယူဆောင်သွားပြီး မတ်ရပ်ထူးခတ်၍ ဧရာဝတီ မီးသင်္ဘော ကိုယ်စားလှယ် Mr. Andreino မစ္စတာ အန်ဒြေနိုး လာသည့်တိုင်အောင် ၂နာရီမျှ မိုးရွာထဲတွင်ထား၏။ သူတို့သည် ကျွန်ုပ်ထံလာ၍ တိုင်တန်းကြ၏။

(၃) ကျွန်ုပ်သည် အမတ်ကြီးထံ စာရေး၍ မစ္စတာဒွိုင်းအပေါ် တစ်စုံတစ်ရာ စွပ်စွဲရန် မရှိပါမူ ဤကိစ္စနှင့် ပတ်သက်သော မြန်မာအရာရှိများကို သင့်လျော်သော အပြစ်ပေးရန် တိုင်တန်း၏။ အမတ်ကြီးက မစ္စတာဒွိုင်းသည် သင်္ဘောသို့ ပြန်နိုင်ခွင့်ရှိကြောင်း၊ အလိုရှိမှ ဆင့်ခေါ်မည်ဖြစ်ကြောင်း နှုတ်ဖြင့်မြွက်ကြား၏။ သို့သော် အမတ်ကြီးသည် ဒိုဘီကုလားများနှင့် ပတ်သက်၍လည်းကောင်း၊ မစ္စတာဒွိုင်း ကိစ္စနှင့်ပတ်သက်၍လည်းကောင်း စုံစမ်း၍ အပြစ်ပေးရန် ကျွန်တော်၏ တောင်းပန်ခြင်းကို ဂရုမပြုပါ။

* * *

(၃)မှတ်စာတွင် ပူးတွဲပါစာ (ဂ)

မန္တလေးမြို့၊ သံအမတ် မစ္စတာရှောထံမှ

၎င်းမြို့ နိုင်ငံခြားဌာနဆိုင်ရာ

ဝန်ရှင်တော် မင်းကြီးထံပေးစာ မန္တလေးမြို့

၁၈၇၈ ခု၊ စက်တင်ဘာလ ၄ရက်

ကုလား ဒိုဘီနှစ်ယောက်တို့အား အကျဉ်းမှ လွှတ်လိုက်သည်ဖြစ်ပါသောကြောင့် သံအမတ်သည် အမတ်မင်းအား ကျေးဇူးဥပကာရတင်ရှိကြောင်း အစီရင်ခံပါသည်။ ၎င်းဒိုဘီနှစ်ယောက်တို့သည် နှိပ်စက်[illegible]လူခံစားရခြင်းကိစ္စကို အမတ်မင်း သိစေလိုကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ အမတ်

www.burmeseclassic.com

www.burmeseclassic.com



မင်း၏ စာတွင် တစ်စုံတစ်ရာ မြွက်ဟခြင်း မပါ မရှိပါကြောင်း။

ငှင်းပြင်လည်း ချင်းတွင်းသင်္ဘော၏ကပ္ပတိန် မစ္စတာဒွိုင်းအား နှိပ်စက်ခြင်း ကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းပြီးလျှင် အပြစ်ပြုရန် တောင်းပန်ချက်ကိုလည်း သတိမူစေလိုပါကြောင်း။

ငှင်းဒိုဘီတို့သည် ရပ်ရွာနေ အဖော်များနှင့် သူခိုးဖမ်းရာတွင် ပုလိပ်အမှုထမ်းတို့အား ကူညီကြခြင်းအားဖြင့်၊ မိမိတို့၏ ဝတ္တရားကို ဆောင်ရွက်ကြခြင်းသာ ဖြစ်သည်။ ငှင်းကိစ္စဆောင်ရွက်ပြီး၍ အပြန်တွင် အချိန်မတော်မီးမပါဘဲ သွားလာသည်ဟု စွပ်စွဲကာ အဖမ်းခံရခြင်းဖြစ်ပါသည်။ အကယ်၍ အမှုထမ်းတို့သည် ဒိုဘီများထွက်ဆိုချက် မှန် မမှန် စုံစမ်းနေသည့် အတောအတွင်း ချုပ်နှောင်ထားသည် ဖြစ်ခဲ့ပါမူ သံအမတ်မှာ ဤကိစ္စကို အရေးယူရန်လိုသည် အောက်မေ့လိမ့်မည် မဟုတ်ကြောင်း၊ သို့သော် ငှင်းတို့အား ချုပ်နှောင်ထားပြီးသည့်နောက် အပြစ်တစ်စုံတစ်ရာကြောင့် စစ်ဆေးခြင်း၊ ဆုံးဖြတ် စီရင်ခြင်း၊ တစ်စုံတစ်ရာ မချမှတ်မီ၊ အမတ်မင်းဝန်ခံသည့်အတိုင်း ငှင်းဒိုဘီတို့မှာ အပြစ်တစ်စုံတစ်ရာမရှိပါဘဲ သူခိုးဖမ်းရာမှာအဖော်များနှင့်ကွဲ၍ ပြန်လာရာတွင် ပုလိပ်အမှုထမ်းတို့သည် ပိုက်ဆံညှစ်ထုတ်ရန်အလို့ငှာ နှိပ်စက်ကလူ ပြုခြင်းမျှသာ ဖြစ်ပါကြောင်း။

ပုလိပ်အမှုထမ်းတို့သည် ငှင်းဒိုဘီများ၏ ခြေကို ထုးခတ်၍ ငှင်းထုးများကို သူတို့၏ ခေါင်းထက်မြင့်အောင် မြှောက်တင်ကြ၏။ ငွေဒင်္ဂါး ခြောက်ကျပ်ပေးသည့်တိုင်အောင် ချမ်းသာခွင့်ပေးရန် ငြင်းဆန်၏။ နောက်ထပ် ညှဉ်းပန်းခြင်းမှ သက်သာစေကြောင်း၊ ငှင်းဒိုဘီ ကုလားတို့သည် မိမိတို့၏ ခေါင်းပေါင်းများကို ချွတ်၍ အာမခံအဖြစ် ပေးကြရ၏။ **ဗြိတိသျှနိုင်ငံသားများကို အပြစ်တစ်စုံတစ်ရာမရှိ၊ စီရင် ဆုံးဖြတ်ခြင်း မရှိပါဘဲ ဤကဲ့သို့ပြုမူခြင်းကို ဗြိတိသျှအစိုးရတို့သည် များစွာ စိတ်မချမ်းမသာ နစ်နာသော ကိစ္စဖြစ်ရပေသည်။**

ထိုနောက် တစ်ဖန် မီးသင်္ဘောတစ်စင်း၏ ကပ္ပတိန်အရာရှိသည် အများ သွားကြ လာကြဟန်ရှိလျက် တားဆီးဆို့ပိတ်ခြင်း ကင်း၍ တားမြစ်ထားဟန် သင်္ကေတန်မရှိသော ရေကာတာရိုးကို လမ်းပြုလုပ်မိ၏။ ထိုသူကို အမှုထမ်းများက ပြန်၍ခေါ်သည်တွင် မနာမယူ၊ တစ်စုံတစ်ရာ ခုခံခြင်းမပြုဘဲ ချက်ချင်းအောက်သို့ သက်သေအများရှေ့တွင် ဆင်းခဲ့၏။ ဤမျှနှင့် မရောင့်ရဲ



မတင်းတိမ်သေးပါဘဲ ခေါင်ငယ်သွား၏။ သူ၏ခြေများကို ထုးခတ်လျက်လူအများ အမြင်အထင် ၂ နာရီတာမျှ ချုပ်နှောင်ကာထား၏။

အင်္ဂလိပ်လူမျိုး တစ်ဦးတစ်ယောက်အား အပြစ်ကင်းသော အမှုတစ်မှုကို မသိနားမလည်၍ပြုမိ၏။ တားမြစ်ထားသည်ဟု သိလျှင်သိခြင်း ဆက်လက်ပြုခြင်းမှ ရပ်စဲပါလျက် ချုပ်နှောင်ကာ ရှက်ဖွယ်လိလိရှိသော အပြစ်ဒဏ်ပေးခြင်းသည် များစွာ မသင့်မလျော်သည့်ပြင် နိုင်ထက်စီးနင်း နှိပ်စက်ရာရောက်ပေသည်။ ဤကိစ္စများ ၂ ရပ်စလုံးတို့၌ ဗြိတိသျှအစိုးရတို့သည် များစွာ နစ်နာသည်ဟု အောက်မေ့ပေလိမ့်မည်။

သို့သော် ဤကိစ္စတို့မှာ အရေးမပိုင်သည့် လက်အောက်ငယ်သားတို့၏ ပြုမူချက်များ ဖြစ်တန်ရာပေသည်။ ဤထင်မြင်ချက်သည် ဟုတ်မှန်ပေသည်ဟု ယူဆရန်၊ သက်သေ သာဓကအဖြစ် အမိန့်အာဏာမပါဘဲနှင့် **ဤသို့ အပြစ်ကျူးလွန်သူ အောက်လက် အမှုထမ်းများကို မြန်မာမင်းအစိုးရက ထိုက်သင့်သောအပြစ်ကို လျင်မြန်စွာပေးခဲ့သည်ရှိသော် ယခုနစ်နာချက်သည် ပပျောက်ပေလိမ့်မည်။** ငှင်းပြင် မနှောင့်နှေးဘဲ သည်ကဲ့သို့ အရေးယူခြင်းကို မဟာမိတ်သဖွယ် ဆောင်ရွက်ပေးသည်ဟု ယူဆရပေလိမ့်မည်။ ဤကဲ့သို့ချစ်ခင်ကြောင်း သက်သေ သာဓကပြရန် အခွင့်အရေးရသဖြင့် မြန်မာအစိုးရတို့က ဝမ်းမြောက်ဝမ်းသာ ရှိကြပေမည်ကို ကျွန်ုပ်သံသယမရှိ ယုံကြည်ပါသည်။

ဤကဲ့သို့ လိုက်လျောစွာပြုလုပ်လိုပါက အချိန်လည်းမကုန်ရလေအောင် သံအမတ် အကြံပေးလိုသည်မှာ နှိပ်စက်ခြင်းပြုလုပ်သော အမှုထမ်းတို့၏ အကြပ်သည်လာရောက်၍ မိမိပြုလုပ်သည့်အမှုကို ဝမ်းနည်းကြောင်းပြောဆို၍ ဒိုဘီကုလားတို့အား ၅ ကျပ်စီ လျော်ကြေးပေးခဲ့လျှင် တော်လောက်ပေပြီဟု ယူဆပါသည်။ မီးသင်္ဘောကပ္ပတိန်၏ကိစ္စနှင့်ပတ်သက်၍ငှင်းအား ထုးခတ်သောအမှုထမ်းတို့၏ အကြပ်ကို ကပ္ပတိန်မှာကဲ့သို့ နေရာတူ နည်းတူ ထုးခတ်စေလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် ငှင်း၏ပြစ်မှုကို အနောက်ပြင်နှင့် မြစ်ဆိပ်တွင် မောင်းကျော်ပြီးသကာလ၊ သံအရာရှိနှင့် ဧရာဝတီ မီးသင်္ဘောကုမ္ပဏီ ကိုယ်စားလှယ်၊ မစ္စတာအန္ဒြေနီးထံ လာရောက်တောင်းပန်ခဲ့လျှင် ဗြိတိသျှအစိုးရတို့သည် ဤကိစ္စနှင့် ပတ်သက်၍ နောက်ထပ်မံ မည်သို့မှ မပြောမဆိုစေရဟု သံအရာရှိက တာဝန်ယူ၏။

www.burmeseclassic.com



အကယ်၍ အောက်လက်ငယ်သားတို့အား အပြစ်တစ်စုံတစ်ရာ မပေးမူ၍ အောက်လက်ငယ်သား ကျေးကျွန်တို့၏အမှုကို မိမိအမှုဟူ၍ မြန်မာအစိုးရတို့က ပြုလုပ်ခဲ့ပါလျှင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယခုတိုင် တည်ရှိသော မဟာမိတ်တို့၏ ပြုမူချက်များနှင့် မလိုက်လျောရာ ရောက်စေလိမ့်မည်။

* * *

(၃) မှတ်စာတွင် ပူးတွဲပါစာ (ဃ)
၁၈၇၈ ခု၊ အောက်တိုဘာလ ၁၂ ရက်နေ့စွဲနှင့်
မန္တလေးမြို့သံအမတ်ထံ ရိုက်ကြားသော ကြေးနန်း။

ဗြိတိသျှတိုင်းသားတို့အား နှိပ်စက်သော ကိစ္စ၂ရပ်နှင့် ပတ်သက်၍ စက်တင်ဘာလ ၄ရက် နေ့စွဲနှင့် ရိုက်ကြားလိုက်သော ကြေးနန်းကိုရ၏။ ထိုက်သင့်သော လျော်ကြေးကိုရရန် ခိုင်မာစွာ ပြောဆိုစေလို၏။ နောင်ကိုလည်း မပေါ်ပေါက်ရန် အာမခံစေလို၏။ ဤကိစ္စနှင့် ပတ်သက်၍ ပြန်ကြားခြင်းပြုမူခြင်းများကို ထောက်ရှုသဖြင့်၊ ယခု ဘုရင်သစ်သည် ဗြိတိသျှအစိုးရ အပေါ်မည်သို့ သဘောထားသည်ကို ယူဆလိမ့်မည်ဟု သင်သည် ပြောဆိုပိုင်၏။

လက်ထက်တော်သစ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကျိုးရှိသော ဆက်ဆံမှုကို ပြုလုပ်လိမ့်မည်ဟု သင်ယုံကြည်ကြောင်းကိုလည်း သင်သည် ပြောဆိုပိုင်၏။

**နှိပ်စက်ကလူပြုလုပ်ပြီးလျှင် တရားနည်းလမ်းအတိုင်းပြုလုပ်ရန် ငြင်းဆန်မှုသည် အိန္ဒိယအစိုးရသို့ မေတ္တာမဲ့သောဆက်ဆံမှု စနစ်ရှိသည်ဟု ယူဆရလိမ့်မည်ဖြစ်ကြောင်း။**

* * *



စာမှတ် (၄) ၁၈၇၈ ခုနှစ်၊ ၁၅၂ မှတ်
အိန္ဒိယပြည်ပိုင် အစိုးရမင်းနိုင်ငံခြားဌာန
ကေရီဘုရင်မကြီး၏ အိန္ဒိယနိုင်ငံဆိုင်ရာ
အတွင်းဝန်မင်း လော့ခရိုင်ဘရွတ်ထံ အစီရင်ခံစာ
၁၈၇၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့
လာဟိုမြို့ ခေတ္တစခန်း

၁၈၇၈ ခု အောက်တိုဘာလ ၁၇ ရက်နေ့စွဲနှင့် ပေးပို့ အစီရင်ခံလိုက်သော စာအပိုဒ် ၂နှင့် ပတ်သက်၍ ဗြိတိသျှအစိုးရမင်းတို့သိစေရန် ဆက်လက် အစီရင်ခံရမည်မှာ အထက်မြန်မာပြည်၌ ဗြိတိသျှလက်အောက်ခံတိုင်းသားများကို နှိပ်စက်ကလူပြုခြင်း ကိစ္စ၌ မြန်မာမင်းအစိုးရက ထိုက်သင့်သော ပြုကျင့်ရာရာတို့ကို ဆောင်ရွက်ပြီးကြောင်း၊ ကမ်းလှမ်းသည့် စာများကို ပူးတွဲ ပေးပို့လိုက်ပါကြောင်း။

(ပုံ) လစ်တန်

* * *

(၄) မှတ်စာတွင် အကျမ်းဝင်စာ (က)
၁၈၇၈ ခု နိုဝင်ဘာလ ၅ရက်နေ့
မန္တလေးမြို့တော်မှရရှိသော ကြေးနန်း

ဗြိတိသျှလက်အောက်ခံ တိုင်းရင်းသားတို့အား နှိပ်စက်ရာပါဝင်သည့် အရာရှိများကို ယနေ့ အပြစ်ဒဏ်ခတ်၏။ ဒိုဘီကုလားများ အမှုတွင် ရာဇဒဏ် ၁၀ ချက်နှင့် မတရားတောင်းယူသော ငွေကို နှစ်ဆပြန်၍ လျော်ရသည်။ မီးသဘော်အရာရှိ (ဒွိုင်း)အမှု၌မူ တံခါးမှူးအား ရာထူးမှချ၍ ထောင်ချ၏။ ရာဇဝတ်ရုံး၌ ရဲအမှုထမ်းတို့အား မဟာမိတ်ဖြစ်ကြကုန်သော တိုင်းနိုင်ငံတို့မှ ဥရောပတိုင်းသားတို့အား နှိပ်စက်ခြင်းမပြု မလုပ်ရအောင် သျှင်သိ လူကြား တားမြစ်တော်မူသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၄) မှတ်စာတွင် အကျွမ်းဝင်စာ (ခ) ဆင်မလားမြို့
၁၈၇၈ ခု နိုဝင်ဘာလ ၇ ရက်နေ့
မန္တလေးမြို့ သံအမတ်ထံ ရိုက်ကြားသော ကြေးနန်း

နိုဝင်ဘာလ ၅ရက် နေ့စွဲနှင့် ဗြိတိသျှ လက်အောက်ခံတိုင်းသားတို့ကို နှိပ်စက်ခြင်း ကိစ္စနှင့်ပတ်သက်၍ ရိုက်ကြားသော ကြေးနန်းကိုရရှိ၏။ မြန်မာတို့ စီရင်ပုံ ကျေနပ်ဖွယ်ရှိသော်လည်း သံအမတ်၏ ထင်မြင်ချက်မပါ။ အကယ်၍ မြန်မာအစိုးရတို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အကောင်းဆုံးကို ဆောင်ရွက်ကြသည်ဖြစ်မူ၊ ကျွန်ုပ်တို့က အနှောင့်အယှက် လုပ်လိုသောဆန္ဒမရှိ၊သို့သော်၎င်းတို့၏ စိတ်စေတနာနှင့် ပတ်သက်၍ ခိုင်လုံသောသက်သေခံများလိုသည်။

* * *

စာအမှတ် (၅) ၁၈၇၈ ခုနှစ် (၁၅၃) မှတ်
အိန္ဒိယပြည်ပိုင်အစိုးရမင်း နိုင်ငံခြားရေးဌာန
ကေရီဘုရင်မကြီး၏ အိန္ဒိယအတွင်းဝန်မင်း
လော့ခရိုင်ဘရွတ်ထံ အစီရင်ခံစာ
လာဟိုမြို့ ခေတ္တစခန်း
၁၈၇၈ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့

အထက်မြန်မာပြည်တွင် ဖြစ်ပျက်နေသော အခြေအနေနှင့် ပတ်သက်သည့် အခြားစာများနှင့်အတူ ရောဝတီ မီးသင်္ဘောကုမ္ပဏီပိုင် မီးသင်္ဘောတစ်စင်းပေါ်မှ မြင်းခြံမြို့ဝန်လက်အောက်ရှိ ငယ်သားတစ်စုက သင်္ဘောစီးနှင်းလိုက်ပါလာသော သင်္ဘောစီးအချို့တို့အား လက်နက်စွဲကိုင်လျက် အဓမ္မ ဖမ်းဆီးခြင်းကိစ္စနှင့်ပတ်သက်သည့် စာများကိုလည်း ဘုရင်မကြီး၏ အစိုးရမင်းများ သိသာတော်မူစေရန် ပူးတွဲထည့်လိုက်ပါကြောင်း။

၎င်းကိစ္စကို အိန္ဒိယအစိုးရမင်းတို့ သိလျှင် သိခြင်း မြန်မာမင်းတို့သို့ လျင်မြန်စွာ စုံစမ်းစေ၍ အမိန့်တစ်စုံတစ်ရာမရှိဘဲ လက်ရောက်ကျူးလွန်ခြင်းတို့အတွက် ကျေနပ်ဖွယ်ပြုပြင်မှုများကို တောင်းဆိုရန် မန္တလေးမြို့ရှိ



သံအမတ်ထံ အမိန့်ပေး၏။ ၎င်းပြင် တော်သင့်သော အချိန်ကာလအတွင်း မြန်မာမင်းအစိုးရတို့က ကျေနပ်ဖွယ်ပြုပြင်ခြင်း၊ တစ်စုံတစ်ရာမရှိပါမူ ဗြိတိသျှအစိုးရတို့သည် မိမိတို့ဘာသာပင် မြန်မာမင်းအကူအညီ မပါဘဲ လွတ်လပ်စွာ မိမိတို့ ကျေးတော်မျိုးများကို ကာကွယ်ရလိမ့်မည်ဖြစ်ကြောင်း။ **ကျွန်ုပ်တို့ တောင်းဆိုချက်နှင့် ပတ်သက်၍ မသင့်မတော်လောက်အောင် နှောင့်နှေးခြင်း ရှိခဲ့မူ၊ မစ္စတာရှောက "ယခု နန်းတက်သော မင်းသည် မိမိ၏အကျိုးကျေးဇူး နစ်နာဖွယ်ရှိသော စနစ်များသို့ လိုက်လျောပါသဖြင့် နှမြောဝမ်းနည်းကြောင်း"ကို ပြောဆိုရမည်ဟု အမိန့်ပေးလိုက်ကြောင်း။** ကျွန်ုပ်တို့ ဤကဲ့သို့ ဆောင်ရွက်မှုကြောင့် မြို့ဝန်ကို မန္တလေးမြို့သို့ ဆင့်ခေါ်၍ မိမိ၏ပြုမူမှုကို ဖြေရှင်းစေသည်။ စုံစမ်း၍ မည်သို့ဖြစ်မည်ကို ဆိုင်းငံ့လျက်ရှိပါကြောင်း။

(ပုံ) လစ်တန်

* * *

(၅) မှတ်စာနှင့် ပူးတွဲပါ ၁၈၇၈ ခု
နိုဝင်ဘာလ ၄ရက်နေ့ မန္တလေးမြို့၊
သံအမတ်က ရိုက်သည့်ကြေးနန်း

သင်္ဘော ကပ္ပတိန်က အမိန့်တော်ထုတ်ပြရန် တောင်းဆိုချက်ကို ဂရုမမူဘဲ မြင်းခြံမြို့ဝန်၏ ငယ်သား ၂၀၀ တို့သည် ၃၁ ရက်နေ့နှင့် နိုဝင်ဘာလဆန်း ၁ရက်နေ့ ညတွင် သင်္ဘောပေါ်မှ ခရီးသည် ၃၀ ကို ဆွဲငင် ယူဆောင်သွားကြ၏။ မြန်မာအစိုးရထံမှ မြို့ဝန်သို့ပေးသောအမိန့်မှာ (လူများ အဖမ်းခံစေရန် ကပ္ပတိန်သို့ပြောလေ) ကျွန်ုပ်သည် စစ်ဆေး စုံစမ်းစေ၍ ထိုက်သင့်သော အပြစ်ဒဏ်ပေးရန် တောင်းဆိုလျက်ရှိပါကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၅) မှတ်စာနှင့် ပူးတွဲပါ
၁၈၇၈ ခု နိုဝင်ဘာလ ၆ ရက်နေ့ ဆင်မလားမြို့မှ
မန္တလေးမြို့သံအမတ်ထံရိုက်သည့် ကြေးနန်း

သဘော်စီးခရီးသည်များ ဖမ်းဆီးကြောင်း ကြေးနန်းရ၏။ အလျင်အမြန် ကျေနပ်ဖွယ်ပြုပြင်ရန် တောင်းဆိုရမည်။ သင့်လျော်သော အချိန်ကာလအတွင်း တစ်စုံတစ်ရာ ကျေနပ်မှုမရှိခဲ့သော် ဗြိတိသျှအစိုးရတို့သည် မိမိတို့ပိုင်သည့် အခွင့်အရေးနှင့် ကျေးတော်မျိုးများကို စောင့်ရှောက်ရလိမ့်မည်။ ယင်းသို့ စောင့်ရှောက်ကာကွယ်ရာ၌ အသစ်မျှသာရှိသေးသော မြန်မာအစိုးရတို့၏ အကျိုးစီးပွား တစ်စုံတစ်ရာငဲ့ညှာလိမ့်မည် မဟုတ်ကြောင်းကို အတည့်အလင်း ထုတ်ဖော်ပြောဆိုရမည်။

မြန်မာဘုရင်သစ်သည် မိမိ၏အကျိုးနစ်နာဖွယ်ဖြစ်သော စနစ်ကိုလိုက်လျောသဖြင့် နှမြောဝမ်းနည်းကြောင်း မြွက်ဟပါလေ။ မည်သို့နောက်ထပ် ဖြစ်ပျက်သည်ကို အမြန် အစီရင်ခံပါ။

* * *

စာမှတ် (၆)
လန်ဒန်မြို့ – အိန္ဒိယပြည်ဆိုင်ရာ ရုံးတော်မှ
၁၈၇၉ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့စွဲနှင့်
အိန္ဒိယပြည် ဘုရင်ခံချုပ်ထံပေးစာ

အစီရင်ခံပါသည်။

အထက်မြန်မာပြည်အကြောင်းချင်းရာနှင့် ပတ်သက်၍ ဘုရင်ခံချုပ်၏ အစိုးရထံမှ ၁၈၇၈ ခု၊ အောက်တိုဘာလ ၁၇ ရက်နှင့် ဒီဇင်ဘာလ ၁၂ရက်နေ့စွဲနှင့် ပေးစာများကို ရရှိပါကြောင်း။

မြန်မာဘုရင်မင်းမြတ် နတ်ပြည်စံတော်မူသည်၏နောက်၊ စိုးရိမ်ဖွယ်အခင်းများနှင့် စပ်လျဉ်း၍ မန္တလေးမြို့နေ၊ သံအမတ် မစ္စတာရှောသည် တင်းလည်း တင်းမာ၊ လိုက်လည်းလိုက်လျောစွာ ပြဋ္ဌာန်း စီရင်သည်များကို ဘုရင်ခံချုပ်နှင့် ထပ်တူထပ်မျှ ကျွန်ုပ်လည်း သဘောတူကျေနပ်



ခြင်းဖြစ်ပါကြောင်း။

ဘုရင်ခံချုပ်ထံပေးသည့် အောက်တိုဘာလ ၁၇ ရက်နေ့စာအလို အထက်မြန်မာတိုင်းနိုင်ငံနှင့် ဆက်ဆံမှုတွင် မည်သို့မည်ပုံ ပြဋ္ဌာန်းသဘောထားရှိမည်ကို နောက်ထပ် အစီရင်ခံစာ မရသေးမီစပ်ကြား ကျွန်ုပ်၏ စိတ်ဆန္ဒကို မဖွင့်ဟနိုင်သေးပါ။ မြန်မာမင်းတို့နှင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်ကြောင်း၊ ဘုရင်ခံချုပ်၏ ရည်ရွယ် ရာထားချက်တို့ကို ကျွန်ုပ်လုံးဝ သဘောတူသည်ဟုသာ ပြောလိုသေးကြောင်း၊ မြန်မာပြည်နှင့် ကျွန်ုပ်တို့ ဆက်ဆံရေးများကို ပြုပြင်ရန် အရိပ်နိမိတ် အခွင့်အရေးများစွာသာလျက်ရှိနေသည့် အတောအတွင်းတွင် ယခု မြန်မာဘုရင်သစ်တို့ ထောက်ထားညှာတာစွာ ပြုလုပ်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်စိတ်ချပါကြောင်း။

(ပုံ) ခရိုင်ဘရွတ်

* * *

စာမှတ် (၇)
၁၈၇၉ ခု ဖေဖော်ဝါရီလ ၂၁ ရက်နေ့
အိန္ဒိယဘုရင်ခံချုပ်ထံမှ
အိန္ဒိယ အတွင်းဝန်ထံသို့ ရိုက်သောကြေးနန်း

နတ်ရွာစံ မင်းတရားကြီး၏ သားတော်၊ မယ်တော်၊ နှမတော်နှင့် မြေးတော် ကလေးများကို ဘုရင်မင်းမြတ် အမိန့်တော်အရ ညဉ့်တိုင်း ဆက်ခါ ဆက်ခါ သတ်ဖြတ်လျက် ရှိကြောင်း၊ မန္တလေးမြို့နေ သံအမတ်ထံမှ အစီရင်ခံစာ ရရှိပါကြောင်း၊ အမတ်များ သဘောမတူ၊ ပြည်သူခပင်းများစွာ တုန်လှုပ်လျက်ရှိကြောင်း၊ ဤကဲ့သို့ ကြမ်းတမ်းရက်စက်မှုများကို မြစ်တားကန့်ကွက်ရန် သံအရာရှိသို့ အမိန့်ပေး၏။ ထို့ပြင် ဤကဲ့သို့ ပြုမူမှုတို့သည် မန္တလေးမြို့တော်၌ ဗြိတိသျှသံအမတ်ရှိနေခိုက် မရှိထိုက်ကို ဆင်ခြင်ရန် ကိစ္စပေါ်ပေါက်လိမ့်မည်ဖြစ်ကြောင်း ပြောလျှောက်စေကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၈)

၁၈၇၉ခု ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲ

အိန္ဒိယအတွင်းဝန်ထံမှ

အိန္ဒိယဘုရင်ခံချုပ်ထံသို့ရိုက်သည့်ကြေးနန်း

ဘုရင်မင်းမြတ်၏ ရက်စက်ကြမ်းကြုတ်မှုကို မြစ်တား ကန့်ကွက်ခြင်းမှာ သည်ပိုးနိုင်မည်မဟုတ်။ သံအမတ်ကို ရုပ်သိမ်းခြင်းအားဖြင့်လည်း ဘုရင်မင်းမြတ်အား ရက်စက်ခြင်းနှင့် မကောင်းသော အုပ်စိုးခြင်းတို့ကို ပိုမိုအခွင့်သာစေကြောင်း ဖြစ်ပေလိမ့်မည်။

* * *

စာမှတ် (၉)

အိန္ဒိယပြည်အစိုးရ နိုင်ငံခြားဌာန

ဧကရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး အတွင်းဝန်ထံ

ကလကတ္တား၊ ပုတ်ဝီလျံခံမြို့

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့

လွန်ခဲ့သည့် ရက်သတ္တ ၂ပတ်က မြန်မာဘုရင်မင်းမြတ်၏ နန်းတော်အတွင်းမြောက်မြားစွာသော သတ်ဖြတ်ခြင်း၊ အဆုံးစီရင်မှုများအကြောင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏ သံအမတ်ထံမှရသော အစီရင်ခံစာများကို အတွင်းဝန်မင်းထံ ကြေးနန်းဖြင့် ပို့ဆက်ပြီးဖြစ်ပါကြောင်း။

မန္တလေးမြို့နှင့် ရန်ကုန်မြို့မှ ရရှိသော ကြေးနန်းများနှင့် ဗြိတိသျှပိုင်အောက်မြန်မာပြည် ကော်မရှင်နာမင်းကြီး မန္တလေးမြို့ သံအမတ်ထံမှ ချမှတ်သော အမိန့်စာများကို ယခုစာနှင့်အတူ ပူးတွဲ ပို့ဆက်လိုက်ပါကြောင်း။

ပုံ
- လစ်တန်
- အေဂျေ – အာရာဘတ်နော့
- အေ – ကလပ်
- ဂျေ – စတြေချီ
- အီ –ဘီ ဌျန်ဆံ
- ဒဗလျူ – စတုတ်
- အေ – အာရ် – သော်မဆင်



(၉) မှတ်တွင် ပူးတွဲပါကြေးနန်း

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့

မန္တလေးမြို့ သံအမတ်ထံမှ ကလကတ္တားမြို့

နိုင်ငံခြားဌာနဆိုင်ရာ အတွင်းဝန်ထံသို့ ရိုက်ကြားသော ကြေးနန်း

ဘုရင်အမိန့်အရ နတ်ရွာစံမင်းတရားကြီး၏ သားတော်၊ မယ်တော်၊ နှမတော်၊ သားငယ်၊ မြေးစု အရပ်ရပ် ၈၀ သောသူတို့ကို ညဥ့်စဥ်ဆက်ခါဆက်ခါ သတ်ဖြတ်ပါကြောင်း၊ ရန်စခြင်း၊ တော်လှန်ရန်ကြံစည်ခြင်း တစ်စုံတစ်ရာ မရှိပါကြောင်း၊ အမတ်များ သဘောမတူဟု၏။ ပြည်သူအပေါင်း ထိတ်လန့် တုန်လှုပ်ကြ၏။ ထပ်မံသတ်ဖြတ်ခြင်း ပြုစေတော်မူသည်ရှိသော် ဗြိတိသျှ အလံကို သံတဲပေါ်မှလျှော့ချ ရုပ်သိမ်းမည်ဟု သတိပေးပါကြောင်း။

* * *

(၉) မှတ်တွင် ပူးတွဲပါကြေးနန်း

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့

ရန်ကုန်မြို့ကော်မရှင်နာမင်းကြီးထံမှ ကလကတ္တားမြို့

နိုင်ငံခြားဌာနဆိုင်ရာ အတွင်းဝန်ထံ ရိုက်ကြားသောကြေးနန်း

မန္တလေးသံအမတ် ရှောထံမှ အောက်ပါကြေးနန်းကို ရရှိပါကြောင်း။

ပြင်းထန်သော မြစ်တား ကန့်ကွက်ခြင်းကို ပြုထိုက်ကြောင်း ရှိသေစွာလျှောက်ထားပါကြောင်း။ ဤမျှရက်စက် **ကြမ်းကြုတ်သောမင်းနှင့် ရာဇမဟာမိတ်ဆက်လက်ရှိသင့် မရှိသင့် သံအမတ်ကိုပြန်လည် ရုပ်သိမ်းသင့် မသိမ်းသင့်ကို ဆင်ခြင် စဥ်းစားဖွယ် ပေါ်ပေါက်ပါကြောင်း။**

* * *

www.burmeseclassic.com

www.burmeseclassic.com



(၉) မှတ်ကြေးနန်းတွင် ပူးတွဲပါကြေးနန်း
၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့
ကာလကတ္တားမြို့ နိုင်ငံခြားရေးဌာနအတွင်းဝန်ထံမှ
မန္တလေးမြို့ သံအမတ်ထံ ရိုက်ကြားသည့် ကြေးနန်း

နတ်ရွာစံမင်းတရားကြီး၏ မိဖုရားများကို ထပ်မံ၍ ရက်စက်မှုများ မကျူးမလွန်ရန် အိန္ဒိယအစိုးရမင်းတို့၏ ကိုယ်စား အပြင်းအထန် မြစ်တားကန့်ကွက်ပါလေ။ ကျွန်ုပ်နောက်ထပ် ကြေးနန်းအမြန်ရိုက်ဦးမည်။

* * *

(၉) မှတ် ကြေးနန်းတွင် ပူးတွဲပါကြေးနန်း
၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့
ကလကတ္တားမြို့ နိုင်ငံခြားရေးဌာန အတွင်းဝန်ထံမှ
မန္တလေးမြို့ သံအမတ်ထံ ရိုက်ကြားသော ကြေးနန်း

၁၉ ရက်နေ့စွဲနှင့် ကြေးနန်းကိုရသည်။ နတ်ရွာစံ မင်းတရားကြီး၏ ဆွေတော်မျိုးတော်များကို သတ်ဖြတ်ခြင်းကိစ္စနှင့် ပတ်သက်၍ပြင်းထန်သော စကားအသုံးအနှုန်းနှင့် ကြေကြေညာညာ မြစ်တားကန့်ကွက်ရန် အိန္ဒိယပြည် အစိုးရကညွှန်ကြားလိုက်သည်။ ဘေးအန္တရာယ်စိုးရိမ်ဖွယ် မကင်းသေးသည့် ဆွေတော်မျိုးတော်တို့၏အတွက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၊ ကာကွယ်ရာကာကွယ်ကြောင်းကို ရှေးရှု၍ သံအမတ်မင်း ဝင်ရောက်စွက်ဖက်ခြင်းကို အလေးမမူပါက ချစ်ခင်စွာ ဆက်ဆံခြင်း၊ ရာဇ မဟာမိတ်သဘောမျိုး ဗြိတိသျှအစိုးရက ဘုရင်မင်းသစ်အပေါ်မှာ ပျက်ပြား သွေဖီစေဖွယ်ဖြစ်မည့် အကြောင်းကို ဖော်ပြသတိပေး ကန့်ကွက်ရန် လုံ့လပြုရမည်။ ထို့ပြင် ဘုရင်မင်းမြတ်ကျူးလွန်တော်မူခဲ့သည့် ကြမ်းကြုတ်ရက်စက်သော အမှုမျိုးကြောင့်မြို့တော်၌ဗြိတိသျှအစိုးရတို့၏ သံအမတ်ခန့်အပ်သည် မအပ်သည်ကို စဉ်းစား ဆင်ခြင်ဖွယ်အကြောင်းကိစ္စ ပေါ်ထွက်လိမ့်မည်ဟု ထုတ်ဖော်မြွက်ဟပါလေ။



(၉) မှတ်ကြေးနန်းတွင် ပူးတွဲပါကြေးနန်း

၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ကလကတ္တားမြို့ နိုင်ငံခြားရေးဌာန အတွင်းဝန်ထံမှ ရန်ကုန်မြို့ ဗြိတိသျှပိုင် အောက်မြန်မာပြည် ကော်မရှင်နာ မင်းကြီးထံ ရိုက်ကြားသော ကြေးနန်းမှာ အထက်ပါမှုအတိုင်းဖြစ်သည်။

* * *

စာအမှတ် (၁၀)
အိန္ဒိယပြည်အစိုးရ နိုင်ငံခြားရေးဌာန
ဧကရီ ဘုရင်မကြီး၏ နိုင်ငံခြားရေးဆိုင်ရာ
အတွင်းဝန်မင်း လော့ခရိုင်ဘရွတ်ထံ အစီရင်ခံစာ

ကလကတ္တား ပုတ်ဝီလျံခံမြို့၊ ၁၈၇၉ ခု မတ်လ ၇ရက်နေ့၊ ၁၈၇၈ ခု အောက်တိုဘာလ ၃၁ရက် နေ့ညဥ့် မြင်းခြံမြို့ ဆိပ်ကမ်းတွင် ဧရာဝတီ မီးသင်္ဘောကုမ္ပဏီပိုင် (ရန်ကင်းတောင်)ခေါ် မီးသင်္ဘော၏ ကပ္ပတိန်အရာရှိကို လက်ရောက်ကျူးလွန်ခြင်း၊ အချို့သော သင်္ဘောစီးခရီးသည်တို့ကို အဓမ္မခေါ်ငင်ယူဆောင်ခြင်း ကိစ္စနှင့်ပတ်သက်၍ ၁၈၇၈ ခု နိုဝင်ဘာလ ၃၀ ရက်နေ့ ရန်ကုန်မြို့ကော်မရှင်နာ မင်းကြီးထံပေးစာ၊ မိတ္တူကိုပူးတွဲ ပေးပို့ပါကြောင်း။

(ပုံ)
- လစ်တန်
- အေ၊ ဂျေ၊ဘာရာဘတ်နော့
- အေ၊ ကာလပ်
- ဂျေ၊ စတြာချီ
- အီ၊ ဘီဠှန်ဆံ
- ဒဘာလျူ၊စတုတ်
- အေ၊အာရ်၊ သော်မဆင်

* * *

www.burmeseclassic.com

www.burmeseclassic.com



(၁၀) မှတ်တွင် ပူးတွဲပါစာ (က)
ရန်ကုန်မြို့ ဗြိတိသျှပိုင် အောက်မြန်မာပြည်
ကော်မရှင်နာမင်းကြီး၏ လက်ထောက် အတွင်းဝန်ထောက်
အာ(ရ်) အိတ် (ချ) ပီသချားထံမှ
အိန္ဒိယပြည်နိုင်ငံခြားဌာန အတွင်းဝန် အေစီလားရလ်ထံ ပေးသောစာ
ရန်ကုန်မြို့။ ၁၈၇၈ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့

လွန်ခဲ့သည့် အောက်တိုဘာလ ၃၁ ရက် နေ့ ညဥ့်၊ မြင်းခြံဆိပ်ကမ်းတွင် ဧရာဝတီမီးသင်္ဘောကုမ္ပဏီပိုင် "ရန်ကင်းတောင်" ခေါ် မီးသင်္ဘော၏ ကပ္ပတိန်အရာရှိကို လက်ရောက် ကျူးလွန်ခြင်း၊ အချို့သော သင်္ဘောစီးခရီးသည်တို့ကို အဓမ္မခေါင်ငင် ယူဆောင်ခြင်း ကိစ္စနှင့် စပ်လျဉ်းသည့် သတင်းအကြောင်းအရာများကို အိန္ဒိယပြည် အစိုးရထံ ပို့ဆက်ရန် အမိန့်အရပို့ဆက်ပါကြောင်း။

* * *

ဧရာဝတီ မီးသင်္ဘော ကုမ္ပဏီလီမိတက်
တိုက်အုပ် ဂျီ–ဂျေ ဆွမ်းထံမှ
ဗြိတိသျှ မြန်မာပြည်အောက်ပိုင်း
ကော်မရှင်နာမင်းကြီး စီ– ယူ အိတ်ချီဆံ
C.S.I,L.L.D., ထံ ပေးသောစာ ရန်ကုန်မြို့။
၁၈၇၈ ခု၊ နိုဝင်ဘာလ ၈ ရက်

အထက်မြန်မာပြည် မြင်းခြံမြို့ရှိ မြန်မာမင်းလက်အောက်ခံအရာရှိတို့၏ ပြုမူပုံနှင့်ပတ်သက်၍ မြင်းခြံမြို့ရှိ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်နှင့် (ရန်ကင်းတောင်) ခေါ် မီးသင်္ဘောအရာရှိတို့ထံမှ ရရှိသော တိုင်တန်းချက် အစီရင်ခံစာကို ကော်မရှင်နာမင်းကြီး သိတော်မူစေရန် အောက်တွင်ဖော်ပြလိုက်ပါကြောင်း။

ကိုယ်စားလှယ်က အစီရင်ခံသည်မှာ မီးသင်္ဘော (ရန်ကင်းတောင်) သည် ကြာသပတေးနေ့ ညနေဆိုက်ရောက်၍ ကုန်တင်ရန် ကျောက်ချရပ်၍



အိပ်သည်။ ညဥ့် ၇ နာရီလောက်တွင် မြို့ဝန်ထံမှ စာတစ်စောင်ရသည်။ (ရန်ကင်းတောင်)မီးသင်္ဘောပေါ်တွင် စီးနင်းလိုက်ပါလာသူ ယောကျ်ား ၃၀ ကို ဖမ်းဆီးရန် ဝန်ကြီးများထံမှ မြို့ဝန်မင်းထံ ကြေးနန်း ရဟန်ရှိ၏။ ဝရမ်းသို့မဟုတ် အမိန့်တော် တစ်စုံတစ်ရာမပါဘဲ သင်္ဘောကပ္ပတိန် ပေတာဆန်သည် ကျွန်ုပ်၏ အိမ်မှ ညဥ့် ၉နာရီလောက်တွင် မိမိ၏သင်္ဘောသို့ ပြန်ရာဝယ် သင်္ဘောဆိပ်ကမ်းတွင် မြို့ဝန်မင်း၏ လူ ၁၀၀ နည်းပါးစုဝေး၍ ရိုင်းပျကြမ်းတမ်းစွာ ပြုလုပ်ကြသည်။

နံနက်ဘက်သို့ရောက်လုဆဲအခါတွင် (ကျွန်ုပ်အထင်) ကြေးနန်း အများအပြား မြို့ဝန်နှင့် လွှတ်တော် အမတ်များ အပြန်အလှန် ရိုက်ကြားပြီးလျှင် လူပေါင်း ၁၀၀၊ ၂၀၀ မျှနှင့် လူကြီး ၂ ယောက်တို့သည် သင်္ဘောပေါ်သို့ ချဉ်းနင်းတက်ရောက်ပြီးလျှင် ၎င်းတို့သည် ဖမ်းဆီးရန်ရှိသည့်လူများကို ဖမ်းဆီးရာတွင် တစ်စုံတစ်ရာ ခုခံခြင်းပြုမူခဲ့သော် ၎င်းအားလည်း ဖမ်းဆီးချုပ်နှောင်မည်ဟု ကပ္ပတိန် ပေတာဆန်သို့ အကြောင်းကြား ပြောဆိုကြ၏။ ကပ္ပတိန် ပေတာဆန်မှာ ၎င်းတို့ပြုလိုရာပြုစေရုံမှ တစ်ပါးမည်သို့မှ မတတ်နိုင်ပေ။

ယောကျ်ား ၁၁ ယောက်နှင့် မိန်းမ၊ ကလေး ၁၈ ယောက်တို့ အဖမ်းခံကြရသည်။

ကပ္ပတိန်ပေတာဆန်က တိုင်တန်းသည်မှာ အောက်တိုဘာလ ၃၁ ရက်နေ့ညဥ့် ၉ နာရီအချိန်လောက်တွင် ကျွန်ုပ်သည် မြင်းခြံမြို့ရှိ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်အိမ်မှ သင်္ဘောသို့ပြန်လာရာ သင်္ဘောအနီးတွင် လူ အမြောက်အမြား စုရုံး၍ ကျွန်ုပ်ကို ဖမ်းဆီးပြီးလျှင် သင်္ဘောကုန်းဘောင်ပေါ်မှ ဆွဲငင်ယူဆောင်ကြပါသည်။ အချို့သူများမှာ ဓားလက်နက် စွဲကိုင်လျက် ဖြစ်ကြပါသည်။ ရစ်ပတ်လုံးထွေးနေခိုက်တွင် ကျွန်ုပ်၏ခြေမျက်စိမှာ အကြောတင်၍ ကျွန်ုပ်၏လက်မှ ရွှေလက်စွပ် ၁ ကွင်းကို ခိုးယူသွားကြသည်။

လဆန်း ၁ရက်နေ့သို့အဝင် နံနက်လင်းအားကြီး ၃နာရီလောက်တွင် လူပေါင်း ၂၀၀ ကျော်ထက်ပိုသော လူထုကြီးသည် ကိုယ်စီ ဓားလက်နက် စွဲကိုင်လျက် သင်္ဘောပေါ်သို့ တက်ရောက်ပြီးလျှင် သင်္ဘောစီးခရီးသည် ၃၀ တို့ကို အပ်နှံရန် တောင်းဆိုကြသည်။ ၎င်းတို့အထဲတွင် လူကြီးပုံသူ စကားကမ်းလှမ်း ပြောဆိုသူသို့ ဖမ်းဆီးရန် အာဏာ သို့မဟုတ် ဝရမ်းစာကို

www.burmeseclassic.com



ပြပါဟု တောင်းဆိုရာ မြို့ဝန်မင်းက စေလွှတ်လိုက်သည်ဟူ၍သာ ပြန်ပြော၏။ (မြန်မာမင်းအစိုးရတို့က ရေးသားပေးသည့် အာဏာတစ်စုံတစ်ရာ မပါဘဲ ဤလူများကို မပေးမအပ်နိုင်)ဟု ပြောသည်ရှိသော် ၎င်းက ဤသူများကို ရမှသာလျှင် ဖြစ်မည်ဟု အကြောင်းကို ပြန်ပြော၏။ သင်္ဘောပေါ်သို့ ခေါ်ဆောင်လာသည့်လူစု ပရိသတ်တို့ကို အန်တုရန် မစွမ်းသည်ဖြစ်၍ ကျွန်ုပ်သည် ခရီးသည်များကို ဖမ်းစေရသည်သာလျှင်တည်း။

ခရီးသည်များမှာ ယောကျ်ား ၁၁ ယောက်၊ ကလေး၊ မိန်းမ ၁၀ ယောက် ပါဝင်၏။

ကျွန်ုပ်သည် ကိုယ်စားလှယ်ခံကာ စောင့်ရှောက်ရသော အကျိုးစီးပွားရေးအလို့ငှာ ဗြိတိသျှအလံတော်ကိုလွှင့်လျက်၊ ဧကရီဘုရင်မကြီး၏ စာတိုက်ဘက်ဆိုင်ရာ စာများကို သယ်ယူလာသော သင်္ဘောပေါ်သို့ ချဉ်းနင်းဝင်ရောက် ကျူးလွန်စော်ကားခြင်းနှင့် ထိုက်တန်သင့်လျော်စွာ ပြုပြင်ပေးရန်။ မြန်မာပြည်အစိုးရသို့ တောင်းဆိုရာ၌ ဗြိတိသျှအစိုးရ၏ အကူအညီကို တောင်းဆိုရပါကြောင်း ယင်းသို့ မတရားပြုကျင့်ခြင်းကြောင့် ကူးသန်းရောင်းဝယ်မှုတွင် မဖြစ်မနေနိုင်သော ဆုံးရှုံးနစ်နာခြင်းများအတွက်လည်း လျော်ကြေးငွေများ တောင်းဆိုရလိမ့်မည်ဖြစ်ကြောင်း။

လူစု လူဝေး၏အားမှတစ်ပါး အခြားအမိန့် အာဏာတစ်စုံတစ်ရာ မရှိပါဘဲလျက် ဗြိတိသျှ သင်္ဘောပေါ်သို့ တက်ရောက်ပြီးလျှင် လက်နက်အင်အားဖြင့် ခရီးသည်များကို ဖမ်းဆီးမှု အခွင့်ပြုထားပါမူ၊ ကျွန်ုပ်တို့၏ ကူးသန်းမှုမှာ ဆုံးရှုံးမည်သာလျှင်တည်း။ အရှင်ကော်မရှင်နာ မင်းကြီး ကိုယ်စားခန့်အပ်သော အစိုးရမင်းသည် ကျွန်ုပ်၏ ကုမ္ပဏီသို့ ကျူးလွန်စော်ကားသည့်အတွက် ပြုပြင်မှုရစေကြောင်း၊ ဆောင်ရွက်ပေးရုံမျှမက နောက်နောင်ကိုလည်း ကူးသန်းရောင်းဝယ်ရေး၏ အကျိုးကျေးဇူးတို့ကိုလည်း စောင့်ရှောက်ကာကွယ်လိမ့်မည်ဟု မျှော်ခေါ်ယုံကြည်ပါကြောင်း။

* * *



(၁၀) မှတ်စာတွင် ပူးတွဲပါစာ (ဂ) ဗြိတိသျှအောက်မြန်မာပြည်
ကော်မရှင်နာမင်းကြီး၏ ဝန်ထောက် အာရ် အိပ်ချ်မီလချားထံမှ
ဧရာဝတီမီးသင်္ဘော ကုမ္ပဏီတိုက်အုပ်
ဂျေဂျီဆွမ်းထံ ပေးသောစာ
ရန်ကုန်မြို့။
၁၈၇၈ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့

အောက်တိုဘာလ ၃၁ ရက်နေ့ ညဉ့်တွင် မြင်းခြံမြို့၌ (ရန်ကင်းတောင်ခေါ်) မီးသင်္ဘော ကပ္ပတိန်ကို လက်ရောက် ကျူးလွန်၍ ခရီးသည်များကို အဓမ္မဆွဲငင်ခေါ်ဆောင်သွားခြင်း ကိစ္စနှင့်ပတ်သက်၍ စရက်နေ့စွဲ ပေးစာကိုရရှိကြောင်း အမိန့်အရ အစီရင်ခံပါသည်။ အကြောင်းပြန်ကြားရမည်မှာ အိန္ဒိယအစိုးရက မန္တလေးမြို့ သံအမတ်သို့ ထိုက်သင့်သည့်ပြုပြင်မှုရစေရန် တောင်းဆိုရမည်ဟု မှာကြားလိုက်ပြီ ဖြစ်ပါကြောင်း၊ ၎င်းပြင် မြင်းခြံမြို့ဝန်ကိုလည်း မိမိပြုမူချက်များကို ဖြေရှင်းထုချေရန် ရွှေမြို့တော်သို့ ဆင့်ခေါ်ပြီးပြီ ဖြစ်ပါကြောင်း။

* * *

(၁၀) မှတ်စာတွင် ပူးတွဲပါစာ (ခ)
၁၈၇၈ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့
ဝန်ရှင်တော်နိုင်ငံခြား ဝန်ကြီးထံမှ
မန္တလေးမြို့ရှိ အင်္ဂလိပ်သံအမတ်ထံ ပေးသောစာ

ရန်ကင်းတောင်ခေါ် မီးသင်္ဘော ကပ္ပတိန်ပေတာဆန်နှင့် မြင်းခြံမြို့ တလုပ်မြို့ဝန် ၎င်း ၂ ဦးတို့ စပ်ကြားဖြစ်ပျက်သည့် အကြောင်းခြင်းရာ အရပ်ရပ်နှင့် ပတ်သက်၍ သံတော်အရာရှိ လျှောက်သည့်စာလွှာနှင့် လိုက်လျောညီစွာ။ တလုပ်မြို့ဝန်၏ သေနတ်စာရေး၊ ဆိပ်ကမ်းအုပ်နှင့် အခြား သက်သေများမှာတစ်ဖက်၊မီးသင်္ဘောကိုယ်စားလှယ်၊ကပ္ပတိန်၊ကပ္ပတိန်လက်ထောက်၊ ခရာစီ၊ စကားပြန် ဆုကန္တီနှင့် ကပ္ပထိန်တို့မှာ တစ်ဖက်၊ နှစ်ဦး နှစ်ဖက်သော

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မျက်နှာစုံညီ၊ စစ်ဆေးခြင်းကိုပြု၏။ ထွက်ဆိုလျှောက်လဲချက်တို့ကို ဆင်ခြင်သည်ရှိသော် မဖြစ်မပေါ်ထိုက်ဘဲ ဖြစ်ပေါ်လာရသောအကြောင်းခြင်းရာတို့တွင် တလုပ်မြို့ဝန်နှင့် သေနတ်စာရေးတို့မှာ အမိန့်ဆင့်ဆိုခန့်ခွဲရာ၌ ပေါ့လျော့ခြင်းကြောင့်သာ ဖြစ်ပေါ်ရကြောင်း ထင်ရှား၏။ မီးသင်္ဘော ကပ္ပတိန်ပေတာဆန်နှင့် သင်္ဘောကိုယ်စားလှယ်၊ အန္ဒြေနိုးမှာလည်း မီးသင်္ဘောသည် မန္တလေးမြို့၌ ရပ်တန့်ရှိနေစဉ် သင်္ဘောပေါ်၌ တက်ရောက်စီးနင်းနေသည့် ဘုရင်မင်းမြတ်၏ ငွေဝယ်ကျွန်တော်များကို မစီးမလိုက်စေရန် တောင်းဆိုရာ၌ မအပ်မနှင်းနေခြင်းကြောင့် ချွတ်ယွင်းကြသည်။ **ဤမည်သော ကျွန်တော်မျိုးတို့ကို သင်္ဘောနှင့်သယ်ယူခြင်းမပြုထိုက်သည်ကို သင်္ဘောကိုယ်စားလှယ်နှင့်တကွ သင်္ဘောကပ္ပတိန်တို့ သိထိုက်ကြ၏။ ငွေဝယ်ကျွန်တော်တို့ကို ပြန်လည်ခေါ်ဆောင်သွားစေရန် အခွင့်ပြုထိုက်ပါလျက် အခွင့်မပြုရုံမျှမကသေး ယင်းသည့် ငွေဝယ် ကျွန်တော်မျိုးတို့ကို ရန်ကင်းတောင် မီးသင်္ဘောနှင့် သယ်ယူခေါ်ဆောင်သွားလေသည်။**

သင်္ဘော ကိုယ်စားလှယ်က ဘုရင်မင်းမြတ်၏ အမိန့်တော်သဘောနှင့်အညီ ကပ္ပတိန်သို့ ဤမည်သော ကျွန်တော်မျိုးတို့ကို သယ်ယူဆောင်ကြဉ်းခြင်းမပြုဘဲ ပြန်လည်အပ်နှင်းရန် ပြောဆိုသည်ကို ကပ္ပတိန်သည် မနာမယူဘဲ သယ်ယူပြီးလျှင် စုန်ဆင်းသွား၏။ မြင်းခြံမြို့သို့ ဆိုက်ရောက်သည့် **ကာလ၊ တလုပ်မြို့ဝန်သည် လူများစေလွှတ်၍ ငွေဝယ် ကျွန်တော်မျိုးများကို မယူဆောင်ရကြောင်း၊ သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါသူ ငွေဝယ်ကျွန်တော်မျိုးတို့ကို တောင်းယူရန် လွှတ်တော်မှ ရိုက်ကြားလိုက်သော ကြေးနန်းကို ပြစေပါသော်လည်း ကပ္ပတိန်သည် ငွေဝယ် ကျွန်တော်များကို လွှဲအပ်ခြင်း မပြုဘဲနေလေသည်။**

ဂေါ်ဝိန်ဆိပ်ကမ်း၌ တစ်ကြိမ်၊ မြင်းခြံမြို့ကမ်း၌ တစ်ကြိမ် နှစ်ရပ်သောဌာနတို့၌ မြန်မာမင်း၏ အမိန့်တော်မြတ်ကို ပြောကြား၊ အမိန့်တော်ကြေးနန်းကိုပြပြီးလျှင် ငွေဝယ်ကျွန်တော်များကို တောင်းဆိုပါသော်လည်း ကပ္ပတိန်သည် ကျွန်တော်မျိုးများကို လွှဲအပ်ခြင်းမပြု၊ ကျေအေးစေရန် တစ်စုံတစ်ရာလည်းမပြုဘဲ အခြားအကြောင်းများ ပြပြီးလျှင် ဆင်ခြေပေး၏။ **ယခုအကြောင်းကိစ္စသည် မပေါ်ပေါက်ထိုက်ပါဘဲလျက်၊ ကပ္ပတိန်**



**ကြောင့်သာ ပေါ်ပေါက်ရသည်ဖြစ်ကြောင်း ထင်ရှားသည်ဖြစ်ခြင်းကြောင့် တလုပ်မြို့ဝန်နှင့် ကပ္ပတိန် ၂ဦးလုံးကို အပြစ်ပြုရပေမည်။ သို့ပါ၍ သံအမတ်သည် အမိန့်ဆင့်ဆို၍ ကပ္ပတိန်ကို လွှတ်တော်သို့ ပို့ပါလေ။**

* * *

မန္တလေးမြို့တော်နေ၊ သံအမတ် အာရ်–ဘီရှော
C.I. E ထံမှ ဝန်ရှင်တော် နိုင်ငံခြားရေး ဝန်ကြီးထံပေးသောစာ
မန္တလေးမြို့။
၁၈၇၈ ခု၊ ဒီဇင်ဘာလ ၂၈ ရက်

(၁၈၇၈ – ခု၊ ဒီဇင်ဘာလ ၂၄ ရက်ရေး) ဝန်မင်းက မြင်းခြံမြို့ဝန်နှင့် (ရန်ကင်းတောင်) မီးသင်္ဘောကပ္ပတိန်တို့၏ အမှုနှင့်ပတ်သက်၍ ပေးတော်မူလိုက်သည့် စာကိုရရှိပါကြောင်း၊ မန္တလေးမြို့တော်တွင် အချို့သော သင်္ဘောစီးခရီးသည်များကို လွှဲအပ်ရန်တောင်းဆိုရာဝယ် **ကပ္ပတိန်သည် ယဉ်ကျေးသော တိုင်းပြည်ကြီးများ ထုံးစံအတိုင်း အာဏာရှိသည့် မြန်မာအရာရှိတစ်ဦးဦးက ရေးသားပေးသည့် အမိန့်ကိုတောင်းဆိုပါသည်။ အမိန့်စာတစ်စုံတစ်ခုကိုလည်း မပြ။ နောက်ထပ်လည်း မည်သို့မျှ ပြောဆိုခြင်းမရှိသည်တွင် သင်္ဘောထွက်ရန်အခါရောက်ရှိသည်နှင့် အထက်မြန်မာပြည် နောက်စခန်းဖြစ်သော မြင်းခြံမြို့သို့ စုန်ဆင်းခဲ့ပေသည်။ မြင်းခြံမြို့၌ တစ်ဖန်ခရီးသည်များကို လွှဲအပ်ရန်တောင်းဆိုပြန်၍ စက္ကူတစ်ချပ်ကိုမူပြ၏။**

သို့ရာတွင် မည်သည့်အခြေမှလာသည်ကို သိရှိရန် တစ်စုံတစ်ရာ အမှတ်အသား မပါမရှိ နှုတ်ဖြင့်မူ လွှတ်တော်မှလာသည်ဟု ပြောဆို၏။ ကပ္ပတိန်က ရေးသားပြီး အမိန့်အာဏာကို တောင်းဆို၏။ ထိုအမိန့်အာဏာကို ရရှိပါက ခရီးသည်များကို ပေးအပ်ပါမည်ဟု ဝန်ခံကတိပေး၏။ မြို့ဝန်မင်းသည် ရေးသားပြီး (ဝရမ်း) အမိန့်စာကို မပြဘဲ၊ တစ်စုံတစ်ရာ ရှင်းလင်းဖော်ပြခြင်းမပြုဘဲ၊ အမိန့်စာကို မပြတော့ဟူ၍လည်း မပြောဘဲ၊ ကပ္ပတိန်ကို ခြောက်လှန့် လွှမ်းမိုးစေရန် လူအမြောက်အမြားကို သင်္ဘောသို့ စေလွှတ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကပ္ပတိန်ကို ကြမ်းတမ်းစွာပြု၍ စော်ကားပြီးလျှင် သဘော်ကိုလည်း အတန်ကြာ လူထုကြီးက သိမ်းယူထားလေသည်။ ကပ္ပတိန်သည် ဤနည်းဖြင့် ခရီးသည်များကို ယူစေရတော့သည်။ ဤကိစ္စ အရပ်ရပ်တို့၌ ကပ္ပတိန် အပေါ်တွင် အပြစ်ဆိုဖွယ် တစ်စုံတစ်ခုမရှိ။ ထိုစဉ်အခါကလည်း သံအမတ်သို့ တိုင်တန်းခြင်းမရှိ၊ သို့ပါ၍ ကပ္ပတိန်ကို အပြစ်မပြုနိုင် ဖြစ်ပါကြောင်း။

၁၈၇၈ ခု ၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ရေးသည့် လျှောက်တင်စာတွင် ပါရှိတောင်းဆိုသည့်အတိုင်း ပြုပြင်စေလိုသည့်အချက်တို့ကို ဝန်ရှင်တော်နိုင်ငံခြားရေး ဝန်ကြီးမင်းသည် ဆောင်ရွက်နိုင်မည် မဆောင်ရွက်နိုင်မည်ကို အကြောင်းပြန်ကြားပါမည့်အကြောင်း၊ ယခု တောင်းပန်လိုက်ရပါကြောင်း။

* * *

စာအမှတ် (၁၁)

အိန္ဒိယပြည်အစိုးရမင်း၊ နိုင်ငံခြားရေးဌာန
ဗကေရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေးဆိုင်ရာ
အတွင်းဝန်မင်းလော့ခရိုင်ဘရွတ်ထံ
ကာလကတ္တား၊ ပုတ်ဝီလျံခံမြို့။
၁၈၇၉ ခု၊ မတ်လ ၇ ရက်နေ့

မကြာသေးမီက မန္တလေးမြို့တွင် လူမြောက်မြားစွာတို့ကို သတ်ဖြတ်ခြင်း၊ ထိုသတ်ဖြတ်ခြင်းတို့ကြောင့် ဗြိတိသျှပိုင် မြန်မာပြည်အတွင်း ထိတ်လန့်တုန်လှုပ်ခြင်းတို့ ဖြစ်ပေါ်သည့် အကြောင်းများကို အကျဉ်းအားဖြင့် အတွင်းဝန်မင်းထံ အစီရင်ခံခဲ့လေပြီ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ သိသမျှသောသတင်းတို့ကို အခြေပြုကာ၊ သီပေါမင်းသားသည် နတ်ရွာစံ မင်းတရားကြီး၏ အရိုက်အရာကို တစ်စုံတစ်ရာ အတိုက်အခံမရှိဘဲ ဆက်ခံရခြင်း၏ အကြောင်းခြင်းရာများနှင့် အထက်က အစီရင်ခံနှင့်သည့် သတ်ဖြတ်ကျူးလွန်သည့် အမှုတို့ တိုင်ရောက်သည့် အကြောင်းအရပ်ရပ်တို့ကို ဤစာတွင် အစီရင်ခံရန် အားထုတ်ပါအံ့။



ယခုအခါ အထက်မြန်မာပြည်၌ ဖြစ်ပျက်နေသော အခြေအနေများမှာ မခိုင်မခံ့ အတည်မကျ ဆူပူလှုပ်ရှားမည့်အကြောင်းအရာများ၌ အိန္ဒိယအစိုးရမင်းတို့မှာ မလွှဲမဖယ်သာဘဲ ဝင်ရောက်စွက်ဖက် ရုတ်တရက် ပြတ်ပြတ်သားသား ဆောင်ရွက်ရမည့်အခြေ ပေါ်ပေါက်မည့် လက္ခဏာများ ရှိနေသည်ဖြစ်ပါ၍ ဤစိုးရိမ်ဖွယ်အခြေအနေကို အနုစိပ်၍ သေချာ ဂဃနဏဖော်ပြသေးမီ ကျွန်ုပ်တို့သည် မြန်မာမင်းနှင့် အတိတ်အခါကဆက်ဆံခဲ့ပုံ၊ ပစ္စုပ္ပန်အခါ၌ ဆက်ဆံနေရပုံများကို အစီရင်ခံလိုပါသေးသည်။

ရှေးအခါကလည်း အရေးကြီးခဲ့၍ ယခုအခါ ပိုမိုအရေးကြီး၍ လာပေသောကြောင့် ကိစ္စအရပ်ရပ် လုံခြုံကျယ်ဝန်းသော ဆုံးဖြတ်ချက်များကို ပြီးစီးအောင် ဆုံးဖြတ်စီရင်ရန် ကိစ္စများကို အထူးဖော်ပြလိုပါသည်။ ဤသို့ဆုံးဖြတ်ချက်စီရင်နိုင်ရန်ကား အိန္ဒိယပြည် အစိုးရကလည်း ပိုမိုပြတ်သားသည့် စနစ်ကိုလိုက်၍၊ အထက်မြန်မာပြည်အစိုးရကလည်း အိန္ဒိယအစိုးရအလိုသို့ ပိုမိုလိုက်လျောသောစနစ်ကို လိုက်နာရပေလိမ့်မည်။ သို့သော်သဘာဝအလျောက် ရှောင်တခင် အထက်မြန်မာပြည် အစိုးရတို့က အပြုအမူစိတ်နေသဘောထားကို ပြုပြင်လိမ့်မည်ဟု မျှော်လင့်ရန် ယခုအခါ အကြောင်းမရှိသေးပေ။

အိန္ဒိယပြည်အစိုးရနှင့်အထက်မြန်မာပြည် အစိုးရတို့ ယခု ကတိကဝတ်အတိုင်း ဆက်ဆံမှုတို့၏ အတ္ထုပ္ပတ္တိကို သင်္ခေပအားဖြင့် ယခုအခါ အလို့ငှာဖော်ပြပေအံ့။ ၁၈၅၃ခုနှစ် နှစ်တိုင်း နှစ်ပြည် စစ်မက် ငြေငြိမ်းပြီးသည့်နောက် ၁၈၆၆ ခုနှစ်တွင် ချုပ်ဆိုသည့် ရန္တပိုစာချုပ်သည် နှစ်တိုင်း နှစ်ပြည် စစ်ငြေငြိမ်းရခြင်း စည်းကမ်းစနစ်တို့ကို အတည်ပြုလုပ်ပေသည်။ ၎င်းစာချုပ်တွင် အခြားအချက်များအနက် အရေးကြီးသည့် စည်းကမ်းအချက်မှာ မြန်မာအစိုးရကလည်း အိန္ဒိယအစိုးရထံ အိန္ဒိယအစိုးရကလည်း မြန်မာမင်းမြို့တော်၌ အရေးပိုင်သံအမတ်တစ်ဦးစီကို ထိုက်သင့်သော အစောင့်အကြပ်၊ ထိုက်သင့်သော နေအိမ်နှင့် ထားရှိစေရမည်ဟု ပါရှိလေသည်။ ၎င်းနှစ်တွင် ထိုစာချုပ်အပြင် နောက်ထပ် အဆွယ်အပွားအနေနှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ်ကိုလည်း လက်မှတ်ရေးထိုးကြသည်။

ဤစာချုပ်များကို ချုပ်ဆိုပြီးသည့်နောက် နှစ်ပေါင်းများစွာ ကျွန်ုပ်တို့အစိုးရနှင့် မြန်မာမင်း အစိုးရတို့ ဆက်ဆံမှုများနှင့် ပတ်သက်သော မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



များကို ကြည့်ရှုပါလျှင် အိန္ဒိယပြည် အစိုးရမင်းတို့သည် မြန်မာမင်း မြို့တော်၌ သံအမတ်ထားခြင်း၊ ယဉ်ကျေးဖွယ်ရာ ဆက်ဆံမှု၏မျိုးစေ့ကို ပြုစုပျိုးထောင်ခြင်း ကိစ္စတို့၌ အဖန်တလဲလဲ အားထုတ်ပါသော်လည်း မအောင်မမြင်ရှိခြင်းကြောင့် လက်လျှော့လိုက်ရကြောင်း ထင်ရှားပေသည်။ မြန်မာတို့နှင့် ဒုတိယစစ်ကြီး ပြေငြိမ်းပြီးသည့်နောက် အထူးသံအဖွဲ့ကို အင်းဝရွှေမြို့တော်သို့ စေလွှတ်ရာ ကောင်းမွန်စွာ လက်ခံ၏။ သို့သော်လည်း ၁၈၃၉ခုနှစ်တွင် သံအမတ်စေလွှတ်ခြင်း ကိစ္စကို ရပ်စဲဆိုင်းငံ့ထားရသည်။ နောက်နှစ် ပရိစ္ဆေဒ အတန်ကြာမှ ဆက်လက်စေလွှတ်ခန့်ထားရသည်။ ၁၈၆၂ ခုနှစ်တွင်မှ အိန္ဒိယအစိုးရကိုယ်စား မြန်မာပြည်ကော်မရှင်နာမင်းကြီးသည် အထက်မြန်မာပြည်အစိုးရနှင့် ကူးသန်းရောင်းဝယ်မှု စာချုပ် ချုပ်ဆိုရန်အတွက် စကားကမ်းလှမ်း ပြောဆိုပြီးလျှင် မိမိ၏ကိုယ်စားလှယ်အဖြစ် စာချုပ်ပါ အကောက်ခွန်များ၊ လွတ်လပ်စွာ မြစ်တွင်းသွားလာခြင်း ကိစ္စနှင့်ပတ်သက်သည့် အချက်အလက်တို့ကို လိုက်နာသည်၊ မလိုက်နာသည် စောင့်ကြပ်ကြည့်ရှုရန် ကိုယ်စားလှယ်တစ်ဦးကို မန္တလေးမြို့တော်တွင် ထားခဲ့၏။

ထိုချုပ်ဆိုသည့် စာချုပ်သည် အင်္ဂလိပ်နယ်တွင်း နေထိုင် ကုန်ကူးသန်းသော ကုန်သည်တို့သည် မြစ်ကြောင်းဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာ လွတ်လပ်စွာ မြန်မာမင်း၏ အနှောင့်အယှက် အတားအဆီးမရှိဘဲ သွားလာ ဝယ်ခြမ်းနိုင်ခွင့်ရှိစေရန် အချက်များပါရှိ၏။ ထိုနည်းတူစွာ မြန်မာမင်းမြတ်၏ ကျွန်တော်မျိုးများ ဖြစ်ကြကုန်သော ကုန်သည်တို့သည်လည်း ဗြိတိသျှပိုင် အိန္ဒိယလက်အောက်ခံ အောက်မြန်မာပြည်တွင်းသို့ ဧရာဝတီမြစ်ကြောင်းဖြင့် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုကို အခွင့်ပြု၏။ ဤစာချုပ်သည် ကောင်းမွန်စွာ အထမြောက် အောင်မြင်သည်မရှိ။ ဗြိတိသျှအစိုးရတို့သည် နယ်နိမိတ် ကျောက်တိုင်၏ ဤမှာဘက်တွင် အကောက်ခွန်တို့ကို ရုပ်သိမ်းပယ်ဖျက်သော်လည်း မြန်မာမင်းတို့မှာမူ ရက်အကန့်အသတ်မရှိဘဲ စာချုပ်အရ လိုက်နာရန်ကိစ္စကို ရွှေ့ဆိုင်းလျက်ပင်နေ၏။ ၎င်းပြင် ကူးသန်းရောင်းဝယ်ဖောက်ကားမှုများကို ချုပ်ချယ်ဟန့်တားခြင်းဖြစ်စေသော ဘုရင်မင်းမြတ် တစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရှိသည့် (မိုနိုပိုလီ) ကိစ္စများကို ဆက်လက် ဆောင်ရွက်လေသည်။

၁၈၆၇ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေး စာချုပ် တစ်ခု ထပ်မံချုပ်ဆို



ပြန်သည်။ ဤစာချုပ်တွင် ချို့ယွင်းချက် အနည်းငယ်ပါရှိသော်လည်း မြန်မာပြည်အစိုးရက နှစ်ပေါင်းများစွာအဖို့ များစွာ အဖိုးထိုက်တန်လှသော ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ ကတိခံဝန်ချက်ပေးပြီး ဖြစ်စေသည့် အခြားအချက်များအနက် ဘုရင်မင်းမြတ် တစ်ဦးတည်း ပိုင်ဆိုင်သော (မိုနိုပိုလီ) ကိစ္စရပ်များကို ချုပ်ချယ်သော စည်းကမ်းချက်များ ပါရှိလေသည်။ ထို စာချုပ်အဆိုမှာ ၁၈၆၂ခု နှစ်တွင် ချုပ်ဆိုသော စာချုပ်သည်လည်း အတည်ဖြစ်လျက်ပင် ရှိသေးကြောင်း၊ ၎င်းပြင် ဗြိတိသျှသံအမတ်သို့ ဗြိတိသျှအစိုးရတို့ပိုင်နယ်အတွင်း နေထိုင်သူများနှင့် ပတ်သက်သည့် အချို့အချို့သော တရားမမှုများကို စစ်ဆေးဆုံးဖြတ်ပိုင်သည့် အာဏာကိုလည်း ပေးခဲ့သည်။ ထိုစဉ်က အစပြု၍ အထက်မြန်မာပြည် မင်းနေပြည်တော်၌ ဗြိတိသျှသံအမတ်တစ်ဦးသည် အစဉ်တစိုက် နေထိုင်လာခဲ့ပေသည်။ ဤစာချုပ်အရ သံအမတ်၏ လက်အောက်ခံ နိုင်ငံရေး ကိုယ်စားလှယ်တစ်ဦးကိုလည်း ဗန်းမော်မြို့တွင် ခန့်ထားနေထိုင်စေခဲ့သည်။

သို့ပါ၍ ၁၈၆၂ ခုနှစ်မှာ အထက်မြန်မာပြည်နှင့် ဆက်ဆံမှုကို ပြန်လည်တည်ထောင်သောနှစ်ဟူ၍ ယူဆသည်ရှိသော် ထိုနှစ်အလျှင်ဖြစ်ပျက်နေသော အခြေအနေများထက် များစွာ တိုးတက်၍ လာသည်ဟု မှတ်ယူဖွယ်ရှိ၏။ လက်ထိလက်ရောက် လုပ်ကိုင်ရာဝယ် သွေဖည်တိမ်းရှောင်ခြင်း ရှိလင့်ကစား စာချုပ်အလိုအားဖြင့်မူ ကူးသန်းရောင်းဝယ်မှုကိစ္စတွင်လည်းကောင်း၊ ငွေရေးကြေးရေး စီမံမှုတွင်လည်းကောင်း နှစ်တိုင်းနှစ်ပြည် အပြန်အလှန်ပြုလုပ်စတမ်းဟူသော သဘော၏အဓိပ္ပာယ်ကို အထက်မြန်မာပြည် အစိုးရမင်းတို့က လက်ခံပြီးဖြစ်ပါကြောင်း၊ ၎င်းပြင် ဗြိတိသျှအကျိုးစီးပွားများကို စောင့်ရှောက်ရန် အသိအမှတ်ပြုပြီး အာဏာများရှိသော ဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တွင် ခန့်ပြီးရှိပါကြောင်း။

သို့ဖြစ်လင့်ကစား ကျွန်ုပ်တို့သည် အထက်မြန်မာပြည်နှင့် ဆက်ဆံမှုတို့မှာ ပြည့်စုံကျေနပ်၍ စိတ်ချရဖွယ်မရှိသေးချေ။ ရံဖန်ရံခါ နှစ်တိုင်း နှစ်ပြည်တို့၏ ဆက်ဆံမှုတို့တွင် အထူးထူးသော အကြောင်းကိစ္စများပေါ်ပေါက်သဖြင့် ယာယီမျှသာဖြေရှင်း စီမံ၍ နောက်ထပ်အချိန်မနှောင်းဘဲ ပြန်လည်စဉ်းစားဆုံးဖြတ်ကြရမည့် ကိစ္စများရှိ၏။ အချို့ကိစ္စများမှာ တစ်နှစ်ထက်တစ်နှစ် အရေးကြီးလာသဖြင့် ဆုံးဖြတ်စီရင်ရန်လိုပေ၏။ ကျွန်ုပ်တို့သို့ ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြီးကျယ်သော အခွင့်အရေးတို့မှာ ခေတ္တမျှဖြစ်၍ လျောက်ပတ်အောင် ဆောင်ရွက်ခြင်းမရှိသေး။ အတည်ဖြစ်လျက်ရှိသော စာချုပ်များအတိုင်း မြန်မာမင်းတို့အား ကျပ်တည်းလုံလောက်စွာ လိုက်နာစေရန် ကျွန်ုပ်တို့၏ လက်ရှိ အာမခံများမှာ လုံးလုံး လုံလောက်သည် မဟုတ်ပေ။ ယခုတိုင် အတည်တကျ မဖြစ်သေးသော အခြားကိစ္စတို့မှာ နယ်ပယ်နှင့် ပတ်သက်၍ ပြောဆိုနေရသောကိစ္စ၊ အထက်မြန်မာပြည်နယ်အတွင်းရှိ ကျွန်ုပ်တို့၏ ကျေးတော်မျိုး ကျွန်တော်မျိုးများကို သင့်တင့်လျောက်ပတ်အောင်ပြုစုခြင်း ကိစ္စ၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးတွင် ထိထိရောက်ရောက် အကျိုးဖြစ်စေနိုင်သော စည်းစနစ် လိုသေးသည့် ကိစ္စများ ဖြစ်၏။

ဤကိစ္စအရပ်ရပ်တို့မှာ အချို့က ပိုမိုအရေးကြီး၍ အချို့ကား အခြားကိစ္စများထက် အလျင်တဆော ဆုံးဖြတ်ရမည့် ကိစ္စများဖြစ်၏။ သို့သော် အားလုံးကုန်သော ကိစ္စတို့ကို ဆိုင်းငံ့ထားသော ကိစ္စများဟူ၍ သဘောထားပြီးလျှင် ဆောင်ရွက်နိုင်စေသော စီရင်ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ရန် အလျင်ကထက် တိုးတက်လိုအပ်ပေသည်။

ဤကဲ့သို့သော ဆုံးဖြတ်ချက်ကို အိန္ဒိယပြည်အစိုးရသည် လက်နက်အင်အားဖြင့် ရယူရန်မလိုလားပေ၊ သို့သော် မဟာမိတ် ပီသစွာ ချစ်ကြည်ဖျောင်းဖျ စကားကမ်းလှမ်းခြင်းအားဖြင့် အားထုတ်ကြိုးစည်ခြင်းတို့မှာ ယခုထက်တိုင်အချည်းနှီးမျှသာ ဖြစ်၏။ စိတ်ထားရှည်စွာသည်းခံလျက် ကျွန်ုပ်တို့ တောင်းပန်ကန့်ကွက်ပါသော်လည်း အဖန်ဖန် မအောင်မြင်သည်ကို ထောက်သည်ရှိသော် ကျွန်ုပ်တို့အလိုသို့ လိုက်လျောမည့် အရိပ်နိမိတ်များ မရှိချေ။ သို့ပါ၍ အထက်ဖော်ပြရာပါ ကိစ္စအားလုံးတို့ကို တစ်စုတည်း ပေါင်းခြုံ၍ စဉ်းစားရန် အချိန်အခါတိုင်ပြီဟူ၍ ကျွန်ုပ်တို့သဘောရရှိပါသည်။ သို့စဉ်းစားပြီးသည့်နောက် ယခု အထက်မြန်မာမင်း တိုင်းပြည်တွင် အခြေအနေနှင့် ပတ်သက်၍ဆက်ဆံ စီမံရန် အတည်တကျ စနစ်တစ်ရပ်တစ်ရာကို စီမံ၍ လိုက်နာရန်ဖြစ်ပါကြောင်း။

နယ်ပယ်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ အစိုးရနှင့် မြန်မာပြည်အစိုးရတို့ အပြန်အလှန် စကားကမ်းလှမ်းပြောဆိုနေရသောကိစ္စမှာ မကြာမီက အထင်အရှား မြန်မာအစိုးရတို့သည် ကျွန်ုပ်တို့ပိုင် ရခိုင်ပြည်နယ် နယ်နိမိတ် ကျောက်တိုင်ကို ချဉ်းနင်းဝင်ရောက် ကျူးလွန်သော ကိစ္စမျှသာဖြစ်၏။



ဤကိစ္စနှင့်ပတ်သက်သော အကြောင်းအရာ စာလွှာတို့မှာ ဧကရီဘုရင်မကြီး၏ အစိုးရ သိစေရန် ဆက်သွင်းပြီး ဖြစ်ပါကြောင်း လော့ဆဲလစ်ဗြူရီ – ထိုအခိုက်အတန့် တွင် မြန်မာမင်းအစိုးရတို့အား နယ်နိမိတ် ကျောက်တိုင်ကို ထပ်မံသတ်မှတ်စေရန် အဆိုသွင်းခြင်းအားဖြင့် အရှုပ်အထွေးများ ပေါ်ပေါက်စေမှုတို့သည် အချိန်ကုန်ကျိုးနပ်မည်မဟုတ်ဟု ကျွန်ုပ်တို့နှင့် သဘောတူညီသော်လည်း ကျွန်ုပ်တို့၏ ကျောက်တိုင်ကို ကျော်နင်း၍ ဆောက်လုပ်ခန့်ထားအပ်သော မြန်မာမင်း ကင်းတပ်ကို ရုပ်သိမ်းစေရန် ကျွန်ုပ်တို့ ရည်ရွယ်ချက်ရှိသည်ကို သဘောတူ၏။ ထိုကင်းတပ်ကို ရုပ်သိမ်းရန်ကျွန်ုပ်တို့၏တောင်းပန်ချက်နှင့် လိုက်လျောစွာပြုရန် မြန်မာမင်း အစိုးရအား တိုက်တွန်း၍ ယခုတိုင် မရသေးကြောင်း။

ကျွန်ုပ်တို့ တောင်းဆို၍ မြွက်ဟချက်ရသည်မှာ မန္တလေးမြို့ရှိ ဝန်မင်းတို့သည် ရန္တပိုစာချုပ်မှာ နှစ်ပရိစ္ဆေဒ အပိုင်းအခြား ကုန်လွန်ပြီဖြစ်၍ ယခုတိုင် အတည်ဖြစ်သေး မဖြစ်သေးသည်ကို သံသယရှိကြောင်း၊ ဤအကြောင်းနှင့် ပတ်သက်၍ အစီရင်ခံလိုသည့် အချက်တစ်ရပ်မှာ ရန္တပိုစာချုပ် အပိုဒ်(၇)အရ ကျွန်ုပ်တို့ သံအမတ်ထံ အစောင့်အကြပ်ထားလိုကြောင်း တောင်းဆိုရာဝယ် အထက်နည်းအတိုင်းသာလျှင် ခုခံပြောဆိုလေ၏။ အစောင့်အကြပ် ထားခြင်းကိစ္စနှင့် ပတ်သက်၍ အတင်းအကြပ် ပြောဆိုသဖြင့် လက်လျှော့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ အပိုဒ် (၇)ကို သံအမတ်နှင့် ပတ်သက်၍ နောက်ထပ်ချုပ်ဆိုသော စာချုပ်များအရ ဖျက်ပြီးပြီဟူသော ဆင်ခြေကို စဉ်းစားရန်မလိုတော့ပြီ။ သို့သော်လည်း ၎င်းစာချုပ်သည် အတည်ဖြစ်လျက်ပင် ရှိသည်ဖြစ်၏ဟု ဆိုခြင်းကို အိန္ဒိယအစိုးရက အခွင့် မပြုထိုက်ပေ။ အကြောင်းသော်ကား ၎င်း(ရန္တပို) စာချုပ်သည် ကျွန်ုပ်တို့သို့ လွှဲအပ်ပြီးသော နယ်ပယ်နှင့် ပတ်သက်သည့် အမြဲအတည်ဖြစ်သော စာချုပ် လည်းဖြစ်သည်။ ၎င်းပြင် ကျွန်ုပ်တို့သို့ လွှဲအပ်ပြီး နယ်ပယ်တို့၏ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြထားသည်လည်း ဖြစ်၏။ သို့သော်လည်း နယ်နိမိတ်အားလုံးတို့ကို ကျနစွာသတ်မှတ်ထားသည် မရှိခြင်းကြောင့် နှစ်ဦးသဘောတူ ပြန်လည် သတ်မှတ်ခြင်းသည် ကျေနပ်ဖွယ် အကောင်းဆုံးသော ဆုံးဖြတ်ချက်ဖြစ်ပေလိမ့်မည်။

ယခု အငြင်းအခုံဖြစ်နေသော နယ်ပယ်တို့၏ အချို့အစိတ်အပိုင်းတို့မှာ တောင်များ အထူး ထူထပ်၍ သွားရောက်နိုင်ရန်လည်း ခဲယဉ်း၏။

www.burmeseclassic.com

www.burmeseclassic.com



ကျေးအေး ချောမောစွာ နှစ်ဦးလုံးတို့က ပြီးမြောက်အောင် အလိုမရှိပါက မြေတိုင်းခြင်း သတ်မှတ်ခြင်းတို့ကို အားထုတ်ပါသော်လည်း နှောင့်နှေးကြန့်ကြာ ရှုပ်ထွေးမည်သာတည်း။ ဤနေရာ ဤကိစ္စ၌ မြန်မာမင်းအစိုးရတို့၏ ထိထိရောက်ရောက် လုပ်ရှားခြင်း တစ်စုံတစ်ရာ မရှိဘဲ လက်မလျှော့တန်း ဆို့ပိတ်ခြင်းတို့ကို ကျွန်ုပ်တို့ တွေ့ကြုံကြရ၏။ ၎င်းတို့သည် ကျွန်ုပ်တို့တရားနည်းလမ်းအရ တောင်းဆိုချက်များကိုလည်း ကျေနပ်အောင်မလုပ်၊ အစွန်းထွက်နေသော ကိစ္စရပ်များကို မဟာမိတ်အချင်းချင်း ပီသစွာ စီမံပြုပြင်ရာ၌လည်း အကူအညီမပေးဘဲ နေစိမ့်ကြပေသည်။ ဤမည်သောအကြောင်းတို့ကို ထောက်ထားသည်ရှိသော် မြန်မာအစိုးရတို့နှင့် ရှေ့အဖို့ မည်သို့ဆက်ဆံမည်ကို ဆုံးဖြတ်ပြီးမှသာလျှင် နောက်ထပ်မည်သို့လုပ်ရမည်ကို သိရပေမည်။

ကျွန်ုပ်တို့သည် အချိန်ကာလကို သတ်မှတ်၍ ဤသတ်မှတ်ပြီးသော အချိန်ကာလ ကျော်လွန်က မြန်မာအစိုးရသည် ၎င်းကင်းတပ်ကို မရုပ်သိမ်းပါမူ ဗြိတိသျှအစိုးရက ရုပ်သိမ်းရလိမ့်မည်ဖြစ်ကြောင်း ထုံးစံအတိုင်း မကြာမီ သတိပေးရန် သင့်၏။ သို့သော် မရှင်းမလင်းရှိသေးသည့် ကိစ္စအရပ်ရပ်နှင့် ပတ်သက်၍ ရှင်းလင်းဆုံးဖြတ်စေမှု မြန်မာမင်းသို့ တောင်းဆိုရန်ပြဋ္ဌာန်းခြင်း ပြုပါမူ၊ ဤကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရန် တောင်းဆိုချက်ပြုနိုင်ပေ၏။

ကျွန်ုပ်တို့၏ မြန်မာပြည် နယ်နိမိတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ပြီး ကိစ္စတစ်ရပ်မှာ ဆုံးဖြတ်ချက် အခြေသည်များစွာ မလွယ်ကူသည်သာမက ရှည်ကြာစွာ တည်မြဲမည့်အကြောင်း လက္ခဏာများ အထူးပင်ကင်း၏။ မြန်မာပြည်နှင့် ၁၈၂၅ ခုနှစ်တွင် ဒုတိယစစ်ကြီးဖြစ်ရာ မြန်မာတို့သည် အရေးနိမ့်သော်လည်း နိုင်ပြီး နယ်တို့ကို အပ်နှင်းရန်ငြင်းဆိုသည်။ မြန်မာမင်းနှင့် စစ်ပြေငြိမ်း စာချုပ်ချုပ်ဆိုရန် အထမမြောက်ဘဲ အတန်ငယ်အားထုတ်ပြီးနောက် (လော့ဒါလဟိုဇီ) အိန္ဒိယဘုရင်ခံချုပ်က အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ကို မိမိသဘောထင်မြင်ရာ နယ်နိမိတ် သတ်မှတ်မည်ဟု ပြဋ္ဌာန်း၏။ ဤကိစ္စအတွက် (မေဂျာအယ်လင်)ကို အကြီးအအုပ်ထား၍ စစ်သည်အစောင့်အကြပ်နှင့် မြေတိုင်းအဖွဲ့တစ်ဖွဲ့ကို အနောက်မှသည် အရှေ့သို့ ဗြိတိသျှပိုင်နယ်ပယ် အစဟူ၍ရွေးချယ်ထားသော အရပ်မှ မြေပုံအနေအထား၊ လူတို့နေထိုင်ပေါင်းသင်းရေးတို့ကို မထောက်ထားဘဲ၊ တိုင်းပြည်



နယ်နိမိတ် သတ်မှတ်လေသည်။ သံလွင်မြစ်သည် သိမ်းပိုက်ပြီး နယ်ပယ်၏ အရှေ့ဘက်နယ်နိမိတ်ဖြစ်စေရမည်ဟု ဆုံးဖြတ်ပြီး သကာလ၊ ဤမြစ်ရှိရာသို့ ရှေ့ရှုပြီးလျှင် ထူထပ်သော တောကို ဖြတ်သန်း၍ တည့်မတ်သော မျဉ်းတားသတ်လေသည်။ မြေတိုင်းအရာရှိတို့ ဤမျဉ်းတားထားသည့်အတိုင်း နယ်နိမိတ်သတ်မှတ်ရန် သွားသည်ရှိသော် အနောက် ကရင်နီနယ်ဟု မြေပုံများတွင် မှတ်သားထားသည့် နယ်သို့ရောက်သည့်ကာလ နယ်သူ နယ်သားများက ရုပ်တန့်စေ၍ ၎င်းတို့၏ နယ်သည် လွတ်လပ်သောနယ်ဖြစ်ကြောင်း၊ မြန်မာမင်းကလည်း လွတ်လပ်သောနယ်ဟူ၍ အလေးဂရုပြုကြောင်း ပြောဆိုကြသည်။ ဤအရပ်၌ မြေတိုင်းခြင်း ကိစ္စတို့ကို ဆိုင်းငံ့ထား ရလေသည်။ အနောက် ကရင်နီနယ်သားသို့ ပြောဆိုသည့်အတိုင်း၊ ၎င်းတို့၏ လွတ်လပ်ခြင်းကို (လော့ဒါလဟိုဇီ)က ရှိသေသမှု အလေးဂရုပြုသော်လည်း အကယ်၍ မြန်မာမင်းတို့က ကရင်နီနယ်ကို သိမ်းပိုက်ရန် အကြံအစည် ပြုလုပ်ခဲ့သော် ဗြိတိသျှအစိုးရကရင်း အကြံအစည် အထမမြောက်အောင် ဝင်ရောက်စွက်ဖက်မည်ဟူ၍ ပြဋ္ဌာန်း၏။

၁၈၇၃ ခုနှစ်မှ မြန်မာ ဘုရင်မင်းမြတ်သည် ကရင်နီနယ်ကို စိုးမိုးအုပ်ချုပ်သောမင်းဖြစ်၍ ကရင်နီနယ်မှ အခွန်ဘဏ္ဍာတော်များအစဉ် ဆက်သရသည်ဟု ရှောင်တခင် ထုတ်ဖော်ပြောဆို၏။ ဤသို့ တောင်းဆိုခြင်းကြောင့် နှစ်တိုင်း နှစ်ပြည်တို့မှာ ၂ နှစ် တိုင်တိုင် စာရေးသား ကမ်းလှမ်းကြရ၏။ ၂နှစ်ပြည့်သောအခါ အိန္ဒိယဘုရင်ခံချုပ်က မြန်မာတို့သည် ကရင်နီနယ်တွင်းသို့ ဝင်ရောက်စွက်ဖက်လျှင် တားဆီးရန် စစ်သည်တို့ကို အသင့်စီမံစေနှင့်သည်။ (ဆာဒေါက်ဂလပ်ဖော်ဆစ်(သ)ကို အထူးသံအဖြစ် မန္တလေးသို့ စေလွှတ်၍ ဘုရင်မင်းမြတ်အား အကယ်၍ အနောက် ကရင်နီနယ်တွင် ဘုရင်မင်းမြတ်၏ အာဏာလွှမ်းမိုးစေခဲ့သော် အိန္ဒိယအစိုးရက စစ်မက်ရေးရာဟူ၍ ယူဆပြီးလျှင် စစ်မက်အရေးအရာသဖွယ် ပြုစုစီမံရလိမ့်မည်ဖြစ်ကြောင်း သံတော်ဦးတင်ရန် အမိန့်အာဏာအပ်နှင်းလေသည်။ သို့သော် (ဆာဒေါက်ဂလပ်ဖော်ဆစ်) သည် အေးချမ်းသော စာချုပ်ချုပ်ဆိုခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ချုပ်ဆိုသည့်စာချုပ်

အနောက်ကရင်နီနယ်သည် သီးခြား လွတ်လပ်သော နယ်တစ်နယ် အဖြစ် တည်စေရမည်။ ဩဇာလွှမ်းမိုး အုပ်ချုပ်ခြင်း တစ်စုံတစ်ရာ ဤနယ် အပေါ်တွင် မရှိစေရဟု ဗြိတိသျှနှင့် မြန်မာပြည်အစိုးရတို့ ယခုချုပ်ဆိုသည့် စာချုပ်အရ သဘောတူညီကြသည်။

ထိုအခါ အိန္ဒိယအစိုးရသည် အနောက်ကရင်နီနယ်နှင့် အထက်မြန်မာ ပြည်စပ်ကြား နယ်နိမိတ်ကို သတ်မှတ်ရန် အမိန့်ပေးလေသည်။ ၎င်းပြင် မြန်မာဘုရင်မင်းမြတ် အစိုးရကိုလည်း အတူတကွ ဆောင်ရွက်ရန် ဖိတ်ခြင်း ပြုလေ၏။ သို့သော် မြန်မာဘုရင်မင်းမြတ်သည် တစ်စုံတစ်ရာ မြွက်ဟပြော ဆိုတော်မမူဘဲ ငြင်းဆန်၍ လုပ်ဖွယ်ကိစ္စ အရပ်ရပ်တို့ကို ဗြိတိသျှမြေတိုင်း အဖွဲ့သည် တစ်ဦးတည်း ဆောင်ရွက်ရသည်။ ဤသို့ ဆောင်ရွက်ရာတွင် လည်း မြန်မာမင်း၏ ကိုယ်စားလှယ်များတို့သည် မြှောက်ပင့်ပေးခြင်းကြောင့် ကရင်နီလူမျိုးတို့သည် များစွာသော အနှောင့်အယှက်တို့ကိုပြုကြလေသည်။ လက်ငင်းပြုဖွယ်ကိစ္စများ ခေတ္တပြေငြိမ်းသော်လည်း အိန္ဒိယအစိုးရသည် ဧကရီဘုရင်မကြီး၏ အစိုးရ၏အမိန့်တော်ကိုနာခံလျက် နယ်နိမိတ်ကို သံလွင်မြစ်အထိ ဆက်လက် တိုးချဲ့လိုက တိုးနိုင်ရန်အာဏာကို လက်ဝယ် ထားလေသည်။ အထက်မြန်မာပြည် အောက်မြန်မာပြည်ရှိ ကျွန်ုပ်တို့အရာရှိ များကိုလည်း ထိုကဲ့သို့ အမိန့်ပေးထားလေသည်။

ဆာဒေါက်ဂလပ်ချုပ်ဆိုသော စာချုပ်သည်လည်းကောင်း၊ သတ်မှတ် ပြီးသော နယ်နိမိတ်သည်လည်းကောင်း၊ အနောက်ကရင်နီနယ်နှင့်သာ ပတ်သက်လေသည်။ အနောက်ကရင်နီနယ်နှင့် သံလွင်မြစ်စပ်ကြား တည်ရှိ သည့် အရှေ့ကရင်နီနယ်နှင့်ပတ်သက်၍ကား တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိ၊ ထိုအရပ်ဒေသ၌ မြန်မာမင်း၏ဩဇာသည် အစဉ်လွှမ်းမိုးသည်ဟူ၍ ဆိုရငြား သော်လည်း ထိထိရောက်ရောက် အရှေ့ ကရင်နီနယ်အပေါ်၌ လက်ဆုပ် လက်ကိုင်ရှိသည် ဟူ၍ ဗြိတိသျှအစိုးရနှင့် ဘယ်သောအခါမျှ ငြင်းဆိုခြင်း မရှိခဲ့ချေ။

၁၈၇၅ ခုနှစ်တွင် အိန္ဒိယအတွင်းဝန်က အိန္ဒိယအစိုးရသို့ အမိန့်ပေး သည်မှာ မြန်မာမင်းအစိုးရသည် အရှေ့ကရင်နီနယ်ကို ပိုင်ဆိုင်ပြီးဟူ၍



ဩဇာလွှမ်းမိုးသည်ရှိသော် ထိုသို့ပြောဆိုသော အရာရှိအား ထိုကိစ္စကို အသိ အမှတ်မပြုလုပ်နိုင်ကြောင်း ပြောဆိုရန် အမိန့်ပေးလေသည်။ ထိုအမိန့်နှင့် လိုက်လျောညီစွာ အိန္ဒိယအစိုးရသည် မန္တလေးမြို့ရှိ သံအမတ်တို့ အခွင့်အခါ ရတိုင်း သာယာဖြည်းညှင်းစွာ ကမ်းလှမ်းပြောဆို၍သော်လည်းကောင်း သို့မဟုတ် ကန့်ကွက်ခြင်းဖြင့်သော်လည်းကောင်း၊ အရှေ့ကရင်နီနယ် သို့မဟုတ် မြေထဲမြောက် ခြောက်မိုင်အတွင်း မြန်မာမင်း၏ စိုးမိုးအုပ်ချုပ်ခြင်း ကို တားမြစ်ရမည်ဟူ၍ အမိန့်ပေး၏။ မန္တလေးမြို့ရှိအရာရှိတို့ပြုမူချက်ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြောဆိုရန် ပေါ်ပေါက်လာသည်ဟူ၍ မရှိသေး။ သို့သော် ဤကိစ္စကို ဤနေရာတွင် ထုတ်ဖော်ရေးသား ရခြင်းမှာ ကရင်နီနယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အခြေကို ထပ်မံစဉ်းစားသည် ရှိသော် ဤကိစ္စသည် အမြဲစိတ်တွင် သတိထားရမည့် ကိစ္စတစ်ရပ်ဖြစ်ခြင်း ကြောင့်တည်း။ ဆာဒေါက်ဂလပ်ဖော်ဆစ်သည် မြန်မာပြည်နှင့် စာချုပ် ချုပ်ဆိုခြင်း အကြောင်းကြောင့် ကျွန်ုပ်တို့သည် အနောက် ကရင်နီနယ်နှင့် ဆက်ဆံမှုများကို ပိုမိုကောင်းမွန်စေသည့် အကျိုးမရှိသေး။ ကျွန်ုပ်တို့ နယ်နိမိတ်အနီးရှိ ကရင်နီများကို ချုပ်ချယ်နိုင်ခွင့် ကျွန်ုပ်တို့၏ နယ်ခြားအရပ် များတွင် ငြိမ်းချမ်းမှုကို အနှောင့်အယှက်ဖြစ်စေလိမ့်မည်ဟူ၍ အစဉ်စိုးရိမ် ခဲ့၏။ ယခု အခြေအနေအတိုင်းဆိုသော် ကျွန်ုပ်တို့နယ်နိမိတ်နှင့် ဆက်စပ် လျက်ရှိသော ကရင်နီတို့သည်မားပြမှုများကို ကြောင့်ကြခြင်းမရှိဘဲ ရဲတင်းစွာ ကျူးလွန်ကြပြီးလျှင် ကျွန်ုပ်တို့၏ ပုလိပ်များကိုလည်း ရှောင်တိမ်း လွတ်မြောက်နိုင်ကြ၏။ ကျွန်ုပ်တို့နှင့်သဘောတူ စာချုပ်ချုပ်ဆိုသော မြန်မာ မင်းအစိုးရသည် ကရင်နီနယ်တွင် လုံးဝ ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်လိမ့် မည် မဟုတ်ဟူ၍ ကျွန်ုပ်တို့ မမျှော်လင့်နိုင်၊ မြန်မာမင်းဘက်မှ အစဉ်အမြဲ တိတ်တိတ်ပုန်းကြံစည်ဝင်ရောက်သည်ဟူသော သတင်းများကိုလည်းရရှိ၏။

ဗြိတိသျှမြန်မာပြည် ကော်မရှင်နာမင်းကြီးထံမှ မကြာသေးမီက ရရှိ သည့်စာမှာ မြန်မာအစိုးရတစ်ဦးသည် ရာပေါင်းများစွာသော လူတို့ကို အနောက် ကရင်နီနယ်သို့စေလွှတ်၍ စော်ဘွားကို မန္တလေးမြို့သို့ သွားရောက် ရန် တိုက်တွန်းကြောင်း၊ မြန်မာမင်းအစိုးရသည် ဖော်ရွေသော စိတ်ထားမရှိ သမျှကာလပတ်လုံး၊ အထက်မြန်မာပြည်သည် ဆက်လက်၍ မပြုပြင်ဘဲ မသမာသော အုပ်စိုးခြင်း၊ မငြိမ်မသက် ဖြစ်ခြင်းရှိနေသမျှ ကာလပတ်လုံး၊

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မပြီးမပြတ်သေးသော ကိစ္စမျိုးနှင့် အလားတူ ကိစ္စများကြောင့် ကျွန်ုပ်တို့ နယ်ပယ်အတွင်း၌လည်း နိုင်ငံအုပ်ချုပ်မှုသည် စိတ်မအေးဖွယ် ဆက်လက်ဖြစ်စေလိမ့်မည်။ ဤကိစ္စများကို ကျေနပ်လောက်အောင် လေးလေးနက်နက် ဆုံးဖြတ်ခြင်းမပြုသေးဘဲ ဆက်လက် ရွှေ့ဆိုင်းခဲ့သည်ရှိသော် ပိုမို ခဲယဉ်း ကျပ်တည်းမည်ကား အမှန်တည်း။

**မြန်မာမင်းအစိုးရသည် အိန္ဒိယပြည်မှတစ်ပါး အခြားတိုင်းနိုင်ငံများနှင့် ဆက်ဆံခြင်းအရေးကိစ္စများသည် ကျွန်ုပ်တို့နှင့် အရေးတကြီးဆိုင်သော ကိစ္စမဟုတ်၊ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့်ပတ်သက်သော အကျိုးစီးပွားမှာလည်း နိုင်ငံရေးထက် ကုန်သွယ်ရေးသည် သာ၍ အရေးကြီး၏။** ကျွန်ုပ်တို့သည် ထိုတိုင်းပြည်နှင့် မြောက်မြားစည်ကားသော ကူးသန်းရောင်းဝယ်မှုရှိ၏။ ထိုကုန်ဝယ်မှု၌ မြောက်မြားစွာသော ငွေရင်းကြေးရင်းကိုလည်း စိုက်ထုတ်လျက်ရှိ၏။ အကြောင်း ညီညွတ်ပါလျှင် ၎င်းကူးသန်းရောင်းဝယ်မှုသည် လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးမည့် အရိပ်လက္ခဏာများလည်း ရှိသည်။ ၎င်းတိုးတက် ဖွံ့ဖြိုးရန်အကြောင်းမှာလည်း ချုပ်ဆိုမည့် စာချုပ်များကို မြန်မာမင်းအစိုးရတို့က တရားသဖြင့် ရိုးသားဖြောင့်မတ်စွာ လိုက်နာရမည့်အပြင် ကျွန်ုပ်တို့ကလည်း လိုက်နာစေရန် စွမ်းပကားနှင့် စိတ်ပိုင်းဖြတ်ပြီး ဖြစ်မှသာလျှင် ထမြောက်အောင်မြင်နိုင်မည်။ ၎င်းပြင် မန္တလေးမြို့ရှိ ကျွန်ုပ်တို့ သံအမတ်သည် ဗြိတိသျှလက်အောက်ခံလူများနှင့် ၎င်းတို့ပိုင် ဥစ္စာပစ္စည်းများကို စောင့်ရှောက်ကာကွယ်ရန် စွမ်းရည်သတ္တိနှင့် ဩဇာကိုလည်း အကြောင်းပြု၍ ထမြောက် အောင်မြင်စေနိုင်သည်။

အတွင်းဝန်မင်း သိသာတော်မူစေရန် အထက်မြန်မာပြည်နှင့် ကျွန်ုပ်တို့ ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ ဆက်ဆံပုံကို အစီရင်ခံရပေမည်။ ကျွန်ုပ်တို့သည် ၁၈၆၂ခုနှစ်တွင် ချုပ်ဆိုသည့် စာချုပ်များကို ပြင်ဆင်ရန် ၁၈၇၇ ခု၊ ၁၈၇၈ ခုနှစ်များတွင် စကားစတင်ကမ်းလှမ်းသော်လည်း အတွင်းဝန်မင်း သိရှိပြီးဖြစ်သည့် အကြောင်းများ ဖြည်းညင်းသာယာစွာ စကားကမ်းလှမ်းပြောဆိုခြင်းဖြင့် အစိပ္ပာယ်ပေါ်လွင် ထင်ရှားသောကြောင့် ထမြောက်အောင်မြင်သည်မရှိခဲ့။ စာချုပ်ချုပ်ဆိုရန် အထမြောက်အောင်မြင်မည့် အရိပ်နိမိတ်များ ရှိခဲ့ပါမူ အခွင့်သာသည့်တိုင်အောင် မည်သည့်နည်းနှင့်မဆို ဆိုင်းငံ့ရန် လိုလားအပ်ပါကြောင်း၊ ယခု စီမံချက်များမှာမူ ဘုရင်မင်းမြတ်သည်



သွေဖည်ရှောင်တိမ်းသာ၏။ အထက်မြန်မာပြည် ယခုလက်ရှိ အခြေအနေများကို ထောက်ရှုသည်ရှိသော် **ကျွန်ုပ်တို့လိုလားသည့် အခွင့်အရေးရနိုင်ရန် အကြောင်း မမြင်သေး။ ၎င်းပြင် လွန်ခဲ့သည့် ၅ နှစ်အတွင်း ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော အကြောင်းအရပ်ရပ်တို့ကို ဆင်ခြင်ပြန်သည်ရှိသော် ကျွန်ုပ်တို့၏စကား ကမ်းလှမ်းချက်များ ကန့်ကွက်ချက်များကို မငြင်းသာအောင် နောက်ထပ်လုံလောက်ထိရောက်သော ဖိနှိပ်ချက်များ မပါမရှိခဲ့မူ ရှေးနည်းတူ မထိမဲ့မြင် ပြုလုပ်မည်သာလျှင်တည်း။**

မြန်မာမင်းသည် စာချုပ်ပါ သဘောအဓိပ္ပာယ်ကို သွေဖယ်တိမ်းရှောင်ပုံကို အကျဉ်းအားဖြင့် ပြောရမည်ဆိုသော် ၁၈၆၇ ခုနှစ် ချုပ်ဆိုသော စာချုပ်မချုပ်မီအခါတွင် မြန်မာမင်း အစိုးရသည် ကူးသန်းရောင်းဝယ်သော ကုန်ပစ္စည်းတစ်ခုခုကို သီးခြားထားစေ၍ ရံဖန်ရံခါ ထိုကုန်များသည် ဘုရင်မင်းမြတ်တစ်ဦးတည်းနှင့်သာ ဆိုင်သော (မိုနိုပိုလီ)ဟူ၍ သတ်မှတ်ကြေညာလေ့ရှိတော်မူ၏။ ဤကဲ့သို့ သတ်မှတ် ကြေညာခြင်းအားဖြင့် ထိုသို့သတ်မှတ်ထားသော ကုန်မျိုးကို ကုန်သည်များထံမှ တိုက်ရိုက် မဝယ်နိုင်ချေ။ ကုန်သည်များမှာ သတ်မှတ်ထားသော ဈေးနှုန်းနှင့် အစိုးရကိုယ်စားလှယ်များထံမှသာလျှင် ဝယ်ယူသုံးစွဲနိုင်သည်။ ၁၈၆၂ ခု ချုပ်ဆိုသော စာချုပ်၌ ဘုရင်မင်းမြတ်တစ်ဦးတည်းပိုင်ဆိုင်ခွင့် ရှိစေရမည်ဟူ၍ သတ်မှတ်တော်မူထားသော ရေနံ၊ သစ်၊ ကျောက်သံပတ္တမြားများကို ခြွင်းချန်ထား၍ ဆယ်နှစ်အတွင်း အခြားသော ကုန်ပစ္စည်းများကို တန်ဖိုးငွေ ဒင်္ဂါးတစ်ရာလျှင် ငါးကျပ်ကျ အကောက်တော်ငွေဆောင်စေရမည်ဖြစ်ကြောင်း၊ ၎င်းစာချုပ်၏ ရည်ရွယ်ရင်းသဘောမှာ ထိုသတ်မှတ်ထားသည့် ထိုသုံးမျိုးသော ပစ္စည်းမှအပ ကျန်အခြား ပစ္စည်းများကို ရှေးစနစ်အတိုင်း မပြုမလုပ်နိုင်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာအတွင်း ကုန်သွယ်ကူးသန်းမှုများတွင် ပြဋ္ဌာန်းထားသည့် အကောက်တော် ငွေတောင်းဆိုခြင်းမှတစ်ပါး အခြားဝင်ရောက်စွက်ဖက်ခြင်းရှိလိမ့်မည်မဟုတ်ဟု မျှော်ခေါ်ယူဆခဲ့ပေသည်။ သို့သော်လည်း စာချုပ်၏ရည်ရွယ်ချက်ကို မတရားသောနည်းဖြင့် ဘုရင်မင်းမြတ်သည် ဖျက်၏။ စာချုပ်၏အဆိုကို လိုက်နာသော်လည်း စာချုပ်၏သဘောကိုအား သွေဖည်ရှောင်တိမ်းနိုင်ပေသည်။

သတ်မှတ်ပြီး ပစ္စည်းများအပြင် အခြားပစ္စည်းများသည် ဘုရင်မင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဦးတည်းပိုင် (မိုနိုပိုလီ) ပစ္စည်းများမဟုတ်ဟု ကြေညာထားသော်လည်း မည်သည့်ကုန်သည်မဆို လိုရာကုန်ပစ္စည်းဝယ်လိုက ဝယ်နိုင်သည်ဟု အမိန့်တော်ရှိသော်လည်း အကယ်စင်စစ်မှာမူ ဝယ်ခြမ်းမှုအားလုံးတို့ကို ဘုရင်မင်းမြတ်ထံမှသော်လည်းကောင်း၊ အမိန့်တော်ရရှိပြီး ကိုယ်စားလှယ်တော်များထံမှသော်လည်းကောင်း ဝယ်ယူနိုင်၏။

**သူ၏နယ်ပယ်အတွင်း ဘုရင်မင်းမြတ်သည် အကြီးဆုံးသောလက်ကားတော်ကြီးဖြစ်၏။ ဘုရင်မင်းမြတ်၏ အလိုတော်အရပ်ရပ်ပြည့်စုံပြီးမှသာလျှင် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများမှာ အခြားဆင်းရဲသားကုန်သည်များနှင့် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ကြရ၏။** ဗြိတိသျှ မြန်မာပြည်မှ နိုင်ငံတော်တွင်း သွင်းသည့်ကုန်အရပ်ရပ်နှင့် ပတ်သက်၍ ဘုရင်မင်းမြတ်၏ ပွဲစားတော်များသို့ သာလျှင် ကုန်ပစ္စည်းအားလုံးတို့ကို ရောင်းချရန် ဖိနှိပ်ခြင်းပြုကြောင်း၊ ၎င်းပွဲစားများထံမှသာလျှင် ကျေးတော်မျိုး ကျွန်တော်မျိုးများ ဝယ်ခြမ်းရကြောင်း၊ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများက ညည်းတွား တိုင်တန်းကြပါကြောင်း၊ ဤကဲ့သို့ပြုမူခြင်းသည် အရေးကြီးသော ကုန်ပစ္စည်းများကို ဘုရင်မင်းမြတ်တစ်ပါးတည်း၏ လက်တွင်းသို့သော်လည်းကောင်း၊ သို့မဟုတ် ဘုရင်မင်းမြတ် အလိုတော်အတိုင်း လိုက်နာဝယ်ယူနိုင်ကြသော အနည်းငယ်မျှသော ကုန်သည်ကြီးများ လက်တွင်းတို့သော်လည်းကောင်း၊ ဤသို့သာလျှင် ဆိုက်ရောက်စေကြောင်းဖြစ်၏။

ဤစနစ်အတိုင်းဆိုသော်၊ ဆင်းရဲသားကုန်သည်တို့မှာ အမြတ်အစွန်းရနိုင်လောက်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဗြိတိသျှ မြန်မာပြည်မှ နိုင်ငံတော်တွင်း သွင်းရန်သော်လည်းကောင်း၊ ကုန်စိမ်းများကို အထက်မြန်မာပြည်မှ ရန်ကုန်မြို့သို့ ပို့ချရန်သော်လည်းကောင်း၊ ပိတ်ပင်ပြီးသော်လည်းဖြစ်၏။ သို့မဟုတ် ပိတ်ပင်ခြင်းခံရမည်သော်လည်း ဖြစ်၏။ ကျွန်ုပ်တို့သည် အထက်မြန်မာပြည်နှင့် ကုန်ဝယ်ရေး ကြီးပွား ဖွံ့ဖြိုးစေကြောင်း နစ်နာဆုံးရှုံးခြင်း ခံခဲ့သည် သာမက အလိုတော်အတိုင်း ဝင်ရောက်စွက်ဖက်ခြင်းမှ ကင်းစေခြင်းကို ပဓာနထား၍ ၁၈၆၂ ခုနှစ် စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း သတိချပ်စေလိုပါသည်။

၁၈၆၃ ခုနှစ်တွင် ကျွန်ုပ်တို့၏ နယ်ခြား အကောက်ခွန်များကို ရုပ်သိမ်း



သည့်အခါ၌ ကျွန်ုပ်တို့ အကောက်အခွန်မှာ ငွေဒင်္ဂါးခြောက်သိန်းထက်ပိုလွန်ရရှိပါကြောင်း၊ ၁၈၆၂ ခုနှစ်တွင် ကျွန်ုပ်တို့သည် ထိုနယ်ခြား အကောက်ခွန်များကို ပြန်လည် စည်းကြပ်မည်ဟု ရည်ရွယ်ကြံစည်မှသာလျှင် ဘုရင်မင်းမြတ်သည် စကားကမ်းလှမ်း ပြောဆိုခြင်းပြု၍ စစ်ဗိုလ်ကြီး ကာနယ်ဖိုက်ချ (Colonel Fytche) နှင့် ထိုနှစ်တွင် စာချုပ်ကို ချုပ်ဆိုဖြစ်ကြပါသည်။ ထိုအကောက်ခွန်များကို ဆက်လက်စီးကြပ်ခဲ့သည်ရှိမူ ထိုအခွန်တော်ငွေမှာ ဆယ်သိန်းပိုလိမ့်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ၁၈၆၂ခုနှစ်တွင် ချုပ်ဆိုသော စာချုပ်အရ နိုင်ငံခြားမှ အထက်မြန်မာပြည်ရှိ တိုင်းသူပြည်သားများ သုံးဆောင်သည့် ကုန်များအပေါ်တွင် **ကျွန်ုပ်တို့က တန်ဖိုးငွေ တစ်ရာလျှင် တစ်ကျပ်သာအကောက်ခွန်စီးကြပ်သော်လည်း ကျွန်ုပ်တို့ပိုင် မြန်မာပြည်အတွင်းရှိ တိုင်းသူပြည်သားများ သုံးစွဲလျက်ရှိသော ထိုကုန်များအပေါ်တွင် ရာခိုင်နှုန်း ငါးကျပ်မျှ စီးကြပ်၏။ ဤသက်သာခွင့် တစ်ခုတည်းပေးခြင်းအားဖြင့် ကျွန်ုပ်တို့မှာ ငွေသုံးသိန်းမျှ ဆုံးရှုံးနစ်နာ၏။**

စစ်အရေးကိစ္စနှင့်ပတ်သက်၍လည်း မြန်မာပြည်အစိုးရမှာ၊ အထူးသက်သာခွင့်ရရှိ ခံစားလျက်ရှိ၏။ ဤအရေးကြီးသည့် ကုန်သည် ရေဝတီမြစ်ကြောင်းဖြင့် အခွန်အခလွတ် သယ်ယူနိုင်သော်လည်း ပင်လယ်ခရီးဖြင့် နိုင်ငံခြားသို့ပို့သောအခါ တစ်တန်လျှင် ငါးကျပ် တစ်ပဲ ဆယ်ပိုင် အခွန်တော်ရ၏။ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း အထက်မြန်မာပြည်သို့ ပို့ရသည့် ဆန်တန်ချိန်ပေါင်းမှာ ခြောက်သိန်းမျှရှိသည်ဖြစ်၏။ ဤမျှလောက်ဆန်များကို အထက်မြန်မာပြည်သို့ မပို့ပါမူ နိုင်ငံခြားသို့ရောင်းချရန် ရရှိပေမည်။ သို့ပါ၍ အထက်မြန်မာပြည်သို့ သက်သာခွင့်ပေးရခြင်းကြောင့် ကျွန်ုပ်တို့မှာ ငွေ သုံးသိန်းကျော်မျှ နှစ်စဉ် ဆုံးရှုံးနစ်နာပါကြောင်း။

ဤဖော်ပြရာပါ အကြောင်းတို့ကို ထောက်ရှုစာနာသည်ရှိသော် ကျွန်ုပ်တို့သည် မြန်မာပြည်နှင့်ချုပ်ဆိုပြီး စာချုပ်ကို ပြန်လည် စဉ်းစားမှုလည်း စဉ်းစားရာ၏။ သို့တည်းမဟုတ် ဘုရင်မင်းမြတ်ကို ထိုစာချုပ်များ၏ ရည်ရွယ်ရင်း သဘောအတိုင်း လိုက်နာစေရန် အားထုတ်မှုလည်း အားထုတ်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်စိတ်ချပါကြောင်း၊ **ဘုရင်မင်းမြတ်နှင့် ဘုရင်မင်းမြတ်၏အရာရှိတို့သည် ၎င်းစာချုပ်များကို စနစ်တကျ အစဉ်**

www.burmeseclassic.com

www.burmeseclassic.com



**တစိုက် အလေးမမူ ဂရုမစိုက်ခြင်းအကြောင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ ကုန်သည်များက မကြာခဏ အားတက်သရော တိုင်တန်းကြ၏။ အထူးသဖြင့် ဘုရင်မင်းမြတ်သည် တစ်ဦးတည်းပိုင် ပြုလုပ်ခြင်းကိစ္စမှာ ကျွန်ုပ်တို့၏လွတ်လပ်စွာကုန်သွယ်ခြင်းကိစ္စကိုအကျိုးယုတ်စေပါကြောင်း။**

မန္တလေးမြို့၌ အုပ်ချုပ်ခြင်း နည်းစနစ်ကို ထိထိရောက်ရောက်ပြုပြင်ပြောင်းလွဲခြင်းမရှိခဲ့ပါမူ စာချုပ်သဘောကို မလိုက်လျောဘဲ၊ သွေဖယ်ရှောင်တိမ်းခြင်းတို့ကို ကျပ်တည်းစွာ မကန့်ကွက်ဘဲ ကျွန်ုပ်တို့ ကြာမြင့်စွာနေနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့သည် ထိုပြုပြင်မှုကို တောင်းဆိုရန်ပြဋ္ဌာန်းပြီဟု တစ်စုံတစ်ရာ အရိပ်နိမိတ် မပြနိုင်မည်ရှိမူ၊ ကျွန်ုပ်တို့သည် ထိထိရောက်ရောက် ကန့်ကွက်နိုင်မည်မဟုတ်၊ ဤကဲ့သို့ စိတ်သဘောထားရှိမည်ဟု ပြဋ္ဌာန်းသည့်ကာလ စာချုပ်များကို ပြန်လည် စဉ်းစားခြင်းကိစ္စသည် ခက်ခဲမည့် ကိစ္စမဟုတ်နိုင်တော့ပေ။ **ဤကဲ့သို့ပြုလုပ်သောအခါ၌ အထက်မြန်မာပြည်တွင်းသို့ လက်နက်များ ဝယ်ခြမ်း၊ သွတ်သွင်းခြင်းကိစ္စနှင့်ပတ်သက်၍ မငြင်းခုန်သာအောင် သေချာဂနစွာ ရှိစေရန်ကို အထူးသတိထားအပ်သည်။**

အခြားလေးလေးနက်နက် စဉ်းစားရန် အချက်တစ်ချက်မှာ မြန်မာပြည်တွင်း နေထိုင်လျက်ရှိသော ဗြိတိသျှလက်အောက်ခံများနှင့် ပတ်သက်၍ အထက်မြန်မာပြည်နှင့် အိန္ဒိယပြည်ရှိ ဥပဒေထုံးတမ်းများ မညီမညွတ်ရှိနေခြင်း ကိစ္စဖြစ်သည်။ ဤအကြောင်းကြောင့် ဗြိတိသျှလက်အောက်ခံများနှင့် အခြားနိုင်ငံခြားသားများ အထက်မြန်မာပြည်တွင် နစ်နာခြင်း ခံကြရသည့် သာဓကများမှာ လွန်ခဲ့သည့်နှစ်က ကာနယ်ဝင်ဒဟန် (Colonel Wyndhhm)၌ ကြမ်းတမ်းရက်စက်စွာ နှိပ်စက်ခြင်း ခံစားရခြင်း၊ ခဝါသည် ကုလား၂ ယောက်တို့ကို နှိပ်စက်ကလူပြုခြင်း၊ ရောဝတီ မီးသင်္ဘောကုမ္ပဏီတွင် အလုပ်လုပ်ကိုင်သူ ကပ္ပတိန်တစ်ဦးအား အရမ်းကာယောဉ္စန္ဒြေမဲ့အောင် ပြုလုပ်ခြင်း၊ ၎င်းကုမ္ပဏီပိုင် သင်္ဘောတစ်စင်းမှ သင်္ဘောစီးခရီးသည်များကို **အဓမ္မဆွဲ**ငင်ယူဆောင်ခြင်းနှင့် အခြားသော ကိစ္စများဖြစ်၏။ ဤကိစ္စမျိုးသည် **ကျွန်ုပ်**တို့ထက် သည်းခံခြင်း တရားနည်းပါးသော အခြားအစိုးရသို့မဟုတ် အများပြည်သူတို့၏ စိတ်နေသဘောထားသည် တစ်မျိုးတစ်ဖုံရှိခဲ့ပါမူ၊ မန္တလေးရွှေမြို့တော်ရှိ အစိုးရနှင့် စိတ်ဝမ်းကွဲပြား စစ်မက်ဖြစ်ပွားခြင်း၌သာလျှင် အပြီး



သတ်ရာ၏။ ဤကိစ္စတို့၌ ကျွန်ုပ်တို့လိုက်နာသည့် နည်းစနစ်မှာ မန္တလေးမြို့ရှိ ကျွန်ုပ်တို့ သံအမတ်မှ တစ်ဆင့် မြန်မာအစိုးရသို့ ဖြေရှင်း စေခြင်း ပြုပြင်မှုတောင်းဆိုခြင်းမျှသာ ဖြစ်ခဲ့စေသည်။ **သို့သော်လည်း ကျွန်ုပ်တို့၏ တောင်းဆိုမှုတို့ကို များစွာ နှောင့်နှေးကြန့်ကြာစေ၍ ကျွန်ုပ်တို့အလိုသို့ လိုက်လျောသော်လည်း အကျိုးကျေးဇူးမရှိတော့မှသာလျှင် လိုက်လျောစွာပြု၏။**

ဤကဲ့သို့ နှောင့်နှေးကြန့်ကြာခြင်းတို့အားဖြင့် သူ၏ကျေးတော်မျိုး ကျွန်တော်မျိုးတို့အပေါ်တွင် ၎င်းသည် တန်ခိုးကြီးမားသောမင်းတစ်ပါးဖြစ်၍ ကြောင့်ကြစိုးရိမ်ရန် တစ်စုံတစ်ရာ မရှိဘဲ၊ ဗြိတိသျှလက်အောက်ခံ ကျေးတော်မျိုး ကျွန်တော်မျိုးများကို ဣန္ဒြေမဲ့အကျိုးမရှိ နစ်နာပျက်စီးအောင် လုပ်နိုင်သည်ဟု အထင်ရောက်စေရန် တမင်ရည်ရွယ်၍ နှောင့်နှေးကြန့်ကြာစေသည်ဟု ကျွန်ုပ်တို့အထင်ရှိပါကြောင်း၊ ဘုရင်မင်းမြတ်ရည်ရွယ်သည့်အတိုင်းလည်း တိုင်းသူပြည်သားများက ထင်မြင်ကြကုန်၏။ **လွန်ခဲ့သည့်နှစ်ပေါင်းများစွာကမြန်မာမင်းတို့သည်ကျွန်ုပ်တို့အစိုးရနှင့်ဆက်ဆံခြင်းကိစ္စတို့၌ မာနတရား ထောင်လွှားခြင်းသည် များစွာ ထင်ရှားခဲ့ပေသည်။**

**သို့ပါ၍ ကျွန်ုပ်တို့သည် အတွင်းဝန်မင်းထံ လျှောက်ထားလိုသည်မှာ မြန်မာများအလိုသို့ လိုက်လျောညှာတာခြင်း စိတ်ထားကို ရပ်တန့်ရန် အချိန်အခါသည် ရောက်ရှိပြီဖြစ်ပါကြောင်း၊ မြန်မာမင်းအစိုးရသည် ဗြိတိသျှလက်အောက်ခံများကို ဆက်လက်၍ ရိုင်းစိုင်းသော ဥပဒေမျိုးနှင့် အုပ်ချုပ်စီရင်သည်ရှိမူ၊ မြန်မာမင်းနယ်ပယ်အတွင်း နေထိုင်ကြကုန်သည့် ဗြိတိသျှလက်အောက်ခံများအတွက် မိမိနိုင်ငံတွင်းမှအပ တိုင်းတစ်ပါးတွင် အခွင့်အရေးရစေနိုင်သော (Extra Territoial Rights) စနစ်များကို အတည်ဖြစ်စေရန်လုပ်မှသာလျှင် သက်သာခွင့်ရနိုင်ပေတော့မည်။ ထို့ပြင် ဗြိတိသျှလက်အောက်ခံများနှင့် ပတ်သက်သည့်မှုခင်းကိစ္စများကို ဆုံးဖြတ်ရန်အတွက် ဗြိတိသျှတရားရုံးများကို တည်ထောင်မှသာလျှင် သက်သာခွင့်ရဖွယ်ရှိ၏။** ဤကဲ့သို့ နိုင်ငံကို ကျော်လွန်၍ရသော အခွင့်အရေးမျိုး၊ တရားရုံးမျိုးသည် အရှေ့နိုင်ငံများတွင် အမှုသစ်ဟူ၍မဟုတ်ပေ။ ကျွန်ုပ်တို့သည် မြန်မာမင်းအာဏာတော် စိုးမိုးသည့် နယ်ပယ်အတွင်း နှောင့်ယှက်ခြင်းကို မည်မျှလောက်ပင် ရှောင်ရှားလိုစေကာ

www.burmeseclassic.com

www.burmeseclassic.com



မှုလည်း ကျွန်ုပ်တို့၏ လက်အောက်ခံများကို စောင့်ရှောက်ရန် တာဝန်ကား အရေးကြီးလှပေစွ၊ ယင်းကဲ့သို့သော အခြေအမြစ်တိုင်း ပြင်းထန်သည့် ကျွန်ုပ်တို့ သက်သာစေကြောင်း စီမံချက်များကို ရှောင်လွှဲစေရန် မြန်မာအစိုးရတို့သည် မိမိတို့၏တရားရုံးများကို ပြုပြင်ခြင်းအားဖြင့် ဖြစ်နိုင်၏။ သို့သော်လည်း ဤကဲ့သို့ပြုပြင်ခြင်းကား ယခုအခါတွင် မျှော်လင့်ဖွယ်မရှိသေးပေ၊ မျှော်လင့်ရမည်ကို ဝေးစွ၊ မတရားမှုကိုပင် ကျေနပ်စွာ စီမံပေးပါရန် များစွာ အခက်အခဲကို တွေ့ကြုံရ၏။ ထိုနည်းတူ တရားမမှုများကိုလည်း ပြီးပြီးပြတ်ပြတ် ဆုံးဖြတ်သည် မရှိဘဲ တရားရုံးများက ရက်အကန့်အသတ်မရှိဘဲ ဖင့်လေး ရွှေ့ဆိုင်းခြင်း မန္တလေးမြို့ရှိ အရာရှိများက ဂရုမမူ၊ လျစ်လျူပြုခြင်းများကို တွေ့ကြုံကြရ၏။

ကျွန်ုပ်တို့သည် မန္တလေးမြို့ရှိ လွှတ်တော်နှင့်ဆက်ဆံမှု အတ္ထုပ္ပတ္တိကို နတ်ရွာစံ မင်းတရားကြီး၏ လက်ထက်တော်ကြီး ဆုံးသည့်နေ့တိုင် အပြီးသတ် အစီရင်ခံရန် ကျန်ရှိသည်မှာ အိန္ဒိယပြည်အစိုးရမင်းတို့က မြန်မာမင်းနှင့် ဆက်ဆံရေးကိစ္စတွင် မိမိတို့၏တိုင်းနိုင်ငံ၏ဂုဏ်နှင့် လိုက်လျောညီညွတ်စေရန် အားထုတ်ခြင်း၊ မိမိတို့၏တာဝန်ကျရောက်သည့် အကျိုးကျေးဇူးများတိုးပွားရေး၊ ကာကွယ်စောင့်ရှောက်ရေး၌ ကြိုးစားခြင်း၊ ကိစ္စအရပ်ရပ်တို့၌ ထမြောက်အောင်မြင်ခြင်းမရှိဘဲ ဖြစ်နေရခြင်း အကြောင်းနှင့် ပတ်သက်၍ကျွန်ုပ်တို့၏ ထင်မြင်ချက်ကို အစီရင်ခံရန် ဖြစ်ပါကြောင်း၊ မအောင်မမြင် ဖြစ်နေခြင်းအကြောင်းရင်းမှာ မန္တလေးမြို့တော်ရှိ ကျွန်ုပ်တို့၏ သံအမတ်၏ အခြေအနေမှာ ကျေနပ်ဖွယ်မရှိခြင်းသည် အနှောင့်အယှက်တစ်ရပ်ဖြစ်ပေသည်ဟု ကျွန်ုပ်တို့ ဧကန္တ အယူရှိကြပါကြောင်း ကျွန်ုပ်တို့၏ ယခု အစီရင်ခံစာတွင် ဖော်ပြထားသည့် ကြာမြင့်စွာ မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသည့် ကိစ္စအဝဝတို့ကို လုံလုံလောက်လောက် ပြီးမြောက်စေရန် စကားကမ်းလှမ်းခြင်းဖြင့် မစီမံနိုင်သေးမီ ရှေးဦးစွာ ဤအနှောင့်အယှက်ကို ဖြိုဖျက်ရပေမည်။

**၁၈၇၅ ခုနှစ် တိုင်အောင် ဗြိတိသျှအစိုးရမင်းတို့၏ ကိုယ်စားလှယ်သည် အပါးတော်သို့ ဝင်ရောက်သည်ရှိသော် ဖိနပ်ချွတ်ခြင်း ကြမ်းပြင်ပေါ်၌ ထိုင်ခြင်းများကို ပြုလုပ်ရခြင်း ထုံးစံကို လိုက်နာခဲ့ရပေသည်။**

**၁၈၇၅ ခုနှစ်၌ ဆာဒေါက်ဂလပ်ဖော်ဆစ် Sir Douglas Forsyth မန္တလေးမြို့တော်သို့ သွားရောက်သည့်ကာလ၌၊ မိမိကမ်းလှမ်းပြောဆိုရမည့်ကိစ္စများ အောင်မြင်စေကြောင်းကိုသာ ရှေးရှု၍ ဓလေ့ထုံးတမ်းများကြောင့် အနှောင့်အယှက် မဖြစ်စေဘဲ မိမိလိမ္မာသည့်အတိုင်း ကြည့်ရှုပြုလုပ်ရန် ဆုံးဖြတ်၏။ ၎င်းသည် ယင်းသည့်ဆုံးဖြတ်ချက်နှင့် လိုက်လျောညီစွာ ဖိနပ်နှင့် ဓားလွယ်ကို အပါးတော်သို့ မဝင်မီ ချွတ်၍ ဘုရင်မင်းမြတ်၏ ရှေ့မှောက်ဝယ် ထုံးစံရှိသည့်အတိုင်း ခြေကို နောက်ပစ်ကာ ပုဆစ်ဒူးတုပ်လျက်ထိုင်ရ၏။**



၎င်းကိစ္စပြီးစီးတိုင်ရောက်ရှိ၍ အစီရင်ခံစာ တင်သွင်းရာ ဆာဒေါက်ဂလပ်ဖော်ဆစ်က ဤကဲ့သို့ အခစားဝင်ရာ၌ ဤထုံးစံနှင့် ပတ်သက်၍ ဆက်လက်လိုက်နာခြင်း သင့်မသင့် အစီရင်ခံပေသည်။

ဥပရာဇာဝေလမင်းသား အိန္ဒိယပြည်သို့ တိုင်းခန်းလှည့်လည်စဉ်တွင် အထက်မြန်မာပြည်အစိုးရမင်းက ဥပရာဇာထံစေလွှတ်လိုက်သည့် သံတော်အရာရှိများနှင့် ကာလကတ္တားမြို့တွင် ဤကိစ္စနှင့် ပတ်သက်၍ နှီးနှောခြင်းကို ပြုခဲ့၏။ ယင်းသို့နှီးနှောပြီးသည့်နောက် မြန်မာမင်းကစေလွှတ်တော်မူသည့် သံတော်အရာရှိသို့ အကြောင်းကြားသည်မှာ အထက်မြန်မာပြည်နှင့် နိုင်ငံရေးဆက်ဆံမှုကို အမြင့်ဆုံးသော အစိုးရမင်းတို့က အုပ်ချုပ်တော့မည် ဖြစ်၍ (ရန်ကုန်အစိုးရမဟုတ် ဘိလပ်အစိုးရကို ဆိုလိုဟန်တူသည်) **မန္တလေးမြို့ရှိ အင်္ဂလိပ်သံအမတ်ကို ၎င်း၏မြင့်သော ဂုဒ်ဒြပ်နှင့် လိုက်လျောညီညွတ်စွာ လက်ခံသင့်ကြောင်း၊ မြန်မာဘုရင်မင်းမြတ်၏ သံတော်အရာရှိကြီးကို အိန္ဒိယဘုရင်ခံချုပ်ကြီးက လက်ခံသည်နှင့် မျှတအောင် လက်ခံသင့်ကြောင်း ထို့နှင့်တစ်ပြိုင်နက် ကာနယ်ဒန်းကင်း Colonel Duncan သို့လည်း နောင် အပါးတော်သို့ အခစားဝင်သည့်အခါ ဖိနပ်ချွတ်ခြင်း၊ ကြမ်းပြင်ပေါ်၌ထိုင်ခြင်းများကို မပြုမလုပ်ရန် အမိန့်ဆင့်ဆိုလိုက်သည်။**

ထို့နောက် ရက်အနည်းငယ်အတွင်း ဦးထုပ်ဆောင်း ဖိနပ်စီးနင်းလျက်လာသော မြန်မာသံတော်အရာရှိတို့အား ဘုရင်ခံချုပ်ကြီးသည် ဘုရင်ခံချုပ်ကြီးနှင့် ခြားနားခြင်းမရှိ၊ ကုလားထိုင်များပေါ်တွင် ထိုင်စေလျက် လက်ခံတော်မူလေသည်။

မန္တလေးရွှေမြို့တော်၌ လိုက်နာလျက်ရှိသော ထုံးစံကို ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာရန် မဖြစ်နိုင်ဟူ၍ ဘုရင်ခံချုပ်ကြီးက အမိန့်တော်ရှိလိုက်၏။ ဘုရင်မင်းမြတ် မနှစ်မြို့ဖွယ်ဖြစ်အောင် ၎င်းကိစ္စကို မနားမနေ မတိုက်တွန်းရ၊ သို့သော်လည်း ဖြစ်မြောက်စေရမည်။ ထိုအခါမှစ၍ ဤကိစ္စသည် ဆုံးခန်းတိုင် မရောက်ဘဲ ၎ပ်လျက်ပင် ရှိသေး၏။

အဘယ်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်သည် အင်္ဂလိပ်သံအမတ်ကို လက်ခံတော်မမူ၊ အထက်ကျော်ကာလက စောင့်ရှောက်လိုက်နာခဲ့ရသော စနစ်ထုံးစံကို လျှော့ပေါ့ခွင့်ပြုတော်မမူ၊အကျိုးကား လွန်ခဲ့သည့် လေးနှစ်အတွင်း ကျွန်ုပ်တို့၏သံအမတ်သည် ဘုရင်မင်းမြတ်ထံ အပါးတော်သို့ ဝင်ထွက်နိုင်ခွင့် ပိတ်ပင်ခြင်းမျှသာတည်း၊ ၎င်းသည် ယခုလွှတ်တော် ဝန်ကြီးများ ဝန်ထောက်များကိုသာ တွေ့ဆုံရ၏။ ဘုရင်မင်းမြတ် ကိုယ်တိုင်နှင့် တွေ့ဆုံခြင်းရပ်စဲခြင်းကြောင့် နန်းတော်အတွင်း ဗြိတိသျှ၏သြဇာကို နှစ်နှစ်နာနာ ထိခိုက်၏။

အထက်မြန်မာပြည်မှာကဲ့သို့ အသက်ဦးဆံပိုင်သော ဘုရင်မင်းမြတ် အုပ်စိုးသော တိုင်းနိုင်ငံများတွင် နိုင်ငံခြားမှ လာရောက်နေထိုင်သော သံအမတ်များ၏ သြဇာ ကိစ္စအရပ်ရပ်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင်သို့ လျှောက်လဲတင်ဆိုနိုင်မှသာလျှင် အောင်မြင်အထမြောက်ခြင်း ဖြစ်နိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မန္တလေးရွှေမြို့တော်၌ ဘုရင်မင်းမြတ် အပါးတော်သို့ ဝင်ရောက်သွားလာနိုင် ခွင့်ရရှိခြင်းမှာ အခြေခံ အရေးအကြီးဆုံးသော ကိစ္စတစ်ရပ်ဖြစ်ပေသည်။

ဤကဲ့သို့ အစိုးရအဖွဲ့ကို အုပ်ချုပ်တော်မူသောအရှင်နှင့် တိုက်ရိုက်ဆက်ဆံရမည့် အရေးကိစ္စများတွင် အောက်လက်အရာရှိများနှင့်သာ တွေ့ဆုံရ၍ ၎င်းအရာရှိများမှာလည်း မိမိ၏ကိုယ်ကျိုးစီးပွားရောယှက်လျက် ယုံကြည်စိတ်ချဖွယ်လည်း မရှိပြန်သော် သံအမတ်မှာ မိမိကြိုးစားအားထုတ်ဆောင်ရွက်ရသော မှုခင်းတို့မှာ ဟုတ်ဟုတ် မှန်မှန် ဖြောင့်ဖြောင့်တန်းတန်း မရှိတော့ဘဲ ကြားဖျက်၍ ပျက်ပြားသည်သာလျှင် ဖြစ်၏။ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စများ၌မူ ရုတ်တရက်ဆောင်ရွက် စွက်ဖက်ခြင်း အာဏာအလျဉ်းမရှိဘဲ နေရပါတော့၏။

မန္တလေးမြို့ရှိ မှူးမတ်များသို့ ယင်းကဲ့သို့ အခစားဝင်ရာဝယ် လိုက်နာရသည့် ဂုဏ်သိမ်ဖျင်းသော အခမ်းအနားစနစ်မှာ မလျော်ကန် မသင့်မြတ်ကြောင်း အမျိုးမျိုးအားထုတ်၍ ပြောပါသော်လည်း အချည်းနှီးမျှသာ ဖြစ်ပေ၏။ မြန်မာမင်းသည် နိုင်ငံခြားမှလာရောက်သော သံအမတ်တို့ကို လက်ခံပုံစနစ်မှာ ရှေးအထက်ကျော် ကာလက မြန်မာသံအမတ်များ တိုင်းတစ်ပါးသို့သွားရောက်နေထိုင်ခြင်း မပြုမီအခါက တီထွင်ခဲ့သော စနစ်များဖြစ်ကြောင်း၊ ထိုစဉ်အခါက မြန်မာများသည် ယဉ်ကျေးသော တိုင်းကြီးတို့၏သံမှုရေးရာဆောင်ရွက်ခြင်းကိစ္စကို နားမလည်သေးမီ ခေတ်များ၌အပါးတော်သို့ အခစားဝင်ရောက်ရာတွင် ဝင်ပုံ ထွက်ပုံ ခစားပုံ တို့ကိုသာလျှင် အဓိကအချက်ကြီးများဟူ၍ မှတ်ယူခဲ့ကြောင်းများကိုလည်း မှူးမတ်များသို့ ညွှန်ကြား၏။

သို့သော်လည်း ယခုတလောတွင် မြန်မာသံတော်အရာရှိတို့မှာ ဥရောပတိုက်ရှိ ဘုရင်မင်းမြတ်များထံသို့ သွားရောက်သည့်အခါတွင် အခြားနိုင်ငံခြားတို့မှ လာရောက်ကြသော သံတော်အရာရှိများနှင့် မခြားမနား တပြေးတည်းသာလျှင် လက်ခံကြကုန်၏။ သို့ဖြစ်ပါ၍ မန္တလေးမြို့တော်သည် တိုင်းတစ်ပါးနှင့် နီးစပ်ခြင်းမရှိ၊ တိုင်းတစ်ပါးတို့ လိုက်နာကြကုန်သော ဓလေ့ထုံးစံတို့ကို နားမလည်သေးမီအခါများ၌သာဖြစ်ပါမူ မြန်မာမင်းတို့ လိုက်နာလျက်ရှိနေသည့် နည်းစနစ်များကို နားလည်နိုင်ဖွယ်အကြောင်းရှိ၏။ သို့သော် ယခုအခါ သမယ၌မူ အခွင့်ပြုရန်နှင့် သည်းခံ၍နေရန်မှာ မဖြစ်နိုင်တော့ပေ။

မှူးမတ်တို့မှာ ၎င်းကိစ္စနှင့် ပတ်သက်၍ ပြောဆိုခြင်းကို မနှစ်သက်သာမန်တိုက်တွန်းချက်များကို လျှော့၍မပေးရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ သံအမတ်သည် ဗြိတိသျှအရာရှိတစ်ဦး၏ ဂုဏ်ဒြပ်ကို သိမ်ငယ်စေကြောင်း မဖြစ်စေရန် ကိုယ်စားဆောင်ရွက်ရသော တိုင်းနိုင်ငံ၏အခြေနှင့် လိုက်လျော ညီညွတ်သော သဘင်အခမ်းအနားစနစ်အရ ဘုရင်မင်းမြတ်၏ အပါးတော်သို့ဝင်ရောက်နိုင်ခြင်း အခွင့်ကို ရယူတည်ထောင်ရန် ကိစ္စကို ပဓာန အချက်အချာ ကိစ္စထား၍ ဆောင်ရွက်မည်ဟု သဘောစိုက်မိပါကြောင်း။

၁၈၇၆ ခုနှစ်တွင် ယခုကဲ့သို့ အောက်ကျ နောက်ကျဖြစ်လာသော ထုံးစံကိုမလိုက်မနာဘဲ ပစ်ပယ်ရန်လိုလည်း လိုသည်။ သင့်လည်း သင့်မြတ်သည်ဟု ထင်၏။ သို့သော်လည်း အခစားဝင်ရာတွင် **လိုက်နာရန် အခြားသော** စနစ်ကို ဖြည့်စွက်၍ ၎င်းစနစ်ကိုသာ လိုက်နာစေရမည်ဟု ထိထိရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက် တိုက်တွန်းနိုင်လောက်အောင် အသင့်ပြင်ဆင်မပြီးသေးမီ၊ ၎င်းဆုံးဖြတ်ချက်ကို ထုတ်ဖော်ကြေညာရန် သင့်မသင့်ကို သံသယရှိနေသေးပေ၏။ မင်းတရားကြီးဘုရား နတ်ရွာလားသည့် အခိုက်အတန့်တွင် ကျွန်ုပ်တို့နှင့် မြန်မာမင်းနိုင်ငံ ဆက်ဆံရေး အခြေအနေမှာ ဤကဲ့သို့ပင်ရှိနေပေ၏။

ဤကဲ့သို့ ကျေနပ်ဖွယ်အကြောင်း နည်းပါးသည့် ကျွန်ုပ်တို့၏ ဆက်ဆံမှုသည် ဘုရင်မင်းတရားကြီး နတ်ပြည် စံတော်မူပြီးသည့်နောက် ပြုပြင်ရန်အခွင့်သည် သာလိမ့်မည်ဟု မျှော်ခေါ်မိခဲ့၏။ နတ်ရွာစံ မင်းတရားကြီးမှာ မိမိအုပ်စိုးတော်မူခဲ့သော နယ်ပယ်၏ တစ်စိတ်တစ်ဒေသကို အပ်နှင်းရကြောင်း ဝန်ခံခြင်းအစရှိသော စာချုပ်များကို တံဆိပ်တော် ခပ်နှိပ် လက်မှတ်ထိုးရန်များကို များစွာတွန့်တိုမနှစ်မြို့တော်မူကြောင်းကို ကောင်းစွာသိပြီးဖြစ်၏။ ယင်းသို့သော စိတ်သဘောထားတော်မူခြင်းကြောင့် ကျွန်ုပ်တို့နှင့် ချုပ်ဆိုပြီး စာချုပ်အရ ဆက်ဆံမှုတို့ကို ပြုပြင်ရန် မလိုလားဘဲ ရှိတော်မူခဲ့သည်။

ကုန်သွယ်မှုတို့၌ နှစ်နှစ်ခြိုက်ခြိုက် စိတ်ညွတ်တော်မူခြင်း၊ ဘုရင်မင်းမြတ်တစ်ပါးတည်းသာ ပိုင်ဆိုင်ခြင်း (မိုနိုပိုလီ) ကိစ္စတို့ကို ချဲ့ထွင်၍ အသုံးပြုတော်မူခြင်းတို့မှာလည်း ဝါသနာတော် အထုံဟူ၍ပင် ယူဆဖွယ်ရှိတော့၏။ ထိုအထုံတော်ကြောင့် ဖြစ်ပေါ်လာကြရသော ခေတ္တမျှသာ ဖြစ်သော မကောင်းမှုအပေါင်းတို့သည် အရိုက်အရာ ခံတော်မူသည့် ဘုရင်မင်းမြတ်လက်ထက်တော်တွင် ယုတ်လျော့ပေလိမ့်မည်ဟု အောက်မေ့ရကြောင်း သို့သော်လည်း ယခုထက်တိုင် ကျွန်ုပ်တို့တောင့်တ မျှော်ခေါ်သည့်အတိုင်း အိန္ဒိယပြည်အစိုးရနှင့် ဆက်ဆံမှု သာလွန်ကောင်းမွန်စေရန် ယခု ဘုရင်သစ်သည် မိမိအလိုအလျောက် စကားကမ်းလှမ်း နှုတ်ခွန်းဆက်ခြင်းမရှိသေး။ ၎င်းပြင် ဘုရင်မင်းမြတ် နန်းသိမ်းပိုက်တော်မူစဉ်အခါက သွေးထွက်သံယိုအမှုအခင်းတို့ကြောင့် ကျွန်ုပ်တို့၏ စိတ်တွင်ဖြစ်ပေါ်လာသည့် စိတ်သဘောထားနှင့်လိုက်လျောစွာ ကျွန်ုပ်တို့က စတင် စကား ကမ်းလှမ်းရန်လည်း တစ်စုံတစ်ရာ အကြောင်းမပေါ်ပေါက်သေးပေ။

အိန္ဒိယပြည်အစိုးရက မိမိတို့မှာ စာချုပ်အရ တောင်းဆို ပိုင်သည့်အတိုင်း မန္တလေးမြို့ရှိ သံအမတ်ကို ကာကွယ်ရန် ကိစ္စတစ်ရပ်တွင် ဖိနှိပ်တောင်းဆိုရာဝယ်၊ မှူးမတ်တို့သည် ကန့်ကွက်ခြင်းကို လက်လျှော့ရသည်မှာ



မှန်ပေ၏။ မကြာသေးမီက မင်းညီ မင်းသား အများအပြား သတ်ဖြတ်ခြင်းကိစ္စမပြုမီကလေးတွင် မှူးမတ်အရာရှိတို့သည် ကျွန်ုပ်တို့သံအမတ်နှင့် ပေါင်းသင်းခြင်း သမဂ္ဂမှုတို့၌ လိုလားသည့် လက္ခဏာများ ပြသည်မှာ မှန်ပေ၏။ သို့သော် ယင်းသည့် လက္ခဏာများ ပြပြီးသည်နှင့် တစ်ပြိုင်နက် ကြောက်ရွံ့ထိတ်လန့်ဖွယ် အဖြစ်အပျက်တို့ကြောင့် ၎င်းတို့၏စိတ်ရင်းကို ကိုးစားခြင်းငှာ မဝံ့တော့ချေ။ ယခု ဘုရင်မင်းမြတ် နန်းတက်တော်မူသည်မှစ၍ မှူးမတ်တို့၏ ပြုမူပုံသည် ကျွန်ုပ်တို့နှင့် မြန်မာမင်း လွှတ်တော်အမတ်များနှင့် ဆက်ဆံမှုအတွက် မျှော်လင့်ခြင်းတို့မှာ ပိုမိုကောင်းမွန်ခြင်း မရှိဘဲ ပိုမိုထိခိုက်သည်သာ ဖြစ်၏။

နန်းတက်တော်မူခြင်း၏ အကြောင်းခြင်းရာများနှင့် နန်းတက်ပြီးသည်နှင့် တစ်ပြိုင်နက်ပေါ်ပေါက်လာသည့် ကြောက်မက်ဖွယ် သတ်ဖြတ်ခြင်းကိစ္စတို့ကို ဆင်ခြင်ရန်ထိုက်၏။ ဤအကြောင်းခြင်းရာ အရပ်ရပ်တို့၌ ကျွန်ုပ်တို့ ယခုတိုင် သိရှိရသမျှကို အတွင်းဝန်မင်း သိသာစေလိုကြောင်း အစီရင်ခံရန် အားထုတ်ပါအံ့၊ သို့သော် ဦးစွာ ကျွန်ုပ်တို့ စကားခံရမည်မှာ ကျွန်ုပ်တို့သည် အများပြည်သူ ပြောဆိုကြခြင်းကို ကြားနာရခြင်း၊ ညောင်ရမ်းမင်းသား ကိုယ်တိုင် အမိန့်ရှိခြင်းများကြောင့် သိရခြင်း ဖြစ်ပေသည်။ ပြောကြားချက်တို့မှာလည်း ပတ်သက်သောသူများက ပေးသော သတင်းဟူ၍သာ ယူမှတ်ထိုက်ပါကြောင်း။

နတ်ရွာစံ မင်းတရားကြီးမှာ သားတော်ပေါင်း ၃၀ မျှရှိရာ ယခု အင်္ဂလိပ်မင်းနယ်ပယ်အတွင်း ခိုအောင်းလျက်ရှိသော ညောင်ရမ်းမင်းသားလည်း တစ်ပါး၊ ယခု နန်းတက်တော်မူသော သီပေါမင်းသားလည်းတစ်ပါး ပါဝင်ပါကြောင်း၊ ကျွန်ုပ်တို့ကြားရသည့် သတင်းမှာ မှန်မူလည်း မှန်ရာ၏။ မှားမူလည်း မှားရာ၏။ **ကျွန်ုပ်တို့၏ ကြားရသတင်းမှာ သီပေါမင်းသား၏ ဇာတိတော်နှင့် ပတ်သက်၍ အစဉ်ဝင် သံသယမကင်း ဖြစ်ခဲ့၏။ ၎င်းမင်းသားသည် မိမိ၏အရိုက်အရာကို ဆက်ခံရန်ရွေးချယ်သောမင်းသားများတွင် မပါမရှိစေရဟု နတ်ရွာစံ မင်းတရားကြီးက ထပ်ခါ တလဲလဲ မိန့်တော်မူလေ့ရှိသည် ဟူသတတ်။** ညောင်ရမ်းမင်းသားမှာမူ ကျွန်ုပ်တို့ စုံစမ်းသိရှိရသည်မှာ ဇာတိတော်နှင့် ပတ်သက်၍ သံသယ လုံးဝကင်းရှင်းသည်သာမက တိုင်းနိုင်ငံအတွင်း၌ ချစ်ခင်စုံမက်သူပေါများ၍ ဉာဏ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း၊ သနားခြင်း၊ ကရုဏာရှိခြင်းများကြောင့် ခမည်းတော် မင်းကြီးက များစွာ မြတ်နိုး၍ ယုံကြည်စိတ်ချခြင်းကို ခံခဲ့ရပေသည်။

နိုင်ငံတော်၏ အစဉ်အလာ ထုံးတမ်းမှာ ဘုရင်မင်းမြတ်က သားတော်များထက် တစ်ပါးသော သားတော်ကို ရွေးချယ်၍ ထီးနန်းကို ဆက်ခံရမြဲဖြစ်၏။ မင်းတရားကြီး၏ သားတော်တိုင်း ထီးနန်းကို ဆက်ခံလို၏။ သားတော်တိုင်းမှာလည်း နောက်လိုက် ခြွေရံသင်းပင်း အသီးသီးရှိကြ၏။ နတ်ရွာစံ မင်းတရားကြီးသည် အချိန်အခါမသင့်မီ၊ အရိုက်အရာဆက်ခံမည့် မင်းအလောင်းအလျာ ရွေးချယ်မှုပြုတော်မူခဲ့သော် နိုင်ငံတော်အတွင်း တော်လှန်ခြင်းပြုရန် အထိမ်းအမှတ်ပေးသည် တူမှုလည်း တူရာ၏။ မိမိ၏အသက်တော်ကိုလည်း လုပ်ကြံရာ၏ဟု စိုးရိမ်မကင်း ရှိတော်မူခြင်းကြောင့် ဆောင်ရွက်ရမည့် ဝတ္တရားကို နောက်ဆုံးတိုင် ရွှေ့ဆိုင်း ဖင့်လေးတော်မူခဲ့သည်။ သို့သော် အများယုံကြည်ကြသည်မှာ မင်းတရားကြီးသည် သျှောင်ရမ်းမင်းသားကို အလောင်းအလျာအဖြစ် အာသာတော်ရှိကြောင်း၊ မကြာခဏ ညွှန်ကြားတော်မူလေ့ရှိကြောင်း၊ **သျှောင်ရမ်းမင်းသားက ကျွန်ုပ်တို့အား ပြောကြားသည်မှာ မိမိက နောင်တော် ညီတော်တို့အား အကြံပေးသည်နှင့် လိုက်လျောညီစွာ ခမည်းတော် ရွေးချယ်သည်ကို လိုက်နာကြစတမ်းဟူ၍ သားတော်ပေါင်း ၃၀တို့က သဘောတူ လက်မှတ်ရေးထိုးကြကြောင်း၊ ၎င်းလက်မှတ် ရေးထိုးသည့်စာချုပ်၏ ရည်ရွယ်ရင်း သဘောမှာ နိုင်ငံတော်အတွင်း တော်လှန်ခြင်း ဆင်းရဲဒုက္ခတို့မှ ငြိမ်းစေကြောင်းဖြစ်၏။**

ဘုရင်မင်းမြတ် မမာတော်မူ၍ နတ်ရွာလား လုဆဲတွင် သားတော် သျှောင်ရမ်းမင်းသားကို အခေါ်လွှတ်တော်မူ၏။ သို့သော်လည်း ထိုအတောအတွင်းတွင် ယခု ဘုရင်မင်းမြတ်၏ မယ်တော်သည် ရွှေနန်းတော်ကို သိမ်းပိုက်တော်မူနှင့် ပေပြီ။ သျှောင်ရမ်းမင်းသားသည်လည်း ကောက်တကျစ်ပြုလုပ်ခြင်းခံရမည့်အရေးကို စိုးရိမ်တော်မူသဖြင့် ဘုရင်မင်းမြတ်၏ အမိန့်တော်ကို နာခံတော်မမူဘဲ နှောင့်နှေးဖင့်လေးပြုလုပ်လေ၏။ နောက်များမကြာမီအတွင်း ယခု မင်းမြတ်၏ မယ်တော်နှင့် မှူးတော် မတ်တော်တို့သည် သီပေါမင်းသားကို ဘုရင်မင်းမြတ်ကိုယ်စားတော် နိုင်ငံကို အုပ်ချုပ်တော်မူလိမ့်မည်ဟု ကြေညာတော်မူကြ၏။ ထိုနောက် မင်းတရားကြီးဘုရား



နတ်ပြည်စံလွန်တော်မူကြောင်း၊ သီပေါမင်းသား အရိုက်အရာကို ဆက်ခံတော်မူကြောင်းကို ကြေညာကြကုန်၏။

သျှောင်ရမ်းမင်းသားနှင့် ၎င်းညီတော်တို့သည် ဗြိတိသျှသံတဲတွင် ခိုအောင်းတော်မူကြ၏။ ၎င်းမင်းသား နှစ်ပါးကို ပြန်လည်အပ်နှင်းရန် မှူးမတ်များက ကျွန်ုပ်တို့ သံအမတ် မစ္စတာရှော(Mr. Shaw) သို့ တောင်းဆိုသော်လည်း မစ္စတာရှောက မအပ်နှင်းချေ။ နောက်ဆုံး၌ ၎င်းမင်းသားနှစ်ပါးကို အင်္ဂလိပ်ပိုင်နယ်အတွင်းသို့ ရွှေ့ပြောင်းထားရန် ပြောဆို၏။ အဘယ်ကြောင့်ဆိုသော် ၎င်းမင်းသားနှစ်ပါးကြောင့် တိုင်းနိုင်ငံ မငြိမ်မသက်ရှိမည်ကို စိုးရိမ်ခြင်းကြောင့်ဟူ၍ အကြောင်းပြ၏။ ဤပြောဆိုချက်အတိုင်း ကျွန်ုပ်တို့က လိုက်လျောစွာပြု၏။ မင်းသားနှစ်ပါးကို ကာလကတ္တား မြို့တော်သို့ ခေါ်ယူလာပြီးလျှင် ဗြိတိသျှအစိုးရမင်းတို့၏ စရိတ်စကနှင့် ဗြိတိသျှအစိုးရတို့၏ အစောင့်အရှောက်နှင့် နေထိုင်တော်မူကြ၏။

သီပေါဘုရင်မင်းမြတ်သည် နန်းတက်တော်မူ၍ ရှေးဦးစွာ ဆောင်ရွက်တော်မူခြင်းမှာ အတွင်းဝန်မင်းထံ အစီရင်ခံခဲ့သည့်အတိုင်း ဆွေတော်မျိုးတော်တို့ကိုသတ်ဖြတ်ခြင်း ကိစ္စဖြစ်၏။ ဤကဲ့သို့ သတ်ဖြတ်ရာတွင် သျှောင်ရမ်းမင်းသားနှင့် နီးစပ်သော ဆွေတော်မျိုးတော် မည်မျှပျက်စီးကြရရှာသည်ကို ကျွန်ုပ်တို့ မပြောနိုင်ပါ။ ကျွန်ုပ်တို့ရရှိသည့် သတင်းမှာ ဘုရင်မင်းမြတ်၏ အမိန့်တော်နှင့် တစ်ညဉ့်အတောအတွင်းတွင်ပင် ဦးရေ ၈၀ထက်မနည်းသော ဆွေတော်မျိုးတော်တို့ကို သတ်ဖြတ်လေသည်။ သို့သတ်ဖြတ်ခြင်း ခံရရာတွင် သျှောင်ရမ်းမင်းသားနှင့် နီးစပ်သူ ဆွေတော်မျိုးတော်များ အထူးခံကြရပေသည်။ နောက်ထပ် ရရှိသော သတင်းများအလိုမှာ ထိုစဉ်အခါက သတ်ဖြတ်ခြင်းခံရသူ ဦးရေမှာ ၃၂ ထက် မပိုမိုကြောင်း၊ သျှောင်ရမ်းမင်းသား၏ မယ်တော်နှင့် အမျိုးတော်စပ်သူ မင်းသမီးများမှာ လွတ်တော်မူကြကြောင်း၊ သျှောင်ရမ်းမင်းသား၏ ဆွေတော်မျိုးတော် အမြောက်အမြားကို သတ်ဖြတ်သည်ဟု ယူဆသည်ရှိသော် ဘုရင်မင်းမြတ်၏ပြုမူခြင်းသည် လောကရှိ လူခပင်းတို့ကို ကျူးလွန်သည်နှင့်တူ၏။ ထို့ပြင် ဘုရင်မင်းမြတ်၏တောင်းဆိုချက်အရ ဗြိတိသျှအစိုးရက သျှောင်ရမ်းမင်းသားကို နိုင်ငံတော် အနီးအပါးမှ ဆောင်ကြဉ်းထားရသည်ကို တောက်သည်ရှိသော် အကယ်၍ သျှောင်ရမ်းမင်းသားသည် အနီးအပါး၌ရှိပါမူ မိမိ၏ ဆွေတော်မျိုးတော်တို့၏ အသက်

www.burmeseclassic.com

www.burmeseclassic.com



သားကို ကာကွယ်စောင့်ရှောက်နိုင်ပေမည်။

သို့ဖြစ်ခြင်းကြောင့် ဤကဲ့သို့ သတ်ဖြတ်ခြင်းတို့သည် အိန္ဒိယအစိုးရကို တမင်သက်သက်စော်ကားရန်ရည်ရွယ်သည်ဟု ကျွန်ုပ်တို့အယူရှိပါကြောင်း၊ ယခုဘုရင်သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စောင့်စည်းအပ်သည့် ဝတ္တရားတို့ကို ဂရုမမူဘဲပြုလုပ်မည့် သဘောရှိတော်မူသည်ဟု ကျွန်ုပ်တို့ ထင်မြင်ချက်ကို ထောက်ခံသည့်အခြား အရိပ်လက္ခဏာများရှိသေး၏။ **ဆွေတော်မျိုးတော်တို့ကို သတ်ဖြတ်သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်တို့၏ သံအမတ်ထံမှ သတင်းရှိသည်မှာ ကာလကတ္တားမြို့တွင် ဗြိတိသျှအစိုးရ၏ နယ်ပယ်အတွင်း ဗြိတိသျှအစိုးရ၏ အစောင့်အရှောက်ကို ခံစားလျက်ရှိနေသော ညောင်ရမ်းမင်းသားကို သတ်ရန် တိတ်တိတ်ပုန်း တမန်များကို စေလွှတ်ပြီဟူသော သတင်းသည် မန္တလေးမြို့၌ အနှံ့အပြားဖြစ်နေကြောင်း။**

ကျွန်ုပ်တို့ထံ ဤသတင်းရောက်လျှင် ရောက်ချင်းပင် ညောင်ရမ်းမင်းသားမှာလည်း ဘင်္ဂလားနယ် ဘုရင်ခံထံသွားရောက်၍ မိမိ၏အသက်အတွက် သီပေါမင်းဘုရင်မင်းမြတ်က စေလွှတ်သည့် သူက လုပ်ကြံမည်ကို စိုးရိမ်မကင်းရှိနေရကြောင်း ပြောကြား၏။ ထိုသည်နှင့် စုံစမ်းခြင်းပြုလုပ်သည်ရှိသော် မိမိတို့အကြောင်းကို ကျေနပ်လောက်အောင် မပြောမဆိုနိုင်သောလူအချို့တို့သည် အထက်မြန်မာပြည်မှ ကာလကတ္တားမြို့သို့ရောက်ရှိကြောင်းကို ပုလိပ်အရာရှိတို့ တွေ့ရှိရကြောင်း၊ ၎င်းတို့သည် ညောင်ရမ်းမင်းသား၏ နေထိုင်ရာအရပ်ကို မသင်္ကာဖွယ် စုံစမ်းလျက်ရှိကြောင်းကို သိရ၏။ ပုလိပ်အမှုထမ်းတို့က ၎င်းသူများကို ဂရုစိုက်၍ ကြည့်ရှုလျက်ရှိကြောင်း ပြောဆိုသည့်အခါ သူတို့သည် မြန်မာပြည်သို့ ရုတ်ချည်းပြန်သွားကြလေသည်။

ကြောက်မက်ဖွယ် သတ်ဖြတ်ခြင်းအမှုတို့ ယခုအခါ ရပ်စဲနေခြင်းမှာ ကျွန်ုပ်တို့ အမိန့်အရ ကျွန်ုပ်တို့ သံအမတ်၏ မြစ်တားခြင်းကြောင့် ဖြစ်ဟန်ရှိသည်။ သို့ရာတွင် ဤမြစ်တားခြင်းတို့ကို အလေးမပြုဘဲ နေလိုက နေပိုင်ကြောင်းကိုလည်း မြန်မာမှူးမတ်တို့က ပြောဆိုသေးကြောင်း၊ ၎င်းနောက် တိုင်းပြည် မငြိမ်မသက် လှုပ်ရှားနေကြောင်း၊ ကောလာဟလများအကြောင်း၊ စစ်မက်ရေးရာအတွက် ပြင်ဆင်လျက်ရှိကြောင်း၊ မန္တလေးမြို့တော်တွင် နိုင်ငံခြားသားများအတွက် စိတ်မချရကြောင်း သံအမတ်ထံမှ ကြေးနန်းသတင်းရရှိသည်နှင့် ၎င်းတို့ကို ကာကွယ်ရန် အလို့ငှာ အချိန်မနှေးနေဘဲ (ရောဝတီ)ခေါ် မီးသင်္ဘောကို စေလွှတ်ရန်စီမံ၏။ သို့သော်လည်း သံအမတ်မစ္စတာရှော (Mr .Shaw)က ယင်းသည့် စီမံချက်ကို မိမိ၏ထင်မြင်ချက်အရ တောင်းပန်သည်မှာ ဤစီမံချက်ကြောင့် မန္တလေးမြို့ရှိ မြန်မာအရာရှိများ၏ စိတ်တွင် ခံပြင်းသည့်စိတ် ပေါ်ပေါက်လာပါမူ ဤစီမံချက်သည် လုံလောက်သောကာကွယ်ခြင်း ပေးနိုင်မည် မဟုတ်ကြောင်းဟု မစ္စတာရှောက ထင်မြင်ကြောင်း၊ သို့ပါ၍ ဤမှ **ရှေ့အဖို့ ကျွန်ုပ်တို့သည် ဗြိတိသျှပိုင်မြန်မာပြည်အတွင်းရှိ စစ်တပ်ကို နောက်ထပ်အားဖြည့်ခြင်း အားဖြင့်သာ တင်ကြို၍ စီမံခြင်းပြုလုပ်မည်သာလျှင်တည်း။**



အတွင်းဝန်မင်း လေးလေးနက်နက် ဆင်ခြင်တော်မူရန် ကျွန်ုပ်တို့ အစီရင်ခံသည့်အချက် အရပ်ရပ်တို့ကို စိစစ်သည်ရှိသော် **ကျွန်ုပ်တို့ယူဆဆုံးဖြတ်သည့်အတိုင်း မြန်မာတိုင်းနိုင်ငံနှင့် ဆက်ဆံမှုကို ယခုအခြေအတိုင်း ဆက်လက်၍ သည်းခံနေခြင်းသည် အလွန့်အလွန်မသင့်လျော်ရုံမျှမက ဖြစ်လည်း မဖြစ်နိုင်ကြောင်းကို အတွင်းဝန်မင်းလည်း သဘောတူညီတော်မူလိမ့်မည်ဟု ကျွန်ုပ်တို့ သံသယမရှိ ယုံကြည်ပါကြောင်း၊** မန္တလေးမြို့လွှတ်တော်သို့ ကျွန်ုပ်တို့ သံအမတ်တောင်းဆိုသည့် အရေးမကြီး သောအမှုဖြစ်စေ၊ အရေးကြီး၍ သင့်လျော်သော လျှောက်လဲချက်ဖြစ်စေ၊ များစွာ ခိုင်လုံသော တိုင်တန်းချက်ဖြစ်စေ ကျွန်ုပ်တို့က ဖိနှိပ်ခြင်းပြုလျက်၊ ဆက်လက်ကန့်ကွက် ခုခံခြင်းပြုခဲ့သော် ဘေးအန္တရာယ် ရှိမည်ဟူ၍ မစိုးရိမ်မခြင်း၊ မရိပ်မိသမျှ ကျွန်ုပ်တို့၏ တောင်းဆိုချက်ကို လေးလေးစားစား ဆင်ခြင်သည်ဟူ၍ မရှိဖူးပေ။ ယင်းသို့ ရိပ်မိသည့် အခြေတိုင်ရောက်ရှိခဲ့သော်သာ မြန်မာမင်းအစိုးရသည် ကျွန်ုပ်တို့ တောင်းဆိုချက်နှင့် လိုက်လျောစွာ ပြုရာ၏။

သို့သော် ဤကဲ့သို့ အလွန် ကျပ်တည်းလှသော အကြောင်းတို့ဖြင့် ဆက်ဆံနေရခြင်းသည် စိုးရိမ်ဖွယ်ဖြစ်၏။ မဖြစ်လောက်သော အထင်လွဲမှုကြောင့် ကြီးကျယ်လေးလံသော ရှုပ်ထွေးခြင်းများသည် ပေါ်ပေါက်လာရ၏။ ကျွန်ုပ်တို့ မမျှော်လင့်သော နိုင်ငံရေးအကြောင်း တစ်ခုခုကြောင့် အထက်မြန်မာပြည်တွင် ယခုလက်ရှိ အစိုးရထက်ပိုမို အမြင်ကျယ်၍ ဗြိတိသျှအစိုးရအပေါ်သို့ ပိုမိုသင့်မြတ်သော စိတ်ထားရှိမည့် အစိုးရမျိုးပေါ်ပေါက်တန်ရာ၏

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်တို့သိ၏။ သို့သော် ယင်းသို့သော အခြေအနေကို ယခုအခါ မျှော်လင့်ရန် အခွင့်မမြင်သေး၊ **ဤအခြေအနေမျိုး ရုတ်တရက်မပေါ်ပေါက်ခဲ့သော် လက်ဦးဆုံးအခွင့်သာသည့်အခိုက်တွင် ကျွန်ုပ်တို့အလိုရှိသည့်အတိုင်း စုံလင်ကျယ်ပျံ့သော ဆက်ဆံမှုပြင်ဆင်ရေးများကို လက်သင့်ခံစေရန် စီမံရပေမည်။**

ဤကဲ့သို့ ပြင်ဆင်ရေး စီမံရာတွင် ကျွန်ုပ်တို့ သံအမတ်၏အခြေကို အရေးအကြီးဆုံးဟူ၍ ပထမနေရာထားပြီးလျှင် စဉ်းစားရပေလိမ့်မည်။ ၎င်းသည် အများနှင့် သက်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ ဘုရင်မင်းမြတ်အပါးတော်သို့ ဝင်ရောက်သည့်အခါ မိမိ၏အထူးကိုယ်စား ဆောင်ရွက်ရသည့်ကိစ္စရပ်များတို့၏ အရေးကြီးခြင်း ကိုယ်စားပြုရမည့်တိုင်းနိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်လျောက်ပတ်သောနည်းမျိုးဖြင့် လွတ်လပ်စွာ ဝင်ရောက်ခွင့်ကို တောင်းဆိုရန် လိုပေလိမ့်မည်။ ဤအခြေအနေရောက်သည့်တိုင်အောင် စီမံသည်ရှိသော် ဤအစီရင်ခံစာတွင် ဖော်ပြပြီးဖြစ်သည့် အခြားကိစ္စတို့ကို ကျေနပ်လောက်အောင် စီမံရန်ကိစ္စများအတွက်၊ အရေးကြီးသော အနှောင့်အယှက် အဟန့်အတားရှိတော့မည် မဟုတ်ပါကြောင်း။

သို့ပါ၍ ကျွန်ုပ်တို့ အစီရင်ခံလိုသည်မှာ ကျွန်ုပ်တို့ရှေးရှု မျှော်လင့်ချက်တို့ကို ရှင်းလင်းစွာ အထက်မြန်မာပြည် ဘုရင်မင်းမြတ်ကို သိတော်မူစေလျက် တိုင်းပြည်အုပ်ချုပ်ခြင်း စနစ်ကို ပြုပြင်ပြောင်းလဲတော်မူလိမ့်မည်ဟု မျှော်ခေါ်ကြောင်းကို အတိအလင်း သံတော်ဦးတင်ရန် သင့်မြတ်ပြီဟု ထင်မြင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရွှေနန်းတော်အတွင်း၌ ကျွန်ုပ်တို့သံအမတ်၏ အခြေအနေ မပြီးမပြတ်ကျန်ရှိနေသေးသည့် အယူလွဲချက် နစ်နာချက်များ၊ စာချုပ်သဘောအရ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ဆက်ဆံမှုတို့ကို ပြန်လည်စိစစ်ရန် ကိစ္စများကို တိုးတက်ကောင်းမွန်စေကြောင်း၊ ကျွန်ုပ်တို့က စီမံရန် အလိုရှိကြောင်းကို သံတော်ဦးတင်ရန် ရည်သန်ပါကြောင်း၊ ယခု အစီရင်ခံစာတွင် ပါရှိသည့် မရှင်းလင်းသော ကိစ္စအရပ်ရပ်တို့သည် ရှင်းလင်း ပြတ်စဲရန်မှာ ကျွန်ုပ်တို့ စီမံမည်ဟု ရည်သန်သည့်အတိုင်း ဆောင်ရွက်မှုသာ ဖြစ်နိုင်မည်ဟု ကျွန်ုပ်တို့ ကေန် အယူရှိ၏။ ဤစီမံချက်ကို ဆောင်ရွက်ရာတွင် အတွင်းဝန်မင်း၏ အခွင့်နှင့် အထောက်အပံ့ကို ရယူလိုပါကြောင်း အစီရင်ခံပါကြောင်း။



| | | |
|---|---|---|
| (ပုံ) | လစ်တန် | Lytton |
| | အာရဘာတ်နော့ | A.J.Arbuthnot |
| | အေကလပ် | A. Clarke |
| | ဂျေစတရာချီ | J.Strachey |
| | ဒဗလျူစတုတ် | W. Stokes |
| | အေအာရ်သောမဆင် | A.R. Thompson |

* * *

စာမှတ် (၁၂)
အိန္ဒိယပြည်၊ အစိုးရနိုင်ငံခြားရေးဌာန
၁၈၇၉ခုနှစ်၊ အမှတ် (၆၅)
ဇကရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေးဌာန
အတွင်းဝန်မင်း လော့ခရိုင်ဘရွတ်ထံ

အစီရင်ခံစာ
(ကောက်နုတ်ချက်)
၁၈၇၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့
လာဟိုမြို့၊ ခေတ္တစခန်း

မတ်လ ၇ရက်နေ့က အစီရင်ခံစာပေးပို့ပြီးသည့်နောက် အထက်မြန်မာပြည်တွင် ဖြစ်ပျက်လျက်ရှိသော အကြောင်းများနှင့် ပတ်သက်၍ အိန္ဒိယအစိုးရက ရရှိသော ဖေဖော်ဝါရီလ ၁၈ ရက် ၎င်းသတင်းများ မှန်ကန်ကြောင်း ထောက်ခံချက်ရပြီး၊ အကျဉ်းချုပ်နှောင်ထားသော အချို့မင်းသမီး မင်းသားများကို နန်းတော်မှ ထောင်သို့ယူဆောင်ပြီးလျှင် သတ်ဖြတ်ကုန်ပြီဟု သတင်းရ၏။ မည်သည့်မင်းသားများ ပျက်စီးတော်မူကြကုန်ပြီဟူ၍ သတင်းမျိုးရေးကလည်း ဖြစ်ခဲ့ဖူး၏။ သို့သော်လည်း မမှန်သတင်းမျှ ဖြစ်ကြကုန်၏။ သို့သော်လည်း ညဥ့်နေစောင်းသည့်အခါ သတင်းသည် သေချာသည်ထက် သေချာ၍လာပေ၏။ ဘုရင်မင်းမြတ်၏ ညီတော် နှောင်တော်အားလုံး သားမယားနှင့်တကွ ကလေးသူငယ်များပါ ပျက်စီးတော်မူကြကုန်ပြီဟု အတိ

www.burmeseclassic.com

www.burmeseclassic.com



အလင်း ပြောဆိုကြကုန်၏။

ဖေဖော်ဝါရီလ ၁၉ ရက် ကြောက်မက်ဖွယ် သတင်းများကို ငြင်းဆိုသူမရှိ၊ ဟုတ်မှန်ကြောင်း ထောက်ခံချက် အပြည့်အစုံရပေပြီ။ ကြားရသော သတင်းအမျိုးမျိုးတို့ကို ခြုံ၍ကြည့်သော် အလျင်က တင်ကြို၍ ရှင်းထားသော ထောင်သို့ စနေနေ့မှ အစပြု၍ နိုင်ငံရေးအကျဉ်းသမားများကို သယ်ယူလေသည်။ အချို့ကို ထိုညဥ့်တွင်းပင်လျှင် သတ်၏။ တချို့ကို နောက် နှစ်ညဥ့်ဆက်၍ သတ်၏။ ထောင်၏အနီးအနားတွင် တွင်းကြီးတစ်တွင်းတူးထား၏။ ဤတွင်းထဲသို့ သတ်ပြီး၍ သေသူများ၏ အလောင်းကို ပစ်ချ၏။ ကလေးသူငယ်များနှင့်မိန်းမများကမိမိတို့၏အသက်ကိုချမ်းသာပေးပါမည့်အကြောင်း တောင်းပန်ကြသော်လည်း ချမ်းသာခွင့် မရကြကြောင်း၊ သနားဖွယ်ရာ သတင်းစကားများ ကြားရပါသည်။ ထိုသူများတို့၏ အော်ဟစ် ငိုကြွေးကြသော အသံတို့ကို အခြားတစ်ပါး မလွင့်စေရန် အာဏာသားတို့သည် လည်ပင်းကိုညှစ်၍ သတ်သဖြင့် သေစေ၏။ အချို့ လူများကို လေးလံသော တုတ်ကြီးများနှင့် ရိုက်နှက်၍ သေစေ၏။ သေရည် သောက်စားမူးယစ် သူ အာဏာသားများသည် ဤတုတ်များနှင့် အဖန်တလဲလဲ ရိုက်နှက်မှသာလျှင် အချို့မှာ ဝေဒနာကင်းငြိမ်း၍ သေခြင်းသို့ ရောက်ရှာကြလေသည်။

အာဏာသားတို့မှာ ယခု နှိပ်စက်ညှဉ်းပန်းခြင်းအမှုတို့ကို ပြုလုပ်ရာအရပ် ဖြစ်သော ထောင်ကြီးမှ ဤကိစ္စအတွက် သက်သက်ရွေးချယ်၍ ထားသော အလွန်ဆိုးရွားခက်ထန်သည့် အကျဉ်းသမားကြီးများ ဖြစ်ကြလေသည်။ မင်းသားများအနက် အကြီးဆုံးဖြစ်သော သုံးဆယ်မင်းသားတစ်ပါးတည်းသာလျှင် သတ္တိကိုပြပေ၏။ သုံးဆယ် မင်းသားသည် ရယ်မောလျက် ညီတော်တို့အား မိန့်တော်မူသည်မှာ ညီတော်တို့ကို လွှတ်မည်မဟုတ်။ သတ်လိမ့်မည်ဟု နောင်တော် အမိန့်ရှိခဲ့သည် မဟုတ်ပြီလောဟူ၍ အမိန့်တော်ရှိသည်ဟုသတတ်။ တနင်္ဂနွေနေ့ ညဥ့်၊ ၁၆ ရက်နေ့တွင် ဘုရင့်သားတော် အစစ်ဖြစ်ကုန်သော မင်းသားများ၏ အလောင်းတော်များကို လှည်း ၈ စီးဖြင့် အနောက်အာဋ္ဌဝီတံခါးမှ သယ်ယူ၍ ထုံးစံရှိသည့်အတိုင်း မြစ်တွင်းသို့ မျှော၏။ မိန်းမဆွေတော်မျိုးတော်တို့ကိုကား ထောင်၏အနီးတွင် အသင့်တူးနှင့်ပြီးသော တွင်းကြီးထဲသို့ ပစ်ချကြ၏။

ဤကဲ့သို့ အသတ်ခံရလေအောင် မင်းသားများသည် တစ်စုံတစ်ရာ



လုပ်ကြံခြင်းဟူ၍ မရှိခဲ့ပေ။ မှူးမတ်များက ထိုကဲ့သို့ သတ်ဖြတ်မှုများကို မပြုမလုပ်ရန် ဘုရင်မင်းမြတ်အား ဖျောင်းဖျ အသနားခံကြသော်လည်း အချည်းနှီးသာလျှင် ဖြစ်ကြ၏။ ရေနံချောင်းမင်းကြီးနှင့် မကွေးမင်းကြီးတို့ကို ရာထူးမှ နုတ်ပယ် ရုပ်သိမ်းစဉ်တွင် ဤသတ်ဖြတ်မှုတို့ကို ဘုရင်မင်းမြတ်သည် ကြံရွယ်ပြီး ဖြစ်ဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤမင်းကြီးနှစ်ပါးသည် ဤကိစ္စကို ကန့်ကွက်ခြင်းပြုသဖြင့် ၎င်းနှစ်ပါးကို ရာထူးမှ ရုတ်တရက် ချသောကြောင့် မှူးမတ်အပေါင်းတို့၏ အားကိုယုတ်လျော့စေ၏။ ဘုရင်မင်းမြတ်၏မယ်တော်သည် ဤကိစ္စကိုများစွာ အားပေးတိုက်တွန်းသည်ဟူ၏။ မကြာသေးမီက အတွင်းဝန်ရာထူးဖြင့် အသနားတော်မြတ်ခံရ၍ ဘုရင်မင်းမြတ် မြတ်နိုးတော်မူလှသော စစ်ဘက်ဆိုင်ရာ ခက်ထန်လှသည့် အရာရှိတစ်ဦးက အထူးတိုက်တွန်းသည်ဟု သိရ၏။ ၎င်းအတွင်းဝန်၏ သားသည် ဖခင်၏နေရာ ထောင်တပ် ဗိုလ်မှူးရာထူးကိုရ၏။ ၎င်းသည် ဤ သတ်ဖြတ်မှုတို့တွင် အပါအဝင် ဖြစ်၏။ မကြာမီက ရွှေမြို့တော်ဝန်ရာထူးဖြင့် ချီးမြှင့်ခြင်းကို ခံရသော တိုက်လေ့မှူးသည်လည်း ထို့အတူပါဝင်၏။

သတင်းများသည် တစ်ခုနှင့်တစ်ခု မညီညွတ်သော်လည်း ကြားရသည်မှာ အချို့သော ဆွေတော်မျိုးတော်တို့သည် ချမ်းသာစွာ အသက်ရှင်လျက်ရှိ၏။ ယင်းသို့ ချမ်းသာနေသေးသည့် ဆွေတော်မျိုးတော်များမှာ ယခု ကာလကတ္တားမြို့တွင် နေထိုင်တော်မူလျက်ရှိသော မင်းသားများ၏ မယ်တော် နတ်ရွာစံမင်းတရားကြီး မြတ်နိုးသဒ္ဒါတော်မူလှသည့် တစ်ပင်တိုင် စလင်းမင်းသမီး၊ ၁၈၆၆ ခုနှစ်တွင် အသတ်ခံရတော်မူသော အိမ်ရှေ့ကိုယ်တော်ကြီး၏ အချို့သော သားသမီးများဖြစ်ကြောင်း၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နေ့များတွင် ဖြစ်ပျက်လျက်ရှိကုန်သော၊ မှုခင်းကိစ္စတို့သည် အတည်အမှန်ဖြစ်ကြောင်း၊ မည်မျှ ကျယ်ဝန်းကြောင်းကို ကျွန်ုပ် ၁၈ ရက်နေ့ ညနေတွင် ကြေးနန်းရိုက်ကြား ပြီးသည့်တိုင်အောင် မသိရသေးပေ။ ကြွင်းကျန်ရစ်သည့်သူများအတွက် များစွာ စိုးရိမ်မကင်းဖြစ်ရှိနေခြင်းကြောင့်၊ ၎င်းကျန်ရစ်သူများ၏ ချမ်းသာရာ ချမ်းသာကြောင်းကို ကြံစည် စဉ်းစားရပေမည်။ ကျွန်ုပ်သည် ဝန်ထောက်ကို အခေါ်လွှတ်၏။ သို့သော်လည်း အတန်ကြာ နှောင့်နှေးပြီးမှ နက်ဖြန်လာမည်ဟု စကားပြန်ကြားလိုက်၏။ ကျွန်ုပ်သည် အသင့်စီ

www.burmeseclassic.com

www.burmeseclassic.com



စဉ်ပြီးရှိသည့်စာကို (ရှေးက နိုင်ငံခြားဝန်ရာထူးဖြင့် ဆောင်ရွက်၍) ယခု အမတ်ချုပ်ကြီးထံ ပေးလိုက်သည်။ (၎င်းစာတွင် ကျန်ရစ်သော ဆွေတော်မျိုးတော်များ ချမ်းသာစေရန် အမတ်ချုပ်ကြီးက အားထုတ်ပါမည့်အကြောင်း၊ အကယ်၍ နောက်ထပ်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သော် ကျွန်ုပ်သည် ကျွန်ုပ်၏ အလံကို ဖြုတ်ချရတော့မည် ဖြစ်ကြောင်း၊ ၎င်းစာသည် အမတ်ချုပ်ကြီး၏ လက်မှ အခြားတစ်ပါး မပျောက်ပျက်စေရန်လည်းကောင်း၊ အမတ်ချုပ်ကြီး ၏စိတ်တွင် အရေးတကြီးဖြစ်စေရန်ကိုလည်းကောင်း ရည်ရွယ်၍ စာနှင့်၊ အလားတူ ကြေးနန်းများနှင့် ပြန်ကြားသော ကြေးနန်းများကို အတွင်းဝန်မင်း ထံ ဆက်သလိုက်ပါသည်။ ထို့ပြင် မန္တလေးမြို့ သံအမတ်ထံမှရရှိသောနေ့စဉ် မှတ်တမ်း မိတ္တူကို ဆက်သလိုက်ပါသည်။ **၎င်းမှတ်တမ်းတွင်လွှန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဆွေတော်မျိုးတော်များ သတ်ဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအကျယ်ပါရှိပေသည်။**

သတ်ဖြတ်ခြင်းခံရသည့် ဆွေတော်မျိုးတော်များ၏ အမည်တော်များနှင့် ဦးရေကို အိန္ဒိယအစိုးရတို့သည် အသေအချာ မသိရသေးပေ။ သို့သော်လည်း ယုံကြည်လောက်သော အကြောင်းတစ်စုံတစ်ရာ မရှိဘဲ၊ များစွာကြမ်းတမ်း ရက်စက်စွာ လူအမြောက်အမြားကို သတ်ဖြတ်ပစ်ခြင်းကားမှန်၏။ ဤကျူး လွန်မှုတို့ကို မှူးမတ်များ သဘောမတူကြဟူ၍ ယုံကြည်ရန်အကြောင်း ရှိ၏။

နိုင်ငံတော် အုပ်ချုပ်ဆောင်ရွက်ရေးအာဏာသည် သက်ဝါကြီးရင့်သည့် မှူးကြီးမတ်ကြီးတို့ လက်ထဲတွင်မရှိတော့ကြောင်း ဟူ၍သိရ၏။ ၎င်းအာဏာ သည် ရွှေနန်းတော်တွင်းရှိ မစူးမစမ်း ခက်ထန်ကြမ်းတမ်းသည့် လူတစ်စု လက်တွင်းသို့ ရောက်နေပြီဟူသတတ်။ ဤလူတစ်စုအကြောင်းနှင့်ပတ်သက် ၍ သံအမတ်ထံမှ အတွင်းစကားရသည်မှာ ၎င်းတို့သည် မည်သည်ကို ပြုလုပ်ကြလိမ့်မည်ဟူ၍ ခန့်မှန်းတွေးဆ၍ မရနိုင်ကြောင်း ရွှေမြို့တော် တွင် ဤကဲ့သို့အုပ်ချုပ် လမ်းညွှန်သော အာဏာလက်ပြောင်းခြင်းသည် ဆွေတော် မျိုးတော်များကို သတ်ဖြတ်မှုကြောင့် တိုင်းနိုင်ငံ မငြိမ်မသက် မလုံမခြုံဟု ပြည်သူစိတ်တွင် ထင်နေခြင်းကို ရည်ကြာစေသည်။ ဤသို့ ထင်နေသော စိတ်သည် မြန်မာပြည် နယ်နိမိတ်ကို ကျော်လွန်၍ ဗြိတိသျှပိုင် မြန်မာပြည် သို့လည်း ပျံ့နှံ့ကူးစက်ပါကြောင်း။

(ပုံ) လစ်တန်



စာမှတ် (၁၂) တွင် အကျွမ်းဝင်စာ (က)

၁၈၇၉ မတ်လ ၇ရက်နေ့ရိုက် ကြေးနန်း

ရန်ကုန်မြို့ ကော်မရှင်နာမင်းကြီးထံမှ ကာလကတ္တားမြို့ နိုင်ငံခြားရေး အတွင်းဝန်ထံသို့ မန္တလေးသံအမတ်ရှောထံမှ ကြေးနန်းရရှိ၍ ၁၂ ရက်တွင် မတော်တဆ ကျွန်ုပ်တို့ကို လုပ်ကြံလိမ့်မည်ဟု လျှို့ဝှက်သော သတင်းရ၏။ ပမာနပြုသင့် မပြုသင့်အတွက် သိသာရန် အစီရင်ခံပါ၏။

* * *

စာမှတ် (၁၂) တွင် အကျွမ်းဝင်စာ (ခ)

၁၈၇၉ ခု၊ မတ်လ ၇ရက်နေ့ရိုက် ကြေးနန်း

ကာလကတ္တားမြို့ နိုင်ငံခြားရေး အတွင်းဝန်ထံမှ ရန်ကုန်မြို့ ကော်မရှင် နာမင်းကြီးထံသို့ မန္တလေးသံအမတ် ရှောထံမှ တစ်ဆင့် ၇ရက် နေ့စွဲနှင့် ရိုက်ကြားသည့် ကြေးနန်းကို ရရှိ၏။ အကြောင်းခြင်းရာများကို ထောက်၍ မည်သို့ တင်ကြိုစီမံရန် ရည်သန်သနည်း။ သံအမတ်ရှောကို တိုင်ပင်လေ။

* * *

စာမှတ် (၁၂) တွင် အကျွမ်းဝင်စာ (ဂ)

၁၈၇၉ခု၊ မတ်လ ၈ရက်နေ့ရိုက် ကြေးနန်း

ကာလကတ္တားမြို့နိုင်ငံခြားရေးအတွင်းဝန်ထံမှ ရန်ကုန်မြို့ ကော်မရှင် နာမင်းကြီးထံသို့ အောက်ပါကြေးနန်းကို မန္တလေး သံအမတ်ရှောထံသို့ ယနေ့ရိုက်ကြားလိုက်သည်။

(အစ)။ မတ်လ ၁၂ ရက်နေ့တွင် သတိထားရန်၊ ရန်ကုန်မြို့သို့ ရိုက်ကြားလိုက်သည့် ကြေးနန်းကိုရရှိ၏။ သင်၏ လုံခြုံချမ်းသာရေးအတွက် လက်ထောက်များနှင့် အစောင့်အကြပ်တို့ကိုပါ ခေါ်ဆောင်လျက် မန္တလေး မြို့မှ ထွက်ခွာရန်သင့်သည်ဟု ထင်သည့်အခါ ချင့်ချိန်၍ပြုနိုင်ခွင့် အာဏာကို ဘုရင်ခံချုပ်ကြီးက သင့်အား လုံးဝ လွှဲအပ်လိုက်သည်။ ထွက်ခွာရန်အချိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာပုံ စနစ်ကို သင်သာလျှင် ချိန်ဆရာ၏။ ထွက်ခွာမှ ချမ်းသာမည် ထင်လျှင် မိမိကိုအန္တရာယ်ဖြစ်ရန် မန္တလေးတွင် မနေလင့်။ ထွက်ခွာမည်ဟု ဆုံးဖြတ်လျှင် အခြား ဥရောပတိုက်သားများကို သတိပေးလေ။ (အဆုံး)

* * *

စာမှတ် (၁၂)တွင် အကျမ်းဝင်စာ (ဃ)
၁၈၇၉ခု မတ်လ ၁၀ ရက်နေ့ရိုက် ကြေးနန်း

ရန်ကုန်မြို့ကော်မရှင်နာ မင်းကြီးထံမှ ကလကတ္တားမြို့ နိုင်ငံခြားရေး အတွင်းဝန်ထံသို့ ၇ရက်နေ့စွဲနှင့် ကြေးနန်းကိုရရှိ၏။ ကျွန်ုပ် စဉ်းစားမိသည်မှာ အကယ်၍ သံအမတ်ရှော မန္တလေးမှ ထွက်ခွာခဲ့သော် နောက်ထပ် ဆက်လက် ဆောင်ရွက်ဖွယ်ကိစ္စများကို အိန္ဒိယအစိုးရသည် ရှောင်လွှဲနိုင်တော့မည်မဟုတ်။ သို့သော် ဤအရေးသည် ယခုလက်ရှိကိစ္စနှင့် မဆိုင်သေး။ ယခု လက်ရှိကိစ္စမှာ သံအမတ်ရှော၏အခြေသည် အရေးတကြီးဖြစ် မဖြစ်ကို အကြောင်းပြု၏။ သံအမတ်ရှော၏ သတင်းကို မှန်သည်ဟု ယုံကြည်၏။ သံအမတ်ရှော ပြောသည့် အခြေသို့ရောက်ရှိခဲ့လျှင် သံအမတ်ရှော ထွက်ခွာမှုလည်း ထွက်ခွာနိုင်၏။ သံအမတ်ရှောကို ကျွန်ုပ်တို့က ကာကွယ်မှုလည်း ကာကွယ်ရန် ဖြစ်မြောက်နိုင်၏။ သူ၏အခြေမှာ အရေးတကြီးဖြစ်၏။ ကျွန်ုပ်တို့၏ အကူအညီကို သံအမတ်ရှောက ငြင်းဆန်၏။ အကြောင်းကား သူ့ကို အန္တရာယ်ဖြစ်ဖွယ်ရာ မမြင်ခြင်းကြောင့်တည်း။ ကျွန်ုပ်၏အထင်မှာ အကယ်၍ ထွက်ခွာခြင်းက မန္တလေးမြို့တွင် ဆက်လက်နေထိုင်ခြင်းထက် အန္တရာယ် မများပါလျှင် သံအမတ်ရှောသည် မိမိဘက်သို့ ညွတ်သောသူ အပေါင်းကို ခေါ်ဆောင်၍ ထွက်ခွာထိုက်ကြောင်း၊ ကျွန်ုပ်တို့ မကူညီနိုင်ဘဲ အရေးတကြီး ဖြစ်နေမည့် အခြေအနေမျိုးနှင့် ဆက်လက်နေထိုင်ခြင်းသည် အလိမ္မာတရားမဲ့ ၍ ခန့်ညားခြင်းကင်းရာရောက်၏။ နိုင်ငံရေးတွင်လည်း ဘေးရှိ တန်ရာ၏။

* * *



စာမှတ် (၁၂)တွင် အကျမ်းဝင်စာ (င)
၁၈၇၉ခု မန္တလေး၊ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း

(ဖေဖော်ဝါရီလ ၁၇ ရက်၊ ညောင်ရမ်းမင်းသား၏ ဘထွေးတော် နှစ်ပါးနှင့်အတူ အခြားသူ တစ်ဦး နှစ်ဦးကိုလည်း တိတ်တဆိတ် သတ်ဖြတ်ပစ်သည်ဟု သတင်းပျံ့နှံ့နေ၏။)

(တစ်ပါးမှာ မြန်မာလူမျိုးနှင့် အင်္ဂလိပ် လွန်ခဲ့သည့် စစ်မစမီအခါက ရန်ကုန်မြို့ဘုရင်ခံ လုပ်ခဲ့ဖူးသည်)သတင်းကို မစ္စတာဖေယာ (Mr. Phayre) ကို စေလွှတ်၍ အမတ်ချုပ်ကြီးထံ အကြောင်းကြားစေ၏။ အမတ်ချုပ်ကြီးသည် မစ္စတာဖေယာကို ကောင်းမွန်ပျူငှာစွာ လက်သင့်ခံ၏။ သို့သော်လည်း ရတ်တရက် စကားတုံ့ပြန်ခြင်း မပြုသေးဘဲ နောက်မှ ပြန်စာပေးပို့မည်ဟု အမိန့်ရှိလိုက်၏။

မစ္စတာဖေယာသည် တောလည်ငှက်ပစ်ရာမှ ယခုပင်ပြန်ရောက်၏။ သူ့ကို အရာရှိများ စောင့်ကြပ်၍ ယဉ်ကျေးဖွယ်ရာ ပြုစုကြ၏။ သွားလာခြင်းကို အချုပ်အချယ်မရှိ။ ဤတွင်မျှမက သွားလာရာတွင် လွယ်ကူစေရန် အစ ခပ်သိမ်းကူညီကြ၏။ **စစ်ကိုင်း အနီးအနားမှ အသုံးဝင်မည့်မှတ်စုများကို ရရှိခဲ့၏။ ၎င်းအား အလေးဂရုပြုစု ရရှိစေရန် အမတ်ချုပ်ကြီးကလည်း စာတစ်စောင် ပေးလိုက်လေသည်။**

ပုံ
အာရ်ဘီရှော
မန္တလေးမြို့နေ သံအမတ်

* * *

စာမှတ် (၁၂) တွင် အကျမ်းဝင်စာ (စ)
မန္တလေးမြို့သံအမတ် မစ္စတာရှော C.I.E ထံမှ
မန္တလေးမြို့နိုင်ငံခြားဝန်ကြီး ကင်းဝန်မင်းသို့
၁၈၇၉ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့

ဘုရင်မင်းမြတ်၏ အနွယ်တော်ဖြစ်ကြကုန်သော မင်းသားများ၊ မင်းသမီးများနှင့် အခြားသူများကို သတ်ဖြတ်ကြောင်း ကြားသိရသဖြင့် များစွာ

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ထိတ်လန့်ခြင်းဖြစ်ပါကြောင်း၊ ဥရောပတိုက်ရှိ တိုင်းနိုင်ငံအပေါင်းတို့ကို တုန်လှုပ်ချောက်ချားခြင်း ဖြစ်စေမည့် သတ်ဖြတ်ခြင်းတို့သည် မည်သူတို့၏ ပယောဂဖြစ်ကြောင်းကို သံအမတ်သည် အသေအချာ သိရှိရန် မစုံစမ်းရသေးပါ။ သို့သော်လည်း ကျန်ရှိရစ်သည့် ဆွေတော်မျိုးတော်တို့၏ အသက်ကို ကယ်ဆယ်ရန် အားထုတ်ပါမည့်အကြောင်း တောင်းပန်သည်။ အကယ်၍ နောက်ထပ်ဆက်လက်၍ သတ်ဖြတ်မှုများဖြစ်ပွားပါမူ သံအမတ်သည် ဗြိတိသျှအလံတော်ကို ဆက်လက်လွှင့်ထူရန် သင့်တော်တော့မည် မဟုတ်ပေ။

* * *

စာမှတ် (၁၂)တွင် အကျွမ်းဝင်စာ (ဆ)
၁၈၇၉ခု မန္တလေးမြို့၊ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း
ဖေဖော်ဝါရီလ ၂၀ ရက်

လွန်ခဲ့သော သတ်ဖြတ်မှုများနှင့် ပတ်သက်၍ နောက်ထပ်သတင်း အကျယ် ရရှိသည်။ သို့သော်လည်း မနေ့ညဥ့်က နောက်ထပ် သတ်ဖြတ်မှု ဖြစ်သည် မဖြစ်သည်ကိုကား အသေအချာ မသိရသေးပေ။ အချို့သူများကလည်း သတ်ဖြတ်သည်ဟု ပြောဆိုကြ၏။ **လွန်ခဲ့သော သတ်ဖြတ်မှုတို့ကို လွန်စွာ ရိုင်းစိုင်းရက်စက်သောနည်းများဖြင့် သတ်ဖြတ်ခြင်းကို ပြုလုပ်ဟန်ရှိသည်။ ကလေးသူငယ်များကို ပွေ့ပိုက်ထားသော မယ်တော်များ၏ လက်တွင်းမှ လုယူ၍ အိမ်နံရံများနှင့် ရိုက်နှက်ကာ ဦးနှောက်များကိုထွက်စေ၏။ အခြားသောသူများကိုကား ဦးခေါင်းကို ရိုက်နှက်ပြီးလျှင် မသေမရှင်ဖြစ်နေစဉ် တွင်းကြီးထဲသို့ အခြားအလောင်းများနှင့် အတူစွန့်ပစ်၏။ မိဖုရားများနှင့် မင်းသမီးများကို ဝတ်ရုံတော်များ လှစ်မွှာ၏။ သိုဝှက်ထားသည့် ရွှေငွေရတနာများကို ရှာယူကြ၏။ အချို့သော မင်း မိဖုရား သမီးတော်များကို မသတ်မီ ကာမကျူးလွန်ခြင်း အမှုကိုပင် ပြုလုပ်ကြသေးသည်ဟူ၏။ သို့သော်လည်း ဤသတင်းသည် မှားတန်ရာ၏။** ဘုရင်မင်းမြတ်၏ နောက်တော်သားများက ဤအမှုများကို ကြီးကြပ်၍ ပြုလုပ်ကြကုန်၏။ လွှတ်တော်အရာရှိများနှင့် မှူးမတ်များ



မရှိကြကုန်။ ကျန်မှူးမတ်များမှာ မိမိတို့အသက်ချမ်းသာမှု အတွက်ပင်လျှင် စိုးရိမ်မကင်း ရှိကြရကုန်၏။ ဘုရင်အပါးတော်သို့ ခစားရန် ဝင်ထွက်လျက်ပင်ရှိသော်လည်း တန်ခိုးအာဏာကား မရှိကြတော့ပေ။

**နိုင်ငံခြားဝန်ကြီး သို့မဟုတ် အမတ်ချုပ်ကြီးဖြစ်သော ကင်းဝန်မင်းကြီးထံမှ ပြန်စာကို ရရှိ၏။ ဘုရင်မင်းမြတ် အမိန့်တော်ကို နာခံ၍ ပြန်စာကို စီကုံးရသည်ဟု ကျွန်ုပ်တို့သိရှိရ၏။ ၎င်းပြန်စာတွင် မြန်မာပြည်ကို စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်မင်းမြတ်သည် လွတ်လပ်သော ထီးဆောင်းမင်းတစ်ပါးဖြစ်သည့်နှင့်အညီ မိမိ၏နိုင်ငံတော်အတွင်း ဆူညံလှုပ်ရှားခြင်း ကင်းငြိမ်းစေရန် အခြားတစ်ပါးသူကို ကဲ့ရဲ့ပြစ်တင်သည်ကို အလေးဂရုပြုတော်မမူဘဲ မိမိလျော်ကန် သင့်မြတ်သည်ဟူသော ဆောင်ရွက်ဖွယ် ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း။**

၁၉ ရက်နေ့စွဲနှင့် အစိုးရထံမှ ရရှိသော ကြေးနန်းအလိုအတိုင်း ကျန်ရှိသော မင်း မိဖုရားနှင့် သမီးတော်များအတွက် ဝင်ရောက်စွက်ဖက် အသနားခံ၏။ ၎င်းပြင် အကြင်သူများအတွက် နိုင်ငံ မငြိမ်မသက် ရှိမည်ကို စိုးရိမ်၏။ ထိုသူများကိုလည်း နိုင်ငံတော်မှအပ ဆောင်ကြဉ်းပါမည်ဟုလည်း တာဝန်ခံ၏။ အီတလီနိုင်ငံ ကောင်စစ်ဝန်သည်လည်း ကျွန်ုပ်ထံလာရောက်၍ ၎င်းကလည်း ပြင်းထန်စွာ ကန့်ကွက်ကြောင်း ကျွန်ုပ်ကိုပြော၏။ နောက်ထပ် ကျွန်ုပ်ကို မည်သို့ အကြံပေးလိုပါသနည်းဟု မေး၏။ ကျန်ရှိနေသေးသည့်သူများအတွက် ဝင်ရောက် အသနားခံရန်၊ မငြိမ်မသက် ဖြစ်စေလတ္တံ့ဟု မှတ်ယူတော်မူခြင်း ခံရကုန်သောသူများကို မသတ်ဘဲ၊ ကျွန်ုပ်တို့သို့ လွှဲအပ်ရန် တောင်းဆိုပါလျှင် ရကောင်းရရှိပေလိမ့်မည်ဟု ကျွန်ုပ်က ကောင်စစ်ဝန်သို့ အကြံပေး၏။ ၎င်းနောက် မစ္စတာအန္ဒြေနီး(Mr. Andreino) သည် အမတ်ကြီးသို့ ဤအကြံပေး၏။ ၎င်းအကြံကို အမတ်ကြီးသည် လက်သင့်ခံခြင်းမှာ မကျေမနပ် ဖြစ်လိမ့်မည် မဟုတ်ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၁၂) တွင် အကျွမ်းဝင်စာ (ဧ)
၁၈၇၉ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မန္တလေးမြို့
နိုင်ငံရေးဝန်မင်း (ကင်းဝန်မင်းကြီး)ထံမှ မန္တလေးမြို့
အင်္ဂလိပ်သံအမတ်ထံသို့ပေးစာ၊ (ဘာသာပြန်ဆိုချက်)

၁၈၇၉ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲနှင့် အင်္ဂလိပ်သံအမတ်မင်း ပေးတော်မူလိုက်သော စာကိုရရှိသဖြင့် သေချာစွာ ဖတ်ရှုပြီးလျှင် နိုင်ငံခြားဝန်မင်းက ပြန်ကြားလိုက်သည်မှာ **မြန်မာနိုင်ငံတော် နယ်ပယ် အရပ်ရပ်တို့ကိုစိုးမိုးအုပ်ချုပ်တော်မူသော မင်းတရားကြီး ဘုရားသည် လွတ်လပ်သော ထီးဆောင်းမင်းတစ်ပါးဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွင်း မငြိမ်မသက်ဖြစ်ဖွယ်ရာအကြောင်း၊ တိုင်းရေးပြည်ရေး ဘာသာသာသနာတော်အရေး စီးပွားရေးများကို ထိခိုက်ဖွယ်အကြောင်း ပေါ်ပေါက်ခဲ့သည်ရှိသော် ရှေးအစဉ်အလာ ထုံးတမ်းအတိုင်း ချင့်ချိန်တော်မူ၍ စီမံပြုလုပ်ရန် အခွင့်အာဏာရှိတော်မူ၏။**

နိုင်ငံတော် မငြိမ်မသက်ဖြစ်ဖွယ်ရာ အကြောင်းပေါ်ပေါက်သည် ရှိသော် ဘုရင်မင်းမြတ်ပြုတော်မူသော အမှုသည် အပြစ်တင်ဆိုဖွယ်ရှိမရှိကို ဂရုပြုခြင်းသည်မသင့်။ နိုင်ငံတော်နှင့် သာသနာတော်၏ အကျိုးစီးပွားနှင့် လျော်ညီစွာ ပြုလုပ်ခြင်းသာလျှင် သင့်၏။

အထက်ဖော်ပြပြီး အကြောင်းနှစ်ရပ်ကြောင့် သာသနာတော်နှင့် နိုင်ငံတော်၏အကျိုးစီးပွားကိုသာလျှင် ရှေးရှု၍ ၎င်းကိစ္စကို ရှေးအစဉ်အလာ အတိုင်း ဆောင်ရွက်တော်မူသည်။ မဟာမိတ် ချစ်ခင်စိတ်နှင့် လျော်ညီစွာ သံအမတ် မှတ်သားစိမ့်သောငှာ အကြောင်းကြားလိုက်ပါသည်။

(အထက်ပါ နိုင်ငံခြား ဝန်မင်း (ကင်းဝန်မင်းကြီး) ရေးသော စာကို ဗြိတိသျှအစိုးရက ဘာသာပြန်ဆိုပြီး ဖြစ်သည့် အင်္ဂလိပ်မူမှတစ်ဆင့် ကျွန်ုပ်တို့က မြန်မာဘာသာ ပြန်ဆိုရသဖြင့် မူရင်းစာနှင့် အသုံးအနှုန်း ကွဲကောင်း ကွဲပေလိမ့်မည်။ လန်ဒန်မြို့ရှိ မိတ်ဆွေတစ်ဦးထံ မူရင်းကို ရှာဖွေရန် စာပေးသော်လည်း ယခုအချိန်ထိ မရမရှိပေ။)

* * *



စာမှတ် (၁၂)တွင် အကျွမ်းဝင်စာ (ဈ)
မန္တလေးမြို့သံအမတ် မစ္စတာရှောထံမှ
နိုင်ငံခြားဝန်ကြီး (ကင်းဝန်မင်း)ထံသို့ ပေးစာ
၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့

နိုင်ငံခြားဝန်ကြီးမင်း၏ စာကို သံအမတ်ရရှိပြီးဖြစ်ပါကြောင်း၊ အိန္ဒိယပြည်ဘုရင်ခံချုပ်ကြီး၏ အမိန့်အရ သံအမတ်က ဘုရင်မင်းမြတ်ထံ ပန်ကြားသနားခံလိုသည်မှာ ဗြိတိသျှအစိုးရမင်းတို့ အလိုကို ခွင့်ပေးတော်မူသည့် သဘောတော်မျိုးဖြင့် ကြွင်းကျန်နေသေးသည့် ဆွေတော်မျိုးတော် (အထူးသဖြင့်) လူမမယ်ကလေးများနှင့် မိန်းမသားများ၏ အသက်များကို ချမ်းသာခွင့် ပေးသနားတော်မူပါမည့်အကြောင်း၊ ဤသို့သနားတော်မူရန် နှစ်ခြိုက်တော်မူပါလျှင် နိုင်ငံမငြိမ်မသက် စိုးရိမ်ဖွယ်ဖြစ်မည့်သူများအတွက် တာဝန်ခံ၍ ဘေးအန္တရာယ်ပြုနိုင်ခွင့် မရမရှိ နိုင်ရန် တခြားသို့ ဆောင်ကြဉ်းမည်ဖြစ်ပါကြောင်း။

* * *

စာမှတ် (၁၂)တွင် အကျွမ်းဝင်စာ (ည)
မန္တလေးမြို့ သံအမတ် မစ္စတာရှောထံမှ
နိုင်ငံခြားဝန်ကြီး (ကင်းဝန်မင်း)ထံသို့
၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့။

သံအမတ်သည် အိန္ဒိယပြည်အစိုးရထံမှ အမိန့်ကို ယခုပင်လျှင် ရရှိပါကြောင်း၊ မင်း မိဖုရားများနှင့် သမီးတော်များ၊ မုဆိုးမများ ဆွေမျိုးတော်စပ်သူ မိန်းမသားများသည် အင်္ဂလိပ်အစိုးရနှင့်များစွာ ချစ်ကျွမ်းဝင်၍ အစိုးရ၏ မဟာမိတ်ဖြစ်တော်မူသော၊ နတ်ရွာစံမင်းတရားကြီး၏ ကျေးကျွန်များ၊ ယခုဘုရင်မင်းမြတ်၏ ကျေးကျွန်များ၊ ကျေးကျွန်များ၏ ညာတိတော်စပ်သူများတို့၏အတွက် အိန္ဒိယပြည်အစိုးရ၏ အမည်ဖြင့် အရေးတကြီး ကန့်ကွက်တားမြစ်ခြင်း ပြုရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပျက်နေခြင်းအကြောင်းကို ဘုရင်မင်းမြတ် ရှေ့နားတော်ကြား အရေးတကြီး သံတော်ဦးတင်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



မည့်အကြောင်း သံအမတ်က နိုင်ငံခြားဝန်ကြီးအား လေးနက်စွာ တောင်းပန်ပါကြောင်း၊ သို့မှသာလျှင် ဘုရင်မင်းမြတ်သည် နောက်ထပ် သတ်ဖြတ်မှုတို့ကို မြစ်တားရန် အမိန့်တော် ချမှတ်တော်မူလိမ့်မည် ဖြစ်ပါကြောင်း။

* * *

စာမှတ် (၁၂)တွင် အကျွမ်းဝင်စာ (၄)
မန္တလေးမြို့နိုင်ငံခြားဝန်ကြီး ကင်းဝန်မင်းထံမှ
အင်္ဂလိပ်သံအမတ်ထံသို့ပေးစာ၊ ဘာသာပြန်ဆိုချက်
၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့

ဖေဖော်ဝါရီလ ၂၀၊ ၂၁ ရက်နေ့များတွင် သံအမတ်မင်းက ပေးပို့လိုက်သောစာများကို ကောင်းမွန်စွာ ရရှိကြောင်း၊ နတ်ပြည်စံ မင်းတရားကြီး ဘုရားလက်ထက်တော် မြန်မာသက္ကရာဇ် ၁၂၂၄ ခု၊ ခရစ်သက္ကရာဇ် ၁၈၆၂ ခုနှစ်တွင် မြန်မာမင်းအစိုးရနှင့် အင်္ဂလိပ်အစိုးရတို့ သဘောတူ မဟာမိတ်စာချုပ်ချုပ်ဆိုတော်မူကြသည်မှစ၍ နှစ်တိုင်းနှစ်ပြည်မှာ ချစ်ကျွမ်းတဝင် ရှိခဲ့ပေ၏။ ထိုစာချုပ်နှင့် လိုက်လျောညီစွာ မြန်မာမင်းအစိုးရကလည်း ဗြိတိသျှ အစိုးရမင်းတို့မှ အနှောင့်အယှက်ကင်း၍ သာယာစည်ပင်သည်ကို တောင့်တလိုလားတော်မူခဲ့၏။ မြန်မာမင်း နယ်ပယ်အတွင်း၌လည်း ထိုနည်းအတူ အနှောင့်အယှက်ကင်း၍ သာယာစည်ပင်သည်ကို ဗြိတိသျှအစိုးရမင်းတို့က တောင့်တလိုလားတော်မူကြကုန်သည်ဟု ယုံကြည်စိတ်ချပါကြောင်း။ ယခု ရှင်းလင်း ဖယ်ရှားခြင်းကိစ္စမှာ ရှေ့ရေးနောင်ရေးကို ထောက်ထားသဖြင့် မငြိမ်မသက်ဖြစ်ဖွယ် အကြောင်းရှိမှ ပြုလုပ်ရခြင်းဖြစ်၏။ နိုင်ငံတော်ကို မငြိမ်မသက်မှုများ ဖြစ်စေမည် မဟုတ်သောသူများကို ရှင်းလင်း ဖယ်ရှားခြင်း ပြုလုပ်ရန် မလိုလားပါ။ ၎င်းတို့သည် ပျော်ရွှင် နှစ်သက်ရောင့်ရဲစွာနေစေလိုကြောင်းသာ အာသာရှိပါ၏။ သံအမတ်၏စာတွင် နိုင်ငံတော်အတွင်း မနေစေလိုသောသူများကို သံအမတ်ထံ သိမ်းဆည်းထားရန် ပို့စေလိုသည်ဆိုသော စာပိုဒ်မှာ မဟာမိတ် စာချုပ်နှင့် များစွာ ညီညွတ်သဖြင့် နိုင်ငံခြားဝန်မင်းက သံအမတ်အား ဝမ်းမြောက်ဝမ်းသာ ကျေးဇူးဥပကာရ တင်ရှိသည်ဖြစ်ပါကြောင်း။





ပြင်သစ်ပြည်သွား
မြန်မာသံတော်အရာရှိကြီးများ

www.burmeseclassic.com

www.burmeseclassic.com





မြန်မာသံအဖွဲ့ဝင်များ

စာမှတ် (၁၃)
အိန္ဒိယပြည်ဘုရင်ခံချုပ်ထံသို့ ပေးစာ
၁၈၇၉ ခု၊ ဧပြီလ ၃ရက်၊ လန်ဒန်မြို့ အိန္ဒိယအတွင်းဝန်မင်းရုံးတော်
စာမှတ် (၁၁)

မတ်လ ၇ရက် နေ့စွဲနှင့် ဘုရင်ခံချုပ်ကြီး ပေးပို့တော်မူလိုက်သော စာကို ရရှိ၍ အထူးဂရုပြုလျက် ဖတ်ရှုဆင်ခြင်ပြီးဖြစ်ပါကြောင်း၊ ၎င်းစာတွင်အထက်မြန်မာပြည်၌ ဖြစ်ပျက်လျက်ရှိနေသော အခြေအနေများနှင့် မန္တလေးမြို့အစိုးရ



သည် မည်သို့သောစနစ်မျိုးနှင့် ဆက်ဆံရမည့်အကြောင်း အစီရင်ခံထားသည်ကို တွေ့ရှိရပါကြောင်း။

ဘုရင်ခံချုပ်ကြီး ထုတ်ဖော်ရေးသားထားသည့် အကြောင်းချင်းရာတို့ကို ဖတ်ရှုရခြင်းအားဖြင့် ကျွန်ုပ်တို့နှင့် မြန်မာမင်းတို့ ဆက်ဆံရေးမှာ များစွာ စိုးရိမ်မကင်းဖွယ် အခြေသို့ရောက်ရှိနေသည်ကို ထင်ရှားပါ၏။ ၎င်းဆက်ဆံမှုကို ကျွန်ုပ်တို့နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် ပိုမိုညီညွတ်၍ နှစ်တိုင်းနှစ်ပြည်လုံးအတွက် ပိုမိုအကျိုးစီးပွားတိုးတက်စေမည့် အခြေသို့ရောက်အောင် ပြုပြင်လိုသည့် အာသာတော်ကို ဧကရီဘုရင်မကြီး၏ အစိုးရမင်းတို့ သိရှိနားလည်သည်ဖြစ်ပါကြောင်း။

သို့သော်လည်း ပြောဆိုရန်ရှိသည်ကား၊ ရှေးမင်းတို့လက်ထက်တော်များတွင် ကျွန်ုပ်တို့ သည်းခံ၍လာခဲ့သော နစ်နာချက်တို့ကို ယခု ဘုရင်မင်းမြတ်က ပိုမိုဆိုးရွားစေသည် မရှိသေးပေ။ ကျွန်ုပ်တို့က ဆက်ဆံမှုစနစ်ကို အတိအလင်း ပြုပြင်ပြောင်းလွဲစေလောက်အောင် ဘုရင်မင်းမြတ်သည် မည်သည့်အလုပ်ကိုမှ ပြုလုပ်တော်မူသည် မရှိသေး။ ဘုရင်ခံချုပ်ကြီး တင်ကြို၍ ဆောင်ရွက်မှုများကြောင့် ကျွန်ုပ်တို့အပေါ်သို့ ရန်လိုလာသည့် ရည်ရွယ်ချက်များရှိခဲ့ပါမူ ဘုရင်မင်းမြတ်သည် ထိုရည်ရွယ်ချက်များကို ပြုပြင်တန်ရာပေပြီ။ ထို့ပြင် ဘုရင်ခံချုပ်ကြီး၏ တင်ကြို၍ ဆောင်ရွက်မှုများကြောင့် ဘုရင်မင်းမြတ်၏ပြုမှုပုံတို့သည် ပိုမိုကောင်းသည်ဘက်သို့ပြောင်းလွဲလာရာ၏။

**ငယ်ရွယ်သော မင်းသားကလေးသည် အချုပ်အထိန်းမရှိသော တန်ခိုးတော်အာဏာတော်များနှင့်တကွ၊ ထီးနန်းကို သိမ်းပိုက်ခါစ သွေးတက်ကြွ၍ မှူးမတ်များ ခြံရံလျက် ရှိနေခိုက်တွင် ဘုရင်ခံချုပ်ကြီး၏ ရည်ရွယ်တော်မူသည့် ပြုပြင်မှုတို့ကို အတိအလင်း သံတော်ဦးတင်ရန် အခါသည် မသင့်လျော်သေးဟူ၍ အထင်ရှိပါကြောင်း။** ယခုအခြေအနေမျိုးရှိနေခိုက်တွင် ရန်ကို လိုလားသည့် ကျူးလွန်မှုတို့အတွက် ရှောင်ရှားခြင်းကို ထောက်လျှင် အကယ်၍ အိန္ဒိယပြည်အစိုးရမင်းတို့က မိမိတို့သည် အသင့်ရှိကြောင်း သိမြင်စေလျက် ခြိမ်းခြောက်သော အနေမျိုးမဟုတ်ဘဲ အတော်လောက် တင်းမာနေသော အနေမျိုးဖြင့်နေပါမူ ဘုရင်မင်းမြတ်က စကား စတင်ကမ်းလှမ်းလျက် ဘုရင်ခံချုပ်ကြီး၏ အစီရင်ခံစာတွင် ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အချက် အရပ်ရပ်တို့ကို ပိုမိုကောင်းမွန် ရှင်းလင်းစေလိမ့်မည်။ ရှေးအခါက နှစ်နာချက်တို့ကို အခြေပြု၍ ယခုအခါတွင် နောက်ဆုံးသတိပေးခြင်း သဘောမျိုးသို့ သက်ရောက်သည့်အမှုမျိုးကို ဆောင်ရွက်ခြင်းသည်များစွာ မသင့်လျော်ဟု ဧကရီဘုရင်မကြီး၏ အစိုးရသည် ထင်မြင်သည့်ပြင် ဘုရင်ခံချုပ်ကြီး၏အစိုးရသည် ချစ်ခင်သင့်မြတ်သော ဆက်ဆံမှုကိုမလိုလားဘဲ ရန်ခိုက်ဖြစ်ပွားမှုကို ရှာကြံနေသည်ဟု အထင်ရောက်ဖွယ်သော လမ်းရှိပါကြောင်း။

ပုံ

ခရိုင်းဘရွတ်

* * *

စာမှတ် (၁၄)

အိန္ဒိယအစိုးရနိုင်ငံခြားရေးဌာန

၁၈၇၉ ခု၊ မေလ ၂၂ ရက်နေ့၊ ဆင်မလာမြို့

ဧကရီဘုရင်မကြီး၏ အစိုးရမင်းတို့ထံ သတင်းအလို့ငှာ မန္တလေးမြို့ရှိ ကျွန်ုပ်တို့သံအမတ်၏ နေ့စဉ်မှတ်တမ်းကို ဆက်သလိုက်ပါကြောင်း။

| | | |
|---|---|---|
| (ပုံ) | လစ်တန် | Lytton |
| | အက်(ဖ်)ပီဟိန်း | F.P. Haines |
| | အေဂျေအာရ်ဘတ်နော့ | A.J. Arburthnot |
| | အေကလပ် | A. Clarke |
| | ဂျေစတာရာချီ | J. Starchey |
| | အီးပီဂျွန်ဆင် | E.P Johnson |
| | ဒဗလျူစတုတ် | W. Stokes |
| | အေအာရ်သော်မဆင် | A.R. Thompson |

* * *



စာမှတ် (၁၄) တွင် အကျုံးဝင်စာ (က)

၁၈၇၉ ခု၊ မန္တလေးမြို့ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း

ဧပြီလ ၁၄ ရက်၊ ၁၅ ရက်၊ (ရှင်စောပု) ခေါ် မီးသင်္ဘော၏ ကပ္ပတိန်သည် ကျွန်ုပ်ထံ ၁၄ရက်နေ့က တိုင်တန်း၍ ၎င်း၏ပထမအရာရှိနှင့် စက်ဗိုလ်သည် ၁၅ရက်နေ့တွင် တိုင်ချက်ပေးကုန်၏။သိရှိရသည်မှာ မြန်မာသင်္ဘောစီးခရီးသည်များနှင့် ကူလီများသည် အချင်းဖြစ်ပွားကြကုန်၏။ အချင်းဖြစ်ပွားရခြင်းအစမှာ ကူလီများသည် ခရီးသည်များ၏ အိပ်ရာများနှင့် အခြားပစ္စည်းများပေါ်တွင် ငါးပိများကို တင်ခြင်းကြောင့် ဖြစ်ရ၏။ ကူလီများကို အုပ်ထိန်း၍ မရ၊ အမိန့်ပေးသည်ကိုလည်း လုံးလုံး မနာ မယူ ရှိကြသည်ဟု သိရှိရ၏။

အထင်ရှိသည်မှာ ဤသို့တားမြစ်ခြင်းတို့ကို သက်ဆိုင်သူတို့က မပြုမလုပ်ဘဲ သင်္ဘောစီးခရီးသည်များက ပြုလုပ်ကြသည်နှင့်တူ၏။ ဤကဲ့သို့ပြုလုပ်ခြင်းကို ကူလီများက မခံချင်သဖြင့် ဝါးလုံးများနှင့် ထင်းချောင်းများကို ခရီးသည်များ၏ ဦးခေါင်းများ ထိခိုက်အောင် အသုံးပြုကြ၏။ ခိုက်ရန်ဖြစ်လျက်နေသော လူနှစ်သင်းကို ခွဲခွာသည့် သဘောမျိုးဖြင့် သင်္ဘောကိုချည်နှောင်သည့် ကြိုးကိုဖြတ်ရန် ကပ္ပတိန်က စီမံသည်တွင် ကုန်းပေါ်ရှိကူလီများက မဖြတ်နိုင်ရန် မတရားသဖြင့် ဝင်ရောက် နှောင့်ယှက်ကြကုန်၏။ ကြိုးကိုဖြတ်လိုက်သဖြင့် အနှောင့်အယှက်ပြုလုပ်သော်လည်း အချည်းနှီးမျှသာဖြစ်သည်ရှိသော် ကမ်းတွင်ကပ်လျက် ဆားများကိုချလျက်ရှိသော အခြားသင်္ဘောက သင်္ဘောသား ကုလားများကို ရိုက်နှက်ကြကုန်၏။ အရာရှိတစ်ဦးတစ်ယောက် ညွှန်ကြားချက်အတိုင်း ပြုလုပ်ကြသည်ဖြစ်တန်ရာ၏။ ခိုက်ရန်ဖြစ်ပွားခြင်းကိစ္စနှင့် ပတ်သက်၍ အမတ်ကြီးထံစာရေးပြီးကြောင်း။

ဤအမှုသည် ယခုတလောမှသာဖြစ်သော အမှုမျိုးမဟုတ်ပေ။ ကျွန်ုပ်ကြားရသည်မှာ လွန်ခဲ့သည့် တစ်ရက် နှစ်ရက်တွင် အောက်သို့စုန်ဆင်းသော မီးသင်္ဘောတစ်စင်းသည် ကူလီများတို့၏ သောင်းကျန်းခြင်းကြောင့် ကုန်စည်များကို ကုန်စင်အောင် မချနိုင်ဘဲ မြင်းခြံမြို့မှ ထွက်ခွာသွားရသည်ဖြစ်ကြောင်း။

လက်နက်တိုက်တွင်းရှိ အသုံးချနိုင်သော လက်နက်မျိုးနှင့် အသုံးမချနိုင်သော လက်နက် စာရင်းများကို ဘုရင်မင်းမြတ်ရှေ့တော်တွင် သံတော်ဦး

www.burmeseclassic.com

www.burmeseclassic.com



တင်ရသည်ဟု ပြောသံကြားရ၏။ ဤသတင်းသည် မမှန်ဟု ငြင်းဆိုကြ၏။ သို့သော်လည်း လက်နက်အရေအတွက် စာရင်းကိုကား ကျွန်ုပ်သို့ ပြောကြားကြကုန်၏။အသုံးပြုနိုင်သည့် သေနတ်အရေအတွက်မှာ ၁၀၀၀၀တစ်သောင်းမှသည် (၁၅၀၀၀) တစ်သောင်းငါးထောင်သို့ အမျိုးမျိုး ပြောဆိုကြ၏။ အတော်အတန် အသုံးပြုနိုင်၍ လုံးလုံးအသုံးမပြုနိုင်သော လက်နက်မှာ အမြောက်အမြားဖြစ်၏။

အံ့ဖွယ်သရဲအမှုများကို စီမံနိုင်သည့် ဝိဇ္ဇာကို ယုံကြည်တော်မမူတော့ပြီဟု ထင်ရ၏။ ၎င်းဝိဇ္ဇာ၏ နောက်လိုက်တပည့်ကိုသော်မှ အကျဉ်းထောင်ချထားလေပြီ။ မင်းလှမြို့သားချင်းဖြစ်သည့် မှော်ဆရာတစ်ဦးက ၎င်းဝိဇ္ဇာသည်ဝိဇ္ဇာအစစ်မဟုတ်ကြောင်း၊ဝိဇ္ဇာဟုဆိုသောသူသည်သရဲသာဖြစ်ကြောင်း။

ယခု အကျဉ်းထောင်အတွင်း ကျခံနေရသော မှော်ဆရာက ၎င်းသရဲကို လာဘ်လာဘအလို့ငှာ လူအသွင်ဖန်ဆင်းထား၍ မိမိကိုယ်ကို တပည့်ဟု ပြောဆိုရန် ထုတ်ဖော် ပြောဆိုထား၏။ ဘုရင်မင်းမြတ်က မှော်ဆရာကို ကိုးစား ယုံကြည်ခြင်းမရှိ၊ မိမိ၏ ဘုန်းတန်ခိုးတော်ကိုသာ ယုံကြည်ကြောင်း အမိန့်တော်ရှိလေသည်။

**ရွှေနန်းတော်အတွင်း၌လည်း မညီမညွတ်ဖြစ်လျက်ပင်ရှိသေး၏။ ဘုရင်၏ မယ်တော်က နတ်ရွာစံ မင်းတရားကြီး၏ အလယ်နန်းမတော် မိဖုရားကြီးသို့ သားတော်လမ်းလွှဲလိုက်သည်ကို ကယ်ဆယ်တော်မူရန် တောင်းပန်၏။ နန်းမတော်ဘုရားကလည်း သွန်သင်ရဖန်များ၍ ငြီးငွေ့တော်မူကြောင်း အမိန့်တော်ရှိ၏။ သီပေါမင်းမိဖုရားကလည်း ဘုရင့်နှမတော်နှင့် အချင်းများ၏။ ဘုရင့်မယ်တော်နှင့် သင့်မြတ်ဟန်မရှိ၊ မိမိ၏ မယ်တော်နှင့်လည်း ကျေကျေနပ်နပ်ရှိဟန်မတူ။** လက်ထက်တော်ဟောင်းက မှူးကြီးမတ်ကြီးများသည် ဘုရင်မင်းမြတ်စစ်ရေး၊ စစ်ခင်းတို့၌ သက်ရောက်သည့် အထုံတော်ကို ကျေနပ်ခြင်းမရှိသော်လည်း ချုပ်ချယ်ရန် အာဏာကားမရှိ။ အမတ်ကြီးများက ကျွန်ုပ်ထံတင်ကြို၍ ပြောထားသော စကားများနှင့် ၎င်းတို့၏စိတ်နေစိတ်ထားသည် ညီညွတ်၏။ သို့သော်လည်း ၎င်းတို့သည် သဘောလည်းတူညီ၏။ ရန်ငြိုးဖွဲ့မည်ကို ကြောက်သည်ဟု ယူဆမည်ဟူ၍လည်း ယူဆနိုင်၏။

* * *



မန္တလေးမြို့ရှိ စစ်တပ်အမျိုးမျိုးတွင်ရှိသော
လူဦးရေစာရင်း
(အတွင်း)

| ခြေလျင်တပ် | မြောက် | | တောင် | | ပေါင်း |
|---|---|---|---|---|---|
| မာရဘင် | ၈၅၀ | + | ၃၅၀ | = | ၁၂၀၀ |
| ဓားဝယ် | ၆၀၀ | + | ၅၀၀ | = | ၁၁၀၀ |
| တစ်ရာ့ငါးဆယ် | ၇၀၀ | + | ၅၀၀ | = | ၁၂၀၀ |
| ရွှေပြည်မှန်ကင်း | | | | | ၈၀၀ |
| နတ်ရှင်ရွှေး | | | | | ၈၀၀ |
| | | | | စုစုပေါင်း | ၅၁၀၀ |

(အပြင်)

| | ယာ | | ဝဲ | | |
|---|---|---|---|---|---|
| ကြောင်း | ၆၀၀ | + | ၇၀၀ | = | ၁၃၀၀ |
| ရွှဲ | ၅၅၀ | + | ၆၅၀ | = | ၁၂၀၀ |
| နတ်စု | ၇၅၀ | + | ၅၅၀ | = | ၁၃၀၀ |
| | | | | စုစုပေါင်း | ၃၈၀၀ |

(သောင်းပြောင်း)

| | | |
|---|---|---|
| ရွှေလုံ | | ၃၅၀ |
| ကင်းဒါး | | ၃၅၀ |
| ရွှေပြည် | | ၄၀၀ |
| သူရဲ | | ၆၀၀ |
| လင်းဇင်း | | ၃၅၀ |
| ကုလားလူမျိုး (အမှန်း) | | ၄၀၀ |
| ဒိုင်း | ။ | ၄၀၀ |
| ဝင်း | ။ | ၃၀၀ |
| တံခါးနှီ | ။ | ၄၀၀ |
| လှ | ပိုမိုပြောသော်လည်း ဤမျှသာမှန်း၏။ | |
| ရဲကြီး | မကြာမီကမှတည်ထောင်သည် | ၇၀၀ |
| | စုစုပေါင်း | ၄၃၅၀ |

www.burmeseclassic.com



(မြင်းတပ်)

| | | |
|---|---|---|
| ရွှေပြည်တံခွန် | (အမှန်း) | ၅၀၀ |
| ရွှေပြည်ရန်အောင် | ။ | ၅၀၀ |
| ရဲဘက် | ။ | ၅၀၀ |
| ကသည်း | ။ | ၅၀၀ |
| အခြားတပ်များ | ။ | ၅၀၀ |
| | စုစုပေါင်း | ၂၅၀၀ |

အမြောက်တပ်

| | | |
|---|---|---|
| မင်္ဂလာအမြောက် | (အမှန်း) | ၅၀၀ |
| | စုစုပေါင်း | ၅၀၀ |
| | လူဦးရေစုစုပေါင်း | ၁၆၂၅၀ |

ပေါင်း ၁၅၀၀၀ ဟု မှတ်ယူလေ။

(ပုံ) အက်ဖရစ်ဒလီ
လက်ထောက်ကြီး
၁၈၇၉ ခု၊ ဧပြီလ ၁၉ ရက်

* * *

ရှင်စောပုခေါ် မီးသင်္ဘောကပ္ပတိန်မော်ဂန်
(Captain Mongan)၏
အစီရင်ခံချက်

စရက်နေ့၌ ကျွန်ုပ်တို့သည် ဆင်ဖြူကျွန်း၌ သင်္ဘောကျောက်ဆူးချရပ်၏။ ကူလီများသည် ကုန်ပစ္စည်းများကို သယ်ယူချနေစဉ် မြန်မာခရီးသည်များ၏ အချို့တစ်ဝက်သော ပစ္စည်းများသည် ရေသို့ကျ၏။ ခရီးသည်များက ကန့်ကွက်၍ စကားအတုံ့အပြန် ပြောဆိုကြရာ၊ ကူလီများက သင်္ဘောစီး ခရီးသည်များကို တုတ်များဖြင့် တိုက်ခိုက်ရိုက်နှက်ကြကုန်၏။ သင်္ဘောသား



အချို့တို့သည် ဝင်ရောက်စွက်ဖက်ကြ၏။ စွက်ဖက်သည်ဆိုသည်မှာ ကူလီများက ခရီးသည်များကို ရိုက်နှက်ခြင်း ရပ်စဲရန် အားထုတ်ခြင်းဖြစ်၏။ ထိုသည်တွင် ကူလီများက သင်္ဘောသားများကိုလည်း ရိုက်နှက်၍ သမ္ဗန်ကို အရယူထား၏။အရယူထားသည် ဆိုသည်မှာ ကျွန်ုပ်၏ သင်္ဘောသားများကို နှင်ထုတ်ကြ၏။ ခိုကိုးရန်အတွက် သင်္ဘောရှိရာသို့ ပြေးရှောင်ကြသည် ဆိုလျှင် သာ၍မှန်၏။ သင်္ဘောသား ကုလားတစ်ယောက်သည် ကျွန်ုပ်ထံ အမြန်လာရောက်၍ အချင်းဖြစ်ပွားကြောင်းကို တိုင်ကြား၏။ ကျွန်ုပ်သည် ခြောက်လုံးပြူး သေနတ် ကိုင်လက်စွဲလျက် အချင်းဖြစ်ရာအရပ်သို့သွား၏။ ထိုစဉ်အခါက ကုန်းဘောင်ပေါ်တွင်ရပ်လျက် ကုန်တင်ခများကို တောင်းဆို စုဆောင်းနေသော ကျွန်ုပ်၏ ဒုတိယအရာရှိသည် ကျွန်ုပ်နည်းတူပြုလုပ်၏။ အင်ဂျင်နီယာ အရာရှိသည်လည်း ထိုတွင်ရှိ၏။ ခိုကိုးရာရစေရန် သင်္ဘောသို့ ထွက်ပြေးလာသော ခရီးသည်အချို့ကို ကူလီနှစ်ယောက်သည် တုတ်ကိုယ်စီ ကိုင်စွဲလျက် ကုန်းဘောင်ပေါ်သို့ဖြတ်၍ လိုက်သည်ကိုမြင်ရ၏။ ကျွန်ုပ်သည် ကုန်းဘောင်ပေါ်တွင်ရပ်၏။ ထိုကူလီနှစ်ယောက်မှာမူ သင်္ဘောပေါ်၌ ရောက် နေလေပြီ။ ကျွန်ုပ်သည် ကုန်းဘောင်ပေါ်မှ ခြောက်လုံးပြူး သေနတ်ဖြင့် သမ္ဗန်ပေါ်ရှိ ကူလီများကို ချိန်လျက် ပထမဆုံး ကူးလာသော သူကိုပစ်မည် ဟု ခြိမ်းခြောက်၏။

ထိုအခါတွင် ကျွန်ုပ်၏အရာရှိနှင့် အခြားလူတစ်ယောက်နှစ်ယောက် သည် သင်္ဘောပေါ်သို့တက်ရောက်သော ကူလီများကို ဖမ်းဆီးခဲ့ပြီး သမ္ဗန် ပေါ်ရှိကူလီများသည် ခါးတောင်းကျိုက်လျက် ကုန်းဘောင်ပေါ်ရှိ မိမိတို့၏ အဖော်များကို အကူအညီတောင်း၏။ သင်္ဘောပေါ်သို့တက်ရောက်မည့် လူအစုအဝေးကြီးမြင်သဖြင့် သင်္ဘောကြိုးကို ဖြတ်ရန် ဆင်ဖြူကျွန်း သင်္ဘော ကိုယ်စားလှယ်သို့ ကျွန်ုပ်က ပြော၏။ အချို့ကူလီများသည် ကျွန်ုပ်အကြံ အစည်ကို မြင်သဖြင့် သင်္ဘောကြိုးချည်တုပ်ရာတိုင်ဆီသို့ ပြေး၏။ ထိုတိုင်ကို စောင့်လျက် သင်္ဘောကြိုးကိုမဖြတ်ရန် သင်္ဘောကိုယ်စားလှယ်ကို ခြိမ်း ခြောက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ကြိုးကိုဖြတ်၍ မြစ်လယ်သို့သင်္ဘောခုတ်၏။ ဤခုတ်နေစဉ် ကမ်း၌ကပ်လျက်ရှိသော သမ္ဗန်မှ သင်္ဘောသားများကို ကူလီတို့သည် ဖမ်းဆီး၍ကုန်းပေါ်သို့ ယူဆောင်သွားသည်ကို မြင်လိုက်ရ၏။ ကျွန်ုပ်မှ မကယ်ပါမူ သေဖွယ်ရာသာရှိတော့ကြောင်းကို သင်္ဘော ခလာသီက

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်၍ ပြော၏။

ကျွန်ုပ်သည် ကျောက်ဆူးကို ချီတင်၍ ခလာဆီအား ငြိမ်ငြိမ်နေရန်။ ၎င်းတို့ခိုင်းစေတိုင်းလိုက်နာရန် မန္တလေးရောက်မှ ဤကိစ္စကို ပြီးငြိမ်းအောင် ဆောင်ရွက်မည်ဟု မှာကြားခဲ့၏။ သင်္ဘောပေါ်တွင် ရမိလိုက်သော ကုလီနှစ်ယောက်ကိုမူ မန္တလေးမြို့သို့ ဆောင်ယူမည့် အကြံအစည်နှင့် လက်ထိတ်ခတ်လျက်ထား၏။ သို့သော် ဒုတိယအကြံရသည်မှာ ၎င်း၂ဦးကိုခေါ်ဆောင်ခြင်း အားဖြင့် သမ္မန်ပေါ်မှ အဖမ်းခံကြရသော သင်္ဘောသားတို့မှာ ပိုမိုညှဉ်းပန်းခြင်းခံရမည်ကို သတိရ၏။ သို့ဖြစ်၍ ဆင်ဖြူကျွန်းမှ ဖယ်ခွာ၍ တစ်နာရီခွဲမျှကြာသည့်ရှိသော် ကျွန်ုပ် ကျောက်ဆူးချရာအရပ်၌ ၎င်းတို့ ဆင်းစေ၏။ သူတို့ကို မလွှတ်သေးမီ သူတို့သည် ဆင်ဖြူကျွန်းသို့ရောက်သည်ကာလ၌ ကုလီများလက်တွင်းရှိ သင်္ဘောသားများကို လွှတ်ရန် ပြောဆိုတိုက်တွန်းပါမည်ဟူသော ကတိကို တောင်း၏။

ဆင်ဖြူကျွန်းမှထွက်လျှင် အချို့သောခရီးသည်များ လေးဦးက ၎င်းတို့၌ ရရှိသော ဒဏ်ရာများကို ပြကြကုန်၏။ တုတ်များ၊ ထင်းချောင်းများဖြင့် ရိုက်နှက်သောဒဏ်ရာများဖြစ်၏။ တစ်ယောက်သောသူမှာ နဖူးတွင် ကန့်လန့်ဖြတ်ကွဲအက်လျက်ရှိသော ဒဏ်ရာဆိုးတစ်ခုကိုပြ၏။ အခြားသူများ၏ ဒဏ်ရာမှာ သွေးထွက်လျက်ရှိကြ၏။

၁၈၇၉ ခု ဧပြီလ ၁၄ ရက်နေ့တွင် ဤအစစ်ခံချက်ကို ကပ္ပတိန် မော်ဂန်သည် ကျွန်ုပ်၏ရှေ့ဝယ် အစီရင်ခံပါကြောင်း။

(ပုံ) အာရ်ဘီရှော

* * *

စာမှတ် (၁၄)တွင် အကျမ်းဝင်စာ (ခ)

အင်္ဂလိပ်သံအမတ် မစ္စတာရှောထံမှ

မြန်မာနိုင်ငံတော်နိုင်ငံခြားဝန်ကြီး (ကင်းဝန်မင်း) ထံသို့

မန္တလေးမြို့ ၁၈၇၉ ခု ဧပြီလ၊ ၁၆ ရက်နေ့

(ရှင်စောပု)ခေါ် မီးသင်္ဘော၏ ကပ္ပတိန်အရာရှိထံမှ တိုင်တန်းချက်ရရှိကြောင်း နိုင်ငံခြား ဝန်ကြီးထံ အစီရင်ခံပါကြောင်း၊ ၈ ရက်နေ့က ဆင်ဖြူ



ကျွန်းတွင် ဖြစ်ပျက်သည့်ခိုက်ရန်နှင့် ပတ်သက်၍ ၎င်းတိုင်တန်းချက်ကို ၎င်းသင်္ဘောရှိ အခြားအရာရှိများက ထောက်ခံကြပါကြောင်း၊ ဤကိစ္စနှင့် ပတ်သက်၍ သင်္ဘောနှင့်ပတ်သက်သောသူများသည် စ၍ တိုက်ခိုက်သောသူများလည်း မဟုတ်ကြပါ။ ကုန်စည်များကို သယ်ယူကြသော ကုလီများနှင့် သမ္မန်ပေါ်ရှိ လူများတို့သာလျှင် ဝင်ရောက်ပါဝင်သည့် ရန်ဖြစ်မှုဖြစ်ပေသည်။ အပြောအဆို မညီညွတ်ဖြစ်သဖြင့် ကုလီများက ခရီးသည်များကို တုတ်များ ဝါးများဖြင့် ဒဏ်ရာရရှိအောင် ရိုက်နှက်ခြင်း ဖြစ်ပေသည်။ ရန်ပွဲသည် မရပ်မစဲ ဆက်လက်ဖြစ်နေပါမူ မိမိ၏ သင်္ဘောနှင့်ကုန်များ ပျက်စီး မည်ကို စိုးရိမ်သဖြင့် ကာကွယ်ရန် အလို့ငှာ ကပ္ပတိန်က သင်္ဘောကြိုးကို အဖြည်ခိုင်း၏။ သို့သော်လည်း ကြိုးကို မဖြည်နိုင်ရန် ကုန်းပေါ်ရှိ သင်္ဘော ကြိုးချည်နှောင်သော တိုင်ငုတ်ကိုဝိုင်း၍ ထား၏။ လွှတ်မြောက်ရန်အတွက် ကပ္ပတိန်သည် သင်္ဘောကြိုးကို ဖြတ်ပစ်ရ၏။ နှစ်ယောက်သော ကုလီတို့မှာ အထူးကြမ်းတမ်း၏။ သူတို့လည်း သင်္ဘောပေါ်သို့ တက်ပြေးတိမ်းရှောင် သော ခရီးသည်များကို လိုက်လံကြရာဝယ်၊ ၎င်းတို့ကို ဖမ်းဆီး၍ မြန်မာ အရာရှိများသို့ အပ်နှင်းရန်ဟူ၍ လက်ထိတ်ခတ်ပြီးလျှင် ဆောင်ယူခဲ့၏။ သို့သော်လည်း ဆင်ဖြူကျွန်းတွင် အဖမ်းခံရသော ကုလားကုလီများကို နှိပ်စက်ခြင်းမှ ရပ်စဲစေရန် ပြုလုပ်ပါမည်ဟု ဝန်ခံကတိပြုသောအခါ ၎င်းတို့ ကို လွှတ်လိုက်၏။ **မြင်းကိုစီးနင်းလျက်၊ အရာရှိအသွင်ရှိသော လူတစ် ယောက်က၊ ကုလားကုလီများကို ဖမ်းဆီးရာ၌ အမိန့်ပေးနေသည်ကို တွေ့မြင်ခဲ့ရ၏။ ဆင်ဖြူကျွန်းသို့ (ရှင်စောပု)သင်္ဘောသယ်ယူလာသော ကုန်စည်များမှာ မူ ကုလီများတို့၏ ကြမ်းတမ်းမှုကြောင့် ဆင်ဖြူကျွန်းတွင် မချနိုင်ဘဲ မန္တလေးအထိ သယ်ယူခဲ့ရ၏။**

ဤကဲ့သို့သော ခိုက်ရန်ဒေါသဖြစ်ခြင်းသည် လူအများ၏စိတ်ကို မငြိမ်မသက် တုန်လှုပ်စေတတ်၏။ ၎င်းပြင် အထက် မြန်မာပြည်တွင် ရေးကနှင့် မတူ ယခုအခါ သေဝပ်ပိပြားခြင်းမရှိ လူဆိုးလူသွမ်းတို့သည် မိမိတို့ပြုလုပ်လိုရာ ပြုလုပ်နိုင်သည်ဟူသော အထင်ကိုဖြစ်ပေါ်စေတတ်၏။ မြန်မာမင်း အစိုးရသည် ၎င်းကိစ္စကို သေချာစွာစစ်ဆေး၍ မှန်သည်ကို ပြုလုပ်လိမ့်မည်ဟု ယုံကြည်စိတ်ချပါကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)ထံမှ
မန္တလေးမြို့ရှိ အင်္ဂလိပ်သံအမတ်ထံသို့ပေးစာ

၁၈၇၉ ခုနှစ်၊ ဧပြီလ ၈ရက်နေ့တွင် "ရှင်စောပု"ခေါ် မီးသင်္ဘောသည် နိုင်ငံတော်အတွင်း ဆင်ဖြူကျွန်းမြို့တွင် ကျောက်ဆူးချလျက် ရပ်နေစဉ်၌ ၎င်းသင်္ဘောပေါ်တွင် အချို့ကုလီများနှင့် သင်္ဘောသား ကုလားများ၊ သင်္ဘောစီးခရီးသည်များ အချင်းဖြစ်ပွားသည်နှင့် စပ်လျဉ်းသည့် ၁၆ ရက်နေ့စွဲနှင့် သံအမတ်ထံမှ စစ်ဆေးစုံစမ်း၍ တရားသဖြင့် ပြုပြင်ရန် ပေးသောစာနှင့် ပတ်သက်၍ နိုင်ငံခြားဝန်ကြီးက ပြန်ကြားလိုသည်မှာ ခိုက်ရန်ဖြစ်ပွားခြင်းသည် ဆင်ဖြူကျွန်းမဟုတ်၊ တောင်ဘီလူးဇွန်းရွာ၌ ဖြစ်ကြောင်းကို သိရှိရ၏။ ထိုအချင်းဖြစ်ပွားရာတွင် ပါဝင်သည့် ကုလီများနှင့် မြင်းစီးလျက် အမိန့်ပေးသည်ဆိုသော သူကိုပါ စုံစမ်း၍ လွှတ်တော်သို့ မကြန့်ကြာစေဘဲ ဆင့်ခေါ်စေလွှတ်ရန် အမိန့်တော်ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း။

* * *

စာမှတ် (၁၅)
အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန
အိန္ဒိယနိုင်ငံရေးဆိုင်ရာ ကေရီဘုရင်မကြီး၏
အတွင်းဝန် လော့ခရိုင်ဘရွတ်ထံ အစီရင်ခံစာ

ကေရီဘုရင်မကြီး၏အစိုးရမင်းများ သိသာတော်မူရန် မြန်မာပြည် ဘုရင်မင်းမြတ်သည်ဆွေတော်မျိုးတော်များကို ကျူးလွန်စော်ကားတော်မူခြင်းနှင့်ပတ်သက်၍နောက်ထပ်ကြေးနန်းများ၏မိတ္တူကိုပို့ဆက်လိုက်ပါကြောင်း။

ပုံ
- လစ်တန်
- အက်ဖ်ပီဟိန်း
- အေကလပ်
- ဂျွန်စတြာချီ
- အီဘီ ဂျွန်ဆင်
- ဒဘာလျူစတုတ်
- အေ အာရ်သော်မဆင်။



စာမှတ် (၁၅)တွင် အကျုံးဝင်စာ (က)
ဆင်မလားမြို့ နိုင်ငံခြား အတွင်းဝန်ထံမှ
မန္တလေးမြို့ သံအမတ်ထံသို့ ၁၈၇၉ ခု၊ ဇွန်လ ၇ရက်နေ့ရိုက် ကြေးနန်း
၃ရက်နေ့စွဲနှင့် အောက်မြန်မာပြည်
ကော်မရှင်နာမင်းကြီးထံမှ ကြေးနန်းရ၏။

(အစ) ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် နှမတော်တို့ကို လေးလံသောသံအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ထားကြောင်း၊ ယင်းသို့ခံစားနေရရှာသော ပြုမူမှုကြောင့် မကြာမီ ကံတော်ကုန်ကြမည်ဖြစ်ကြောင်း၊ ခိုင်မာသော သတင်းရရှိ၏။ (အဆုံး)

သံအမတ်ရသော သတင်းနှင့်ထပ်ပါသလော၊ သို့ဖြစ်မူ ကန့်ကွက်လေ။

* * *

စာမှတ် (၁၅)တွင် အကျုံးဝင်စာ (ခ)
မန္တလေးမြို့ သံအမတ်ထံမှ
ဆင်မလားမြို့ နိုင်ငံခြား အတွင်းဝန်ထံသို့
၁၈၇၉ ခု၊ ဇွန်လ ၇ရက်နေ့ရိုက် ကြေးနန်း

လွန်ခဲ့သည့် ၄ရက်အတွင်း အိမ်ရှေ့မင်း၏ သားတော်များသည် တိတ်တဆိတ် အသတ်ခံရသည်ဟု ကြားရ၏။ ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် နှမတော်တို့မှာ ချမ်းသာ၏။ ကင်းဝန်မင်းကြီး၏ တိုက်တွန်းချက်အရ နတ်ရွာစံမင်းတရားကြီး၏ မိဖုရားကြီး၏ အရှိန်ကြောင့် ချမ်းသာ၏။ မင်း၏ ဘိသိက်ပွဲကို ၈ရက်နေ့ ချိန်း၏။ ၎င်းနောက် ဖြစ်မည့်အရေးကို တွေး၍ များစွာ စိုးရိမ်ကြကုန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၁၆)
အိန္ဒိယနိုင်ငံအစိုးရ နိုင်ငံခြားရေးဌာန ကေရီဘုရင်မကြီး၏
အိန္ဒိယပြည်ရေးဌာန အတွင်းဝန်ကြီးထံ အစီရင်ခံစာ
ဆင်မလားမြို့၊ ၁၈၇၉ ခု ဇွန်လ ၃၀ ရက်နေ့

၁၈၇၉ ခု၊ ဇွန်လ၁၆ရက်နေ့စွဲနှင့် အစီရင်ခံသည့် စာနှင့်ဆက်၍ မန္တလေးမြို့ သံအမတ်ထံမှရရှိသော နေ့စဉ်မှတ်တမ်းကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများသိရှိတော်မူကြစေရန်ပူးတွဲဆက်သလိုက်ပါသည်။ ဘုရင်မင်းမြတ်၏ အမိန့်အရ အချို့သော ဆွေတော်မျိုးတော်များကို ကရုဏာတရားကင်းမဲ့စွာ နှိပ်စက်ခြင်းခံစားနေရကြောင်း ထိုနေ့စဉ်မှတ်တမ်းတွင်ပါရှိပါ၏။

လွန်ခဲ့သည့် မေလအတွင်း သိန္နီမင်းသမီးကို နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ၎င်း၏သားတော်ကို သတ်ဖြတ်ခြင်းအကြောင်းနှင့် ပတ်သက်၍ ဗြိတိသျှပိုင် မြန်မာပြည်ကို အုပ်စိုးတော်မူသော ကော်မရှင်နာမင်းကြီးနှင့် မန္တလေးမြို့ သံအမတ်တို့ အပြန်အလှန်ရိုက်ကြားကြသော ကြေးနန်းများကိုလည်း ပူးတွဲဆက်သလိုက်ပါသည်။ ယင်းကဲ့သို့ အတန်တန် ကျူးလွန်မှုတို့ကို အိန္ဒိယပြည်အစိုးရတို့က များစွာ စက်ဆုပ်ရွံရှာကြောင်းကို အတိအလင်း ထုတ်ဖော်ပြောဆိုရန် ကာနယ်ဟောရိတ်စ်ဘရောင်း Colonel Horace Borwne သို့ အမိန့်အာဏာပေးလိုက်သည်။(ကာနယ်ဟောရိတ်စ်ဘရောင်းသည် ယခုအခါ မန္တလေးသံအမတ်ရာထူးကို ထမ်းဆောင်လျက်ရှိ၏။)

**မေလ ၂၆ ရက်နေ့စွဲနှင့် သံအမတ်၏ နေ့စဉ်မှတ်တမ်းတွင် အချို့ မြန်မာလူမျိုးတို့က သံအမတ်ငယ်၊မစ္စတာဖေယာ Mr. Phayre ကို မထိမဲ့ စော်ကားကြောင်း ပါရှိလေသည်။ သံအမတ်သည် ၎င်းကိစ္စကို မှူးမတ်များ သိရှိအောင်ပြုလုပ်သဖြင့်၊ ပြစ်မှုကျူးလွန်သူတို့ကို အပြစ်ဒဏ်ပေး၍ ပြုပြင်မှု ပြုလုပ်ပြီးပြီဖြစ်ပါကြောင်း။**

| | | |
|---|---|---|
| ပုံ | လစ်တန် | ပုံအက်ဖ်ပီဟိန်း |
| | အေရျေအာရာဘတ်နော့ | |
| | အေကလုပ် | |
| | ဂျွန်စတြာရာချီ | အီးဘီဂျွန်ဆင် |
| | ဒဘလျူစတုတ် | အေအာရ်သောမဆင် |



စာမှတ် (၁၆) အတွင်း အကျွမ်းဝင်စာ (က)
၁၈၇၉ ခု၊ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း
မန္တလေးမြို့၊ မေလ ၂၆ ရက်နေ့၊ ယနေ့နံနက်

**သံအမတ်ငယ် မစ္စတာဖေယာသည် မြင်းစီး၍ပြန်အလာ မြန်မာလူငယ်တစ်စုကို ဖြတ်သန်းရာတွင် ၎င်းကိုပြောင်လှောင်၍ ရိုင်းပျစော်ကားသောစကားကိုသုံးနှုန်းခြင်းပြုကြသည်။ ထီးယပ်တောင် အစရှိသည့် အရာရှိတို့၏ အဆောင်အယောင်များနှင့် နောက်လိုက် နောက်ပါတို့ကို မြင်ခြင်းအားဖြင့် အရာရှိတစ်ဦးဖြစ်တန်ရာ၏ဟု မစ္စတာဖေယာသည် သိဟန်ရှိ၏။ ၎င်းမှာလည်း မြန်မာအစိုးရပေးထား သောရဲအမှုထမ်း နှစ်ယောက်ပါရှိ၏။ အနီးအနားရှိ ပုလိပ်ဌာနသို့ တိုင်ကြားခဲ့၏။** ဌာနအုပ်ကလည်း ကျူးလွန်သူ၏အမည်နှင့် နေရပ်ကို စုံစမ်းစေ၏။ ကျွန်ုပ်ရောက်သည်မှစ၍ ဤကဲ့သို့တိုင်တန်းခြင်း မရှိခဲ့ဖူးချေ။ သို့သော်လည်း လွန်ခဲ့သည့် တစ်လ နှစ်လအတွင်း ဤအမှုမျိုးသည် ရှိးနေပြီ၊ ပြစ်မှုကျူးလွန်သူကိုလည်း ပြသနိုင်ရန် ခဲယဉ်း၏။ ယခု ကိစ္စတွင် ပြစ်မှုကျူးလွန်သူတို့ကို ထိုက်သင့်သောအပြစ်ပေးခြင်းအားဖြင့် ဤအမှုမျိုး နောင်မပေါ်ပေါက်စေရန် အားထုတ်ပါမည့်အကြောင်း၊ အမတ်ကြီးထံ အကြောင်းကြားလျက်ရှိ၏။ လွှတ်တော်မှအပြန် ဝန်ထောက်မင်းသည် လာ၏။ ကင်းဝန်မင်းကြီးသည် အလွန်နာမကျန်းရှိ၍ မှုခင်းဆောင်တာများ ကို မဆောင်ရွက်နိုင်ဟုပြော၏။ ဤသို့ပြောဆိုနေသည်မှာ ရက်အတန် ညောင်းပြီ၊ စစ်တပ်များပြန်ရုပ်သိမ်းရန် မြန်မာအစိုးရက တောင်းဆိုသော စာကို ကျွန်ုပ်က ၂၄ ရက်နေ့စွဲနှင့် ပြန်၏။ ကျွန်ုပ်၏ပြန်စာနှင့် ပတ်သက်၍ ဝန်ထောက်မင်းက အမေးရှိသည်မှာ ၎င်းစာ နောက်ဆုံးအပိုဒ်၏ သဘော အဓိပ္ပာယ်အလိုမှာ ကျွန်ုပ်သည် ဝန်မင်းနှင့် တွေ့လိုခြင်း ဖြစ်သလောဟူ၏။ ရှေးကကဲ့သို့ ယုံကြည်ခြင်းတရား ပြန်လည် မြဲစေလိုသောကိစ္စနှင့် ကျွန်ုပ်ကို ဝန်မင်းက တိုင်ပင်နှီးနှောရန် အလိုရှိခဲ့ပါမူ ကျွန်ုပ်သည် တွေ့ဆုံရန် အသင့်ရှိကြောင်း၊ ကျွန်ုပ်ကလည်း ဤကဲ့သို့သော အခြေအနေကို ပြန်လည် ရောက်ရှိရန် စိတ်ဆန္ဒရှိကြောင်း ပြောကြား၏။ ဝန်မင်းကလည်း ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်နှင့် တွေ့ဆုံရန် အလွန်တရာမှ အာသာရှိကြောင်း၊ သို့သော်လည်း ယခုအခါ မမာတော်

www.burmeseclassic.com

www.burmeseclassic.com



မှု၍ မတွေ့ရကြောင်းကို ဝန်ထောက်မင်းက ပြန်ပြော၏။

ကျွန်ုပ်ပြောဆိုသော စကားရပ်များကို ဝန်မင်းသို့ တစ်ဆင့်ပြောကြားပါမည့်အကြောင်း ဝန်ထောက်မင်းသို့ ကျွန်ုပ်က အကျယ်ပြောပြသည်။ ၎င်းက ဝန်ခံ၏။ သို့သော်လည်း ကျွန်ုပ်ကိုယ်တိုင် ဝန်မင်းကို ပြောပြလျှင် ပိုလွန်ခရီးရောက်မည့် အကြောင်း ပြန်ပြော၏။

**ဗြိတိသျှနယ်ပယ်အတွင်းရှိ စစ်တပ်များကို နေရာချထားခြင်း ကိစ္စနှင့်ပတ်သက်၍ မဆွေးနွေးနိုင်ကြောင်း၊ ဗြိတိသျှအစိုးရက သင့်လျော်သည့်အတိုင်း လိုသည့်အတိုင်း အမိန့်ချမှတ်ခြင်းသည် ဗြိတိသျှအစိုးရနှင့်သာ လုံးလုံးလျားလျား သက်ဆိုင်သည့်ကိစ္စဖြစ်ကြောင်း ကျွန်ုပ်က ထပ်မံပြောဆိုသည်။ သို့သော်လည်း ဗြိတိသျှ အစိုးရတို့သည် ၎င်းကိစ္စကို ဆင်ခြင်ဆုံးဖြတ်ရာတွင် မိမိတို့အနီးအနားရှိသည့် တိုင်းနိုင်ငံ၏ အခြေအနေကို ကြည့်ရှုဆင်ခြင်ထောက်ထားရပေလိမ့်မည်ဖြစ်ကြောင်း၊** နိုင်ထက်စီးနင်း ရန်လိုလားသည့် စကားမျိုးကို ရွှေနန်းတော်အတွင်းတွင် မပြတ်ပြောဆိုလျက်ရှိသည်ဟူသောသတင်းသည် ဝန်မင်းအလိုရှိသည့် အခြေမျိုးသို့ ရောက်ရှိစေရန် မဖြစ်နိုင်ကြောင်း။ မိမိ၏စီမံမှုကို တစ်ပါးသော သူတစ်ဦး၏အကျိုးကျေးဇူးနှင့် လိုက်လျောစွာပြုကျင့်ရမည်ဆိုသော် ထိုသူသည်လည်း မိမိအကျိုးကိုဆောင်ပါ၏လောဟု မေးမည်သာလျှင်တည်း။ မိတ်ဆွေတစ်ဦးတစ်ယောက်သည် မိမိ၏ နှစ်သက်စေမှု၊ အကျိုးဖြစ်ထွန်းမှုကို အစဉ်အားထုတ်လေ့ရှိမှု ထိုမိတ်ဆွေ၏ အကျိုးစီးပွားဖြစ်စေရန် မိမိအနာခံသင့်က အနာခံလျက် အားထုတ်မည်သာတည်း။

မြန်မာအစိုးရမင်းတို့၏ ပြုလုပ်လျက်ရှိခြင်းတို့သည် ကျွန်ုပ်တို့၏ အပေါ်၌ မိတ်ဆွေသဖွယ် အကျိုးစီးပွားဆောင်ရွက်ရာ ရောက်ပါသလော။

ဝန်ထောက်မင်း တွေးထင်ပါကုန်ဟု ကျွန်ုပ်က ပြောကြား၏။ သံတဲတည်ရာဌာနနှင့် ပတ်သက်၍ ကတိပျက်ကွက်ပြီးလျှင် များစွာ အလှမ်းကွာသည့် ဆင်ခြေစကားပြောဆိုခြင်းသည် မိတ်ဆွေသဖွယ် အကျိုးကျေးဇူးဆောင်ရွက်ရာရောက်ပါသလော။

နိုင်ငံတော်ကို အန္တရာယ်မဖြစ်စေနိုင်သည့်သူများကို နာကျင်စေခြင်းနှင့် ချုပ်နှောင်ခြင်းများကို မပြုမလုပ်ပါဟူ၍ အစိုးရအဖြစ်နှင့် ပြောဆိုပြီးမှ ကျွန်ုပ်တို့၏ ညှို့သည်ဖြစ်ကြကုန်သော မင်းသားနှစ်ပါး၏ ဆွေတော်



မျိုးတော် မိန်းမသားတို့ကို အနှောင်အဖွဲ့နှင့်ထားရှိခြင်းသည် အင်္ဂလိပ်အစိုးရကို နှစ်သိမ့်စေခြင်း ဖြစ်ပါသလော။

ကျွန်ုပ်တို့ အသိအမှတ် မပြုလုပ်လို၍ ငြင်းဆန်ကြောင်း သိလျက်နှင့် အရှေ့ ကရင်နီနယ်ကို ပိုင်ဆိုင်သည်ဟု တောင်းဆိုခြင်းသည် မိတ်ဆွေပီသပါသလော။

**၎င်းပြင် မန္တလေးမြို့ရှိ သာမည မြန်မာလူမျိုးတို့ပင်လျှင် အင်္ဂလိပ်လူမျိုးများအပေါ်၌ မုန်းထားသည့်စိတ်မျိုး ပေါ်ပေါက်စဖြစ်၍ ပြည်သူတို့၏စိတ်ကို ဆွပေးသည်နှင့်တူသော ပြုမူချက်တို့ကို ဥပမာသဖွယ် ထုတ်ဖော် ပြောဆို၏။တိုင်းသူပြည်သားများ ဤကဲ့သို့စိတ်သဘောထား ရှိခြင်းမှာလည်း အထက်အရာရှိများ၏ ကြိုးဝါးသံ ကြားနာရ၍သာလျှင် ဖြစ်ပေါ်လာကြောင်း** ၎င်းစိတ်သဘောထားမျိုးကို ပပျောက်စေရန် တတ်လည်းတတ်နိုင်၏။ ပြုလည်း ပြုထိုက်ကြောင်းပြော၏။ ဤသို့ ပြောဆိုရာတွင် ဝန်ထောက်မင်းသည် ဤကိစ္စများကို ဆောင်ရွက်ပါမည်။ အားတက်သရောရှိသည့် အမူအရာများဖြင့် ပြောဆို၏။ ကျွန်ုပ်က ဤသို့ ဖွင့်ပြောသဖြင့် များစွာ နှစ်သက်ကြောင်း၊ မိမိတတ်စွမ်းနိုင်သည့် ကိစ္စရပ်များကို ကိုယ်တိုင် ဆောင်ရွက်၍ပေးမည်ဟု အားထားယုံကြည်ပါမည့်အကြောင်း ပြောဆို၏။

**ထို့ပြင် နောက်ဆုံး၌ ကြွေးမြီများ ပြန်လည်ရရှိစေရန်စီရင်ရာ၌ မြန်မာမင်းကျေးတော်မျိုး ကျွန်တော်မျိုးများနှင့်အင်္ဂလိပ်လက်အောက်ခံ တိုင်းသားတို့ ရရှိသော အခွင့်အရေးများ များစွာ ကွာခြားနေကြောင်း၊ မတရားကြောင်းများကို ပြောဆို၏။** အကယ်၍ မြန်မာလူမျိုး တစ်ဦးတစ်ယောက်သည် မြီရှင်ဖြစ်၍ ဗြိတိသျှနိုင်ငံသားတစ်ဦးတစ်ယောက် အပေါ်မှ ရရန် ကြွေးမြီရှိလျှင် ချုပ်ဆိုထားသည့်စာချုပ်ကို အလေးအမူဘဲ မြန်မာအစိုးရသည် ဝင်ရောက် စွက်ဖက်၏။ စာချုပ်အလိုမှာ တွဲဖက်ရုံးရှိစေ၍ မြီစား၏ ပစ္စည်းများကို သိမ်းဆည်းနိုင်၏ (ဥဒါဟရဏ်သဘောဖြင့် ကိစ္စနှစ်ရပ်ကို ဖော်ပြ၏)အကယ်၍ ဗြိတိသျှနိုင်ငံသားသည် မြီရှင်ဖြစ်မူ၊ တွဲဖက်ရုံးက အမိန့် (ဒီကရီ) ချမှတ်ပြီးသည့် နောက်သော်မှ မြီစားပိုင်ပစ္စည်းများကို သိမ်းဆည်းခြင်း အခွင့်ပြုရန် ငြင်းဆို၏။ ၎င်းပြင် မြီစားကို ဝတ္တရားကျေပွန်ရှိမှုသာ အာမခံပေးစေ၍ လွှတ်ပစ်၏။ (မိုဟာမက်တာကီ၏အမှုတွင် ခံဝန်သူကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်မချဘဲ များစွာ ဖိနှိပ်နှိုးဆော်မှသာလျှင် ခံဝန်သူ၏ကိုယ်စား ကုလီ တစ်ယောက်ကို အကျဉ်းထောင်အတွင်း ချုပ်နှောင်၏)

**ဤကဲ့သို့ မိတ်မပီသသည့်လက္ခဏာတို့အတွက် ဝမ်းနည်းကြောင်း မြန်မာအစိုးရတို့ပြုမူပုံကို ကျွန်ုပ်နားမလည်နိုင်ကြောင်းကို ပြောဆို၏။ ဤအမှုတို့ကြောင့် မြန်မာအစိုးရ၌ အလွန်သေးငယ်သော အကျိုးကျေးဇူးဖြစ်စေ၏။ များစွာသော အကျိုးကျေးဇူးရှိသည့် ဗြိတိသျှအစိုးရနှင့် ချစ်ခင်ခြင်းကို ယုတ်လျော့စေ၏။**

နောက် ထပ်မံ ဥပမာအဖြစ် ကျွန်ုပ်က ပြောပြသည်မှာ နတ်ရွာစံ မင်းတရားကြီးသည် ဗြိတိသျှလက်အောက်ခံများဖြစ်ကြသည့် ကုလားလူမျိုးများအား မြေများပိုင်ဆိုင်ခွင့် ပေးသနားတော်မူ၏။ ကုလားလူမျိုးများသည် ငွေကြေးစိုက်ထုတ်ကာ အိမ်များဆောက်လုပ်၍ အတည်တကျနေထိုင်ကြကုန်၏။ ယခုအခါမှာမူ ၎င်းကုလားများကို နှင်ထုတ်၍ ၎င်းတို့ပိုင်ဆိုင်သော အိမ်များကို မြန်မာများတို့သို့ လွှဲပေး၏။ ၎င်းကုလားများမှာ လျော်ကြေးလည်းမရ၊ အိမ်ပစ္စည်းများကိုလည်း ရွှေ့ပြောင်းရန် အခွင့်မရကြချေ။ ကျွန်ုပ်၏ တောင်းပန်ချက်ကြောင့် သံတဲအနီးရှိ ပုလိပ်ဌာနအရာရှိသည် စုံစမ်းမေးမြန်းရန် အစီရင်ခံရာဝယ် ကျွန်ုပ်ပြောဆိုချက်ကို ထောက်ခံလေသည်။

၁၈၇၉ခု၊ မေလ ၂၇ရက်နေ့၊ အချို့သော စစ်သားများ သို့မဟုတ် နန်းတော်အစောင့်အကြပ်အချို့နှင့် အပျိုတော်အချို့သည် ကာမမှု ကြံစည်သည်အတွက် မကြာမီက ယောကျ်ားများကို သေသည့်တိုင်အောင် ရိုက်သည်ဟု ကြားရ၏။ မိန်းမများကို ဆင်များနှင့် နင်းသတ်မည်ဟု ခြိမ်းခြောက်၏။ ခြိမ်းခြောက်ရုံမျှသာဖြစ်သည် ထင်ရ၏။ နန်းတော်အတွင်းရှိ လုလင် တစ်ယောက်သည် ဘုရင်မင်းမြတ်၏ နမတော်တစ်ပါးနှင့် ချစ်ကြိုက်ရည်ငံသည်ကိုသိရှိတော်မူ၏။ သို့သော်လည်း ထိုလုလင်သည် ဘုရင့်မယ်တော်ထံ ပြေး၍ မယ်တော်ကလည်း စောင့်ရှောက် ကယ်မတော်မူ၍ ၎င်းအား ထုတ်ပေးတော်မမူ။

(ပုံ) အာရ်ဘီရှော
မန္တလေးမြို့နေ သံအမတ်

* * *



စာမှတ် (၁၆) အတွင်း အကျွမ်းဝင်စာ (ခ)
၁၈၇၉ခု၊ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း
မန္တလေးမြို့

၁၈၇၉ ခု၊ မေလ ၃၁ ရက်နေ့၊ညောင်ရမ်းမင်းသားနှင့်အမျိုးတော်စပ်သူ မိန်းမများကို အကြောင်းပြု၍ ကျွန်ုပ်သည် မင်းသား၏ မယ်တော်နှင့် စကားကမ်းလှမ်း ဆက်သွယ်ရ၏။ မင်းသား၏မယ်တော်အား ထောက်ပံ့ရန် ငွေကို ၎င်းမိန်းမများက ယူဆောင်၍ နောက်ထပ်အလိုတော်ရှိလျှင် ကျွန်ုပ်အား ပြောကြား၏။ မယ်တော်နှင့် နမတော်များကို သံခြေချင်း အနှောင်အဖွဲ့ဖြင့် ထား၍ ပိုမိုကျပ်တည်းစွာ ချုပ်နှောင်သည်တွင် ၎င်းမိန်းမများသည် မယ်တော်ထံဝင်ရောက်နိုင်ခွင့်မရ မရှိတော့ဘဲ မိမိတို့၏အသက်အန္တရာယ်ကို စိုးရိမ်သဖြင့် ရက်အတန်ကြာပုန်းအောင်း၍ နောက်ဆုံး၌ ရန်ကုန်သို့ ထွက်ပြေးကြကုန်၏။ ၎င်းတို့အတွက် ခရီးစရိတ်ကိုလည်း ကျွန်ုပ်က ပေးလိုက်၏။ ညောင်ရမ်း မင်းသား၏ မယ်တော်နှင့်ဆက်သွယ်ရန် လမ်းစသည် ပြတ်၏။ သို့သော်လည်း အသက်ရှင်လျက်ပင်ရှိ၍ ဘုရင်၏မယ်တော်က ကျွေးမွေးထားသည်ဟု ကျွန်ုပ်ယုံကြည်၏။

၁၈၇၉ ခု၊ ဇွန်လ ၁၅ ရက်နေ့

နောက်ထပ် သတ်ဖြတ်ကြောင်း သတင်းများ ဖြစ်ပေါ်လာပြန်၏။ အိမ်ရှေ့မင်း၏ သားတော်များကို သတ်သည်ဟူသောသတင်းကို ရှေးဦးစွာ အရပ်ရပ်မှ ကြားရ၏။ ထိုနောက် ၎င်းတို့၏ နှမတော်များသည် ဗြိတိသျှနယ်သို့ လှေဖြင့်စုန်ဆင်းထွက်ပြေးကြရာတွင် နယ်ခြားနှင့် မလှမ်းမကမ်းတွင်မိ၍ လှေပေါ်မှ ပစ်ချခြင်းခံရ၍ ရေတွင်ပျက်စီး တော်မူကြသည်ဟုကြားရ၏။ အချို့မင်းသမီးများ လွတ်မြောက်ရန် အားထုတ်ကြရာဝယ် အဖမ်းခံကြရသည် ကားအမှန် ဖြစ်တန်ရာ၏။ ညောင်ရမ်းမင်းသား၏ မယ်တော် နတ်ရွာလားကြောင်း သတင်းဖြစ်ပေါ်လာ၏။ ဤသတင်းသည် မမှန်ရာ။ ၂၆ ရက်နေ့တွင် ညောင်ရမ်းမယ်တော်ကို သတ်ရန် အမိန့်ချမှတ်တော်မူလိမ့်မည်ဟု ကြားရသည်မှာ မှန်၏။ သို့သော်လည်း နတ်ရွာစံမင်းတရားကြီး၏ မိဖုရားများနှင့် ကင်းဝန်မင်းကြီးတို့ကြောင့် အမိန့်တော်မချဖြစ်၊ နောက်များ မကြာမီ အိမ်ရှေ့မင်း၏ သားတော်တစ်ပါး နှောင်အိမ်အတွင်း အသက်ရှင်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေ့မြင်ခဲ့ရ၏။ ဟုတ်မှန်သည့် အတိုင်း သိရှိရန် ခဲယဉ်း၏။

အိန္ဒိယပြည်၌ ၁၈၆၆ ခုနှစ်မှစ၍ တိမ်းရှောင်နေကြသော မင်းသားများ၏ မယ်တော်များနှင့်အတူ ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် နှမတော်ကို လူတစ်ယောက်ဝင်နိုင်ရုံမျှသာရှိသော အပေါက်ငယ်တစ်ပေါက်သာ ဖောက်၍ အုတ်အပြည့်ကာရံလျက်ရှိသော အလုံထောင်တွင်း၌သိုထားကြောင်းသတင်းကို ထောက်လှမ်းရရှိ၏။ ခြေတော်တစ်ဖက်လျှင် သံခြေချင်း ၂ဆင့်ခတ်လျက် ပွဲတော်ကို မလောက်မင တည်တော်မူကြရသည်။ ဤမျှ ကျဉ်းမြောင်းသော အခန်းအတွင်း၊ ပြဒါးချိန် ၁၁၅ မှတ်ထိ ရံဖန်ရံခါ တက်၍ ဘယ်နံ့ရောအခါမှ ၁၀၀ မှတ်ထက် အောက်မကျအောင် ပူပြင်းသည့် ဥတုရာသီတွင် မယ်တော်နှမတော်များကို သိုလှောင်ထားခြင်းသည် မကြင်မနာ အထူးကရုဏာကင်းမဲ့ခြင်းဖြစ်ပေသည်။

လွှတ်တော်မှအပြန် ဝန်ထောက်မင်းသည် ကျွန်ုပ်ထံ လာသဖြင့် မယ်တော်၊ နှမတော်များကို ရက်စက်ကြမ်းကြုတ်စွာ ချုပ်နှောင်ထားခြင်းကို ပြော၍ မဟာအနွယ်တော်ဝင် မိန်းမသားများအား ဤကဲ့သို့ ပြုလုပ်ခြင်းကို ဥရောပတိုက်တွင် မည်မျှစက်ဆုပ်ကြောင်းကို ပြောပြ၏။ ဝန်ထောက်မင်းသည် ခါတိုင်းကဲ့သို့ပင် အမူအရာဖြင့် သဘောတူကြောင်းကို ပြ၏။ သို့သော်လည်း နှုတ်ဖြင့်ပြောသည်မှာ ဝန်မင်းတို့ ကျွန်ုပ်တို့ကိုယ်တိုင်တွေ့ရှိသောအခါ မေးမြန်းမှ မှန်မမှန်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

* * *

စာမှတ်(၁၆) အတွင်း အကျွမ်းဝင် စာ(ဂ)
ရန်ကုန်မြို့ ကော်မရှင်နာမင်းကြီးထံမှ
မန္တလေးသံအမတ်ထံသို့ ရိုက်သော ကြေးနန်း

သင် ကန့်ကွက်ပြီးသည့်နောက် သိန္နီမင်းသမီး၏ သားတော်ကို သတ်ကြောင်း၊ မင်းသမီးကိုလည်း နှိပ်စက်ကလူပြုကြောင်း အတိအလင်းပြော၏။ ဤသတင်းမှန်သလော။

* * *



စာမှတ်(၁၆) အတွင်း အကျွမ်းဝင် စာ(ဃ)
မန္တလေးမြို့သံအမတ်ထံမှ
ရန်ကုန်မြို့ကော်မရှင်နာ မင်းကြီးထံသို့
၁၈၇၉ခု၊ မေလ ၂၅ ရက်နေ့ရိုက် ကြေးနန်း

၂၄ ရက်နေ့ရိုက် ကြေးနန်းကို ရရှိ၏။ သတင်းမှန်သည်ဟု စိုးရိမ်၏။ အသေအချာ စုံစမ်း၍ မရ။

* * *

စာမှတ်(၁၆) အတွင်း အကျွမ်းဝင်စာ (င)
အိန္ဒိအစိုးရနိုင်ငံခြားရေးဌာန
အတွင်းဝန်ထောက်ထံမှ
မန္တလေးမြို့ သံအမတ်ထံသို့
ဆင်မလားမြို့ ၁၈၇၉ ခု၊ ဇွန်လ ၂၃ ရက်နေ့

အမိန့်အရပူးတွဲပါ ကြေးနန်းမိတ္တူများကို ပို့လိုက်ပါသည်။ ၎င်းကြေးနန်းများမှာ ရန်ကုန်မြို့ ကော်မရှင်နာ မင်းကြီးနှင့် သင့်နေရာတွင် ယခင်က ဆောင်ရွက်သွားသည့် သံအမတ်တို့ အပြန်အလှန်ရိုက်ကြားကြသော ကြေးနန်းများဖြစ်၏။

ကြေးနန်းများသည် မှန်သည်မဟုတ်ဟု ယူဆရန်အကြောင်းမရှိလျှင် မြန်မာ ဝန်ကြီးများနှင့် အချိန်မနှောင်းစေဘဲ ဤအကြောင်းနှင့် စပ်လျဉ်း၍ စကားပြောဆိုပါလေ၊ ဤသို့ပြောဆိုရာတွင် ဗြိတိသျှအစိုးရတို့သည်ဤကဲ့သို့ ဆက်ခါ ဆက်ခါ သတ်ဖြတ်နေခြင်းများကို စက်ဆုပ်ရွံရှာကြောင်းကို တိတိလင်းလင်း ထုတ်ဖော်ပြောဆိုပါလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ်(၁၇)
အိန္ဒိယပြည်နိုင်ငံခြားရေးဌာန
ဗဟိုအစိုးရ၏ အိန္ဒိယပြည်ဆိုင်ရာ
အတွင်းဝန်မင်း လော့ခရိုင်ဘရွတ်သို့

ဆင်မလားမြို့ ၁၈၇၉ခု ဇူလိုင်လ၊ ၂၁ ရက်နေ့

အထက်မြန်မာပြည်တွင် ဖြစ်ပျက်လျက်ရှိသော အခြေအနေ၊ ၎င်းအခြေအနေ၏သဘော အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၏ ကုန်သွယ်မှုအခြေအနေ၊ ကျွန်ုပ်တို့သည် မြန်မာအစိုးရနှင့် ဆက်ဆံမှုအခြေအနေနှင့် ပတ်သက်၍ ရန်ကုန်မြို့ ကော်မရှင်နာမင်းကြီးနှင့် ပေးကမ်းသည့် စာများကို ဆက်သလိုက်ပါကြောင်း။

(ပုံ) လစ်တန်
အက်(ဖ)ပီဟိန်း
အေရျေအာရဘာတ်နော့
အေကလပ်
ရျေစတြာရချီ
ဘီဂျွန်ဆင်
အီဘီဂျွန်နဆင်
ဒဘလျူစတုတ်
အေအာရ်သောမဆင်။

* * *



စာမှတ်(၁၇) အတွင်း အကျမ်းဝင်စာ (က)
မန္တလေးမြို့သံအမတ် မစ္စတာရှောထံမှ
ရန်ကုန်မြို့ကော်မရှင်နာမင်းကြီး
စီယူ အိပ်ချီဆန် (C.U.Aitchison) C.S.I ထံသို့ပေးစာ
မန္တလေးမြို့၊ ၁၈၇၉ခု၊ ဧပြီလ ၂၇ ရက်နေ့

ဗြိတိသျှအစိုးရမင်းတို့သည် နယ်နိမိတ်အနီးအနားသို့ စစ်တပ်များ ပိုမိုပို့ထားရာ၌ ရည်ရွယ်ချက် နှစ်ရပ်ရှိသည်ဟု သိရှိရ၏။

(၁) မှာ ကျွန်ုပ်တို့၏ နယ်နိမိတ်သို့ တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်။

(၂) မှာ အရေးကြီးနေသည့် အခိုက်တန့်အတွင်း မန္တလေးမြို့တွင် ကျွန်ုပ်တို့၏သြဇာတန်ခိုးကို အားပေးထောက်ခံရန် ဖြစ်ကြောင်းဟု ကျွန်ုပ် သိရှိပါ၏။

**ကာကွယ်ရန်သက်သက်အလို့ငှာ ရှေ့သို့တက်ရန်အတွက်လွယ်ကူစေမှု မည်မျှလိုသည်ကို ကျွန်ုပ်မသိ၊ ဤကိစ္စမှာ စစ်ရေးစစ်ရာ ဖြစ်သဖြင့် ထင်မြင်ချက်ပြောဆိုရန် ကျွန်ုပ်မစွမ်းပါ။ သို့သော်လည်း စစ်တပ်များနယ်ခြားသို့ရောက်ရှိခါမျှနှင့် အကျိုးကျေးဇူးများလှ၏။ ယခုလက်ရှိ အခြေအနေအတိုင်းဆိုလျှင် မြန်မာတို့က ကျွန်ုပ်တို့၏ နယ်သို့ ချင်းနင်းတိုက်ခိုက်မည်ကို ထင်မြင်ဖွယ်မရှိ။** အရေးရှိက စစ်တပ် များကို ရွှေ့ပြောင်းသယ်ယူရန်၊ နည်းလမ်းများရှာဖွေစုဆောင်းရန် မည်မျှ ကြာမည်။ ဤနည်းလမ်းများမရှိခြင်းကြောင့် စစ်တပ်များ မည်မျှလောက် ကာကွယ်ရာတွင် ပျက်ပြားမည်။ မြန်မာတို့က ဝင်ရောက်တိုက်ခိုက်မည့် အရေးမမြင်သေးခြင်းကြောင့် စစ်တပ်များကို ရွှေ့ပြောင်း သယ်ယူရန် စနစ်များအတွက် စရိတ်ငွေ မည်မျှလျှော့ပေါ့မည် ကိစ္စများမှာ ကျွန်ုပ် မညွှန်ကြားနိုင်သော ကိစ္စရပ်များဖြစ်ပေသည်။

ကျွန်ုပ်တို့၏ သြဇာတန်ခိုးကို ထောက်ခံမှုဟူသော ဒုတိယရည်ရွယ်ချက်နှင့် ပတ်သက်၍ ၎င်းသြဇာတန်ခိုးသည် ကာကွယ်စေကြောင်းမျှသာ ဖြစ်နိုင်၏။ ဥပမာဆိုသည်ရှိသော် ဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ်ကို ကျူးလွန်စော်ကားခြင်းကို ကာကွယ်နိုင်၏။ ကျွန်ုပ်တို့ ကန့်ကွက်ချက်ကို မလေးစားဘဲ ရက်စက်သော သတ်ဖြတ်မှုတို့ကို ကာကွယ်နိုင်စေ၏။ **သို့မဟုတ်**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ အခွင့်အရေးနှင့် ပတ်သက်၍ အကျုပ်အတည်းတောင်းဆို ရာ၌အားဖြစ်နိုင်၏။သံအမတ်ကို စော်ကားခြင်းသည် ရုတ်တရက် ပေါ်ပေါက်နိုင်၏။ သို့သော်လည်း အကြောင်းရှိက တိုက်ခိုက်ရန် စစ်တပ် အရန်သင့်ရှိလျှင် စော်ကားမှုမပေါ်ပေါက်တန်ရာ။ ထိုသို့ စော်ကားမှု ပေါ်ပေါက်ခဲ့သော် စစ်တပ်များကို ရွှေ့ပြောင်းရန် လွယ်ကူ စေခြင်း စနစ်များလိုကြောင်း ထင်ရှား၏။ ကျွန်ုပ်တို့၏ အခွင့်အရေးကို တောင်းဆိုရာ၌ကား ကျွန်ုပ်တို့က စတင်ပြုလုပ်ရမည်ဖြစ်၍ ကျွန်ုပ်တို့ သာလျှင် အချိန်အခါရွေးချယ်၍ ရွေးချယ်ခြင်းနှင့် လျော်ညီစွာ ပြင်ဆင် ခြင်းကိုလည်း ပြုလုပ်ရာသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ စစ်တပ်များကို ရွှေ့ပြောင်းရန်အကြောင်း သုံးခုဖြစ်ဖွယ်ရှိ၏။

(၁) ကျွန်ုပ်တို့၏ နယ်နိမိတ်ကို တိုက်ခိုက်သည့်ရှိသော် ကာကွယ်ရန် အတွက်။

(၂) မန္တလေးမြို့တော်တွင် ဖြစ်ပျက်သည် အချို့ကိစ္စများကို ကာကွယ် ရန်နှင့် ဟန့်တားရန်။

(၃) ကျွန်ုပ်တို့၏ အခွင့်အရေးများကို အကျပ်အတည်းတောင်းဆိုရန်။

ဤအကြောင်းများအနက် နောက်ဆုံးအကြောင်းသည် အစိုးရမင်းတို့ ၏ စနစ်နှင့် လိုက်လျောညီစွာသာလျှင် ဖြစ်နိုင်၏။ ကျွန်ုပ် ပြောနိုင်ရန် အခြေမရှိ။ ပထမအကြောင်း နှစ်ရပ်နှင့် ပတ်သက်၍ကား ၎င်းအကြောင်းများ မပေါ်ပေါက်တန်ရာ။ ဤသို့မပေါ်ပေါက်ဘဲနေရခြင်းမှာလည်း ကျွန်ုပ်တို့၏ စစ်တပ်များ အရန်သင့်ပြင်ဆင်နှင့်ပြီး ဖြစ်ခြင်းကြောင့်သာလျှင် ဖြစ်၏။ ဤ နေရာ၌ ငွေကို သုံးစွဲခြင်းအားဖြင့် နောက်ထပ် ငွေအမြောက်အမြား မကုန်ကျ ရတော့ဘဲ စစ်တပ်များကို အသုံးပြုသဖြင့် ရောက်ရှိမည့် ဘေးအန္တရာယ်များ ကိုလည်းကာကွယ်ရာရောက်၏။ သို့သော်လည်း ရှေ့သို့တက်ရောက်ရန် အတွက်ရွှေ့ပြောင်းရန် ကိရိယာများနှင့် အခြားလိုလားချက်များကိုဆက်လက် ထားရှိမှသာလျှင် အကျိုးဖြစ်ထွန်းနိုင်မည်ဟု မဆိုသာပေ။ ရုတ်တရက် အထင်အရှား စစ်တပ်များကို ရုပ်သိမ်းခြင်းကို မနှစ်မြို့က်သော်လည်း မီးသင်္ဘောအစရှိသည်တို့ကို တရွှေ့ရွှေ့ မြန်မာမင်းတို့သည် ကျွန်ုပ်တို့ အား မထိမဲ့မြင်ပြုကြရန် အားတက်မှုမဖြစ်စေဘဲ မသိမသာ ရွှေ့ပြောင်း



ရန်သင့်သည်ဟု ကျွန်ုပ်အထင်ရှိ၏။ ရေဝတီ မီးသင်္ဘော ကုမ္ပဏီရှိခြင်း အားဖြင့် ကျွန်ုပ်တို့၌ မည်မျှ လွယ်ကူသော အားထားဖွယ်တစ်ရပ် ရှိသည်ကို မြန်မာမင်းအစိုးရသည် သိရှိလိမ့်မည်။ ဤကဲ့သို့ ထင်မြင်ချက် ကို ထုတ်ဖော်ပြောဆိုရခြင်းမှာ စစ်ချီတက်ဖွယ် အကြောင်းနှစ်ရပ်နှင့် ပတ်သက်၍ ပြောဆိုခြင်း ဖြစ်ပါသည်။ ဤအကြောင်းနှစ်ရပ်ကို အစိုးရမင်းတို့ အစိုးမရပေ။ ကျွန်ုပ်တို့၏ အခွင့်အရေးတောင်းဆိုခြင်းနှင့် ပတ်သက်၍ အစိုးရမင်းတို့၏ စနစ်ကိုကား ကျွန်ုပ်တို့မသိနိုင်ပေ။

* * *

စာမှတ်(၁၇) အကျွမ်းဝင်စာ (ခ)

မြန်မာပြည်၊ ကော်မရှင်နာမင်းကြီး၏

ခေတ္တအတွင်းဝန်ကြီး မစ္စတာဘားဂျက် (G.D. Burgess) B.C.S ထံမှ

အိန္ဒိယအစိုးရနိုင်ငံခြားအတွင်းဝန်ကြီး

မစ္စတာလာယလ် (A.C. Lyall) ထံသို့ပေးစာ

ရန်ကုန်မြို့ ၁၈၇၉ ခု၊ မေလ ၇ရက်နေ့

ကော်မရှင်နာမင်းကြီးသည် စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် တိုင်ပင် နှီးနှော၍ အကြောင်းပေါ်ပေါက်က စစ်တပ်များကို သယ်ယူရန် အလို့ငှာ သရက်မြို့တွင် ငှားရမ်း၍ထားသော မီးသင်္ဘောသုံးစင်းနှင့် သမ္ဗန်ခြောက် စင်းကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်းကို သိသာတော်မူစေရန် အမိန့်အရ အစီရင်ခံပါသည်။ အလိုရှိပါလျှင် သင်္ဘောများနှင့် သမ္ဗန်များကို ၁၀ရက် အတွင်း ပြန်၍ စုဝေးနိုင်သည်ဟု ခန့်မှန်းရ၏။ စစ်ဘက်ဆိုင်ရာ အရာရှိ များကလည်း ဤမျှလောက် ကြန့်ကြာခြင်းသည် အရေးကြီးလောက် အောင် ထိခိုက်ဖွယ် မရှိဟု ထင်မြင်၏။ သို့ဖြစ်၍ သရက်မြို့တွင် ငှားရန် စုဆောင်းထားသည့် သင်္ဘောများကို ရုပ်သိမ်းရန် စီမံလိမ့်မည်ဖြစ်ပါကြောင်း၊ သံအမတ်ကလည်း မန္တလေးမြို့တွင် ရပ်တန့်ထားသည့် သင်္ဘောကို ဆက် လက်ငှားရန်ကို ငြင်းဆို၏။ လွန်ခဲ့သည့် ၂၀ ရက်နေ့၌ ငှားရမ်းသည့်ရက်စေ့ ကုန်၏။ ဤနည်းဖြင့် စရိတ်ကုန်ဖွယ်ရာအကြောင်းများကို ရပ်တန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အသင့်ပြင်ဆင်၍ စစ်တပ်များ ရန်ထားခြင်းကိစ္စနှင့် ပတ်သက်၍ သံအမတ်၏ ပြန်စာတွင် ကော်မရှင်နာမင်းကြီး စုံစမ်းသည့်အချက်တို့ကို သေချာဂနု မပါရှိသော်လည်း မန္တလေးမြို့တွင် စိုးရိမ်ဖွယ်အခြေအနေသည် ဆက်လက်တည်ရှိဆဲပင်လျှင် ဖြစ်ကြောင်းကို ညွှန်ကြားချက်များ ပါရှိ၏။ နယ်ခြားတွင် စစ်တပ်များရောက်ရှိခြင်းဖြင့် အကျိုးကျေးဇူးများကြောင်းကို သံအမတ်သည် ပြောဆို၏။ ယခု လက်ရှိ အခြေအနေအတိုင်းဆိုခဲ့မူ ကျွန်ုပ်တို့ နယ်ပယ်ကို ရုတ်တရက်ဝင်ရောက် တိုက်ခိုက်မည်ကို စိုးရိမ်ဖွယ်မရှိဟု ပြော၏။ သို့ဖြစ်ခြင်းကြောင့် စစ်တပ်များကို ရုပ်သိမ်းခြင်းဖြင့်သော်လည်းကောင်း၊ လျှော့ပေါ့ခြင်းဖြင့်သော်လည်းကောင်း၊ ယခု လက်ရှိအခြေအနေ ပြောင်းလွဲသည်ရှိသော် ကျွန်ုပ်တို့၏ နယ်ပယ်ကို ဝင်ရောက်တိုက်ခိုက်မည်ကို စိုးရိမ်ဖွယ်အကြောင်းရှိသည်ဟူ၍ သာလျှင် ယူဆဖွယ်ရာအကြောင်းရှိ၏။ စစ်တပ်များကို နယ်ခြား၌ထားရခြင်း၏ ဒုတိယရည်ရွယ်ချက်ဖြစ်သော ကျွန်ုပ်တို့၏ကိုယ်စားလှယ်အားစော်ကားခြင်းများကို ရှောင်ရှားစေခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ကန့်ကွက်ခြင်းကို မထီမဲ့မြင်ပြု၍ ရက်စက်စွာ သတ်ဖြတ်ခြင်းတို့ကို ဟန့်တားခြင်းနှင့် ပတ်သက်၍ သံအမတ်က ပြောဆိုသည်မှာ အမှုကိုဆောင်ရွက်ဖွယ်ရာ အကြောင်းသည် ရုတ်တရက်ပေါ်ပေါက်နိုင်၏။ သို့သော်လည်း ကျွန်ုပ်တို့သည် အရေးကြီးက အဆင်သင့်ရှိကြောင်းကို သိမြင်စေပါလျှင် ၎င်း အကြောင်းသည် ပေါ်ပေါက်ဖွယ်မရှိပေ။

ကျွန်ုပ်တို့သည် အရန်သင့်ပြင်ဆင်ပြီး မရှိက အရေးပေါ်ပေါက်ဖွယ် အကြောင်းရှိသည်ဟု သံအမတ်သည် ဆိုလိုဟန်ရှိသည်။ သံအမတ်က ပြောဆိုသေးသည်မှာ ကျွန်ုပ်တို့၏ နယ်ခြားသို့ဝင်ရောက် တိုက်ခိုက်ခြင်းကို ကာကွယ်ရမည့်အရေးသည် အထူးသဖြင့် မဖြစ်တန်ရာ။

မန္တလေးမြို့တွင် ဖြစ်ပျက်မည့် အရေးကိစ္စကို ကာကွယ်ရန်နှင့် ဟန့်တားရန်အကြောင်းလည်း ပေါ်ပေါက်မည့်လက္ခဏာမရှိ။ ဤကဲ့သို့ အကြောင်းလက္ခဏာများ မပေါ်ပေါက်နိုင်ခြင်း၏ အကြောင်းရင်းကား ကျွန်ုပ်တို့သည် စစ်ရေးစစ်ရာ၌ အရန်သင့်ပြင်ဆင်ပြီး ရှိခြင်းကြောင့်သာလျှင် ဖြစ်၏။ ရုတ်တရက် အထင်အရှား စစ်တပ်များ ရုပ်သိမ်းခြင်းကိုကား သံအမတ်သည် အကြံမပေးလို၊ သို့သော်လည်း သဘော်များနှင့်သမ္ဘန်များကို တဖြည်းဖြည်း မထင်မရှား မြန်မာများတို့အား အန်တုစေမှု အားမပေးဘဲ၊ တိတ်တဆိတ်



ထွက်ခွာစေသင့်သည်ဟု ထင်မြင်၏။

ဤစာပိုဒ်တို့ကို ထောက်ချင့်ခြင်းအားဖြင့်လည်းကောင်း၊ သံအမတ်ရေးသည့်စာ၏ အာဘော်ကို ဆင်ခြင်ခြင်းအားဖြင့်လည်းကောင်း၊ သဘော်သမ္ဘန်များကို ရုပ်သိမ်းသည်ထက် ပိုမို၍ တင်ကြိုပြီးလျှင် ထားအပ်သည့် သတိတရားကို လျှော့ပေါ့စေလောက်အောင် မြန်မာတို့၏ စိတ်နေသဘောသည် ထိထိရောက်ရောက် မပြောင်းလွဲသေးဟူ၍ သံအမတ်အထင် ရှိကြောင်းကို ကော်မရှင်နာမင်းကြီးသည် ရိပ်မိ၏။

သံအမတ်သည် နိုင်ငံအခြေအနေနှင့် ပတ်သက်၍ ဤကဲ့သို့ ထင်မြင်သည်ဟု ကော်မရှင်နာမင်းကြီး၏ ယူဆချက်သည် မှန်ပါမူ သံအမတ်၏ ထင်မြင်ချက်နှင့် ကော်မရှင်နာမင်းကြီး၏ ထင်မြင်ချက်သည် ထပ်တူ ထပ်မျှ ဖြစ်၏။ ဤသို့အယူရှိခြင်းမှာလည်း သံအမတ်၏ အစီရင်ခံစာကို ထောက်၍လည်းကောင်း၊ အခြား အထူးထူးသောအရပ်တို့မှ ရရှိသောသတင်းများကို ထောက်၍လည်းကောင်း ရရှိသောအယူဖြစ်၏။ **မြန်မာလူမျိုးတို့၏ စိတ်မာန်သည် ရုတ်တရက် နယ်ခြားရှိ စစ်တပ်များကို ရုပ်သိမ်းရန်သော်လည်းကောင်း၊ လျှော့ပေါ့ရန်သော်လည်းကောင်း မဖြစ်နိုင်။ ဘေးအန္တရာယ်များစေမည့် စိတ်မာန်ဖြစ်သည်ဟု ကော်မရှင်နာ မင်းကြီးသည် ယုံကြည်၏။** အကြင်မျှလောက်သော ကာလပတ်လုံး နိုင်ငံရေးအခြေအနေသည် စိုးရိမ်ဖွယ်ရှိ၏။ ထို့ပြင် အကြင်မျှလောက်သာ ကာလပတ်လုံး မြန်မာတို့သည် ငြိမ်ဆိတ်အေးချမ်းသော စိတ်နေသဘောထားရှိပြီဟူ၍ သံအမတ်က စိတ်ချကြောင်း အာမမခံသေး၊ ထိုမျှလောက်သော ကာလပတ်လုံး အစောင့်အကြပ် စစ်တပ်၏အားကို လူတစ်ယောက်မျှဖြင့် လျှော့ပေါ့ခြင်းကိုလည်းကောင်း၊ နီးနီးကြားကြား စောင့်ကြပ်ခြင်းကို စိုးစဉ်းမျှ လျှော့ပေါ့ခြင်းကို ကော်မရှင်နာမင်းကြီးသည် အကြံမပေးနိုင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ်(၁၇) အတွင်း အကျမ်းဝင်စာ (ဂ)
မြန်မာပြည် ကော်မရှင်နာမင်းကြီး၏
ခေတ္တအတွင်းဝန်ကြီး မစ္စတာဘားဂျက် B.C.S ထံမှ
အိန္ဒိယနိုင်ငံခြားအတွင်းဝန်၊ မစ္စတာလာယလ်ထံသို့ပေးစာ
ရန်ကုန်မြို့၊ ၁၈၇၉ ခု၊ မေလ ၂၂ ရက်နေ့

၁။ အိန္ဒိယပြည်အစိုးရမင်းတို့သည် ဆင်ခြင်ပြီး၍ အမိန့်ချမှတ်တော်မူကြရန်။ ပူးတွဲပါ ရန်ကုန်မြို့ ကုန်သည်ကြီးများအသင်းမှ ပေးပို့သောစာနှင့် ကော်မရှင်နာမင်းကြီး၏ပြန်စာကို အမိန့်အရ ပေးပို့ဆက်သလိုက်ပါကြောင်း။

၂။ အတန်ကြာကာလမှ အစပြု၍ စိုးရိမ်လောက်အောင် ညံ့ဖျင်းနေသည့် ကူးသန်းရောင်းဝယ်မှုနှင့် ဤအတိုင်း ဆက်လက် ညံ့ဖျင်းပါမူ အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်းတိုင်ရောက်ရှိမည့်အခြေအနေကို သတိချပ်စေရန် ကုန်သည်ကြီးများအသင်းက တောင်းပန်ပါကြောင်း။ ဤသို့ ကုန်ကူးသန်းရေး ညံ့ဖျင်းခြင်းကို ကော်မရှင်နာမင်းကြီးလည်း များစွာဝမ်းနည်း၏။ စိုးရိမ်မကင်းဖြစ်ခြင်းကြောင့် ဤအကြောင်းကို အိန္ဒိယအစိုးရမင်းတို့ သိရှိစိမ့်ငှာ အစီရင်ခံပြီးဖြစ်ကြောင်း။

၃။ သို့သော်လည်း ကုန်သွယ်ခြင်း ကိစ္စသည် ဤကဲ့သို့သော ဒုက္ခတွေ့ရှိနေရခြင်းမှာ ဗြိတိသျှပိုင် မြန်မာပြည်အတွင်း စစ်သည်များတိုးတက်ပို့မို ခန့်ထားခြင်းကြောင့် ဖြစ်ရသည်ဟု ကုန်သည်ကြီးများ၏ ယူဆခြင်းများ၌ ကော်မရှင်နာမင်းကြီးနှင့် သဘောကွဲလွဲ၏။ စစ်သည်တော်များ ပိုမိုခန့်ထားခြင်းမှာ ဖေဖော်ဝါရီလ ၁၈ ရက်နေ့၌ မန္တလေးမြို့တွင် ရက်စက်စွာ လူအမြောက်အမြား သတ်ဖြတ်ခြင်းကြောင့် မန္တလေးမြို့တွင် စိုးရိမ်ဖွယ် အခြေအနေရောက်ရှိနေသဖြင့် ခန့်ထားရခြင်း ဖြစ်သည်။ စစ်သည်တော်များ ပိုမိုခန့်ထားရခြင်းမှာ ကျွန်ုပ်တို့သည် မြန်မာအစိုးရနှင့် ဆက်ဆံမှု မရေမရာ ရှိခြင်း၊ ကျွန်ုပ်တို့၏ နယ်ပယ်များအတွင်း ငြိမ်းချမ်းခြင်းကို အန္တရာယ်ဖြစ်ခြင်း၊ မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏ သံအမတ်နှင့်တကွ အခြားဥရောပတိုက်သားတို့၏ အသက်အန္တရာယ်ဖြစ်ခြင်းကြောင့် ခန့်ထားရသည်။ အန္တရာယ်ဖြစ်စေရန်



ခန့်ထားသည်မဟုတ်။ ဤသို့ခန့်ထားခြင်းသည် အကျိုးဖြစ်၏။ အကြောင်းမဟုတ်ပေ။ ဘုရင်မင်းမြတ်၏ ရက်စက်မှုများနှင့် စစ်ရေးအတွက် ပြင်ဆင်ခြင်းများကြောင့် သံအရာရှိနှင့်တကွ အခြားဥရောပတိုက်သားတို့၏ အသက်အန္တရာယ်ဖြစ်၏။

၄။ လူအမြောက်အမြား သတ်ဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ဘုရင်မင်းမြတ်သည် စစ်ဖြစ်ရန်အတွက် ပြင်ဆင်သည်ကိုကား ဘုရင်ခံချုပ်ကြီးနှင့်တကွ အတွင်းဝန်မင်းများပါ သိပြီးဖြစ်ပေသည်။ ဘုရင်မင်းမြတ်သည် စစ်မက်အလို့ငှာ ပြင်ဆင်နေပြီဟူသော သတင်းပျံ့နှံ့ကြောင်း၊ ဘုရင်၏ ထိန်းနန်းလုဘက်ဖြစ်သော ညောင်ရမ်းမင်းသားကို သတ်ဖြတ်ရန် တမန်များ စေလွှတ်ပြီဟု ပြောကြားကြောင်းများကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲနှင့် သံအမတ်က ကြေးနန်းရိုက်ကြားပေသည်။ ထိုနောက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မတော်တဆ လုပ်ကြံသော် ဥရောပတိုက်သားများ ချမ်းသာရေး အတွက် စိုးရိမ်ရကြောင်းများကိုလည်း ကြေးနန်းရိုက်ကြားလေသည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်၊ မြို့အပြင်၌ စစ်စခန်းပြင်ဆင်ကြောင်း၊ စစ်တက် စစ်ချီပုံ စစ်ရေးပြသကြောင်း မြစ်ရိုးတစ်လျှောက် ခံမြို့များရှိ မြို့စောင့်တပ်များကို တိုးချဲ့ကြောင်း ကြေးနန်းရိုက်ကြား၏။

နောက်တစ်နေ့၌ တန်ခိုးတော် ယစ်မူးနေကြသော အမတ်တို့၏ အသင်းအဖွဲ့က ဗြိတိသျှ အစိုးရနှင့် ကျေအေးခြင်းမရှိဘဲ ရန်ဘက်လိုလားကြောင်း ပျော့ပျောင်းသော ဝါဒရှိမည့် အမတ်တို့၏အဖွဲ့ကို လွှမ်းမိုးရန်အကြောင်း ရှာကြံနေကြောင်းကို သံအမတ်က ကြေးနန်းရိုက်ကြား၏။ ဖေဖော်ဝါရီလ အကုန်၌ မြန်မာအစိုးရတို့၏ စိတ်နေစိတ်ထားမှာ အဆိုပါအတိုင်း ဖြစ်လျက်ရှိ၏။ သို့ဖြစ်၍ သံအမတ်ကို ကာကွယ်ရန်အလို့ငှာ (ရေဝတီ)ခေါ် မီးသင်္ဘောကို ဆန်တက်စေရန် ကြံစည်၏။ သို့သော်လည်း ဥရောပတိုက်သားများ အပေါ်သို့ ဘေးအန္တရာယ်ရောက်မည်ကို စိုးရိမ်သဖြင့် မစ္စတာရှောကဤစီမံချက်ကို ငြင်းဆန်၏။

၅။ သံအမတ်သည် စဉ်တိုက်ရရှိသော သတင်းများနှင့် သတိပေးချက်များကို အခြေခံထား၍ ရေးသားရသော နိုင်ငံရေးအခြေအနေအကြောင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်း အစီရင်ခံချက်ကို ထောက်ခံဖြည့်စွက်သော သတင်းများကိုလည်း ကော်မရှင်နာမင်းကြီးသည် ယုံကြည်လောက်သောသူများထံမှ ရရှိသေး၏။ ရရှိသောသတင်းများအလိုမှာ ဘုရင်မင်းမြတ်သည် ၇ ဦးသော ရှမ်းစော်ဘွားများထံမှ စစ်သည်တော်သားများတောင်းဆိုကြောင်း၊ မုဆိုးတို့၌ စစ်သည်တော်များ စုဆောင်း၍ စစ်ရေးခင်းခြင်းများ လေ့ကျင့်စေပြီးလျှင် နယ်ခြားသို့ စေလွှတ်ကြောင်း၊ စစ်ကိုင်းခံမြို့တွင် အမြောက်များ တပ်ဆင်ထားကြောင်း၊ စစ်ဗိုလ်များကိုလည်း အကုန်အစင် လဲလှယ်ထားကြောင်း၊ စစ်တပ်အားလုံးကိုလည်း လစာငွေ တစ်လတွက် တင်ကြိုပေးထားကြောင်း၊ နန်းတော်မှ သေနတ်များထုတ်ပေးလျက် စစ်တပ်အားလုံးမှာ ရိုင်ဖယ်သေနတ်အပြည့် အစုံရှိကြောင်း၊ ထိုနောက် သံအမတ်သည် မြန်မာများက မဟုတ်မမှန်ဟူ၍ ငြင်းဆိုသော်လည်း စစ်မက်ရေးရာအတွက်ပေါ်လွင်စွာ မဟုတ်ဘဲ ပြင်ဆင်လျက် ရှိကြောင်းကို အသေအချာ အတိအလင်း မတ်လ ၁၀ ရက်နေ့တွင် ကြေးနန်းရိုက်ကြား၏။

၆။ မစ္စတာရှောအား မှူးမတ်များက အတွင်းရန်အတွက် စိုးရိမ်ရန်မရှိကြောင်း ပြောသည်ကို ထောက်ရှုသော် ယခုကဲ့သို့ အကြီးအကျယ် စစ်မက်ရေးရာများ ပြင်ဆင်၍နေခြင်းမှာ ဗြိတိသျှအစိုးရအပေါ်သို့ ရည်ရွယ်ကြောင်း ထင်ရှား၏။ ဤကဲ့သို့သော အထင်သည် မည်မျှလောက် ဗြိတိသျှပိုင် မြန်မာပြည်တွင် ပျံ့နှံ့နေသည်ဆိုသော် မြစ်ကြောင်း ခရီးဖြင့် သံအမတ်အတွက် သင်္ဘောများငှားရမ်းရာ ကော်မရှင်နာမင်းကြီးက မြန်မာများ၏ရန်ကြောင့် ကျိုးပဲ့ပျက်စီးခြင်းအတွက် အာမခံမှသာလျှင် ငှားရမ်း၍ ရ၏။

၇။ ဤသို့သော အခြေအနေဖြစ်နေဆဲ ဗြိတိသျှ စစ်သည်တို့၏အားကို ဖြည့်စွက်ခြင်းအားဖြင့် သံအမတ်မှာ အားတုံ့အားနာ စိတ်နေကျပ်တည်းခြင်း မဖြစ်နိုင်ကောင်းသော အကျိုးသာလျှင် ဖြစ်လိမ့်မည်ဟု သံအမတ်ထံမှ သတင်းရရှိမှသာလျှင် စစ်တပ်များကို ဖြည့်စွက်ခြင်းဖြစ်သည်။ ဤကဲ့သို့သော အခြေအနေ အခိုက်အတန့်အတွင်း ကြိုတင်၍ ဆောင်ရွက်ဖွယ်အမှုများ၌ လစ်ဟင်းခြင်းရှိခဲ့ပါမူ အပြစ်တင်ဆိုဖွယ် ပေါ့လျော့ရာ ရောက်ရှိပေလိမ့်မည်ဟု ကော်မရှင်နာမင်းကြီးသည် ယူဆ၏။ ထိုကဲ့သို့ စစ်သည်အင်အားကို



တိုးချဲ့ခြင်းကြောင့် မြန်မာပြည်အစိုးရနှင့် မသင့်မတင့်ဖြစ်သည်ဟု စွပ်စွဲခြင်းသည် ကျွန်ုပ်တို့ နားမလည်နိုင်အောင် ရှုပ်ထွေးသော ကြံစည်စဉ်းစားခြင်းမျှသာ ဖြစ်၏။ ထို့ပြင် ၎င်းစွပ်စွဲခြင်းသည် ကုန်သည်ကြီးများ၏ စာထဲ၌ပင်လျှင် ရှေ့စကားနှင့် နောက်စကား မညီညွတ်သော စကားတစ်ရပ်ဖြစ်ပေ၏။ ကုန်သည်ကြီးများ အသင်းက ပေးပို့လိုက်သော စာတွင် ရေးသားထားသည်မှာ (ဤစစ်သည်တော်များကို နောက်ထပ်ဖြည့်စွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် အထက်မြန်မာပြည်နှင့် ဆက်ဆံခြင်းကိစ္စကို အမြဲအတည်တကျ စိတ်ချနိုင်မသော အခြေသို့ရောက်စေရန် စီမံပြဋ္ဌာန်းပြီး စနစ်အလို့ငှာ အားဖြည့်သည်ဟု ကျွန်ုပ်တို့ ရှေးဦးစွာ အထင်ရှိကြောင်း) ဟု ရေးသား၏။ ကုန်သည်ကြီးများသည် အဘယ်အကြောင်းကို အခြေပြု၍ ဤသို့သော ထင်မြင်ချက်ရှိသည်ကို ကော်မရှင်နာမင်းကြီးသည် မသိနိုင်အောင်ဖြစ်၏။

ကျွန်ုပ်တို့သည် မြန်မာပြည်နှင့် ဆက်ဆံမှုကို အကုန်အစင် ပြန်လည်စိစစ် ပြင်ဆင်ရန် လိုသည်ကား မှန်၏။ အလျင်အမြန်ဖြစ်စေ၊ ဆိုင်းငံ့၍ ဖြစ်စေပြုလုပ်ရပေလိမ့်မည်။ သို့သော်လည်း ယခုအခါတွင် ပြင်ဆင်ရန် ရည်ရွယ်သည်ဟု သတင်းမကြားရသေးပေ။ စစ်သည်တော်များကို အသင့်ပြင်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်မင်းအား ဤသို့ စစ်တပ်များကို အသင့်ပြင်ဆင်စေရန် မြန်မာမင်းတို့က အဘယ်အတွက်ကြောင့် ရန်ဘက်လိုလားသောပြင်ဆင်မှုတို့ကို ပြုလုပ်သနည်းဟု မေးလျှင် သင့်သည်ဟု ကော်မရှင်နာမင်းကြီး ထင်၏။ ဤသို့မေးရန်ကိုလည်း တိုက်တွန်း၏။ သို့သော်လည်း ဤသို့မေးရန်ကို အိန္ဒိယအစိုးရတို့က နှစ်သက်တော်မူဟန်မရှိ။ ၎င်းပြင် စစ်သည်တော်တပ်သားများကို ပိုမိုဖြည့်စွက်ရာတွင် နိုင်ငံ ကာကွယ်ရေးမှတစ်ပါး အခြားအကြောင်း တစ်စုံတစ်ရာ ထင်ဖွယ်ရှိသည် ဟူ၍ ကော်မရှင်နာမင်းကြီးသည် မသိရှိရသေးပေ။ သို့သော်လည်း သတင်းစာများကြောင့် အခြေမရှိသော ကောလာဟလများ ပြန့်ပွားလေသည်။ သို့ရာတွင် ဖွယ်ဖွယ်ရာရာ ကောလာဟလများကို အစိုးရအမိန့်နှင့် ရုတ်ချည်းပင် မဟုတ် မမှန်ကြောင်းဖြေဆိုစေ၏။ စစ်သည်တော်များ နိုင်ငံကာကွယ်ရေး အလို့ငှာ သာလျှင် တင်ကြို၍ စေလွှတ်နှင့်ရကြောင်းကိုလည်း ကြေညာရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ထိုပြင် ကုန်သည်ကြီးများ၏ ပေးစာတွင် အထက်မြန်မာပြည်၏ အရေးအရာများတွင် အပြင်းအထန် ရန်ကိုလှုံ့ဆော်သည့် အကြောင်းမရှိခဲ့ပါမူ ဝင်ရောက်စွက်ဖက်ခြင်း မပြုမလုပ်ပါဟူ၍ ကြေညာခြင်းပြုလုပ်ခြင်းကြောင့် သာလျှင် အခက်အခဲများကို လွယ်ကူစွာ ပြီးမြောက်ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရသော စီမံချက်များကြောင့် မရေမရာ ဖြစ်ရုံသာရှိသည့် အခြေအနေကို အကြီးအကျယ် အနှောင့်အယှက် ဖြစ်စေမည့်အကြောင်းများ ပေါ်ပေါက်စေသည်ဟု စဉ်းစားပုံကို လိုက်၍ နားမလည်နိုင်အောင် ဖြစ်ချေသည်။

ကုန်သည်ကြီးများဆိုလိုရင်း အဓိပ္ပာယ်မှာ ထားရီးထားစဉ်ထက် ပိုမို၍ စစ်သည်တော်များ ထားရှိခြင်းသည် မြန်မာမင်းအစိုးရနှင့် ဆက်လက်မသင့်မတင့် ရှိနေကြောင်း ညွှန်ပြရာဖြစ်သည်။ သို့ကြောင့် နယ်ပယ်အတွင်း မငြိမ်ဆိတ်ဘဲ စိတ်မချဖွယ်ဖြစ်ရသည်။ စစ်ဖြစ်လိမ့်မည်ဟု ထင်နေခြင်းကြောင့် ကူးသန်းရောင်းဝယ်မှုကို အနှောင့်အယှက်ဖြစ်စေသည်ဟု ဆိုလိုဟန်ရှိသည်ကို ကော်မရှင်နာမင်းကြီး အယူရှိတော်မူ၏။ ထိုကဲ့သို့ အထင်ရှိခြင်းသည် မှန်၏။ မန္တလေးမြို့မှ ရရှိသော သတင်းများသည် ပြောင်းလွှဲခြင်းမရှိဘဲ၊ ယခုကဲ့သို့ ဆက်လက်နေပါလျှင် ပြည်သူပြည်သား၏ စိတ်တွင် ယုံကြည်ခြင်းတရား ပြန်လည်ရောက်ရှိလိမ့်မည်မဟုတ်၊ ဧပြီလ ၁၂ရက်နေ့လောက် ကြာမြင့်သည်အချိန်အခါမှစ၍ စစ်ရေးစစ်ရာကို ပြင်ဆင်ထားရှိနေရခြင်းကြောင့် စရိတ်ငွေ အမြောက်အမြား အကုန်ခံနေရကြောင်း။

ဤစစ်သည်တော်များကို မမှားမယွင်းစေဘဲ ချမ်းသာစွာ ပြန်လည်ရုတ်သိမ်းရန် မျှော်လင့်ဖွယ်များ ရှိမရှိ ကော်မရှင်နာမင်းကြီးက သံအမတ်သို့ စုံစမ်းခဲ့ပေပြီ။ သံအမတ်ကလည်း ပိုမိုကောင်းစေကြောင်း၊ တစ်စုံတစ်ရာ ပြုပြင်မှုသည် မရှိသေးကြောင်း ပြန်ကြား၏။ မေလ ၇ ရက် နေ့စွဲနှင့် စာတွင် မြန်မာအစိုးရတို့သည် အေးချမ်းသောစိတ်နေစိတ်ထားရှိသည်ဟု စိတ်ချလောက်သော ခံဝန်ချက် မရသေးမီအတွင်း ကျွန်ုပ်တို့က အရန်သင့်ရှိစေရန် စီမံချက်များကို ယုတ်လျော့စေခြင်းသည် အမြော်အမြင်နည်းရာရောက်ပေလိမ့်မည်ဟု ကော်မရှင်နာမင်းကြီးက ပြောဆိုခဲ့ပေပြီ၊ ထို ထင်မြင်ချက်ကို ပြောင်းလွှဲရန် အကြောင်း တစ်စုံတစ်ရာ မရှိသေးပေ။

၉။ စိုးရိမ်နေရခြင်းများနှင့် ဆုံးရှုံးနစ်နာခြင်းများအတွက် ကုန်သည်များ



အပေါ်တွင် ကော်မရှင်နာမင်းကြီးသည် ကိုယ်ချင်းစာနာလျက်နှင့်ပင် စစ်တပ်များ တိုးချဲ့ခြင်းကို မထောက်ခံနိုင်ပေ။ စစ်သည်များအတွက် ကူးသန်းရောင်းဝယ်ရေး ညှိုးဖျင်းရသည်ဟု ကုန်သည်များက မှားယွင်းစွာ စွပ်စွဲကြသည်။ ပြည်သူအများ၏ အသက်နှင့် ပစ္စည်းဥစ္စာများကို ရှေးဦးစွာ ကာကွယ်ရပေလိမ့်မည်။

၁၀။ စစ်သည်တော်များ တိုးချဲ့ခြင်းကြောင့် ကုန်သွယ်ခြင်းများ ညှိုးဖျင်းရသည်။ စစ်သည်တော်များတိုးချဲ့သည်နှင့် တစ်ပြိုင်နက် ကုန်သွယ်ခြင်း ညှိုးဖျင်းရသည်ဟူသော စွပ်စွဲချက်မှာ စာရင်းအင်းများနှင့် ယှဉ်ပြိုင်ကြည့်လျှင် ထောက်ခံချက်ရမည်မဟုတ်၊ မန္တလေးမြို့ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ တစ်ကျပ်ရာခိုင်နှုန်းသင့်သည့် ကုန်စာရင်းကို ကြည့်လျှင် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် များစွာတိုး၏။ ဖေဖော်ဝါရီလတွင် အနည်းငယ်တိုး၏။ မတ်လ၊ ဧပြီလ၊ မေလများတွင်များစွာ ယုတ်လျော့၏။ တိုင်းရင်းဖြစ်ကုန်များနှင့် ပတ်သက်၍မူ ကုန်တိုက်များမှ ထုတ်ရသော ပစ္စည်းတန်ဖိုးမှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အနည်းငယ်ယုတ်လျော့၏။ မတ်လ၊ ဧပြီလ၊ မေလများတွင် အများအပြား ယုတ်လျော့၏။ သို့သော်လည်း သေချာစေ့ငုစွာ စစ်ဆေး၍ မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် အရပ်ရပ် ကိစ္စများဖြစ်ပျက်သော ရက်စွဲများနှင့် ယှဉ်၍ကြည့်သည်ရှိသော် စစ်သည်များတိုးချဲ့ရန် မကြံစည်မီကပင်လျှင် ကုန်သွယ်မှုမှာ အကြီးအကျယ် ညှိုးဖျင်းစပြုနှင့် ပြီးပေပြီ၊ သို့ဖြစ်၍ အခြား အကြောင်းများကြောင့်သာလျှင် ဖြစ်တန်ရာ၏။

၁၁။ မန္တလေးမြို့တွင် လူအမြောက်အမြားကို သတ်ဖြတ်နေကြောင်း သတင်းကို ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ရောက်ရှိ၏။ နောက်တစ်နေ့မှ မြို့ထဲတွင် သတင်းပျံ့နှံ့၏။ မတ်လ ၆ရက်နေ့မတိုင်မီ ကော်မရှင်နာမင်းကြီးသည် စစ်တပ်ကို နောက်ထပ်အားပေးရန် တောင်းဆိုသည်မဟုတ်။ ပထမစေလွှတ်လိုက်သောစစ်သားများသည် ၁၂ ရက်နေ့မတိုင်မီ ရောက်ရှိသည်မဟုတ်၊ မတ်လ ၂၁ ရက် အလျင်စစ်တပ်များကို နယ်ခြားသို့ စေလွှတ်သည်မဟုတ်။ ဖေဖော်ဝါရီလဆန်း ၁ရက်နေ့မှ ၂၆ ရက်နေ့အထိ

www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်မှ တိုင်းနိုင်ငံအတွင်းသုံးစွဲရန် ထုတ်ပေးသော ကုန်များ၏ တန်ဖိုးမှာ ကျပ်သုံး ဒင်္ဂါး ၈၈၄,၂၅၆ ကျပ် (Rs 8,84,256)ဖြစ်၍ ပျမ်းမျှခြင်းအားဖြင့် တစ်နေ့လျှင် ငွေ ၄၄၂၀၂ ကျပ်ဖိုးဖြစ်၏။ ကျန် ၈ရက် အတွင်း တန်ဖိုးငွေမှာ ၃၄၂၇၉၃ ကျပ်၊ တစ်နေ့လျှင် ၄၂၈၆၂ ကျပ် ဖိုးဖြစ်၏။ မတ်လဆန်း၍ ပထမ ၁၂ရက် အတွင်းတွင် ပျမ်းမျှခြင်းတန်ဖိုးသည် ငွေ ၃၀၅၆၃ ကျပ်တိုင် လျော့၍ စုစုပေါင်းတန်ဖိုးမှာ ငွေ ၃၆၆၇၇၁ ကျပ်ဖြစ်၏။ ထိုလအတွင်း ကျန်သော ရက်များတွင် ကုန်များ၏ တန်ဖိုးမှာ ငွေ ၅၅၃၇၁၅ ကျပ် တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့်ငွေ ၂၉၁၄၂ ကျပ် ဖြစ်၏။ နောက်ထပ် စစ်သားများ မရောက်သေးမီအခါထက် ပျမ်းမျှခြင်း အနည်းငယ် ယုတ်၏။

ထိုနည်းအတူ မန္တလေးသို့ အကောက်တော်ရာခိုင်နှုန်း ၁ ကျပ်နှင့် တင်ပို့ရသော ကုန်တန်ဖိုးမှာ ဖေဖော်ဝါရီ ၁ရက်နေ့မှ ၂၀ ရက်နေ့အထိ ငွေ ၅၂၈၈၆၀ ကျပ်ဖိုးဖြစ်၍ ပျမ်းမျှကြေးမှာ တစ်နေ့လျှင် ငွေ ၂၆၄၄၃ကျပ်ဖြစ်၏။ ၂၀ရက်နေ့နောက်၌ ပျမ်းမျှကြေးတစ်နေ့လျှင်ငွေ ၁၅၉၉၅ ကျပ် ဖြစ်၍ စုစုပေါင်းငွေ ၁၂၇၉၆၀ ကျပ် ဖြစ်၏။ မတ်လတစ်လလုံးအတွက် ကုန်များ၏တန်ဖိုးငွေမှာ ၂၄၀၂၇၇ ဖြစ်၍ တစ်နေ့လျှင်ငွေ၇၇၅၀ကျပ် ဖိုးသာဖြစ်၏။ ဤဂဏန်းများနှင့် လွန်ခဲ့သည့်နှစ်အတွင်း ရရှိသည့် ဂဏန်းများနှင့် ယှဉ်ပြိုင်လျှင် မှတ်သားဖွယ်ရာအကြောင်းနည်းသည်မဟုတ်။ နိုဝင်ဘာအတွင်းတွင် ရာခိုင်နှုန်းတစ်ကျပ်ကျသော ကုန်များသည် ငွေ ၁၉၆၅၅၁ ကျပ်ဖိုး တိုး၏။ ဒီဇင်ဘာလ၌ ၇၄၅၂၈ ကျပ်ဖိုး၊ ဇန်နဝါရီလ တွင်ငွေ ၂၉၆၀၃၅ ကျပ်ဖိုး၊ သို့သော် ဖေဖော်ဝါရီလ၌မူ ငွေ ၃၂၁၉၉ ကျပ်ဖိုး ထိအောင်လျော့၏။ တိုင်းနိုင်ငံအတွင်း သုံးစွဲရန် ကုန်တိုက်မှ ထုတ်ပေးရသော ပစ္စည်းများတန်ဖိုးမှာ နိုဝင်ဘာလအတွင်း ငွေ ၄၃၀၁၈၇ ကျပ်ဖိုး ပိုမိုရရှိ၏။ ဒီဇင်ဘာလအတွင်း ငွေ ၁၅၃၂၉၇ ကျပ်ဖိုး၊ ဇန်နဝါရီ လအတွင်း ငွေ ၂၃၁၅၄၃ ကျပ်ဖိုး တိုး၍ ရ၏။ ဖေဖော်ဝါရီလအတွင်းမှာမူ ငွေ ၅၉၆၇ ကျပ်ဖိုးလျော့၏။

၁၂။ ရေးအခါကလည်း မန္တလေးမြို့တွင် နိုင်ငံရေးလှုပ်ရှားသည့်အခါ ဤကဲ့သို့သော လက္ခဏာများ ပေါ်ရှိပေသည်။ မင်းတရားကြီး နတ်ရွာစံစဉ်အခါက ဖြစ်ပျက်သည့်အကြောင်းများကို ကုန်သည်ကြီးများ ထုတ်ဖော်ရေးလေသည်။ အောက်တိုဘာလအတွင်းတွင် အကောက်ခွန် စည်းကြပ်ရသော ထွက်ကုန်



များ၏ တန်ဖိုးမှာငွေ ၃၃၀၀၂၃ ကျပ်မျှ လျော့ပါးလေသည်။ နောက်တစ်ကြိမ်မှာ ၁၈၇၅ခုနှစ်တွင် အနောက်ပိုင်း ကရင်နီနယ်အရေးနှင့် ပတ်သက်၍ ဆာဒေါက်ကလပ်ဖော်ဆစ် (Sir Douglas Foryith) မန္တလေးမြို့သို့ သွားရောက်စဉ်အခါက ဖြစ်ပေသည်။ ထိုနှစ် မတ်လ၊ ဧပြီ၊ မေလများ အတွင်း ရာခိုင်နှုန်း ၁ကျပ် စည်းကြပ်သောကုန်များ၏ တန်ဖိုးနှင့် ယခင် တစ်နှစ် နောက်တစ်နှစ်၊ ကုန်တန်ဖိုးများ ယှဉ်ပြိုင်သည်ရှိသော်။

| ခုနှစ် | မတ်လ |
|---|---|
| ၁၈၇၄ ခု | ၄၃၅၅၉၁ ကျပ် |
| ၁၈၇၅ ခု | ၁၇၁၄၅၃ ကျပ် |
| ၁၈၇၆ ခု | ၅၁၄၇၂၁ ကျပ် |

| ခုနှစ် | ဧပြီလ |
|---|---|
| ၁၈၇၄ ခု | ၄၄၃၇၆၁ ကျပ် |
| ၁၈၇၅ ခု | ၁၈၅၉၃ ကျပ် |
| ၁၈၇၆ ခု | ၃၅၃၈၉၈ ကျပ် |

| ခုနှစ် | မေလ |
|---|---|
| ၁၈၇၄ ခု | ၂၇၇၈၄၈ ကျပ် |
| ၁၈၇၅ ခု | ၆၂၂၂၉ ကျပ် |
| ၁၈၇၆ ခု | ၂၁၈၁၉၃ ကျပ် |

ဖြစ်၏။ သို့သော် အောက်တိုဘာလ ၁၈၇၈ ခုနှစ်မှာသော်လည်းကောင်း၊ ၁၈၇၅ ခုနှစ်မှာသော်လည်းကောင်း စစ်တပ်အသစ်များကို မြန်မာပြည်တွင်းသို့ ယူဆောင်သည်မရှိ။

၁၃။ အမှန်ကား မန္တလေးမြို့တော်သည် ကုန်သည်ကြီးများ စာတွင်ပါရှိသည့်ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှုတည်းဟူသောစက်ကြီးလှည့်လည်ရာ ဗဟိုချက်တိုင်သဖွယ် ဖြစ်ပေ၏။ မန္တလေးမြို့တွင် တိုင်းနိုင်ငံ လှုပ်ရှားစေရန်အကြောင်း မပေါ်ပေါက်လျှင် အရာခပ်သိမ်းချောမောစွာ ပြီးမြောက်၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးစဉ်းမျှ အခြေပျက်ကွက်လျှင် ကုန်စည်များသည် ငွေလက်ငင်း မရမရှိဘဲ ကုန်စည်များကို အထက်နိုင်ငံသို့ ပို့ရန်ငြင်းဆန်၏။ ယုံကြည်မှု ရပ်စဲ၏။ ယုံကြည်မှုရပ်စဲသည်၏အကြောင်းတရားကြောင့် ကုန်သွယ်မှု ညှိုးဖျင်းသည့် အကျိုးတရားသည် ဖြစ်ပေါ်လာ၏။

၁၄။ ကုန်သွယ်ရေးနှင့် အခွန်ဘဏ္ဍာတော်ရေးတွင် ယင်းကဲ့သို့သော အခြေပျက်မှုများ ပြန်လည်မပေါ်နိုင်စေရန် လုံလောက်သော အာမခံမှာ အထက်မြန်မာပြည်နှင့် ဆက်ဆံမှုကို ထပ်မံစီစစ်၍ အစဉ်အမြဲ နေသားတကျ ဖြစ်စေရန်ပြုလုပ်မှသာ ဖြစ်မြောက်နိုင်ပေမည်ဟု ကုန်သည်ကြီးများ အသင်း၏ ထင်မြင်ချက်ကို ကော်မရှင်နာမင်းကြီးသည် လုံး၀ သဘောတူညီပါသည်။

မကြာသေးမီ အတောအတွင်း ဖြစ်ပျက်သည့်အရေးတို့ကို ထောက်သဖြင့် မြန်မာပြည်အစိုးရနှင့် အတိအလင်း တစ်ဦးနှင့်တစ်ဦး ရေရေလည်လည် စီမံမှုအစဉ်မပြတ်ဆောင်ရွက်နိုင်လေလေ၊ မြန်မာနိုင်ငံလုံးအတွက် အကျိုးများလေလေဖြစ်ရာ၏။ ယခု စိုးရိမ်ဖွယ်ရှိသော ကိစ္စသည် မည်မျှ ကြာရှည်အံ့နည်းဟူသော ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိသေး။

သို့ပါ၍ ကုန်သည်ကြီးများအသင်းက ယခုကြုံတွေ့နေရသော အခက်အခဲသည် ပြီးငြိမ်းဖွယ်ရာ တိတ်နိမိတ်ရှိပါသလောဟူသော ပုစ္ဆာကို ကော်မရှင်နာမင်းကြီးသည် မပြန်ကြားနိုင်သေး၊ သို့သော်လည်း ယခုကဲ့သို့ အခွင့်သာနေရိုက်တွင် ကျွန်ုပ်တို့နှင့် အထက်မြန်မာပြည် ကုန်သွယ်မှု ဆက်ဆံရေးတို့ကို အရှည်သဖြင့် ခိုင်မြဲမည်အခြေသို့ ရောက်အောင် တင်းတင်းကျပ်ကျပ် မလုပ်ခဲ့သော် အထူး၀မ်းနည်းဖွယ်ရာ ဖြစ်ပေလိမ့်မည်ဟု ပြောဆိုသောစကားကို ကော်မရှင်နာမင်းကြီးသည် သဘောတူညီ၏။ အိန္ဒိယပြည်အစိုးရမင်းသည်လည်း ဤကဲ့သို့ စိတ်ထားမျိုးရှိလိမ့်မည်ဟု သံသယမရှိ ယုံကြည်ပါ၏။

***



စာမှတ် (၁၇) အတွင်း အကျွမ်း၀င်စာ (ဃ)

ရန်ကုန်မြို့ကုန်သည်ကြီးများ အသင်းစာချီထံမှ

ဗြိတိသျှပိုင် မြန်မာပြည်ကော်မရှင်နာမင်းကြီး၏အတွင်း၀န်မင်းထံသို့

ရန်ကုန်မြို့၊ ၁၈၇၉ ခု၊ မေလ ၁၆ ရက်နေ့ရေး

၁။ ဤကုန်သည်ကြီးများအသင်း၏ အမှုဆောင်အဖွဲ့က လိုလားသည့်အတိုင်း လွန်ခဲ့သည့်အတန်ကြာ အခါမှစ၍ ယခုတိုင် အကြီးအကျယ် ညှိုးဖျင်းလျက်ရှိသော ကုန်သန်းရောင်း၀ယ်မှုကို ကော်မရှင်နာမင်းကြီး သိရှိတော်မူရန် လျှောက်ထားပါသည်။ နောက်ထပ်အတန်ကြာ ယခုကဲ့သို့ညှိုးဖျင်းသည်ရှိပါမူ အကျိုးပျက်ပြားဖွယ်သာ ရှိပါတော့သည်။ ကုန်သန်းရောင်း၀ယ်ရေး စာရင်းများကို ကြည့်ရှုပါလျှင် ယခုကဲ့သို့ ထိုင်းမှိုင်းခြင်းမှာ နိုင်ငံအတွင်းစစ်သည်တော် အမြောက်အမြား တိုးချဲ့သဖြင့် အထက်မြန်မာပြည်နှင့် ဆက်ဆံမှု မရေမရာနေခြင်းကြောင့်လည်းကောင်း၊ ဤသို့နေခြင်းကြောင့် တိုင်းသူပြည်သားများ စိတ်မချနိုင်ဘဲနေခြင်းကြောင့် ဖြစ်ရသည်ဟု သိရှိရ၏။

၂။ နောက်ထပ် စစ်တပ်များ ယူဆောင်လာရခြင်းအကြောင်းမှာ ကျွန်ုပ်တို့နှင့် အထက်မြန်မာပြည်ဆက်ဆံရေးများကို အစဉ်သဖြင့် နေသားတကျရှိစေရန်ပြုလုပ်မည့်စနစ်ကို ပြဋ္ဌာန်းပြီး၍သာ၊ အစိုးရမင်းများမှာ အားရှိစေရန်အတွက် ခေါ်ဆောင်လာခဲ့သည်ဟု အစအဦး၌ အထင်ရှိခဲ့ပေသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် မြန်မာမင်းအစိုးရတို့အား တစ်စုံတစ်ရာ ၀င်ရောက်စွက်ဖက်ခြင်းကို ပြုလုပ်ရန် ရည်ရွယ်ချက် မရှိကြောင်း။ ကြေညာစာတမ်းထုတ်ပြန်သည်တွင် ကျွန်ုပ်တို့၏ မျှော်လင့်ချက်တို့မှာ လွင့်စင်ပပျောက်ကုန်၏။ ယခင်ကဲ့သို့ပင်လျှင် ကိစ္စအရပ်ရပ်ရှိစေလိမ့်မည်ဟု သိရှိရကြောင်း၊ အရာခပ်သိမ်း လွယ်ကူစွာ ပြီးငြိမ်နိုင်သည့် အရာတို့ကိုအကြောင်းပြု၍ အံ့ကြီးအကျယ် ရှုပ်သည့် ကိစ္စတစ်ရပ်နှင့်တွေ့နေရ၏။ ဤကဲ့သို့သာ မဟုတ်ခဲ့ပါမူ၊ မရေမရာရှိရုံမျှသာ ဖြစ်ပေလိမ့်မည်။ တိုင်းရင်းသားတို့သည် အလွန်ကြီးမားသည့် စစ်တပ်ကို နယ်ခြား၌ စခန်းချ ထားသည်ကို မြင်သဖြင့် မကြာမီအတွင်း အထက်မြန်မာပြည်သို့ တက်ချီရန် အမိန့်ပေးလိမ့်မည်ဟု ထင်ကြ၏။ နှစ်တိုင်းနှစ်ပြည် စစ်မက်ဖြစ်ကြလိမ့်မည်ဟု ထင်သဖြင့် တိုင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သားတို့မှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားခြင်းကြောင့် တုန်တုန်ရင်ရင် ဖြစ်ကြကုန်၏။ သို့ဖြစ်၍ ကုန်သန်းရောင်းဝယ်ရေး ထိခိုက်ရုံသာမက တစ်နိုင်ငံလုံးလုပ်ငန်းဆောင်တာ ခပ်သိမ်းတို့မှာ ဒူလာပါဒရက်စွဲသကဲ့သို့ ရပ်စဲရာ အကြောင်းရှိ၏။ ဤကိစ္စထက်ပိုမို၍ ပျက်စီးဖွယ်ရာ အကြောင်း တွေးဆ၍ မရနိုင်ပေ။

အောက်တိုဘာလ ၁ရက်နေ့မှ မေလ ၁၀ ရက်နေ့ထိ၊ မန္တလေးမြို့သို့ တင်ပို့ရသောထွက်ကုန်များနှင့် တိုင်းပြည်အတွင်း သုံးစွဲရန် ကုန်တိုက်မှ ထုတ်ပေးရသော ကုန်စာရင်းကို ပူးတွဲပို့လိုက်ပါသည်။ လွန်ခဲ့သည့်နှစ်က ၎င်းအချိန်ကာလအတွင်း ကုန်စာရင်းကိုလည်း ယှဉ်တွဲ၍ ဖော်ပြလိုက်ပါသည်။ ဤကဲ့သို့ ကြည့်ရှုသည်ရှိသော် ကုန်သန်းရောင်းဝယ်မှုစ၍ ညံ့သည့် အချိန်နှင့် စစ်သည်တော်များ ခေါ်ဆောင်လာသည့် အချိန်သည် တစ်ချိန်တည်း ဖြစ်ကြောင်းကို တွေ့မြင်ပေလိမ့်မည်။

မင်းတရားကြီး နတ်ရွာစံပြီးသည့်နောက် နိုင်ငံရေးမရေရာဘဲ စိတ်မချဖွယ်ရာ ခေတ္တဖြစ်ခဲ့၍ အောက်တိုဘာလ ကုန်စာရင်းကို သိသိသာသာ ထိခိုက်၏။ သို့သော်လည်း ကင်းဝန်မင်းကြီးသည် နိုင်ငံကို အုပ်ချုပ်လျက် ပြုပြင်မှုများကို သွတ်သွင်းရန် ရည်သန်သည်ဟုလျှင်ပင် ပြည်သူတို့စိတ်တွင် ယုံကြည်ခြင်း စိတ်ချခြင်း သဘာဝရောက်ရှိသဖြင့် လွန်ခဲ့သည့်နှစ် (၁၈၇၇–၇၈)ခုနှင့်မတူ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ကုန်သွယ်မှု များစွာတိုးတက်လာ၏။

ဖေဖော်ဝါရီလ စာရင်းမှာ ထိုမျှလောက် အတိုးမပြ၊ သို့သော်လည်း မန္တလေးမြို့သို့ တင်ပို့ရသောထွက်ကုန်မှာ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလ စာရင်းထက်များ၏။ ၎င်းပြင်ကုန်တိုက်မှ ထုတ်ရသော ကုန်တန်ဖိုးမှာလည်း လွန်ခဲ့သည့်နှစ်၊ ဖေဖော်ဝါရီလ စာရင်းထက် အနည်းငယ်မျှသာလျှင် ယုတ်လျော့၏။ သို့ဖြစ်ပါ၍ မန္တလေးမြို့တွင် ပြည်တွင်းရေး ချောက်ချားလင့်ကစား၊ ကုန်သန်းရောင်းဝယ်မှုများမှာ စစ်သည်တော် တပ်သစ်များ အမြောက်အမြား နောက်ထပ်ရောက်လာသည့် ဖေဖော်ဝါရီလတိုင်အောင် ဖွံ့ဖြိုးလျက်ရှိကြောင်းကို တွေ့မြင်ပေလိမ့်မည်။ ၎င်းမတ်လမှသည် ယခုတိုင်အောင် မန္တလေးမြို့သို့ တင်ပို့ရသော ထွက်ကုန်သည်လည်းကောင်း၊ နိုင်ငံအတွင်း သုံးစွဲရန် ကုန်တိုက်မှ ထုတ်ရသော ကုန်တန်ဖိုးသည်လည်းကောင်း



ကျလျက်ပင်ရှိ၏။ ပူးတွဲပါစာရင်းကို ကြည့်ခြင်းအားဖြင့် ကုန်သန်းရောင်းဝယ်ရေးတွင် မည်မျှနစ်နာနေကြောင်းကို သိသာသော်လည်း အဟုတ်အမှန် နစ်နာလျက်ရှိနေသည့် အဖြစ်ကို မထင်ရှားစေနိုင်။ အကြောင်းသော်ကား ကြားလူများ လက်တွင် ကုန်အမြောက်အမြား ရှိခြင်းကြောင့်တည်း။ ၎င်းကြားလူများမှာလည်း ထိခိုက်နစ်နာခြင်း တွေ့ကြရ၏။

ယခုတွေ့ကြုံနေရသော မဆုတ်သာမတိုးသာဖြစ်နေသည့် အခက်အခဲကို လွတ်မြောက်ရာ မျှော်လင့်ဖွယ်များ ရှိမရှိကိုလည်း စုံစမ်းရန် ကုန်သည်ကြီးများ အသင်းက အမိန့်ရှိပေ၏။

**ယခု ကုန်သန်းရောင်းဝယ်ခြင်း ညံ့ဖျင်းခြင်းအကြောင်းတို့မှာ အစိုးရမင်းများ ချုပ်ချယ်နိုင်သည်ဖြစ်ပါသောကြောင့်၊ မည်ကဲ့သို့ ဆောင်ရွက်စေချင်ပါသည်ဟု လမ်းကြောင်းပေးရန်ကို ကုန်သည်ကြီးများအသင်းက နောက်ငင်ဖြစ်လျက် နေပေသည်။ သို့သော်လည်း ယခုကဲ့သို့ အခွင့်သာခိုက်တွင် ကျွန်ုပ်တို့နှင့် အထက်မြန်မာပြည် ကုန်သွယ်ရေး၌ဆက်ဆံမှုကို ကောင်းမွန်စွာ စိတ်ချလောက်သော အခြေသို့ ရောက်ရှိအောင် မဆောင်ရွက်နိုင်လျှင် အထူးဝမ်းနည်းဖွယ်ဖြစ်ပေလိမ့်မည်ဟု ပြောဆိုစေရန် ကုန်သည်ကြီးများ အသင်းက အလိုရှိ၏။**

၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှသည် ၁၈၇၉ခု၊ မေလ ၇ရက်နေ့ထိ ငွေ ၁၀၀ ကျပ်လျှင် ငွေ ၁ ကျပ် အကောက်တော် စည်းကြပ်သော ကုန်များ မန္တလေးမြို့သို့ တင်ပို့ရသောကုန်စာရင်း၊ လွန်ခဲ့သည့်နှစ်နှင့် ယှဉ်တွဲ၍ ပြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၇၇ ခု နှင့် ၇၈ ခု။ နိုင်းယှဉ်ဖော်ပြချက်

| လများ | ၁၈၇၇ ခု | ၁၈၇၈ ခု | အတိုး | အလျော့ |
|---|---|---|---|---|
| အောက်တိုဘာ | ၆၄၅၉၉၆ - ၀ | ၃၁၅၉၇၅ -၁၅ | | ၃၃၀၀၂၀ - ၁ |
| နိုဝင်ဘာ | ၄၅၈၁၀၉ - ၇ | ၆၅၄၆၆၇ - ၁၄ | ၁၉၆၅၅၈ - ၇ | - |
| ဒီဇင်ဘာ | ၅၅၂၁၉၉ - ၆ | ၆၂၆၇၂၈ - ၂ | ၇၄၅၂၈ - ၁၂ | - |
| | ၁၈၇၈ ခု | ၁၈၇၉ ခု | - | - |
| ဇန်နဝါရီ | ၅၇၀၃၇၉ - ၁၂ | ၈၆၆၃၆၅ - ၅ | ၂၉၅၉၈၅ - ၉ | - |
| ဖေဖော်ဝါရီ | ၅၅၅၀၇၀ - ၂ | ၅၈၇၂၇၀ -၆ | ၃၂၁၉၉ – ၄ | - |
| မတ် x | ၆၂၃၃၅၆ - ၇ | ၂၉၈၃၂၆ - ၉ | - | ၃၂၅၀၂၉ - ၁၄ |
| ဧပြီ | ၄၁၅၈၄၆ - ၂ | ၃၂၁၇၀၈ - ၁၂ | - | ၉၄၁၃၇ - ၆ |
| မေ | ၁၂၅၇၄၃ - ၉ | ၃၄၀၁၇ - ၇ | - | ၉၁၇၂၆ - ၂ |

မှတ်ချက်။ X မတ်လတွင် နောက်ထပ်စစ်သားများ မြန်မာပြည်သို့ရောက်ပြီ။

၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ရက်မှသည် ၁၈၇၉ ခု မေလ ၇ရက်နေ့ထိ နိုင်ငံအတွင်းသုံးစွဲရန် ကုန်တိုက်မှ ထုတ်ပေးရသော ကုန်တန်ဖိုးလွှန်ခဲ့သော နှစ်နှင့် ယှဉ်တွဲ၍ပြသည်။

| လများ | ၁၈၇၇ ခု | ၁၈၇၈ ခု | အတိုး | အလျော့ |
|---|---|---|---|---|
| အောက်တိုဘာ | ၁၆၂၁၀၉၈ - ၀ | ၅၂၄၇၃၆ - ၀ | - | ၁၀၉၆၃၆၂ - ၀ |
| နိုဝင်ဘာ | ၈၈၁၉၁၆ - ၀ | ၁၃၁၉၁၀၃ - ၀ | ၄၃၇၁၈၇ - ၀ | - |
| ဒီဇင်ဘာ | ၁၂၇၇၁၆၃ - ၀ | ၁၄၃၀၄၆၀ - ၀ | ၁၅၃၂၉၇ - ၀ | - |
| | ၁၈၇၈ ခု | ၁၈၇၉ ခု | - | - |
| ဇန်နဝါရီ | ၁၄၉၂၂၁၃ - ၀ | ၁၇၂၃၇၆၂-၀ | ၂၃၁၅၄၉ - ၀ | - |
| ဖေဖော်ဝါရီ | ၁၉၄၁၉၆၅ - ၀ | ၁၉၃၅၉၉၅-၀ | - | ၅၉၇၀ - ၀ |
| မတ် x | ၁၇၀၀၁၇၈ - ၀ | ၁၂၉၂၃၈၁-၀ | - | ၄၀၇၇၉၇ - ၀ |
| ဧပြီ | ၁၄၀၇၁၈၁ - ၀ | ၇၈၉၈၉၇ - ၀ | - | ၆၁၇၂၈၄ - ၀ |
| မေ | ၅၇၃၅၀၄ - ၀ | ၂၀၃၈၆၃ - ၀ | - | ၃၆၉၆၄၁ - ၀ |

မှတ်ချက် ။ X မတ်လတွင် နောက်ထပ်စစ်သားများ မြန်မာပြည်သို့ရောက်ပြီ။



စာမှတ် (၁၇)အတွင်း အကျွမ်းဝင်စာ (င)
ဗြိတိသျှပိုင် မြန်မာပြည်ကော်မရှင်နာမင်းကြီး၏
အတွင်းဝန်မစ္စတာဘားဂျက် B.C.S ထံမှ ရန်ကုန် ကုန်သည်ကြီးများ
အသင်းစာချီသို့ပေးစာ

၁၆ ရက်နေ့စွဲနှင့် ပေးပို့လိုက်သောစာကို ရရှိကြောင်း ကော်မရှင်နာမင်းကြီးသည် ထိုအရေးကြီးသောစာနှင့်တကွ မိမိ၏ ထင်မြင်ချက်ကိုပါ အိန္ဒိယအစိုးရမင်းတို့ထံ ယခုထွက်မည့် စာပို့သင်္ဘောအမီ ပို့ဆက်မည်ဖြစ်ပါကြောင်း အမိန့်အရ ပြန်ကြားလိုက်ပါသည်။

* * *

စာမှတ် (၁၇)အတွင်း အကျွမ်းဝင်စာ (စ)
ဆင်မလားမြို့။
ဇူလိုင်လ ၁၄ ရက်နေ့ရေး

(၁) အိန္ဒိယဘုရင်ခံချုပ်ကြီး အမိန့်အရ ဗြိတိသျှပိုင် မြန်မာပြည်အတွင်း ကူးသန်းရောင်းဝယ်ရေး အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးမြို့ အစိုးရမင်းတို့နှင့် ဆက်ဆံမှုနှင့် ပတ်သက်၍လည်းကောင်း ဆက်သလိုက်သော စာများကို ရရှိကြောင်း ပြန်ကြားလိုက်ပါသည်။

(၂) မြန်မာပြည်တွင် ကူးသန်းရောင်းဝယ်ရေး အကြီးအကျယ် ညံ့ဖျင်းကြောင်း၊ ဤသို့အရောင်းအဝယ် ထိုင်းမှိုင်းရခြင်းအကြောင်းမှာ အထက်မြန်မာပြည်နှင့် ဆက်ဆံမှု မသေမချာရှိနေခြင်းကြောင့် ဖြစ်ရကြောင်းဟု ကုန်သည်ကြီးများအသင်းက ပေးစာကို အိန္ဒိယအစိုးရမင်းတို့ ဆင်ခြင်၍ အမိန့်ချမှတ်ရန် မေလ ၂၂ရက်နေ့စွဲနှင့် စာရရှိ၏။ ဆက်ဆံမှု မသေမချာဖြစ်နေရခြင်း အကြောင်းရင်းမှာ ဗြိတိသျှပိုင် မြန်မာပြည်သို့ အစိုးရကနောက်ထပ်စစ်တပ်များပို့ခြင်း၊ ကျွန်ုပ်တို့ပိုင် နယ်ပယ်၏ မြောက်ဘက် နယ်နိမိတ်သို့ စစ်တပ်များ ပို့ရှိထားခြင်းကြောင့် ပြည်သူအပေါင်းက အထက်မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



သို့ တက်ချီရန်ဖြစ်သည်ဟု အယူရှိခြင်း၊ စစ်မက်သည် ဖြစ်လုဆဲဟု အမြဲထင်နေရခြင်းတို့ကြောင့် ဖြစ်ရသည်ဟု ကုန်သည်ကြီးများက စွပ်စွဲ၏။

(၃) ၎င်းစာကို ပို့ဆက်ရာ၌ ကော်မရှင်နာမင်းကြီးက မြို့စောင့်တပ်များ တိုးချဲ့ခြင်းကြောင့် ကူးသန်းရောင်းဝယ်မှု အတိဒုက္ခရောက်ကြသည်ဟု မစွပ်စွဲထိုက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆက်ဆံမှု မရေမရာရှိနေခြင်းကြောင့်သာလျှင် နောက်ထပ် စစ်သည်တော်သားများကို စေလွှတ်ရကြောင်း၊ ဆက်ဆံမှုမရေမရာရှိနေခြင်းကြောင့် ကျွန်ုပ်တို့ပိုင် နယ်ပယ်များနှင့်တကွ မန္တလေးမြို့ရှိ ဥရောပတိုက်သားများ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ခြင်းကြောင့်သာ နောက်ထပ်စေလွှတ်ရကြောင်း၊ ၎င်းပြင် ကော်မရှင်နာမင်းကြီး၏ ထင်မြင်ချက်မှာ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တစ်ပြိုင်တည်း ရရှိသည့် သတင်းများမှာ မန္တလေးမြို့ မြန်မာအစိုးရသည် စစ်မက်ရေးရာတို့ကို အကြီးအကျယ် ပြင်ဆင်လျက်ရှိကြောင်း၊ ၎င်းပြင်ဆင်ချက်တို့မှာ ဗြိတိသျှအစိုးရတို့သာ ရည်ရွယ်သည်ဟု ယူဆဖွယ်ရှိကြောင်း။ ယင်းသို့သောအကြောင်းပေါ်ပေါက်နေခိုက်တွင် စစ်သည်တော်တပ်သားများ နောက်ထပ်ဖြည့်စွက်ခြင်းဖြင့် သတိတရား မထားမရှိဖြစ်ပါမူ၊ အပြစ်တင်ဖွယ် ပေါ့လျော့ရာ ရောက်မည်ဖြစ်ကြောင်း၊ ဤသို့ သတိတရားအရ ပြင်ဆင်ထားရှိခြင်းကြောင့် ကျွန်ုပ်တို့၏ ဆက်ဆံမှုသည် မသေမချာသော အခြေသို့ ရောက်ရသည်ဟု စွပ်စွဲခြင်းသည် ရှေ့စကားနောက်စကား မညီဘဲ နားမလည်နိုင်အောင် ရှုပ်ထွေးကြောင်း။

(၄) ဗြိတိသျှပိုင် မြန်မာပြည်ကို ကာကွယ်ရန်အတွက် စစ်တပ်များနေရာချထားခြင်းနှင့် ပတ်သက်၍ ကုန်သည်ကြီးများအသင်းနှင့် နှီးနှောခြင်းသည် အပိုမျှသာဖြစ်ပေလိမ့်မည်ဟု ဘုရင်ခံချုပ်ကြီး ထင်မြင်၏။ ကူးသန်းရောင်းဝယ်ရေး ထိုင်းမှိုင်းခြင်းမှာ မန္တလေးအစိုးရနှင့် ကျွန်ုပ်တို့ ဆက်ဆံမှု မသေမချာရှိနေခြင်းကြောင့်သာ ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ (၎င်းကိစ္စ ၂ရပ် တိုက်ရိုက် ဆက်သွယ်သည်။ သို့မဟုတ် သွယ်ဝိုက်၍ ဆက်သွယ်သည်ကား အရေးမကြီး) မြို့စောင့်တပ်ကို နောက်ထပ်အားဖြည့်ရုံမျှသာ လိုသည်မဟုတ်။ သတိတရား လျော့ပေါ့ခြင်းသည်ပင်လျှင် မလိမ္မာရာရောက်ရှိလိမ့်မည်ဟု



ကော်မရှင်နာမင်းကြီးသည် အသေအချာ ယုံကြည်ကြောင်း၊ သို့ဖြစ်၍ ကုန်သည် ကြီးငယ်တို့အား ယခုကဲ့သို့ ပူပင်ရခြင်း ဆုံးရှုံးနစ်မွန်းခြင်းတို့ အတွက် များစွာ နစ်နာပါသော်လည်း စိုးရိမ်ဖွယ်ရာ ဘေးဥပဒ်အန္တရာယ်များ ကြုံတွေ့နေခြင်းမှ တိုင်းနိုင်ငံကို ကာကွယ်ရန် အလို့ငှာ စစ်တပ်များကို ဖြည့်စွက်ရလိမ့်မည်ဟု ထင်မြင်ကြောင်း၊ နိုင်ငံ၏အခြေအနေမှာ များစွာ စိုးရိမ်ဖွယ်ရှိသေးသည်ဟု ကော်မရှင်နာမင်းကြီးသည် ယူဆလျက်ပင် ရှိနေသေးကြောင်း ထင်ရှား၏။

(၅) တိုင်းနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ရှေ့အဖို့အခြေအနေသည် ဤသို့သော သဘောရှိနေခြင်းကြောင့် အိန္ဒိယပြည်အစိုးရနှင့် မြန်မာပြည်အစိုးရတို့သည် တစ်စုံတစ်ခုသော ဆုံးဖြတ်ပြဋ္ဌာန်းချက်သို့ အလျင်အမြန်ရောက်ရှိသင့်ပြီဟု ကော်မရှင်နာမင်းကြီးက လျှောက်ထား၏။ ထို့ပြင် ယခုကဲ့သို့ အခွင့်သာနေခိုက်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဆက်ဆံမှုကို စိတ်ချနိုင်မာသော အခြေအနေသို့ရောက်ရှိအောင် ကျပ်တည်းစွာ ပြုလုပ်ရမည်ဟု ကော်မရှင်နာမင်းကြီးသည် ကုန်သည်ကြီးများနှင့် သဘောတူညီကြောင်း။ ကျွန်ုပ်တို့၏ နယ်ခြား ကျောက်တိုင်ကို ကာကွယ်ရေး၊ မြန်မာမင်းနှင့် ဆက်ဆံမှုကို ပိုမိုကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ပါမည့်အကြောင်း တောင်းပန်၍ ကော်မရှင်နာမင်းကြီးသည် စာကို အဆုံးသတ်၏။

(၆) ကော်မရှင်နာမင်းကြီး၏ စာတွင် မြွက်ဟထားသည့် ထင်မြင်ယူဆချက်အားလုံးကို ပေါင်းရုံး၍ ဆင်ခြင်သည်ရှိသော် အိန္ဒိယပြည်အစိုးရတို့မှာ ပြုလုပ်ဖွယ်ရာနည်းလမ်းတစ်ခုတည်းသာ ရှိတော့ကြောင်း ဟူ၍ ဆိုလိုသည်ဟု ဘုရင်ခံချုပ်ကြီးသည် အဓိပ္ပာယ်ကောက်ယူရ၏။ လွန်ခဲ့သည့် ဇွန်လ အတွင်းက ကော်မရှင်နာမင်းကြီး အစီရင်ခံခဲ့သည့်အတိုင်း ယခုလည်း ကျွန်ုပ်တို့၏ ဆက်ဆံမှုမှာ စိုးရိမ်မကင်းဖွယ် ရှိနေသေးသဖြင့် လျော့ပေါ့ခြင်း မရှိသော သတိတရားဖြင့် ကျွန်ုပ်တို့က စတင်ရန် စရန် မလိုသော စစ်မက်ရေးရာ အတွက် အသင့်ပြင်ဆင်လျက်ထားရမည့် အခြေအနေပင် ရှိနေသေးသည်။ ၎င်းပြင် ဤကဲ့သို့ ကျေနပ်ဖွယ်မရှိသော အခြေအနေမျိုးမှ လွတ်မြောက်စေရန်

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းရှာဖွေရမည်။ ယခုကဲ့သို့ အခွင့်သာခိုက်တွင် အထက်မြန်မာပြည်နှင့် ကူးသန်းရောင်းဝယ်မှုကို အတင်းအကျပ်ပြန်လည် စဉ်းစားစေရမည်ဟု ကော်မရှင်နာမင်းကြီးထင်၏။ ထိုထင်မြင်ချက်ကို လက်ခံပြီဟု ထားဘိဦး။ ဘုရင်ခံချုပ်ကြီး အမိပ္ပာယ်ကောက်နုတ်ချက်ရမည်ကား ကော်မရှင်နာမင်းကြီး မတ်လအတွင်းက ရိုက်ကြားပြီးလျှင် နောက်ထပ် မေလ ၂၂ ရက်နေ့တွင် ရိုက်ကြားသည့် ကြေးနန်းများတွင် အကြံအစည်ပေးထားသည့် နည်းလမ်းကို ယခုဆက်လက်၍ ထောက်ခံလျက်ရှိကြောင်း၊ ထိုနည်းလမ်း**ကား ကုန်သွယ်ခြင်းကို ညံ့ဖျင်းစေ၍ ကုန်သည်အပေါင်းထိတ်လန့်စေရန် မြန်မာမင်းတို့သည် စစ်မက်ရေးရာတို့ကို အဘယ်အတွက် ပြင်ဆင်နေကြသနည်းဟု အလျင်အမြန် မေးမြန်းရန်ဖြစ်ကြောင်း။**

(၇) အိန္ဒိယအစိုးရမင်းတို့ထံ အစီရင်ခံထားသည့်အတိုင်း ကျပ်တည်းခက်ခဲသည့် အခြေမှ လွတ်ထွက်နိုင်သော နည်းလမ်းကို မရှာကြံလျှင် မဖြစ်နိုင်တော့ပေ။ လျင်မြန်၍ ထိထိရောက်ရောက် ဖြစ်မြောက်နိုင်သည့် နည်းလမ်းမှာ ကျွန်ုပ်တို့ပိုင်နယ်အတွင်း၌ အေးချမ်းသာယာစွာနေရခြင်းကို အန္တရာယ်ဖြစ်စေသည်ဟု အကြောင်းပြကာ အဘယ်အတွက်ကြောင့် စစ်မက်ရေးရာတို့ကို ပြင်ဆင်ပါသနည်းဟု မြန်မာမင်းအား မေးကြားစေခြင်းသည်သာလျှင် ဖြစ်၏။ ဤသို့သော တောင်းဆိုချက်တို့နှင့် လိုက်လျောညီစွာ ပြုရန်သင့်သည်ဟု ဘုရင်မင်းမြတ်သည် ထင်မှတ်ရာ၏။ သို့ထင်မှတ်၍ စစ်သည်တော်များကို လျှော့၍ ရန်မက်မလို အေးချမ်းသာယာသော စေတနာသာရှိသည်ဟု ကျွန်ုပ်တို့ ကျေနပ်ဖွယ်ပြုလုပ်တန်ရာ၏။ ထိုသို့ဖြစ်ခဲ့ပါမူ၊ ဗြိတိသျှပိုင်နယ်ပယ်ကို ကာကွယ်ရန် နောက်ထပ်ဖြည့်ထားသောတပ်များကို ရုပ်သိမ်းနိုင်၏။ ပြည်သူအပေါင်းစိတ်ချယုံကြည်ခြင်းသည် ပြန်လည်ဖြစ်ပေါ်ရာ၏။ ကျွန်ုပ်တို့သည် အခွင့်အရေးသာနေခိုက်တွင် ကူးသန်းရောင်းဝယ်မှုစနစ်ကို ပြုပြင်ရန် အကျပ်အတည်း ပြုလုပ်လိုသော်လည်း ဖိနှိပ်ဖွယ်ရာအား နောက်ထပ် လိုပေလိမ့်မည်။ ဘုရင်မင်းမြတ်၌ ယခုလက်ရှိ စိတ်နေစိတ်ထားအတိုင်းသာဆိုလျှင် ကျွန်ုပ်တို့ ကိုယ်စားလှယ်၏ တောင်းပန်လျှောက်လဲချက်ကိုအလေးမပြုနေပါက ကျွန်ုပ်တို့သည် လက်နက်အင်အားကို အသုံးအကယ်ပင်ပြုလုပ်တော့မည်ဟု အယုံအကြည်ရှိမှသာလျှင် ကျွန်ုပ်တို့တောင်းဆိုသည့်



အတိုင်း လိုက်လျောစွာ ပြုလုပ်ပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဤသို့လက်နက်အင်အားကို အသုံးပြုလုပ်ရန် ပြင်ဆင်ပြီးကြောင်း၊ အသေအချာ သက်သေခံမပြနိုင်ခဲ့ပါမူ ရှင်းလင်းရန်ကိုသော်လည်းကောင်း၊ လက်နက် လျှော့ပေါ့ရန်ကိုသော်လည်းကောင်း တင်းမာစွာ ငြင်းဆိုရာ၏။ ဤသို့ငြင်းဆိုပြီးလျှင် ယခင်ထက်ပိုမိုပြင်းထန်သော စီမံချက်တို့ကို မြန်မာဘုရင်သည် စီမံရာ၏။ ဤသို့ဖြစ်ခဲ့ပါမူ၊ **ကော်မရှင်နာမင်းကြီး ပေးသောအကြံသည် ကုန်သည်ကြီးများအသင်းက တိုင်တန်းသည့် ခက်ခဲမှုတို့မှာ သက်သာခြင်းမရှိဘဲ ပိုမိုဆိုးရွား၍ လာလိမ့်မည်။ နိုင်ငံရေးအခြေအနေသည်လည်း အရေးကြီးသည်ထက် ပိုမိုအရေးကြီးလာမည်ကား ကေန်မုချဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့မှာ ရှေ့တစ်ထစ်တိုးသည်ရှိသော် သံအမတ်နှင့်တကွ အခြား ဗြိတိသျှ လက်အောက်ခံအားလုံးတို့ကို ပြန်လည်ခေါ်ရမည်ဖြစ်၏။** ကျွန်ုပ်တို့သည် ရန်အလို့ငှာ စစ်ရေးစစ်ရာ ခင်းကျင်းပြသရန် အသင့်မရှိခဲ့ပါမူ မိမိကိုယ်ကို မိမိကာကွယ်ရန်သာ ကြံစည်သည်ဟူသောအနေမျိုးနှင့် ဆက်လက်နေလိုမူ တောင်းဆိုသည့်အတိုင်း ဖြေရှင်းချက် မရသဖြင့် သံအမတ်ကို ပြန်လည်ရုပ်သိမ်းခြင်းအားဖြင့် ယခုအခြေအနေထက် ပိုမိုဆိုးရွား မရေရာသည့်အခြေသို့သာလျှင် ရောက်ရှိပေလိမ့်မည်။

(၈) ယခုရည်ရွယ်သောနည်းလမ်း နှစ်ခုလုံးကိုဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ လိုက်နာဆောင်ရွက်ခဲ့ပါလျှင် ကျွန်ုပ်တို့နှင့် မြန်မာမင်းတို့ ဆက်ဆံရေးသည် ပိုမိုကောင်းမွန်သည် မရှိဘဲ၊ ပျက်ပြားလိမ့်မည်ဟု ဘုရင်ခံမင်းကြီးထင်တော်မူ၏။ **ပူးကပ်လျက်ရှိသော တိုင်းပြည်နှစ်ပြည်တွင် ဆက်ဆံမှုပျက်ပြားသည်ရှိသော် စစ်ဖြစ်မြဲ ဓမ္မတာရှိ၏။ များသောအားဖြင့် စစ်ဖြစ်ရန်လိုသည်သာဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုရန်လိုမည်မထင်၊ ထိုကဲ့သို့သော တိုင်းပြည်နှစ်ပြည်အနက် တစ်တိုင်းပြည်မှာ ယဉ်ကျေးသောတိုင်းပြည်ဖြစ်၏။ အခြားတိုင်းပြည်မှာ ရိုင်းစိုင်းသောတိုင်းပြည် ဖြစ်၍ ယဉ်ကျေးသောတိုင်းပြည်၏တောင်းဆိုချက်ကိုရိုင်းစိုင်းသောတိုင်းပြည်က အတိအလင်း ငြင်းပယ်သည်ရှိသော် စစ်မက်ရေးရာသည် အထူးသဖြင့် ဖြစ်တတ်၏။** သို့ဖြစ်ပါ၍ ကော်မရှင်နာမင်းကြီး၏ အစီရင်ခံစာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည့်အချက်များနှင့် ထင်မြင်ချက်တို့ကြောင့် ပေါ်ပေါက်သည့် ပြဿနာမှာ မြန်မာမင်းနှင့် ဆက်ဆံမှု ပျက်ပြားစေကြောင်းဖြစ်သည့် စနစ်ကို လိုက်နာရန် လိုမလို၊ သင့်မသင့် ဆင်ခြင်ရန်ဖြစ်ပေသည်။ ၎င်းကိစ္စ အရပ်ရပ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ရန် ကော်မရှင်နာမင်းကြီးသည် အလိုရှိသည်ဟု အစီရင်ခံခြင်းသည် ၎င်းကိစ္စများကို အချိန်မနှောင်းစေဘဲ စီရင်ပါဟု တောင်းဆိုရာရောက်သည်ဟု ဘုရင်ခံချုပ်ကြီးသည် ထင်၏။

(၉) ဘုရင်ခံချုပ်ကြီး ပြန်ကြားလိုသည်မှာ ကျွန်ုပ်တို့နှင့် မြန်မာမင်းတို့၏ ဆက်ဆံရေးသည် ယခုအတိုင်း ရှိနေပါမူ ကော်မရှင်နာမင်းကြီး လိုက်နာရန် အတွက် ညွှန်ကြားပြီးဖြစ်သည်တို့ကို ပြုပြင်ရန်အကြောင်းရှိသည်ဟု အသိအမှတ်ပြုတော်မမူကြောင်း၊ ဘုရင်မင်းမြတ်၏ ရက်စက်မှုတို့ကြောင့် ဗြိတိသျှအစိုးရက ကန့်ကွက်သည်ကို အလေးမမူဘဲနေသည်ကို ကော်မရှင်နာမင်းကြီးသည် လျစ်လျူရှုကာမနေနိုင်ကြောင်း စာများရရှိ၏။ မြန်မာဘုရင်မင်းမြတ်သည် **ဗြိတိသျှအစိုးရနှင့် သင့်တင့်စွာနေလျက်၊ မိမိ၏ဆွေတော်မျိုးတော်များနှင့် ကျေးတော်မျိုး ကျွန်တော်မျိုးများကို ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ကျွန်ုပ်တို့က စစ်ဖြစ်ကာ ဧကရီဘုရင်မကြီး၏ ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ အသက်များကို အန္တရာယ်ရောက်စေ**ခြင်းသည် တရားရာရောက်လိမ့်မည်မဟုတ်၊ ဗြိတိသျှအစိုးရသည် မိမိတို့မနှစ်မြို့ကြောင်း မြွက်ဟပြောဆိုသည့် ကိစ္စဟူသမျှတို့၌ ပြုပြင်ရန်သော်လည်းကောင်း၊ အပြစ်ပြုရန်သော်လည်းကောင်း တာဝန်ရှိသည်မဟုတ်ပေ။ ဤကိစ္စတစ်ရပ်၌ ကျွန်ုပ်တို့၏ ကန့်ကွက်ခြင်းကို ဘုရင်မင်းမြတ်က အလေးမမူသဖြင့် အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း အခြားကိစ္စရပ်များတွင်လည်း လက်နက်အင်အားဖြင့် ထောက်ခံရန် အသင့်မရှိဘဲ ဝင်ရောက်စွက်ဖက် ကန့်ကွက်ရမည် မဟုတ်ပေ။

(၁၀) ကရင်နီနှင့်ပတ်သက်သောကိစ္စမှာ ဒေသန္တရ ကိစ္စမျှသာဖြစ်၍ မြန်မာပြည် ကော်မရှင်နာမင်းကြီးနှင့်သာလျှင် ပြီးပြတ်ရာ၏။ ၎င်းကိစ္စကို စီရင်ရာဝယ် ကျယ်ပြန့်သော အခြားကိစ္စများနှင့် ရောပြွမ်း ရှုပ်ထွေးစေရန် မလိုလားအပ်ပေ၊ ထိုအကြောင်းကြောင့် ပေါ်ပေါက်လာသည့် ကိစ္စရပ်များကိုပေါ်ပေါက်



သည့်ကိစ္စနှင့်လျော်စွာ စီရင်သင့်၏။ ဤကိစ္စများနှင့် ပတ်သက်၍ သီးခြားအမိန့်ချမှတ်ချက်ကို ကော်မရှင်နာမင်းကြီး၏ အတွင်းဝန်သည် ရပြီး ဖြစ်၏။

(၁၁) မန္တလေးမြို့နှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စသည် ပိုမိုအရေးကြီး၏။ ဤဆက်ဆံမှုတို့၏ အခြေအနေသည် တစ်ဆင့်ထက် တစ်ဆင့်တိုး၍ ကျေနပ်ဖွယ်မရှိသည်မှာ နှစ်ပေါင်းများပေပြီ။ **ဤအတွက်ကြောင့် ဒုက္ခခံစားလျက်ရှိကြသော ကုန်သည်ကြီးတို့အား စိတ်အနှောင့်အယှက်ဖြစ်နေကြသည်မှာလည်း အံ့သြဖွယ်မရှိပေ။ ယခုရောက်ရှိနေသော ဒုက္ခထက် အနည်းငယ်အခွင့်သာခဲ့ပါမူ၊ ၎င်းကုန်သွယ်မှုသည် အကြီးအကျယ် ကာလမကြာမြင့်မီအတွင်း ကြီးပွားဖွယ်လမ်းရှိ၏။ ဗြိတိသျှပိုင်၏ မြန်မာပြည်နယ်နိမိတ်၏ အခြားဘက်၌ အဆုပ်အချုပ် မရှိသည့်အဖြစ်အပျက်တို့ကြောင့် ကုန်သွယ်မှုကို မည်မျှထိခိုက်လျက်ရှိသည်ကို ဘုရင်ခံချုပ်ကြီးသည် ဝမ်းနည်းစွာနှင့် အသိဖြစ်တော်မူပေသည်။** ဗြိတိသျှအစိုးရတို့သည် အပြင်းအထန် အားထုတ်ခြင်း မပြုခဲ့ပါသော် ကုန်သွယ်မှု၏ ရည်ရွယ်ချက်ပြည့်နိုင်ဖွယ်အကြောင်း မမြင်သည်ကိုလည်း သိတော်မူ၏။ သို့သော်လည်း ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဆက်ဆံမှုကို ပြုပြင်ရန်သော်လည်းကောင်း၊ ဗြိတိသျှ မြန်မာပြည်နှင့် မန္တလေးမြို့လွှတ်တော်တို့ မပြီးမပြတ် မရေမလည်ဘဲရှိနေသေးသည့် ကိစ္စကလေးများကို ပြီးပြတ်အောင်ဆောင်ရွက်ရန် ယခုအချိန်အခါသည် အခွင့်သာသော အချိန်အခါဟူ၍ ထင်မှတ်တော်မမူ။ မြန်မာပြည်ဘုရင်မင်းမြတ်သည် ဆက်လက်၍ စစ်မက်ရေးရာတို့ကို ပြင်ဆင်နေခြင်းသည် အထက်ဖော်ပြထားသည့် စာများတွင် ကော်မရှင်နာမင်းကြီးထောက်ခံချက် ပေးထားသည့် နည်းလမ်းတို့အတိုင်းပြုလုပ်ထိုက်သော သဘောအခြေအနေသို့ သက်ရောက်သည်၊ မသက်ရောက်သည်ကို ဆင်ခြင်ဖို့သာလျှင် ကျန်ရှိတော့၏။

(၁၂) အကယ်၍ မြန်မာမင်းပြင်ဆင်လျက်ရှိသော စစ်မက်ရေးရာတို့သည် ဗြိတိသျှနယ်ပယ်နှင့်တကွ ဗြိတိသျှလူမျိုးတို့၏ အသက်ချမ်းသာရေးအတွက် စိုးရိမ်လောက်အောင် ကြီးမားသည်ရှိမူ ကော်မရှင်နာမင်းကြီး အကြံပေးသည့် နည်းလမ်းတို့မှာ များစွာ လျော်ကန်သင့်မြတ်သောလမ်းများဖြစ်ပေလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘုရင်ခံချုပ်ကြီးသည် အထင်ရှိတော်မူ၏။ သို့သော်လည်း ဤကဲ့သို့ ဆုံးဖြတ်ရန်အတွက် သက်သေသာဓကမှာ အလွန့်အလွန် ထင်ရှားရပေလိမ့်မည်။

(၁၃) အထက်မြန်မာပြည် အစိုးရကဲ့သို့သော အစိုးရ၏ပြုလုပ်တန်သော အလုပ်နှင့် ရည်ရွယ်ချက်များကို စိတ်ချလောက်အောင် ခန့်မှန်းရန်မှာ မဖြစ်နိုင်။ ကော်မရှင်နာမင်းကြီးမှာ ရန်ကုန်မြို့တွင် တည်ရှိသည် ဖြစ်သောကြောင့် အဖြစ်အပျက် အစီအစဉ်ကို ရှုစားခန့်မှန်းရန် အခွင့်အရေးအထူးရှိ၏။ သို့သော်လည်း ဘုရင်ခံချုပ်ကြီးမှာ ကော်မရှင်နာမင်းကြီး အစီရင်ခံသည့် သတင်းတို့ကို သေချာစွာထောက်ရှုခြင်းအားဖြင့် ဖြစ်ပျက်လျက်ရှိသော အခင်းတို့၏ သဘောအခြေနေကို ခန့်မှန်းရ၏။ မန္တလေးအစိုးရသည် မိမိတို့ကိုယ်ကို မိမိသေကြောင်းကြံစည်သည်နှင့်တူသော ဗြိတိသျှအစိုးရ နယ်ပယ်ကို စတင်ဝင်ရောက်တိုက်ခိုက်ရန် ကြံရွယ်သည်ဟု ယုံကြည်လောက်အောင် ယခု သတင်းသည် မရှိသေးပေ၊ စော်ကားခြင်းလည်း မဟုတ်၊ နိုင်ငံကျော်နင်းခြင်းလည်း မဟုတ်။

ကျွန်ုပ်တို့၏ အစိုးရသည် မိမိတို့ပိုင်ဆိုင်ပြီး နယ်ပယ်များကို ကာကွယ်ရန်သာ မဟုတ်။ စော်ကားရန်စပြုလုပ်သောသူအား ပြင်းထန်သော အပြစ်ဒဏ်ကို ပေးနိုင်လောက်အောင် အသင့်ပြင်ဆင်ပြီးရှိသော အစိုးရဟူ၍ မြန်မာမင်းတို့သိပြီးဖြစ်ပေသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီနှင့် မတ်လအတွင်းက ဘုရင်မင်းမြတ်သည် မိမိ၏ရက်စက်မှုတို့ကြောင့် တုန်လှုပ်ခြင်းဖြစ်လာပြီးလျှင် ကန့်ကွက်ခြင်းများကို မထီမဲ့မြင်ပြုလုပ်ခြင်းတို့ကြောင့် ရောက်မည့်အရေးကို ထိတ်လန့်နေခိုက်တွင် ကျွန်ုပ်တို့၏ နယ်နိမိတ်ကို လုံခြုံအောင်ပြုလုပ်၍ စိုးရိမ်ဖွယ်အခြေသို့ရောက်လျက်နေသော ကျွန်ုပ်တို့၏ သံအမတ်ကို ထောက်ခံအားပေးရန် စစ်မက်အင်အားကိုလည်းကောင်း၊ အရေးရှိက ၎င်းအင်အားကို အသုံးပြုရန် အသင့်ရှိကြောင်းကို ပြခဲ့ရ၏။ ကော်မရှင်နာမင်းကြီးနှင့် မစ္စတာရှောမှစ၍ ဗြိတိသျှ မြန်မာပြည်အကြောင်းကို သိကျွမ်းနားလည်သူများ၏ အကြံပေးချက်အရ အိန္ဒိယပြည်အစိုးရသည် ထိုနယ်အတွင်း အစောင့်အကြပ်ထားသည့် စစ်သည်တော်တို့ကို တိုးချဲ့ရပေသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏ လက်ငင်း ရည်ရွယ်ချက်တို့ကို ပြည့်စုံစေသည်။



အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ နယ်နိမိတ်ကို ကျူးလွန်စော်ကားခြင်းမှ လွတ်မြောက်စေသည်။ မန္တလေးမြို့အစိုးရတို့မှာလည်း သတိတရားထားရှိစေသည်။ လုံခြုံခြင်းကိုလည်း ပိုမိုလုံခြုံစေသည်။ ကျွန်ုပ်တို့၏ သံအမတ်မှာလည်း ဂုဏ်တန်ခိုးတိုးပေ၏။ နယ်ခြားသို့ စစ်တပ်များရောက်ရှိခြင်း အကျိုးကားများလှပေသည်ဟု မစ္စတာရှောသည် ဧပြီလတွင် အစီရင်ခံ၏။ ကျွန်ုပ်တို့၏စစ်တပ်များ အသင့်ရှိခြင်းကြောင့် ကျွန်ုပ်တို့၏ မြန်မာနယ်နိမိတ်သို့ တိုက်ခိုက်ခြင်းမှ ကင်းငြိမ်းစေသည်သာမက အချို့သော အရေးအခင်းတို့ကိုလည်း ကာကွယ်ပေသည်ဟု မစ္စတာရှောဆို၏။ မြန်မာမင်းအစိုးရသည် ဗြိတိသျှနယ်ပယ်သို့ ရုတ်တရက် တိုက်ခိုက်လိမ့်မည်ဟု ထင်ဖွယ်မရှိကြောင်း ထိုအခါကပြော၏။ မန္တလေးမြို့ရှိ မှူးမတ်များကလည်း ကျွန်ုပ်တို့၏ အနေအထားကို ကြည့်၍ မိမိတို့၏ စိတ်အကြံအစည် ကြမ်းကြုတ်လျက်ရှိသည်ကို သိုဝှက်၍ မထားပေ။ ထိုသည်မှနောက် ၎င်းတို့သည် ဖြည့်စွက်ထားသော စစ်တပ်များကို ရုပ်သိမ်းရန် လေးနက်စွာ တောင်းပန်၏။

မစ္စတာရှောကလည်း တစ်ကြိမ်မက အစီရင်ခံသည်မှာ ကျွန်ုပ်တို့အဖို့၌ လေးနက်သော ကျူးလွန်မှုမဖြစ်စေရန် မရပ်မနား အားထုတ်ကာရှောင်ရှားကြကြောင်း၊ ကျွန်ုပ်တို့နှင့် အချင်းဖြစ်ပွားခြင်းကို ရှောင်တိမ်းလိုကြောင်း မကြာသေးမီက တစ်ကြိမ်မက ထင်ရှားစေ၏။ သေးငယ်သောကိစ္စတို့၌ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်၏အလိုသို့ပင် လိုက်၏။ အရေးကြီးသော ကိစ္စတို့၌ကား ၎င်းတို့သည် မိတ်ဆွေသဖွယ် လိုက်လျောစွာလျှော့ပေါ့ရန် စိတ်မရှိကြောင်းကို ကောင်းစွာ သိရှိပြီး ဖြစ်၏။ မန္တလေးမြို့ရှိ ဂိုဏ်းအသီးအသီးနှင့်တကွ မြို့သူမြို့သားတို့၏ စိတ်နေစိတ်ထားနှင့် ပတ်သက်၍ ကျွန်ုပ်တို့ရရှိသော အစီရင်ခံစာများနှင့် နေ့စဉ်မှတ်တမ်းများကို ထောက်ရှုသည်ရှိသော် အိန္ဒိယအစိုးရနှင့်ဆက်ဆံမှု ပျက်ပြားရပ်စဲခြင်း အကြောင်းကြောင့် ရောက်ရှိမည့်အကျိုးကို ကောင်းစွာသိရှိကြ၏။ ကျွန်ုပ်တို့၏ စစ်တပ်များကို ရွှေ့ပြောင်းခြင်းသည် ကာကွယ်ရန် အလို့ငှာသတိထားခြင်းမျှသာဖြစ်ကြောင်းကို ကျွန်ုပ်တို့ သံအမတ်မှတစ်ဆင့် ပြောကြားသည်ကို လုံးဝ ယုံကြည်သည်မရှိ၊ သူတို့သည် သူတို့၏ တပ်များကို စစ်ဖြစ်လိုဖြစ်ငြား၊ အသင့်ပြင်ဆင်ထား

www.burmeseclassic.com



သော်လည်း ကျွန်ုပ်တို့ကို ရန်စရန်ကား စိတ်ဆန္ဒမရှိပေ။

(၁၄) နယ်နိမိတ်၏ တောင်မြောက်နှစ်ဖက်စလုံးရှိ ပြည်သူပြည်သားများ ရောက်ရှိလျက်ရှိသော အထင်ကား မြန်မာတို့သည် ဗြိတိသျှနယ်ပယ်သို့ ဝင်ရောက်တိုက်ခိုက်ရန် ကြံရွယ်သည်ဟူ၍ကားမဟုတ်၊ အိန္ဒိယအစိုးရသည် မိမိတို့ကြေညာပြီးဖြစ်သော သတိတရားအစဉ်ထား၍ လွှတ်လပ်စွာနေမည်ဟူသောစနစ်ကို မကြာမီအတွင်း အတိအလင်း ပြောင်းလဲရန် ကြံရွယ်သည်ဟူ၍ အထင်ရှိကြ၏။ ကုန်သည်ကြီးများအသင်းသည်လည်း ဤကဲ့သို့သော ထင်မြင်ချက် ဧကန်အမှန်ရှိတန်ရာသည်။ သူတို့ထင်တိုင်း မဖြစ်ကောင်းအံ့သောဟူ၍များ စိတ်ပျက်ကြပေရာ၏။ ကော်မရှင်နာမင်းကြီးထံမှ ဆက်သလိုက်သော စာကို ဖတ်ရှုရခြင်းအားဖြင့် ကုန်သည်ကြီးတို့မှာ မန္တလေးမြို့၌ ပြင်ဆင်ခြင်းတို့ကြောင့် စိုးရိမ်ခြင်း မည်သို့မျှ ရှိသည်ဟူ၍ မပေါ်လွင်။ ကျွန်ုပ်တို့၏ စီမံချက်တို့မှာ ပြီးမြောက်ခြင်းသို့ မရောက်ရှိဘဲ တစ်ဝက်နှင့်သာရပ်တန့်ထားသည်ဟူ၍ ညည်းတွားကြသည်။ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ နှစ်တိုင်း နှစ်ပြည်အတွင်း မသင့်မတင့်ဖြစ်နေသည့် ကိစ္စအရပ်ရပ်တို့ကို အပြီးအပြတ်ဖြစ်စေရန် ကျွန်ုပ်တို့က တင်းတင်းမာမာ တန်ခိုးရှိသမျှနှင့် ဆောင်ရွက်ရန် ရည်ရွယ်သည်ဟူ၍ အောက်မြန်မာပြည်သူပြည်သားများကလည်း မျှော်လင့်လျက်ရှိကြ၏။ အထက်မြန်မာပြည်သူပြည်သားများကလည်း စိုးရိမ်ကြောင့်ကြလျက် ရှိကြ၏။

**အထက်မြန်မာပြည်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဆက်ဆံမှုကို ကျွန်ုပ်တို့သည် အတင်းအကျပ်ပြုပြင်စေနိုင်အောင် အခွင့်သာလျက်ရှိသည့်အခါကို ကျွန်ုပ်တို့သည် လက်မလွှတ်စေရန်၊ ကုန်သည်ကြီးများက စိုးရိမ်ကြ၏။ ၎င်းတို့၏စိုးရိမ်ကြောင့်ကြချက်မြွက်ဟပြောဆိုသည်ကို ကော်မရှင်နာမင်းကြီးက ပွင့်ပွင့်လင်းလင်း ထောက်ခံပေသည်။**

ကျွန်ုပ်တို့၏ စစ်တပ်များ ချီတက်ရွှေ့ပြောင်းခြင်းကြောင့် ဤကဲ့သို့ အထင်မျိုးရောက်ရှိမည်ကား ဓမ္မတာတည်း။ တိုင်းပြည် နှစ်ပြည်လုံး အတွင်း၌လည်း နိုင်ငံရေးနှင့် စပ်လျဉ်း၍ စိတ်မချခြင်း ဆူပူခြင်းတို့ကို ပိုမိုမည်ကား မလွှဲတည်း။ သို့ဖြစ်ခြင်းကြောင့် ဤကဲ့သို့သောစိုးရိမ်ခြင်း မျှော်လင့်ခြင်း



သဘောတို့ကို သတိထား၍ ကာကွယ်ရန် သာလွန်၍အရေးကြီး၏။ ကျွန်ုပ်တို့သည် ကြေညာပြီးဖြစ်သောစနစ်၊ ကြေညာပြီးဖြစ်သော လမ်းကြောင်းအတိုင်း အမှုအရပ်ရပ်တို့ကို ဆောင်ရွက်နိုင်မှသာလျှင် ဤကိစ္စကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပေမည်။

(၁၅) သို့ဖြစ်ပါ၍ ကုန်သည်ကြီးများ၏ အသင်းသို့ပြန်ကြားရမည်မှာ **နိုင်ငံအတွင်း ဖြစ်ပျက်လျက်ရှိသော ကိစ္စအရပ်ရပ်တို့မှာ ကုန်သည်ကြီးများ၏ အကျိုးစီးပွားအတွက် အခွင့်မသာသည်ကို လည်းကောင်း၊ မန္တလေးအစိုးရနှင့် ဆက်ဆံမှုမှာ ခပ်တန်းတန်းဖြစ်နေခြင်းကြောင့် ရောင်းရေးဝယ်တာတို့တွင် ထိခိုက်ခြင်းကိုလည်းကောင်း ဘုရင်ခံချုပ်ကြီးသည်များစွာ ဝမ်းနည်းကြောင်း။** ကော်မရှင်နာမင်းကြီး အုပ်ချုပ်သည့် မြို့တော်အတွင်းတွင် ဒုက္ခရောက်ခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်းတို့ကို အထူးစာနာကြောင်း၊ ကော်မရှင်နာမင်းကြီး၏ အခြေသည် မည်မျှခက်ခဲသည်ကို ကောင်းစွာ သိရှိပါကြောင်း။ **သို့ဖြစ်လင့်ကစား ကုန်သည်ကြီးများအသင်းသို့ သတိပေးရန်လိုသည်မှာ ဤအရှုပ်အထွေးများ ပေါ်စကပင်လျှင် အိန္ဒိယပြည်အစိုးရမင်းတို့၏ စီမံချက်များမှာ သတိ တရားနှင့် ကာကွယ်ရေးမျှသာဖြစ်ကြောင်းကို အဖန်ဖန် ကော်မရှင်နာမင်းကြီးသည် ကြေညာပြီးဖြစ်ကြောင်း၊** အိန္ဒိယအစိုးရမင်းတို့၏ စီမံချက်တို့မှာ ကြေညာပြီး ရည်ရွယ်ချက်များအပြင် အခြားရည်ရွယ်ချက်များရှိသေးသည်ဟု ယူဆရန် အခွင့်အလမ်းမရှိကြောင်း၊ ကုန်သည်ကြီးများ၏ ပေးစာတွင် ကုန်သွယ်မှု ညံ့ဖျင်းရခြင်းမှာ ကျွန်ုပ်တို့ ချုပ်ချယ်နိုင်သောအကြောင်းများကြောင့် ဖြစ်ပေသည်ဟု ရေးသားထား၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နယ်ပယ်အတွင်း အေးချမ်းငြိမ်ဆိတ်ခြင်းအတွက်၌ တာဝန်ရှိသော်လည်း မြန်မာမင်းမြတ်၏ အပြုအမူကြောင့် ဖြစ်ပေါ်သော ကိစ္စတို့အတွက်ကား ဖြေရှင်းနိုင်ရန် တာဝန်မရှိပေ။ ယခုကဲ့သို့ မငြိမ်မသက်ဘဲ ဒုက္ခများသောအကြောင်းရပ်တို့မှာ မြန်မာ ဘုရင်မင်းမြတ်၏ တာဝန်သာလျှင်ဖြစ်ကြောင်း၊ **မြန်မာပြည်နှင့် ဆက်ဆံမှုကို ယခုကဲ့သို့ မရေမရာ မကွဲမပြားဘဲ [illegible] နွေးနွေးဆက်လက်ထားရှိခြင်းမှာ မည်မျှလောက်စိတ်တွင် ကျဉ်းတည်းကျဉ်းမြောင်းသည်ကို အိန္ဒိယအစိုးရမင်းတို့သည် လျှော့ပေါ့၍ ခန့်မှန်း**

www.burmeseclassic.com



သည်မဟုတ်ပေ။ သို့သော်လည်း နိုင်ငံရေးအခြေအနေမှာမည်မျှလောက်ကြာမြင့်စွာ ဆက်လက်၍ အေးချမ်းစွာတည်ရှိမည်ကို မသိသေးမီကာလအတွင်း ကုန်သည်ကြီးများအသင်းသို့ သေချာ၍ ကျေနပ်လောက်သော ပြန်ကြားချက် ပေးရန်မှာကား မဖြစ်နိုင်ဟု အထင်ရှိ၏။

(၁၆) မြန်မာမင်းတို့နှင့် ဆက်ဆံမှု၏ ယခုအခြေအနေနှင့်တကွ အလားအလာအကြောင်းနှင့် စပ်လျဉ်း၍ကား (ကာနယ်ဘရောင်း)နှင့် နှီးနှောလျှင်သင့်မြတ်ရာသည်။ ကာနယ်ဘရောင်းမှာ မြန်မာတို့ အရေးအရာတွင် ကျွမ်း၍ အတွေ့အကြုံများခြင်းကြောင့် ၎င်း၏ထင်မြင်ယူဆချက်ကို လေးစားရာသည်။ နယ်နိမိတ်ကျောက်တိုင်၏ ဤမှာဘက် ထိုမှာဘက်တို့၌ ဖြစ်ပျက်လျက်ရှိသော အခြေအနေကို သေချာစွာ စိစစ်ပြီး၍ ကျွန်ုပ်တို့သည် ယခုကဲ့သို့ ဆက်လက်၍ စိတ်ထားရှိနေပါမူ၊ ကျွန်ုပ်တို့နယ်ပယ်၏ ချမ်းသာရေးမှာ အကျိုးယုတ်ဖွယ်သာရှိသည်ဟု ယုံကြည်စေရန် မြန်မာတို့သည် လက်နက်အင်အား စုံးရိမ်လောက်အောင် စုဆောင်းနေကြောင်းသာမကရှိပါမူ၊ အိန္ဒိယပြည်အစိုးရတို့ ဆင်ခြင်ရန်အလို့ငှာ ကော်မရှင်နာမင်းကြီး၏ထင်မြင်ချက်များနှင့် စီမံချက်များကို အစီရင်ခံပါမည့်အကြောင်း။

* * *

စာမှတ် (၁၈)

အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးထံအစီရင်ခံစာ

လန်ဒန်မြို့၊ ၁၈၇၉ခု ဩဂုတ် ၇ရက်နေ့ရေး

၁။ ဇွန်လ ၃၀ ရက်နေ့စွဲနှင့် ဘုရင်ခံချုပ်ကြီး ပေးတော်မူလိုက်သောစာကို ရရှိပါ၏။ ၎င်းစာနှင့်အတူ မန္တလေးမြို့တွင် ဘုရင်မင်းမြတ်၏ အမိန့်အရဟူ၍ များစွာသော ဆွေတော်မျိုးတော်များကို မကြင်မနာရက်စက်စွာသတ်ဖြတ်မှုပြုကျင့်ကြောင်း အကြောင်းစုံပါရှိသည့် သံအမတ်၏ နေ့စဉ်မှတ်တမ်းကိုလည်း ရရှိပါကြောင်း။

(၂) နောက်ထပ် သတ်ဖြတ်မှုများ ပြုလုပ်သည်ကို ကားယုံကြည်ရန်



အကြောင်း များလှ၍ ဆွေတော်မျိုးတော်ဖြစ်ကုန်သော မင်း မိန်းမများကို အလွန်ရက်စက်စွာ ပြုလုပ်သည်မှာလည်း မှန်ကန်ရာ၏။

(၃) မြန်မာဘုရင်မင်းမြတ်ပြုမူချက်တို့ကို ဧကရီဘုရင်မကြီး၏ အစိုးရမင်းတို့သည် ဘုရင်ခံချုပ်ကြီးနှင့် မခြားမနား စက်ဆုပ်တော်မူ၏။ ဤကဲ့သို့စိတ်သဘောရှိကြောင်းကို မြန်မာမင်းအမတ်ကြီးများသို့ ပြောကြားရန် သံအမတ်သို့ အမိန့်ပေးခြင်းကိုလည်း သဘောတူကြောင်း။

ပုံ ခရိုင်ဘရွတ်

* * *

စာမှတ် (၁၉)

အိန္ဒိယအစိုးရနိုင်ငံခြားဌာန

ဧကရီဘုရင်မကြီး၏ အိန္ဒိယနိုင်ငံရေး

အတွင်းဝန်ကြီး လော့ခရိုင်ဘရွတ်သို့

ဆင်မလားမြို့၊ ၁၈၇၉ခု

ဩဂုတ်လ ၁၁ ရက်နေ့ရေး

၁။ ဇူလိုင်လ ၂၁ ရက်နေ့၊ ကျွန်ုပ်တို့၏ အစီရင်ခံစာနှင့်ဆက်၍ မြန်မာပြည်နှင့် ဆက်ဆံရေး၊ မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏သံအမတ်၏ အခြေအနေနှင့် ပတ်သက်သောစာများကို ဆက်သလိုက်ရပါကြောင်း။

(၂) ဇွန်လ ၁၅ရက်နေ့၌ ကျွန်ုပ်တို့၏ သံအမတ် မစ္စတာရှောသည် မန္တလေးမြို့တွင် ကွယ်လွန်အနိစ္စရောက်သဖြင့် မြန်မာပြည်ကော်မရှင်နာ မင်းကြီးက ကြေးနန်းရိုက်ကြား၍ အမြဲတမ်းထားရန်အတွက် မစီမံမီအတွင်း ကာနယ် (Calonel H.A. Browne) ကို မန္တလေးသို့ပို့ရန် တောင်းဆိုလေသည်။ ဤစီမံချက်ကို အိန္ဒိယပြည်အစိုးရက သဘောတူညီလေသည်။ ၎င်းကိစ္စမတိုင်မီကပင်လျှင် ကျွန်ုပ်တို့၏ သံအမတ်အား မန္တလေးမြို့တွင်ပြုမူခြင်းခံရပုံသည် ကြာလေ ကျေနပ်ဖွယ်မရှိကြောင်းကို လေးနက်စွာ ကော်မရှင်နာမင်းကြီးက အစီရင်ခံခဲ့ပေသည်။ ထိုကိစ္စကို ကျွန်ုပ်တို့ အတန်ကြာစဉ်းစားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ကျွန်ုပ်တို့၏သံအမတ်ကို ကြေကြေညာညာ ထုံးမလေ့အတိုင်း ပြန်လည်ရုတ်သိမ်းရန် စဉ်းစားခဲ့ပြီးလျှင် ဇူလိုင်လ ၁၄ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီးထံ ပေးစာတွင် အစုံအလင် ဖော်ပြခဲ့သည့်အတိုင်း ထိုအကြံကို ပယ်ခဲ့၏။ သို့သော်လည်း မစ္စတာရှော သေဆုံးသဖြင့် ၎င်း၏နေရာလစ်လပ်နေခြင်းကြောင့် ၎င်းကိစ္စမှာ တစ်မျိုးတစ်ဖုံ စဉ်းစားဖွယ်ဖြစ်လာပြန်၏။ မစ္စတာအိပ်ချီဆင်နှင့် အခြားသိကျွမ်းသည် ပုဂ္ဂိုလ်များဖော်ပြထားသည့်အတိုင်းဆိုလျှင် ဗြိတိသျှသံအမတ်ရှိခြင်းအားဖြင့် အကျိုးမရှိသည့်အပြင် အကျိုးယုတ်ဖွယ်သာရှိကြောင်း၊ သို့ဖြစ်ပါ၍ ယခု (ကာနယ်ဘရောင်း) ခေတ္တဆောင်ရွက်နေသော ရာထူးတွင် အမြဲထမ်းဆောင်မည့် သံအမတ် လွှတ်သင့်သည်၊ မလွှတ်သင့်သည်ကို အတွင်းစာရေး၍ အကြံအစည် ပေးရန်မှာကြားလိုက်၏။ ထို့ပြင် (ကာနယ်ဘရောင်း)သည်လည်း မြန်မာတိုင်းပြည်ရေးရာတို့ကို ကောင်းစွာသိကျွမ်းသူဖြစ်၍ ၎င်း၏ထင်မြင်ချက်များမှာ လေးစားထိုက်သည့်အတိုင်း မန္တလေးမြို့ အခြေအနေကို ကောင်းမွန်စွာစိစစ်ပြီးလျှင် အိန္ဒိယပြည်အစိုးရထံ အကြံအစည်ပေးရန် မှာကြားလိုက်ပါကြောင်း။

(၄) **မန္တလေးမြို့မှ သံအမတ်ကို ပြန်လည်ရုပ်သိမ်းရေးနှင့် ပတ်သက်၍ (မစ္စတာအိပ်ချီဆင်) အစီရင်ခံသည့် အတွင်းစာကိုလည်း ပူးတွဲဆက်သလိုက်ပါသည်။** ထိုအစီရင်ခံစာကို ဆက်သွင်းစဉ်အခါ၌ မစ္စတာအိပ်ချီဆင်သည် ဇူလိုင်လ ၁၄ ရက်နေ့စွဲနှင့် ကျွန်ုပ်တို့က ပေးပို့လိုက်သော စာကို မရမရှိသေးပေ။ ထိုစာကိုရလျှင် မစ္စတာအိပ်ချီဆင်က ၎င်း၏အစီရင်ခံစာနှင့် ကျွန်ုပ်တို့စီမံသည့်စနစ်မှာ မညီညွတ်ကြောင်း ကြေးနန်းပြန်ကြားလေသည်။ ဇူလိုင်လ ၂၄ ရက်နေ့စွဲနှင့် မစ္စတာအိပ်ချီဆင် ရေးသောစာတွင် ဖော်ပြထားသည်မှာ ကျွန်ုပ်တို့ သံအမတ်ကို ပြန်လည်ရုပ်သိမ်းခြင်းမှာ နှစ်တိုင်းနှစ်ပြည်အတွင်း မရှင်းလင်းသည့် ကိစ္စများရှင်းလင်းစေရန်၊ ပထမစီမံသည့် စီမံချက်ဟူ၍ မှတ်ယူခြင်းမပြုလျှင် ၎င်းသည် ထိုအကြံအစည်ကို မပေးလိုကြောင်း၊ **ကာနယ်ဘရောင်း၏ အကြံအစည်မှာ သံအမတ်၏ ရာထူးကို ခေတ္တလစ်ဟင်းစေလျက် ထာဝစဉ်လုပ်ရမည့် ကိစ္စရပ်များကိုကား လက်အောက်အရာရှိငယ်တစ်ဦးအား ဆောင်ရွက်စေမည်။ မိမိ၏အကြံပေးချက်ကို အထောက်အပံ့ရစေရန် မန္တလေးမြို့တွင်ဖြစ်ပျက်လျက်ရှိသောလက်တွေ့**



**အခြေအနေကို ခိုင်မာစွာ အစီရင်ခံ၏။ ၎င်းပြင် ဗြိတိသျှ သံအမတ်၏ အခြေနှင့် ဩဇာကို ဖိနှိပ်ရန် စနစ်ကျနစွာ ဆောင်ရွက်နေပုံကိုလည်း ဖော်ပြသည်။**

(၅) ပေးစာများနှင့်တကွ အကြောင်းအရပ်ရပ်တို့ကို ပြည့်စုံစွာဆင်ခြင်ပြီးသဖြင့် ကာနယ်ဘရောင်းကို မန္တလေးမြို့မှ အစောဆုံး ထွက်ခွာလာရန် အမိန့်ပေးရန်၊ ၎င်း၏နေရာတွင် သံအမတ်လွှတ်ရန် မလိုသေးကြောင်းကို စဉ်းစား၍ ရပေသည်။ ဤကဲ့သို့ ဆုံးဖြတ်ရခြင်း အကြောင်းမှာ ကျွန်ုပ်တို့၏ အတွင်းဝန်သည် ကော်မရှင်နာသို့ ၁၈၇၉ ခု ဩဂုတ်လ ၅ရက်နေ့ပေးသည့် အတွင်းစာတွင် ဖော်ပြပြီးဖြစ်၏။ ၎င်းစာတွင် မည်သို့သောစနစ်ဖြင့် ကာနယ်ဘရောင်းကို ပြန်လည်ခေါ်ရမည့်အကြောင်းကိုလည်း စီစဉ်ပြီး ဖြစ်၏။ မန္တလေးမြို့သို့နောက်ထပ် သံအမတ်လွှတ်ခြင်းသည် ယခု အခြေအနေကို ပိုမိုရှုပ်ထွေးစေလိမ့်မည်။ သံအမတ်ခန့်ထားရန်လည်း လိုမည်မထင်၊ အကျိုးလည်း ရှိမည်မဟုတ်၊ ဘုရင်မင်းမြတ်သည် ယခုကဲ့သို့ စိတ်သဘောတော်ရှိနေခိုက်တွင် ကျွန်ုပ်တို့ပြုလုပ်သည်ကို အထင်တော်လွဲမည်သာဖြစ်၏။ ဗန်းမော်မြို့ရှိ ကျွန်ုပ်တို့၏ နိုင်ငံရေးကိုယ်စားလှယ် မစ္စတာစိန်ဘာဘီ (Mr. St. Barbe) သည် မန္တလေးမြို့တွင် ဆက်လက်နေလိမ့်မည်။ ကျွန်ုပ်တို့၏ သံအမတ်နှင့် မြန်မာမှူးမတ်များ ဆက်ဆံမှုရောက်ရှိနေသည့်အခြေအနေမျိုး၌ ၎င်းသည် ကျင်လည်စွာ အမှုအခင်းအရပ်ရပ်တို့ကို ဆောင်ရွက်နိုင်ပေလိမ့်မည်။

Lytten
F.P. Haines
A.J. Arbuthnot
A. Carke
John Strachey
J.D Johnson
W. Stokes
A.R. Thompson

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၁၉)တွင် ကျွမ်းဝင်စာ (က)
မန္တလေးမြို့နေ ခေတ္တသံအမတ်ထံမှ
အိန္ဒိယပြည် နိုင်ငံခြားရေးအတွင်းဝန်ထံသို့အစီရင်ခံစာ
၁၈၇၉ ခု၊ ဇူလိုင်လ ၁၇ ရက်နေ့ရေး

သံအမတ်ကို ပြန်လည်ရုပ်သိမ်းခြင်းကိစ္စနှင့် ပတ်သက်၍ မစ္စတာအိပ်ချီဆင်က ကြေးနန်းရိုက်ကြားမေးနှင့်ပြီးဖြစ်၍ ကျွန်ုပ်၏ ၁၀ ရက်နေ့စွဲနှင့် အစီရင်ခံစာတွင် ပြန်ကြားဖြေဆိုနှင့်ပြီးဖြစ်၏။ ကျွန်ုပ်တို့သည် လျှင်မြန်ဖျတ်လတ်သောစီမံချက်များကို ပြုလုပ်လောက်အောင် ခိုင်မာသောအကြောင်း တစ်စုံတစ်ရာမရှိဘဲ သံအမတ်ကို ရုပ်သိမ်းခြင်းသည် ဗြိတိသျှ အကျိုးစီးပွား နစ်နာဖွယ်သာရှိသည်ဟု ကျွန်ုပ်ထင်မြင် ယူဆသည့်အတိုင်း အတွင်းဝန်မင်းလည်း ယူဆ ဆုံးဖြတ်ဟန်ရှိ၏။ အလွန်လျှင် ပြတ်သားသည့် သံအမတ်ရုပ်သိမ်းခြင်း အမှုသည် မြန်မာနိုင်ငံတွင် ပြည်တွင်းရေး လှုပ်ရှားရှုပ်ထွေးဖွယ် ဖြစ်၏။ ကျွန်ုပ်၏ အထင်မှာ ကောန်လှုပ်ရှားလိမ့်မည်ဟု ထင်၏။

သို့သော်လည်း မလှုပ်ရှားဘဲ ငြိမ်သက်စွာရှိပါမူ အဘယ်သို့ရှိအံ့ကိုလည်း ဆင်ခြင်တွေးဆရပေလိမ့်မည်။ ထိုသို့ ဖြစ်ခဲ့သော် အတွင်းဝန်မင်း စဉ်းစားမိသည့်အတိုင်း (သံအမတ်ထွက်ခွာသည်နှင့် တစ်ပြိုင်နက် မြန်မာများက တံခါးကို ပိတ်မထားပေဘူးဟု မဆိုသာ၊ ထိုသည်ကာလ၌ ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို မထိခိုက်ဘဲ ပြန်ဝင်ရန်အကြောင်းရှာရန် ခက်ပေလိမ့်မည်။)

ကျွန်ုပ်တို့သည် ထွက်ခွာသွားပြီးသည့်နောက် အိန္ဒိယပြည်အစိုးရသည် နောက်ထပ်ဆက်လက်၍ ဆောင်ရွက်မည့်အရေးများ အလားအလာမရှိပါမူ ဘုရင်မင်းမြတ်သည် တိုင်းနိုင်ငံအတွင်း လှုပ်ရှားခြင်းတို့ကို ကျော်နင်းနိုင်က သီပေါမင်းတရားကြီး၏ အောင်မြင်ခြင်းပြီးမြောက်သည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်သည် ဗြိတိသျှ သံအမတ်ကို ရွှေမြို့တော်အတွင်း အလိုမရှိသည်ကို သိဂုက်တော်မူသည်မဟုတ်၊ ထွက်ခွာသွားရန် မစီမံတော်မူသည်မှာလည်း မှူးမတ်ကြီးတို့ကြောင့်သာဖြစ်၏။ မှူးမတ်ကြီးတို့ကလည်း မြန်မာဘုရင်သည် ဤသို့ပြုလုပ်ခဲ့ပါသော်



မြန်မာလူမျိုးတို့၏ မင်းဆက်မှာ အချိန်အခါမရောက်မီ ဆုံးခန်းတိုင်ရောက်လိမ့်မည်ဟု အယုံအကြည်ရှိခြင်းကြောင့် ဖြစ်၏။

ရွှေနန်းတော်အတွင်းကြီးစိုးနေသော အဖွဲ့ဝင်တို့၏ မိုက်မဲခြင်းနှင့် မသိခြင်းကြောင့် တက်နေသည့်မာနမှာ မည်မျှလောက် ကြီးမားသနည်းဟုမူ မိမိတို့ကြံဖန်တိုင်း အောင်မြင်သဖြင့် အုပ်ချုပ်ရေးအာဏာသည် မိမိတို့ လက်တွင်းလုံးဝရောက်ရှိပါမူ ကျွန်ုပ်တို့ကို အဆုံးမစီရင်စေကာမူ ကျွန်ုပ်တို့ကို မြန်မာနိုင်ငံအတွင်းမှ နှင်ထုတ်မည်ကား မလွဲတည်း။

၎င်းတို့ကြံဖန်သည့်အတိုင်း အောင်မြင်ဖွယ်ရာရှိသည်ဟု ကျွန်ုပ်ယုံကြည်လောက်အောင် နိမိတ်လက္ခဏာများမြင်သည်ဟု မဆိုသာသေးပေ။ သို့သော်လည်း ယခုဘုရင်၏ နန်းသက်သည် ရှည်ကြာသည်နှင့်အမျှ မိမိမလိုလားတော်မူသည့်သူများကို သတ်ဖြတ်၍ မိမိ၏တန်ခိုးအာဏာကို ခိုင်မြဲအောင် ပြုလုပ်နိုင်ခွင့်ရသည်နှင့်အမျှ ၎င်းတို့ ကြံဖန်မှုတို့သည် အောင်မြင်ခြင်းသို့ ရောက်ရှိရန် အကြောင်းများ၏။

သံအမတ်ကို ရုပ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ကိစ္စအရပ်ရပ်တို့ကို ပြီးမြောက်အောင် ဆောင်ကြဉ်းနိုင်ရန် အိန္ဒိယအစိုးရသည် အကြောင်းလုံလောက်စွာရှိပြီဟု အထင်မရှိခဲ့ပါသော် ကျွန်ုပ်က သံအဖွဲ့အားလုံးကို ရုပ်သိမ်းရန် မထောက်ခံနိုင်သော်လည်း ရာထူးကြီးမြင့်သော အရာရှိကြီးတစ်ဦးကို သံအမတ်အဖြစ်ခန့်ထားခြင်းသည် ကျွန်ုပ်တို့၏ ဂုဏ်သတင်းကို ထိခိုက်ညှိုးနွမ်းစေဖွယ်သာလျှင် ရှိ၏။

ဥပမာဆိုသည်ရှိသော် အောက်မြန်မာပြည်တွင် လူအများသိပြီးလည်း ဖြစ်သည်။ ကျွန်ုပ်တို့နယ်အတွင်း၌ တိုင်းသူပြည်သားအများက အတန်အရေးကြီးသောအရာရှိတစ်ဦးဟု မှတ်ထင်ခြင်းရခံသော ကျွန်ုပ်ကဲ့သို့သော အရာရှိကြီးတစ်ဦးကို ဘုရင်မင်းမြတ်၏ ရွှေဖဝါးတော်၏ အရိပ်အောက်၌ (သုည)မျှသော အခြေသို့သက်နေရခြင်းသည် ပြည်သူအများ မျက်စိတွင် ကျွန်ုပ်တို့အခြေအနေသည် မြင့်ဖွယ်ရာအကြောင်း မရှိပေ။ အခြားသူများနှင့်လည်း အကျဉ်းကျသည့်သူနှင့်မခြား ဆက်သွယ်နိုင်ခွင့်မရ။ မင်းမှုထမ်းမဟုတ်သည့် လူကြီးလူကောင်းများနှင့် တွေ့ဆုံရန်လည်း အခွင့်မရ။ မြန်မာ အစောင့်အကြပ်များနှင့် သူလျှိုများ ဝန်းရံလျက်ရှိသော ဝင်းခြံအတွင်းနေရ၏။ ကျွန်ုပ်၏ပတ်ဝန်းကျင်၌ မည်သို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်နေသည်ကိုလည်း သတင်းမရနိုင်။ ရသောသတင်းမှာလည်း သွယ်ဝိုက်၍ ကျေနပ်ဖွယ်မရှိ။ ဗြိတိသျှလက်အောက်ခံများအတွက် မည်သို့သော ပြုပြင်ရေးကိုမျှလည်း တောင်းဆို၍ ရနိုင်သည်မရှိပေ။

ကျွန်ုပ်တို့၏ ပုံသွားရမည့် ခရီးကား သံအဖွဲ့တစ်ဖွဲ့ကို ရုပ်သိမ်းခြင်းလည်းမပြု၊ တစ်ဖွဲ့လုံး တည်မြဲမတည်စေဘဲ မချိုမချဉ်အလယ်လမ်းကို လိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ သံအမတ်တစ်ဦးတည်းကို သာလျှင် ရုပ်သိမ်း၍ အိန္ဒိယပြည်အစိုးရနှင့် တိုက်ရိုက်ဖြစ်စေ၊ ကော်မရှင်နာမင်းကြီးမှတစ်ဆင့် အိန္ဒိယပြည်အစိုးရနှင့် အထက်မြန်မာပြည်နှင့် စာပေးစာယူ ကိစ္စအတွက်ဖြစ်စေ အရာရှိငယ်တစ်ဦးကိုသာ ထားရာ၏။

**ဤကဲ့သို့ ပြုလုပ်သည်ရှိသော် အိန္ဒိယလက်အောက်ခံကုလားနှင့် တရုတ်လူမျိုးတို့သည် မန္တလေးမြို့မှ ထွက်ခွာရန် အချိန်ရပေလိမ့်မည်။ သူတို့သည်အကြောင်းကို ရိပ်မိတန်ရာ၏။ အိန္ဒိယပြည်အစိုးရက သင့်လျော်သည်ဟု အထင်ရှိခဲ့ပါမူ ဤကဲ့သို့ ထွက်ခွာမည်ဟု ထုတ်ဖော်ပြောဆိုသောအခါ ထွက်ခွာရခြင်းအကြောင်းမှာ မြန်မာအစိုးရမင်းတို့ အမူအရာနှင့်တကွ စိတ်သဘောထားကို မကျေနပ်ခြင်းကြောင့် ဖြစ်သည်ဟု ပြောရန်သင့်၏။** သို့တည်းမဟုတ် ယခုအခါသည် ခြိမ်းခြောက်သောစကားမျိုး လှုပ်ရှားထကြွဖွယ်စကားမျိုးပြောဆိုရန် အချိန်မဟုတ်သေးဟု အထင်ရှိမူ အခြားသောအကြောင်းကို ရှာကြံရာ၏။ ကျွန်ုပ်မှာ ပဲခူးမြို့တွင် ဆောင်ရွက်ဖွယ် ကိစ္စရှိနေကြောင်း၊ သံတဲအဆောက်အဦ မပြီးသေးမီအတွင်း အခြားသော သံအမတ်ကို မခန့်သေးကြောင်း ပြောမည်ဟူကလည်း ပြောနိုင်၏။ ယခုသံအမတ်နေရသော သံတဲမှာ သပ်သပ်ရပ်ရပ် မိုးလုံသော အမိုးရှိသော အိမ်၌သာ နေလေ့နေထရှိသောသူ၏အတွက် ယခု သံတဲမှာ သက်သာချောင်ချိခြင်း မရှိကြောင်းလည်း ပြောဆိုရာ၏။ ဗြိတိသျှလက်အောက်ခံများ နိုင်ငံတော်အတွင်းမှ ထွက်သာအောင် ဤကဲ့သို့ပြုလုပ်ခြင်းကို အခြားခြောက်သည်နှင့်တူသော နည်းလမ်းများထက် ပိုမို၍ နှစ်သက်၏။ ခြိမ်းခြောက်သော စကားအသုံးအနှုန်းကို ပြုသည်ရှိသော် ဗြိတိသျှလက်အောက်ခံတို့ဖြစ်သောသူတိုင်းကို ဖမ်းဆီး၍ ၎င်းတို့၏ပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းမည်ကား မလွဲတည်း။ အသက်ချမ်းသာအောင် ပြေးနိုင်သောသူသည် ကံကောင်းသည်ဟု အောက်မေ့ရပေလိမ့်မည်။



**ကျွန်ုပ်တို့ ခြိမ်းခြောက်ရုံမျှနှင့် သီပေါမင်းသည် မိမိ၏ယိမ်းယိုင်ချည့်နဲ့သော ရာဇပလ္လင်ထက်မှ လိမ့်မကျသည်ရှိသော် ရှေ့အဖို့ဖြစ်မည့် အရေးကို တွေးခြင်းမျှ မပြုဘဲနေမည်ဖြစ်၏။**

မြန်မာမင်းအပေါ်တွင် ကျွန်ုပ်တို့ နစ်နာချက်များနှင့် ပတ်သက်၍ကား ကျွန်ုပ်တို့၏ လက်အောက်ခံများက တရားသဖြင့် ဖြစ်ပါရစေဟု တောင်းဆိုသော်လည်း ငြင်းဆန်ခြင်းပြုလုပ်သည့် အမှုများသည် အချင်းဖြစ်ပွားလောက်အောင် အရေးမကြီးသော ကိစ္စများဖြစ်သည်ဟု အိန္ဒိယအစိုးရမင်း အထင်ရှိတန်ရာသည်။ ဤကဲ့သို့သောအမှုများကို သည်းခံလာသည်မှာ ကာလကြာမြင့်ပြီဖြစ်၍ ယခုအရေးကြီးသကဲ့သို့ ပြုလုပ်ခြင်းသည် မဖွယ်မရာ မညီမညွတ်ဖြစ်ပေလိမ့်မည်။ **ဖိနှိပ်ချုပ်ခြင်း ကိစ္စမှာလည်း အစိုးရတို့သည် တင်းကျပ်သောစနစ်ဖြင့် ပြီးပြတ်အောင် စီမံရမည့်ကိစ္စဟု ကျွန်ုပ်မထင်။**

(ပုံ) ဟောရိတ်စ၊ အေဘရောင်း
Horace A. Brown

* * *

စာမှတ် (၁၉)တွင် အကျွမ်းဝင်စာ (ခ)
၁၈၇၉ ခု ဇူလိုင်လ ၂၆ ရက်နေ့စွဲနှင့်
ဗြိတိသျှပိုင် မြန်မာပြည် ကော်မရှင်နာမင်းကြီးထံမှ
မန္တလေးမြို့ရေးနှင့် ပတ်သက်သော အတွင်းရေးစာတမ်း

(၁) ကွယ်လွန်သူ မစ္စတာရှောအာ၏နေရာတွင် ယခုလက်ရှိ အခြေအနေအတိုင်းဟူမူ သံအမတ်ခန့်ထားရေးနှင့် ပတ်သက်၍ တောင်းပန်ချက်အရ ကျွန်ုပ်၏ ထင်မြင်ချက်ကို အစီရင်ခံပါသည်။

(၂) မြန်မာအစိုးရမင်းတို့သည် မိမိတို့၏ စိတ်နေစိတ်ထားကို ပြောင်းလဲပါမည်ဟု လုံလောက်သော အာမခံခြင်း ကျွန်ုပ်တို့နှင့်ဆက်ဆံမှုတို့ကို ပြုပြင်ရန် သဘောတူညီပါသည်ဟူသော ခံဝန်ချက်ကို မရသေးလျှင် မစ္စတာရှော၏နေရာတွင် သံအမတ်ခန့်ထားရန် မသင့်ဟု ထင်မြင်ပါကြောင်း၊ ဤကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



သော ခံဝန်ချက်များ မရမရှိဘဲ သံအမတ်ထပ်မံခန့်ထားပါလျှင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သင့်မြတ်စွာ ဆက်ဆံမှုအတွက် အရေးကြီးသည့်ကိစ္စကလေးများကို မလေးမစားပြုလုပ်စေရန် အားပေးရာ ရောက်လိမ့်မည်သာမက မန္တလေးမြို့တွင် လူအမြောက်အမြား သတ်ဖြတ်ရာဝယ် ကျွန်ုပ်တို့ ကန့်ကွက်သည်ကို မထီမဲ့မြင်ပြုလုပ်မှုတို့ကို ကျွန်ုပ်တို့က အပြစ်မရှိတော့ပြီဟု အောက်မေ့သည်ဟူ၍ အဓိပ္ပာယ်ယူဆကြပေလိမ့်မည်။

(၃) ကျွန်ုပ်တို့နှင့် မြန်မာအစိုးရတို့ ဆက်ဆံမှုမှာ ပျူငှာကျေနပ်ဖွယ်ရှိမည်ဝေးစွာ မိတ်ဆွေသဖွယ်ပင် အနိုင်ရှိတော့၏။ ဤကဲ့သို့သောအဖြစ်ကို သည်းခံနေရခြင်းမှာ အကြောင်းမညီညွတ်ရှိနေသေးခြင်းကြောင့်ဟု ဝန်ခံသော်လည်း အကြောင်းညီညွတ်က နိုင်ငံရေး ကူးသန်းရောင်းဝယ်ရေး ဆက်ဆံမှုအခြေကို အချိန်မနှောင်းစေဘဲ စိစစ်ပြုပြင်လိမ့်မည်ဟု မျှော်လင့်ရတော့၏။ ယခုအခြေအနေမျိုးကို တစ်ရက်သည်းခံလျှင် ထိုတစ်ရက်အတွက်ပြုပြင်မှုမှာ ဝန်လေးခက်ခဲ၏။ ကျွန်ုပ်တို့သည် မတော်တဆ ဖြစ်ပေါ်မည့်အရေးကို စောင့်ဆိုင်းနေရသောသူများ ဖြစ်ကြရ၏။ လွန်ခဲ့သည့်လအနည်းငယ်အတွင်း ဖြစ်ပျက်ခဲ့သည် အခင်းတို့ကို ကြုံတွေ့ပြီးပါလျက်နှင့် သံအမတ်သစ် ထပ်မံခန့်သည်ဖြစ်စေ၊ ကာနယ်ဘရောင်းကို မန္တလေးမြို့တွင် ရက်အပိုင်းအခြားမရှိ နေစေလျှင်ဖြစ်စေ၊ မြန်မာမင်းတို့က ကောန် ကျွန်ုပ်တို့သည် ယခု အခြေအနေအတိုင်း ရောင့်ရဲတင်းတိမ်နေကြပြီဟု အထင်ရောက်မည်ဖြစ်ကြောင်း။

အထူးအလုပ်ဝတ္တရားနှင့် မန္တလေးမြို့တော်တွင် နေထိုင်လျက်ရှိသော (ကာနယ်ဘရောင်း)၏ ၁၈၇၉ခု ဇူလိုင်လ ၇ရက်နေ့စွဲနှင့် အစိုးရစာချည်း သက်သက်မဟုတ်သော ပေးစာမှ ကောက်နုတ်ချက်များ။

စစ်ရေးခင်းကျင်းခြင်း၊ ထောင်လွှားမှုများသည် ရွှေမြို့တော်အတွင်းသာလျှင် ဖြစ်၏။ စစ်တပ်များအုပ်ချုပ်ခြင်း အရေးကိစ္စသည် အမတ်ချုပ်ကြီးလက်တွင်းရှိသမျှ ကာလပတ်လုံး အန္တရာယ်ဖြစ်ဖွယ်ရှိမည်ဟုမထင်။ မိမိတို့အမှန်အလိုရှိသည့်အတိုင်း ရွှေနန်းတော် ဂိုဏ်းသားတို့သည် အမတ်ချုပ်ကြီး (ကင်းဝန်မင်းကြီး)ကို ပယ်ထုတ်နိုင်ပါလျှင် အန္တရာယ်သည် ကြီးပေလိမ့်မည်။



ရွှေနန်းတော်အတွင်းသည် နိုင်ငံရေးဩဇာအာဏာပေါ်ထွက်ရာဌာနဖြစ်၏။ ထိုဌာနမှ နိုင်ငံခြားသားများအားလုံးကို ကျပ်တည်းစွာပယ်၏။ ယခုလက်ရှိမြန်မာအစိုးရတွင် မည်သူများပါဝင်သည်ဟူ၍ သိရန်ခဲယဉ်း၏။ ရှေးအခါက ကင်းဝန်မင်းကြီးဟု ခေါ်သော မင်းကြီးသည် အမတ်ချုပ်ကြီးဖြစ်၏။ ၎င်းသည် မိမိ၏ဦးခေါင်း မြေအောက်သို့ မမြုပ်စေရန်ဦးခေါင်းကို ဖော်နိုင်သေး၏။ ၎င်းသည် ဦးခေါင်းဖော်နိုင်သမျှ ကာလပတ်လုံး နိုင်ငံခြားသားတို့ကို အရှမ်းကာရောပြုလုပ်လိမ့်မည် မဟုတ်သေး။ သို့သော်လည်း ရွှေနန်းတော်အတွင်း၌ ကင်းဝန်မင်းကြီး၏ဩဇာသည် သေးငယ်၏။ ထိုအရပ်၌ အဘယ်ကိုမျှလည်း နားမလည်အထင်လည်းကြီး၊ သေရည်ယစ်မူးနေသော ကလေးဘုရင်သည် (ဖွတ်မိကျောင်းသဖွယ်) အခြေမရှိသည်မှ တက်လာကြကုန်လျက် ဘုရင်ကိုမြှောက်ပင့်၍ သွေးထွက်သံယိုမှု သတ်ဖြတ်မှုတို့ကို ပြုလုပ်ကြသောသူသတ်များ ဝန်းရံ၍နေ၏။ ထိုသူအားလုံးတို့မှာ အသိတတ်တရားကင်းမဲ့၍နောက်ထပ်သတ်ဖြတ်မှုတို့ကိုလည်းအားပေးနိုင်လောက်အောင်ရိုင်းစိုင်းသောသူများဖြစ်ကြ၏။ အောက်မြန်မာပြည်တွင် စစ်သည်တော်များ တိုးချဲ့ခြင်းသည်သာလျှင် ဤသူတစ်သင်းကို သတိရစေရန်ပြုလုပ်နိုင်၏။

ကျွန်ုပ်သည် ပထမတစ်ကြိမ် ထုံးတမ်းအတိုင်း တွေ့ဆုံပြီးသည့်နောက် ကျွန်ုပ်သည် မန္တလေးမြို့သို့ရောက်ရှိသည်မှာ ၁၄ ရက်ရှိသော်လည်း အစိုးရအဖွဲ့ဝင်တစ်ဦးတစ်ယောက်နှင့်မျှ ပြောခြင်းခေါ်ခြင်း ပြုလုပ်၍မရသေး။ ရွှေနန်းတော် ဂိုဏ်းသားတို့သည် မည်သူ့အားမျှ စကားပြန်မပါဘဲ ကျွန်ုပ်နှင့် စကားပြောဆိုခြင်း မပြုမလုပ်စေလိုကြ။ ကျွန်ုပ်သည် ညောင်ရမ်းမင်းသား၏ အကျိုးအလို့ငှာ လာရောက်သည်ဟူ၍ အထင်ရှိကြ၏။ ထို့အပြင် လူအများပြောဆိုနေကြသည့် စစ်ဖြစ်ရန် နောက်ဆုံး သတိပေးစာသည် ကျွန်ုပ်လက်တွင်ရှိသည်ဟု ယုံကြည်ကြ၏။ ထုံးစံရှိသည့်လမ်းကြောင်းအတိုင်းပင်လျှင် မြို့သာဝန်ထောက်မင်းက ကျွန်ုပ်အား အလည်အပတ်လာရန် ဖိတ်ကြားသဖြင့် မြို့သာဝန်ထောက်မှာ ရာထူးမှ ကျရ၏။ ဤသို့ရာထူးမှ လျှော့ချခြင်း၏အကြောင်းကို ထုတ်ဖော်ကြေညာသည်မရှိ။ မြို့သာဝန်ထောက်မင်းသည် မစ္စတာရှောနှင့် အကျွမ်းတဝင်ရှိဖူးသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မည့်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်နှင့် အကျွမ်းတဝင်မရှိစေရ ဟူ၍ လူအများအထင်ရှိကြ၏။

ကျွန်ုပ်ကို ဤအရပ်သို့စေလွှတ်ခြင်းဖြင့် အကျိုးမများပေ။ လက်ရှိအလုပ်နှောင့်နှေးသည်သာလျှင် ဖြစ်၏။ မြို့သာဝန်ထောက်မင်းအား ကျွန်ုပ်ထံမလာမရောက်စေခြင်းအားဖြင့် တွဲဖက်ရုံးမှာ ရုပ်သိမ်းထားသည်သို့ ဖြစ်၏။

သာယာဝတီမင်းလက်ထက်တွင် အခြားသူများနှင့် ဆက်သွယ်ခြင်းမပြုစိမ့်သောငှာ ကျွန်းတစ်ကျွန်းသို့ ပို့ထားသကဲ့သို့ ကျွန်ုပ်အားလည်း တစ်ယောက်တည်းခွဲထားရန် ရည်ရွယ်ချက်ရှိဟန်တူသည်။

* * *

စာမှတ် (၁၉)အတွင်း အကျွမ်းဝင်စာ (၈)
အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန
အတွင်းဝန်ထံမှ ဗြိတိသျှပိုင် မြန်မာပြည်
ကော်မရှင်နာမင်းကြီးထံသို့ ပေးစာ၊ ဆင်မလားမြို့၊
၁၈၇၉ခု၊ ဩဂုတ်လ ၅ ရက်နေ့ရေး

အစိုးရစာချည်းသက်သက်မဟုတ်သော ပေးစာသဘောမျိုးဖြင့် မန္တလေးမြို့နှင့်ပတ်သက်သောအတွင်းစာကို ရရှိပါကြောင်း၊ ထိုစာမျိုးကို ကော်မရှင်နာမင်းကြီးထံမှလည်းကောင်း၊ ကာနယ်ဘရောင်းထံမှလည်းကောင်း၊ ဇူလိုင်လအတွင်း တစ်ရက်စီရေးသော စာကိုလည်း ရရှိပါကြောင်း၊ မစ္စတာရှော၏နေရာတွင် သံအမတ်အဖြစ် ခန့်ထားရေးနှင့် ပတ်သက်၍ ထိုစာအရပ်ရပ်တို့ကို ဘုရင်ခံချုပ်ကြီးသည် ဂရုစိုက်၍ ဖတ်ရှုဆင်ခြင်ပါကြောင်း၊ အိန္ဒိယအစိုးရသည် ဖြစ်ပေါ်မည့် ကိစ္စအရပ်ရပ်အတွက် အရန်သင့် ပြင်ဆင်ပြီးနှင့်ခြင်း မရှိသေးပါလျှင် သံအမတ်ကို မန္တလေးမြို့မှ ထုံးတမ်းဖွယ်ရာ အကုန်အစင် ရုပ်သိမ်းရန်ကို မသင့်သေးကြောင်းဟူရာ၌ ကော်မရှင်နာမင်းကြီးနှင့် ကာနယ်ဘရောင်းတို့မှာ သဘောခြင်းတိုက်ဆိုင်၏။ ဤကဲ့သို့ ကြေကြေညာညာသံအဖွဲ့ကို ရုပ်သိမ်းခြင်းအားဖြင့် နှစ်တိုင်း နှစ်ပြည်မှာ မသင့်မတင့်ဘဲ ကွဲကြတော့မည်ဟူ၍ အများထင်ကြပေလိမ့်မည်။ သို့တည်းမဟုတ် ရေးကြီးခွင်ကျယ်သည့် စနစ်များသို့ ပြောင်းလဲပြီဟု ထင်ကြပေလိမ့်မည်။ ဤသို့ပြုခြင်းကြောင့် တစ်စုံတစ်ခုသော အရေးကြီးသည့်ကိစ္စကို လျင်မြန်စေလိမ့်မည်။ ထိုသို့မှ မဟုတ်ခဲ့သော် ကာနယ်ဘရောင်း အစီရင်ခံသည့်အတိုင်း မြန်မာမင်းအစိုးရက သံအမတ်ကို ပယ်ထုတ်ရန် အလိုရှိနေသဖြင့် ကျွန်ုပ်တို့က ရုပ်သိမ်းခြင်းဟူ၍ အမှတ်အသားပြုကာ လက်သင့်ခံကြပေလိမ့်မည်။ သို့ဖြစ်လျှင် နောက်ထပ်သံအမတ်ခန့်ရန် ကျွန်ုပ်တို့မှာ ပယ်ထားပြီးဖြစ်ပေလိမ့်မည်။ ထိုအတွင်း နိုင်ငံရေးအခြေအနေ အကြီးအကျယ် ပြောင်းလဲခြင်းရှိသော်မှ ခန့်ထားနိုင်ပေလိမ့်မည်။ ထိုသို့ကြီးကျယ်သော ပြောင်းလဲခြင်း နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ မဖြစ်ဘဲနေမည်ဟူ၍လည်း နေတန်ရာ၏။



ဤအချက်များကို စဉ်းစားပြီး၍ အိန္ဒိယအစိုးရမင်းတို့က ဇူလိုင်လ ၁၄ ရက်နေ့စွဲနှင့် မိမိတို့၏ စနစ်ကိုဖော်ပြထားသော စာကို ရရှိပြီးသည့်နောက် ကော်မရှင်နာမင်းကြီးက အကြံပေးသည်မှာ သံအမတ်ကို ရုပ်သိမ်းရန်မလိုကိစ္စအရပ်ရပ် ယခုအတိုင်း ရှိနေစေခြင်းကို လက်သင့်ခံကြောင်း၊ ကာနယ်ဘရောင်းကမူ အလယ်လမ်းလိုက်ခြင်းကို နှစ်သက်၏။ သူ၏စာတွင်ဖော်ပြထားသည့် အကြောင်းများကြောင့် ၎င်းအား အောက်မြန်မာပြည်သို့ သွားနိုင်ခွင့်ပြုလုပ်သည့်အခါ အရာရှိငယ်တစ်ဦးအား နေ့စဉ်ပြုလုပ်ဖွယ်ကိစ္စများကို ဆောင်ရွက်ရန် ခန့်ထားပါလျှင် လုံလောက်သည်သာမက သင့်တော်သည်ဟူ၍လည်း အထင်ရှိကြောင်း။

ဘုရင်ခံချုပ်ကြီးသည် ကော်မရှင်နာမင်းကြီးကဲ့သို့ပင် ထင်မြင်ချက်ရှိကြောင်း၊ ကျွန်ုပ်တို့သည် အထက်မြန်မာပြည်နှင့် နိုင်ငံရေးဆက်ဆံမှုပြတ်စဲပြီးသည့်နောက် ဖြစ်ပျက်မည့်အရေးကို ချိန်ဆ၍ ထိုပေါ်ပေါက်မည့်အရေးကိစ္စတို့ကို အောင်မြင်နိုင်ရန် အသင့်ပြင်ဆင်ပြီး ရှိနှင့်မှသာလျှင် ဆက်ဆံမှုရပ်စဲသင့်သည်ဟု ထင်မြင်ကြောင်း၊ ကျွန်ုပ်တို့သည် မစ္စတာရှော၏ နေရာတွင် ဆက်ခံရန် တစ်ဦးတစ်ယောက်သောအရာရှိကို ခန့်ထားပြီးမှ ပြန်လည်ရုပ်သိမ်းရန် ကိစ္စမှာ အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပေလိမ့်မည်။ အိန္ဒိယပြည်အစိုးရက ယခု လတ်တလော စဉ်းစားရမည့် ကိစ္စမှာ မန္တလေးမြို့တွင် မျက်မြင်အရေးကြီးသည့် ကိစ္စကြောင့် ကာနယ်ဘရောင်းကို ခေတ္တမျှစေလွှတ်ထားရသည်။ ကာနယ်ဘရောင်းအား စေလွှတ်သည့်ရက်စေ့သောအခါ ကျွန်ုပ်တို့၏ သံအမတ်အား ခင်ခင်မင်မင် မရှိသည့်ပြင် ဂုဏ်သိမ်ငယ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အတိအလင်းအားထုတ်၍ ၎င်း၏ ဩဇာပျက်အောင်တမင်လုပ်ဆောင်သောတိုင်းနိုင်ငံသို့နောက်ထပ်သံအမတ်တစ်ဦးကို ထုံးတမ်းအတိုင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ သင့်တင့်ညီညွတ်နေဘိသကဲ့သို့ စေလွှတ်သင့်သည် မသင့်သည်ကို ဆင်ခြင်ရန် ကိစ္စဖြစ်ပေသည်။

ဤကဲ့သို့ပြုလုပ်ရန်ကို ဘုရင်ခံချုပ်ကြီးသည် မလိုလားပေ။ မရောင်မတိမ်းသာသည်ဖြစ်ကြောင်း ထင်ရှားမှသာလျှင် ဤကဲ့သို့ မန္တလေးမြို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ မျက်နှာမလှဖွယ်ကိစ္စကို ပြုလုပ်နိုင်ပေမည်။ ယခု ရရှိသောစာများကို ထောက်ချင့်ခြင်းအားဖြင့် ထိုကဲ့သို့ ပြုလုပ်ရန်လိုသည်ဟု သက်သေခံ မလုံလောက်သေးကြောင်း၊ ယခုအခါ၌ မန္တလေးမြို့တွင် ကာနယ်ဘရောင်း၏အခြေမှာ ခန့်ညားခြင်းမရှိသည်မှာ ထင်ရှား၏။ သံအမတ် ခန့်ထားရခြင်း၏ရည်ရွယ်ချက်များနှင့် မညီညွတ်၊ အစိုးရမင်းတို့ ကိုယ်စားလှယ်၏ ရာထူးနှင့်လည်းကောင်း ဂုဏ်သတင်းနှင့်လည်းကောင်း မလျှော်ကပ်၊ အခြားသူများ ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကို မပြုမလုပ်နိုင်စေရန် မြန်မာမင်းတို့က ၎င်းအား သီးခြားခွဲထားရန် စနစ်ကို ပြုလုပ်ကြသည် ထင်ဖွယ်ရှိ၏။ **ကျွန်ုပ်တို့ဘက်သို့ စိတ်ကိုင်းညွတ်သည်ဟု မသင်္ကာသော အမတ်များကိုသော်မှ သံအမတ်ထံ အလည်အပတ်ဝင်ထွက်မှုကို ခဲယဉ်းအောင်ပြုလုပ်ကြသည်။ ဤကဲ့သို့ ပြုမူခြင်းသည် ကာနယ်ဘရောင်း အစီရင်ခံသည့်အတိုင်း မြန်မာလူမျိုးတို့၏မျက်စိတွင် ကျွန်ုပ်တို့၏ ဂုဏ်ဒြပ်ကြီးဖွယ်မရှိ။ ရွှေနန်းတော် ရည်ရွယ်ချက်မှာ စင်စစ် ကျွန်ုပ်တို့ သံအမတ်၏ ဂုဏ်နှင့်တကွ ရှိသေခြင်းကို နိမ့်နိုင်သမျှ နိမ့်စေရန်ပြုလုပ်သည်ဟု ထင်ရ၏။**

သို့ဖြစ်ခြင်းကြောင့် ကာနယ်ဘရောင်း၏ ရာထူးကိုလက်ခံရန် သံအမတ်အသစ်ခန့်ထားခြင်းသည် အသုံးမကျသည်သာမက အကျိုးယုတ်လုဖွယ်သာ ရှိသည်ဟု ဘုရင်ခံချုပ်ကြီးသည် ဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်း၊ သို့အသစ်ခန့်သော သံအမတ်သည် ကျွန်ုပ်တို့ အမြဲတမ်းခန့်သော ကိုယ်စားလှယ် အဖြစ်ရောက်ရှိပေလိမ့်မည်။ ထိုပြင် ကာနယ်ဘရောင်းရောက်ရှိသော အခြေအနေမျိုးသို့ ရောက်ရှိပေလိမ့်မည်။ သူသည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း ထိုအခြေအနေကို သဘောတူလက်ခံသည်ဟု ထင်ကြပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ရှိခဲ့သော် ယခုပင်လျှင် ရှုပ်ထွေးလှသောအခြေကို ထပ်ဆောင်း၍ ရှုပ်ပွစေလိမ့်မည်ဟု ဘုရင်ခံချုပ်ကြီး စိုးရိမ်တော်မူ၏။



သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့တောင်းပန်လိုသည်မှာ ကာနယ်ဘရောင်းနှင့် တိုင်ပင်ပြီးလျှင် အလျင်စလိုလည်း မဖြစ်စေဘဲလျက် အချိန်မနှောင်းဘဲ ကာနယ်ဘရောင်းအား မန္တလေးမြို့မှ ထွက်ခွာစေ၍ အောက်မြန်မာပြည်တွင် မိမိရာထူးအတိုင်း ဆက်လက်ဆောင်ရွက်စေရန် စီမံပါကုန်။ (မစ္စတာစိန်ဘာဘီ)သည် မန္တလေးမှာ နေမြဲနေ၍ သံတဲတွင် လုပ်ဖွယ်ကိစ္စများကို ၎င်းတို့လွှဲအပ်ပါလေ၊ ကာနယ်ဘရောင်းသို့ အမိန့်ပေးရဦးမည်မှာ ကော်မရှင်နာမင်းကြီး၏ စာကို ရရှိသောအခါ၌ဖြစ်စေ၊ မန္တလေးမှ မထွက်မီဖြစ်စေ၊ အရေးကြီးသည့်ကိစ္စပေါ်ပေါက်ခဲ့သော် ၎င်းကိုယ်တိုင်ပြီးမြောက်အောင် ဆောင်ရွက်မှသင့်လျော်မည်။ ဥပမာ ကရင်နီနယ်ကိစ္စနှင့် စပ်လျဉ်းသည့် စာပေးစာယူရှိခဲ့ပါသော် ထွက်ခွာရန် ရက်ရွှေ့သင့် မရွှေ့သင့်ကို ၎င်း၏ အမြော်မြင်အတိုင်းပြုရာသည်။ ဤကဲ့သို့ ဖြစ်ပေါ်တတ်သော သဘောရှိသော ကိစ္စတို့ကို ကော်မရှင်နာမင်းကြီးနှင့် ကာနယ်ဘရောင်းတို့ တိုင်ပင်ပါလျှင် အသင့်မြတ်ဆုံးဖြစ်ပေလိမ့်မည်။

စီမံဖွယ် ကိစ္စအရပ်ရပ်တို့ကို စီမံပြီးလျှင် ကာနယ်ဘရောင်းသည် မန္တလေးမြို့မှ ထွက်ခွာရန် အကြံအစည်ရှိကြောင်းကို သိဝှက်ရန်မလို။ မြန်မာအရာရှိများကဖြစ်စေ၊အခြားသူများကဖြစ်စေ လာရောက် စုံစမ်းပါမူ၎င်းသည် မစ္စတာရှော ကွယ်လွန်ခြင်းကြောင့် မပြီးမပြတ် ကျန်ရှိနေသေးသည့် ကိစ္စအရပ်ရပ်များကို ဆောင်ရွက်ရန် အလို့ငှာ ခေတ္တမျှသာလျှင် မူလက ရည်ရွယ်၍ စေလွှတ်ခြင်းဖြစ်ကြောင်း ဖြေရှင်းပြန်ပြောနိုင်သည်။ ၎င်းပြင် အကယ်၍ အခွင့်သာသည်ဖြစ်မူ၊ မိမိ၏ထင်မြင်ချက်အဖြစ် ပြောဆိုနိုင်သည်မှာ ဆောင်ရွက်ရမည့်ကိစ္စများမှာ ပြောပလောက်အောင်မျှ မရှိသည့်ပြင် သံအမတ်များ အပေါ်သို့ ပြုလုပ်အပ်သည့် ယဉ်ကျေးဖွယ်ရာ လောကွတ်များကို မပြုမလုပ်ဘဲနေစိမ့်သော အရပ်တွင် ရာထူးကြီးမြင့်သောအရာရှိတစ်ဦးကို သံအမတ်အဖြစ် မခန့်လောက်ကြောင်း၊ **သို့သော် ကာနယ်ဘရောင်း၏ စိတ်ဝယ် သတိချပ်ရမည်မှာ အိန္ဒိယအစိုးရသည် အလိုရှိသည့်အခါ သံအမတ်ခန့်လိုက ခန့်နိုင်ရန် အာဏာကို မိမိတို့လက်ဝယ် ခြွင်းချန်ထားရှိကြောင်း၊ သို့ဖြစ်ပါ၍ ဤအခွင့်အရေးကို ထိခိုက်ပြီဟု မြန်မာမင်းတို့ အထင်မရှိစေရအောင် သတိထား၍ မြွက်ဟပြောဆိုရာသည်။** ကာနယ်ဘရောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် တိတ်တိတ်ပုန်းထွက်သွားပြီဟု အထင်မရောက်စေဘဲ ငြိမ်သက်စွာနှင့် ထွက်ခွာရာသည်၊ ထွက်ခွာရန်အချိန်နှင့် နည်းလမ်းကို ကော်မရှင်နာမင်းကြီးနှင့် ကာနယ်ဘရောင်းတိုင်ပင်၍ပြုလုပ်ရန် လွှဲအပ်လိုက်သည်။ ယခု စာပို့သင်္ဘောမီအောင် မန္တလေးသို့ စာမရေးနိုင်တော့ပေ၊ ဤစာ ရရှိကြောင်း ကြေးနန်းရိုက်ကြားပါ၊ နောက်ထပ်အမိန့်ချမှတ်စေလိုသေးလျှင် အကြောင်းကြားပါကုန်။

(ပုံ) အေ စီ လားယလ်

* * *

စာမှတ် (၂၀)

အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးထံသို့ ပေးစာ

အိန္ဒိယပြည်ရေးဆိုင်ရာ

လန်ဒန်မြို့၊ ၁၈၇၉ ခု၊ ဩဂုတ်လ ၂၁ ရက်ရေး

(၁) ဇူလိုင်လ ၂၁ ရက်နေ့စွဲနှင့် ဘုရင်ခံချုပ်ကြီးပေးလိုက်သောစာကို ရရှိပါ၏။ ထိုစာနှင့်အတူ အခြားစာများအပြင် ဘုရင်ခံချုပ်ကြီးက မြန်မာပြည် ကော်မရှင်နာမင်းကြီးထံသို့ ဇူလိုင်လ ၁၄ ရက်နေ့စွဲနှင့် အထက်မြန်မာပြည် အခြေအနေနှင့်ပတ်သက်၍ ဘုရင်ခံချုပ်ကြီး၏ ထင်မြင်ချက်များကို ရှင်းလင်းပြလျက် အကြောင်းအရပ်ရပ်ကို ထောက်လျှင် မြန်မာနှင့်မည်သို့သော စနစ်ကို လိုက်လျက် ဆက်ဆံရမည်ကို ဖော်ပြထားသော စာလည်းပါရှိ၏။

(၂) ဧပြီလ ၃ရက်နေ့စွဲနှင့် ပေးပို့သောစာတွင် ပါရှိပြီးဖြစ်သည့်အတိုင်း ဧကရီဘုရင်မကြီး၏အစိုးရသည် ဘုရင်ခံချုပ်ကြီးကဲ့သို့ပင် ထင်မြင်သဘော ရရှိပါကြောင်း၊ ကုန်သည်တို့၏ အကျိုးစီးပွားများ နစ်နာသည်ကို ဧကရီ ဘုရင်မကြီး၏ အစိုးရမင်းတို့သည် များစွာဝမ်းနည်း၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာလည်း ကျွန်ုပ်တို့ နယ်နိမိတ်၏အခြားဘက်၌ ဖြစ်ပျက်ပေါ်ပေါက်သည့် အရေးတို့မှာ ဆက်လက်၍ မသေမချာဖြစ်နေခြင်းကြောင့်သာလျှင် ဖြစ်ရကြောင်း၊ သို့စဉ်လျက် ဘုရင်ခံချုပ်ကြီးကဲ့သို့ပင် ယခုအခါ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ သတိထားနေခြင်း စနစ်ကို သဘောတူညီသည်။ မြန်မာ



ဘုရင်မင်းမြတ်သည် စတင်တိုက်ခိုက်ရန် ရည်ရွယ်ကြောင်း ထင်ရှားသော သာဓကမရှိပါဘဲ။ မြန်မာမင်းအစိုးရထံမှ ရှင်းလင်းချက် တောင်းဆိုရန် အကြောင်းမရှိ။ ကျွန်ုပ်တို့၏တောင်းဆိုချက်ကို ငြင်းဆိုပါလျှင် ဆက်ဆံမှု ပြတ်စဲ၍ စစ်ဖြစ်ရန်သာ ရှိပေလိမ့်မည်။

(ပုံ) လော့ခရိုင်းဘရွတ်

* * *

စာမှတ် (၂၁)

အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန

ဧကရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေးဆိုင်ရာ အတွင်းဝန်ကြီး

လော့ခရိုင်းဘရွတ်သို့ပေးစာ၊ ဆင်မလားမြို့။

၁၈၇၉ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့ရေး။

(၁) ၁၈၇၉ခု၊ ဩဂုတ်လ ၁၁ ရက်နေ့စွဲနှင့် ကျွန်ုပ်တို့၏အစီရင်ခံစာအပိုဒ် ၅ တွင် မန္တလေးမြို့တော်တွင် မစ္စတာရှော၏နေရာ၌ ခေတ္တဆောင်ရွက်ရန် စေလွှတ်ထားသော ကာနယ်ဘရောင်းကို အခွင့်ရလျှင်ရခြင်း ထွက်ခွာလာခဲ့၍ မန္တလေးမြို့အရာရှိများနှင့် လုပ်ဖွယ် ကိစ္စများကို ဆောင်ရွက်ရန် မစ္စတာ စိန်ဘာဘီကို ထားခဲ့ရန် ဆုံးဖြတ်ပြီးကြောင်း သိရှိတော်မူရန် အစီရင်ခံလိုက်ပါသည်။

(၂) ထိုဆုံးဖြတ်ချက်နှင့်အညီ ကာနယ်ဘရောင်းသည် မန္တလေးမြို့မှ ထွက်ခွာခဲ့ကြောင်း၊ စက်တင်ဘာလ ၂ရက်နေ့တွင် ကြေးနန်းဖြင့် အစီရင်ခံပြီးဖြစ်ပါကြောင်း၊ ၎င်းထွက်ခွာလာရာတွင် မြန်မာလူမျိုးတို့သည် လုပ်ရှားခြင်း၊ အသိအမှတ်ထားခြင်း တစ်စုံတစ်ခုမှ မပြုကြကြောင်း ကြေးနန်းရိုက်ကြား၏။ ဗန်းမော်မြို့ရှိ ခေတ္တနိုင်ငံရေးကိုယ်စားလှယ် မစ္စတာစိန်ဘာဘီနှင့် သံငယ်အရာရှိ မစ္စတာဖေယာတို့သို့ သံတဲကို လွှဲအပ်ထားကြောင်း၊ ၎င်း အရာရှိ ၂ဦးတို့၏ ချမ်းသာရေးကို ထောက်ထားသဖြင့် ကာနယ်ဘရောင်းသည် မြန်မာမင်းတို့နှင့် ရန်မက်ဖြစ်မည့် စကားတစ်စုံတစ်ရာမျှ မထွက်ခွာမီ မပြောမဆို မလုပ်မကိုင်ဘဲ ထွက်ခွာခဲ့သည်။ ပဲခူးခရိုင်၌အဖြစ် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



ဝတ္တာရားများကြောင့် အောက်မြန်မာပြည်သို့ ပြန်ရကြောင်းကိုသာ ပြောကြားခဲ့၏။ ၎င်းပြင် သူ၏နေရာတွင် ဆက်ခံရန် အရာရှိအတွက် အိန္ဒိယပြည်အစိုးရက ဆုံးဖြတ်ချက် မချရသေးကြောင်း။

(၃) (KABUL) ကာဘူမြို့တွင် ဒုက္ခအကြီးအကျယ် ကြုံတွေ့ရကြောင်း သတင်းမရမီ ရက်အနည်းငယ်အတွင်း မြန်မာပြည်တွင် ထိုကဲ့သို့ အခြေအနေရှိပါကြောင်း၊ ဤသတင်းသည် မန္တလေးမြို့၌ ကြေညာ ပျံ့နှံ့သည်ဖြစ်ပါမူ ကျွန်ုပ်တို့အရာရှိများ၏ အခြေအနေကို အတန်ထိခိုက်၍ ၎င်းတို့၏ အခြေအနေသည် မရေရာသည်ထက် ပိုမိုမရေရာခြင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ထင်၏။ သို့ဖြစ်ပါ၍ သံအမတ်နှင့်တကွ ၎င်း၏အစောင့်အရန်တို့၏ ချမ်းသာရေးအတွက် မိမိ၏အမြော်အမြင်အတိုင်း သင့်တော်သည်ဟု ထင်သော နည်းလမ်းများအရ ဆောင်ရွက်ရန် ကော်မရှင်နာမင်းကြီးသို့ တာဝန်လုံးဝ လွှဲအပ်လိုက်ကြောင်း ကြေးနန်းရိုက်ကြားလိုက်၏။ မန္တလေးမြို့ တွင် စိတ်ချလောက်အောင် လုံခြုံခြင်းမရှိတော့ပြီဟု အထင်ရှိလျှင် သံအမတ်နှင့်တကွ အစောင့်အရန်တို့ကိုပါ ရုပ်သိမ်းရန် လျောက်ပတ်သည်ဟု အထင်ရှိလျှင် ရုပ်သိမ်းရန် အာဏာ လွှဲအပ်လိုက်ကြောင်း၊ နောက်တစ်နေ့ ၇ရက်နေ့တွင် အကြောင်းကြား လိုက်ပါသည်။ ၎င်းပြင်လည်း သင့်တော်သည်အခါတွင် သံအဖွဲ့ကိုရုပ်သိမ်းနိုင်သော်လည်း အလျင်စလို အရေးတကြီး ပြုလုပ်သည်ဟု အထင်ရှိစေမည့် နည်းစနစ်များကို မပြုမလုပ်ရန် မစ္စတာအိပ်ချီဆင်သို့ အမိန့်ပေးလိုက်ပါသည်။ ထိုနောက် မစ္စတာအိပ်ချီဆင်က ပြန်ကြားသည်မှာ ကာဘူမြို့တွင် ရောက်ရှိသည့် ဒုက္ခအကြောင်းသတင်းကို မစ္စတာစိန်ဘာဘီ သိရှိစေရန်ပြုလုပ်ပြီးကြောင်း၊ ၎င်းသည် ကာနယ်ဘရောင်းနှင့် တိုင်ပင်၍ သံတဲရှိသူအားလုံးကို ချမ်းသာရန်အတွက် တင်ကြို၍ ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း။

(၄) ဤစာ အပိုဒ် ၁ တွင် ဖော်ပြထားသည့် အစီရင်ခံစာကို ဖတ်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် လူများ၏အသက်ချမ်းသာမှုကိုသာ ထောက်ထားရသည်မှလွဲ၍ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များကို မန္တလေးမှ ရုပ်သိမ်းရန်ကို မလိုလားပေ။ ကျွန်ုပ်တို့သည် မြန်မာမင်းတို့နှင့် ဆက်ဆံရေးမှာ ယခုအခါတွင်



သံအမတ်ခန့်ထားခြင်းဖြင့် အကျိုးဖြစ်ထွန်းဖွယ် မျှော်လင့်ရန် နည်းသည်သာမက အကျိုးယုတ်ဖွယ်လည်းရှိ၏။ မစ္စတာစိန်ဘာဘီနှင့် အဖော်များ ထွက်ခွာရေးနှင့် ပတ်သက်၍ နောက်ထပ်စီမံပါမူ ဧကရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိရန် အစီရင်ခံဦးမည် ဖြစ်ပါကြောင်း၊ ဤစာတွင် ဖော်ပြထားသည့် ကြေးနန်းများနှင့်တကွ ကော်မရှင်နာမင်းကြီးသို့ ပေးသည့် အမိန့်စာများကို ယခုစာနှင့်အတူ ဆက်သလိုက်ပါကြောင်း။

(ပုံ) လစ်တန်။

* * *

စာမှတ် (၂၁) တွင် အကျွမ်းဝင်စာ (က)

ဆင်မလားမြို့၊ နိုင်ငံရေးအတွင်းဝန်ထံမှ

မြန်မာပြည်ကော်မရှင်နာမင်းကြီးထံ

၁၈၇၉ခု၊ စက်တင်ဘာလ ၆ ရက်နေ့ရိုက် ကြေးနန်း

မန္တလေးမြို့ရှိ သံအမတ်နှင့်တကွ အစောင့်အရန်များပါ ချမ်းသာစေရန် မိမိအမြော်အမြင်ရှိသည့်အတိုင်း ဆောင်ရွက်စေရန် ဘုရင်ခံချုပ်ကြီးအလိုရှိတော်မူသည်။

* * *

စာမှတ် (၂၁) တွင် အကျွမ်းဝင်စာ (ခ)

ဆင်မလားမြို့၊ နိုင်ငံရေးအတွင်းဝန်ထံမှ

မြန်မာပြည်ကော်မရှင်နာမင်းကြီးထံ

၁၈၇၉ခု၊ စက်တင်ဘာလ ၇ ရက်နေ့ရိုက် ကြေးနန်း

၆ရက်နေ့စွဲနှင့် ကျွန်ုပ်ရိုက်ကြားလိုက်သည့် ကြေးနန်းနှင့်ဆက်၍ သိသာစေလိုသည်မှာ သံအမတ်နှင့်တကွ အခြံအရံတို့အတွက် ချမ်းသာမှု စိတ်မချရသည်ရှိမူ၊ သံအဖွဲ့တစ်ဖွဲ့လုံးကို ရုပ်သိမ်းရန် အခွင့်အာဏာကော်မရှင်နာမင်းကြီးသို့ လွှဲအပ်ကြောင်း၊ သင့်တော်သည့် အခွင့်အခါတွင် ရုပ်သိမ်းနိုင်ကြောင်း။

* * *

www.burmeseclassic.com



စာမှတ် (၂၁) တွင် အကျွမ်းဝင်စာ (ဂ)
ပြည်မြို့တွင်ရှိ မြန်မာပြည်ကော်မရှင်နာမင်းကြီးထံမှ
ဆင်မလားမြို့၊ နိုင်ငံခြားရေးအတွင်းဝန်ထံ
၁၈၇၉ခု၊ စက်တင်ဘာလ ၇ရက်နေ့ရိုက် ကြေးနန်း

မန္တလေးမြို့သို့ ရိုက်ကြားရန် ကြေးနန်းလမ်း ပိတ်လျက်ပင်ရှိသေးကြောင်း၊ ယမန်နေ့က ရရှိသောကြေးနန်းသတင်းအရ ကာဘူမြို့တွင် ဖြစ်ပျက်သည့် ဝမ်းနည်းဖွယ်သတင်းများကို စိန်ဘာဘီရရှိရန် စီမံပြီးကြောင်း သံအဖွဲ့အတွက် မည်သို့တင်ကြို၍ ပြုလုပ်ရမည်ကို ကာနယ်ဘရောင်းနှင့် တိုင်ပင်ပါမည်။

* * *

စာမှတ် (၂၁) တွင် အကျွမ်းဝင်စာ (ဃ)
၁၈၇၉ ခု၊ စက်တင်ဘာလ ၇ ရက်နေ့ရိုက် ကြေးနန်း
မန္တလေးမြို့၊ မစ္စတာစိန်ဘာဘီထံမှ
သရက်မြို့မှတစ်ဆင့်
ဆင်မလားမြို့၊ နိုင်ငံခြားရေးအတွင်းဝန်သို့

ကာနယ်ဘရောင်းသည် ရန်ကုန်မြို့သို့ ယနေ့ထွက်ခွာသွားပြီ။ ကျွန်ုပ်က အလုပ်ကို လက်ခံသည်။ မြန်မာအရာရှိများက ကာနယ်ဘရောင်းထွက်သွားသည်ကို ဂရုမပြုချေ။

* * *

စာမှတ် (၂၁) တွင် အကျွမ်းဝင်စာ (င)
၁၈၇၉ခု၊ စက်တင်ဘာလ ၉ရက်နေ့ရေး
မြန်မာပြည်ကော်မရှင်နာမင်းကြီး
မစ္စတာအိပ်ချီဆင် E.S.I သို့ ပေးစာမှ ကောက်နုတ်ချက်

မန္တလေးမြို့တော်အကြောင်း အစိုးရမင်းတို့၏ ထင်မြင်ချက်ကို ကြေး



နန်းရိုက်ကြားခြင်းဖြင့် မြွက်ဟရန်မလွယ်ကူပေ။ မန္တလေးမြို့ရှိ သံအဖွဲ့ဝင်အရာရှိတို့၏ ချမ်းသာရေးမှာ အထင်အရှား စိတ်ချဖွယ်မရှိပြီ။ သို့မဟုတ် စိတ်ချဖွယ်ရာ ရှိတော့မည်မဟုတ်ဟု ကော်မရှင်နာမင်းကြီး အထင်မရှိဘဲ ဘုရင်ခံချုပ်ကြီးသည် သံအဖွဲ့ကို ရုပ်သိမ်းလိမ့်မည်မဟုတ်။ ဤကဲ့သို့ ပြုလုပ်လျှင် ကာဘူမြို့တွင်ဖြစ်ပျက်သည့် အရေးကြောင့် တုန်လှုပ်ပြီးလျှင် ရှောင်တခင် ခွာသိမ်းကြပြီဟု အခြားသူများက ထင်ကြလိမ့်မည်။ ဤသို့ဖြစ်လျှင် ကျွန်ုပ်တို့မှာ ဂုဏ်ပျက်၏။ စိုးရိမ်ရန်အကြောင်းထူး မမြင်ပါသော် သံအမတ်နှင့်တကွအစောင့်အရန်တို့ကိုပါ ရုပ်သိမ်းရန် အခွင့်ကိုစောင့်ရာ၏။ အလျင်စလို တိမ်းရှောင်ထွက်ပြေးသည်ဟု မဖြစ်စေရ။ သို့သော်လည်း အခွင့်သာသည့်အခါတွင် အခွင့်သာသည့်အတိုင်း ထွက်ခွာရန်ကို အိန္ဒိယပြည်အစိုးရသည် အလိုရှိ၏။ အရေးကြီးသည့်အကြောင်း အထူးရှိခြင်းကြောင့် ကန့်ကွက်လိုမူ ကန့်ကွက်နိုင်၏။ သို့တည်းမဟုတ်၊ ကျွန်ုပ်တို့၏ နယ်နိမိတ်ဘက် အခြားဘက်၌ ကျွန်ုပ်တို့၏ စစ်ဗိုလ်များနှင့် စစ်သားများ မရှိတော့ပြီဟု ကြားရလျှင် အိန္ဒိယအစိုးရမင်းတို့သည် ကျေနပ်ပေမည်။ **စိုးရိမ်ဖွယ်အကြောင်းထူး ပေါ်ပေါက်ခဲ့လျှင် အခြားသူများမည်ကဲ့သို့ အထင်ရှိပေလိမ့်မည်ဟူသောကိစ္စမှာ အရေးကြီးသော ကိစ္စမဟုတ်ကြောင်းကို အထူးပြောရန် လိုမည်မဟုတ်။ ထွက်ခွာသွားခြင်းသည် ဆက်လက်နေထိုင်ခြင်းထက် စိတ်ချရသည်ဟူ၍လည်းကောင်း၊ နှောင့်နှေးခြင်းသည်အန္တရာယ်များသည်ဟူ၍လည်းကောင်း တွေ့ရှိလျှင် သံအဖွဲ့နှင့်တကွ အခြံအရံတို့ကိုပါ ရုပ်သိမ်းရန်အာဏာသည် ကော်မရှင်နာမင်းကြီးတွင်ရှိကြောင်း။**

(ပုံ) အေစီလားယလ်

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၂)

အိန္ဒိယပြည်အစိုးရ နိုင်ငံခြားရေးဌာန

ကေရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး

အတွင်းဝန်ကြီး လော့ခရိုင်းဘရွှတ်သို့ ပေးစာ

ဆင်မလားမြို့။

၁၈၇၉ ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့ရေး

မန္တလေးမြို့တွင် မကြာသေးမီက အထူးအလုပ်ဝတ္တရားဆောင်ရွက်ခဲ့သူ ကာနယ်ဘရောင်း၏ လျှို့ဝှက်သော နေ့စဉ်မှတ်တမ်းကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများသိရှိတော်မူကြရန် ဆက်သလိုက်ပါသည်။

(ပုံ)လစ်တန်

* * *

စာမှတ် (၂၂) တွင် အကျုံးဝင်စာ (က)

၁၈၇၉ ခု၊ မန္တလေးမြို့

လျှို့ဝှက်သော နေ့စဉ်မှတ်တမ်း

၁၈၇၉ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့။ ၎င်းတို့နှင့် တစ်မြို့တည်းသား မူလာဆ ဆိုသူအား မြန်မာပြည်ထောင်အတွင်းတွင် အဆုံးစီရင်ပစ်ကြောင်းကို မဒရပ်နယ်သား၊ မဟာမေဒင်လူမျိုးကုန်သည်က တိုင်ကြားကြကြောင်း။

၂၈ ရက်နေ့ ညနေတွင် ၎င်းအား မိတ်ဆွေများက နောက်ဆုံးမြင်လိုက်ကြရသည်။ ထိုည၌တွင်ပင် ၎င်း၏မယားနှင့် အချင်းဖြစ်ခြင်းကြောင့် ထောင်သို့ ဆွဲငင်ယူဆောင်ကြသည်။ ထိုနောက် ၎င်းအား မိတ်ဆွေများသည် မမြင်တော့ချေ။ ၎င်းနောက်မိတ်ဆွေများ သိကြရတော့သည်မှာ ၎င်းသည် အရိုက်ခံရသောဒဏ်ရာများကြောင့်လည်းကောင်း၊ ဦးခေါင်းကြမ်းပေါ်တွင် တည်ရှိစေ၍ ခြေနှစ်ဖက်ကို အထက်လေထဲတွင် မြှောက်ထားကာထူးခတ်ခြင်း ခံရခြင်းကြောင့်လည်းကောင်း ၂၉ ရက်နှင့် ၃၀ ရက် အကူးတွင် အသက်ကုန်ခြင်းသို့ရောက်၏။ ၎င်းတို့သည် ၎င်းတို့၏ မိတ်ဆွေကို တွေ့ရပါရန် အခွင့်ပန်ကြားသောအခါမှာ တရားခံမှာ သေပြီဖြစ်၍ မြေမြှုပ်ပြီးပြီဖြစ်ကြောင်းကိုသာ ကြားရတော့၏။



ထိုသူတို့အား စာတစ်စောင်ရေး၍ပေးလိုက်သည်။ ထိုစာမှာ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)သို့ ပေးရန်ဖြစ်သည်။ ထိုစာတွင် အကယ်၍ တရားခံသည် သေပြီဖြစ်ပါမူ ၎င်း၏အလောင်းကို ထုံးစံရှိသည်အတိုင်း သင်္ဂြိုဟ်ရန် အလို့ငှာ မိတ်ဆွေများလက်သို့ အပ်နှင်းရန် တောင်းပန်၏။ အကယ်၍ အလောင်းကိုရရှိပါမူ သူ၏ကိုယ်ကို ကြည့်ရှုစစ်ဆေးနိုင်၏။

၎င်းသူများသည် ညနေအချိန် ပြန်လာ၍ပြောသည်မှာ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)သည် ခန်းပတ်မင်းကြီးနှင့် တိုင်ပင်ပြီးလျှင် ၎င်းအလောင်းကို ယခုအခါ မအပ်နှင်းနိုင်သေး။ ပုပ်ပွ၊ ရုပ်ပျက်မှသာလျှင် ယူဆောင်နိုင်သည်ဟု ပြန်ကြားလိုက်ကြောင်း၊ အလောင်းကိုရရှိရန် နောက်ထပ်တစ်ဖန် တောင်းစေ၏။

(ရှင်စောပု)ခေါ်မီးသင်္ဘော၏ ကပ္ပတိန်က တိုင်တန်းသည်မှာ မင်းလှမြို့၌ ထုံးစံအတိုင်း သင်္ဘောကို ကမ်းပေါ်ရှိသစ်ပင်တစ်ပင်ကို ကြိုးဖြင့်ချည်နှောင်၍ ရေနွေးငွေ့များကို ကုန်စင်အောင်ထုတ်ပြီးလျှင် ရပ်တန့်ထားရာမှုလာ အီဘရာဟင်ဟု၊ အလုပ်သမားဟု ယုံကြည်ရသောသူများတို့သည် သင်္ဘောကြိုးကို ဖြတ်ကြသဖြင့် သင်္ဘောသည် ရေတွင် မျော၍ ၎င်း၏နောက်တွင် ရပ်တန့်ထားသော သင်္ဘောတစ်စင်းနှင့် အပြင်းအထန် အတိုက်အခိုက်မရှိဘဲ အနိုင်လွတ်ရကြောင်း၊ ဤအကြောင်းနှင့် ပတ်သက်၍ နိုင်ငံခြားဝန်ကြီး (ကင်းဝန်သို့) စာရေး၏။

၁၈၇၉ ခု၊ ဩဂုတ်လ ၁ ရက်၊ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)ထံမှ စာရ၏။ မဒရပ်လူမျိုး မူလာဆမှာ ကွာရှင်းပြတ်စဲပြီးဖြစ်သော မိမိ၏မယားအား (ခဲတံချွန်သော) မောင်းချားဖြင့် ထိုးကြောင်း၊ ဖမ်းဆီးချုပ်နှောင်ရကြောင်း ၎င်းသည် ဘိန်းစားခြင်းကြောင့် ထောင်အတွင်း သေဆုံးကြောင်း ကျွန်ုပ်၏တောင်းပန်ချက်အရ ၎င်း၏အလောင်းကို ၎င်း၏မိတ်ဆွေများသို့ ပေးအပ်လိုက်ကြောင်း။

ညဉ့်နက်သောအခါ ၎င်း၏မိတ်ဆွေတို့သည် အလောင်းကို ရရှိကြောင်း လာရောက်ပြောကြားကြသည်။ အလောင်းသည် ပုပ်နေချေပြီ။ သို့သော်လည်း ကျောဌ်ဒဏ်ရာများရှိ၏။ ခြေထောက် လက်ချောင်းများတွင်လည်း ဒဏ်ရာများရှိ၏။ ၎င်းဒဏ်ရာများမှာ မြန်မာများ လုပ်လေ့ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရိုက်နှက်ရန်အတွက် တုပ်နှောင်ခြင်းကြောင့် ရရှိသောဒဏ်ရာများ ဖြစ်၏။ ၎င်းမိတ်ဆွေများက ပြောသည်မှာ မြန်မာအရာရှိတို့သည် အလောင်းကို မြေမြှုပ်ပြီးသည်တိုင်အောင်၊ ၎င်းတို့ပြုလုပ်သည်ကို ကြည့်ရှုကြကြောင်း၊ ၎င်းသူမှာ နှစ်နှစ်နာနာ နှိပ်စက်ကလူ ပြုလုပ်ခြင်းခံရ၍ သေဆုံးရကြောင်း သက်သေသာဓက မြောက်မြားစွာရှိသည် ဖြစ်ပါသောကြောင့် သံတဲမှ ဆရာဝန်ကို စေလွှတ်၍ အလောင်းကို တူးဖော်စစ်ဆေးခြင်းပြုလျှင် မသင့်တော်ပြီဟု အထင်ရှိသဖြင့် မစေလွှတ်တော့ပေ။ ဤကဲ့သို့ပြုလုပ်ပါလျှင် ဆရာဝန်မှာ ကျူးလွန်စော်ကားခြင်း ခံရရုံမျှမက သူတွင်လည်း ဒဏ်ရာရရှိမည်ကို စိုးရိမ်ရ၏။

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဂုဏ်တင်ကာ (စစ်သည်တော်သားများ) ဟူသော အမည်ဖြင့် ခေါ်ဝေါ်ခြင်းခံကြရသော အမှုထမ်းတစ်စုသည် ဒေါသကြီးစွာနှင့် တုတ်များကို ကိုင်ဆွဲလျက် သံတဲဝင်းပေါက်သို့ ယနေ့ညနေလာရောက်ကြပြီးလျှင် လမ်းတွင် ခွေးတစ်ကောင်ကို ရိုက်နှက်သော ကုလားကို ရိုက်ချင်သည်ဟု ပြောဆိုကြ၏။ တံခါးများကို အလျင်အမြန် ပိတ်၍ ဝင်းအတွင်းသို့ ရောက်ရှိနေသော အသောင်းကျန်းဆုံးသော လူ ၃ယောက်ကို ဖမ်းဆီး၏။ အကြောင်းပေါ်ပေါက်ပုံကား မစ္စတာစိန်ဘာဘီသည် မြို့ထဲတွင် လမ်းလျှောက်စဉ် မိမိဆီသို့ပြေးလာသော ခွေးလေတစ်ကောင်ကို တုတ်ဖြင့် ရိုက်လိုက်၏။ ထိုစဉ်အခါ၌ သူ၏အပေါ်တွင် အမျက်ကျရောက်ကြောင်း တစ်စုံတစ်ရာ ဖော်ပြသည်ကို မမြင်ရ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျူးလွန်မိသည်ဟုမသိဘဲ အိမ်သို့ လမ်းလျှောက်၍ ပြန်လာခဲ့၏။ လူထုကြီးသည် မိုင်ဝက်မျှ ခပ်လှမ်းလှမ်းမှ လိုက်ဟန် လက္ခဏာရှိ၏။ ၎င်း၏ စိတ်အာရုံကို ၎င်းလူထုကြီးက ဆွဲငင်သည်မရှိ၊ သူရောက်ပြီးသည့် နောက်မိနစ်အတန်ကြာမှ ပရိသတ်သည် ဝင်းပေါက်သို့ရောက်၏။ တံခါးများပိတ်သောအခါ လူစုကွဲ၏။ ဝင်းအတွင်း၌ မိထားသော လူ ၃ယောက်ကို နံနက်မိုးလင်းသောအခါ မြို့သာဝန်ထောက်မင်းထံ စာနှင့်တကွပို့ရန် တံခါးပေါက်ရှိ မြန်မာအစောင့်အကြပ်များသို့ လွှဲလိုက်၏။

မစ္စတာစိန်ဘာဘီသည် မျက်စိနာ၍ အပြင်သို့ မထွက်နိုင်သည်မှာ ရက်သတ္တပတ်အတန်ကြာရှိပေပြီ။၎င်းနောက် ဤအကြိမ်သည် ပထမအကြိမ်ဖြစ်ပေသည်။ ကျွန်ုပ်နှင့် ဆရာဝန် ဖဲရစ္စ Dr. Eeriies မှာမူ မြစ်ကြောင်းဖြင့်



တစ်နေ့လုံး ဆန်တက်နေကြသည်ဖြစ်၍ မရှိကြ။

၁၈၇၉ ခု၊ ဩဂုတ်လ ၂ရက်နေ့။ မဒရပ်လူမျိုး မူလာဆခေါ် မယန္တီ၏ အလောင်းကို တူးဖော်ကြသောသူများ၏ စစ်ချက်ကို ရေးယူသည်။ ၎င်းသူသည် မြန်မာထောင်မှူးများက ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းခြင်းကြောင့် သေရကြောင်း ထင်ရှားသည်။ ဘိန်းစား၍ သေရသည်ဟူသော နိုင်ငံခြားရေးဝန်ကြီး (ကင်းဝန်)၏ စကားမှာ တမင်တကာ လိမ်လည် ပြောဆိုသော မုသားစကားမျှသာ ဖြစ်ကြောင်း။

* * *

စာမှတ် (၂၃)

အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန

ကေရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး

အတွင်းဝန်ကြီး လော့ခရိုင်းဘရွတ်သို့ အစီရင်ခံစာ

(ကောက်နုတ်ချက်)

၁၈၇၉ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့ရေး

မန္တလေးမြို့မှ သံအမတ်နှင့်တကွ အစောင့်အကြပ်တို့ပါ တတ်နိုင်သလောက် လျင်မြန်စွာ ရုပ်သိမ်းရန် မြန်မာပြည်ကော်မရှင်နာမင်းကြီးသို့ ပေးပို့လိုက်သော အမိန့်စာများ၏ မိတ္တူကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများ သိစိမ့်သောငှာ ဆက်သလိုက်ပါကြောင်း၊ စက်တင်ဘာလ ၅ရက်နေ့စွဲနှင့် ကာနယ်ဘရောင်းထံမှရရှိသော စာမိတ္တူကိုလည်း ပူးတွဲဆက်သလိုက်ပါသည်။

၎င်းစာရရှိသော ၁၉ ရက်နေ့မှ ဤအမိန့်များထုတ်ရန် ဆုံးဖြတ်ကြပါကြောင်း။

(ပုံ) လစ်တန်
အက်ဖ်ပီဟိန်း
အေဂျေအာရ်ဘတ်နော့
အေကလပ်

www.burmeseclassic.com

www.burmeseclassic.com



ဌာန်စတြရေချိ
အီးဘီ ဌာန်ဆင်
ဒဘာလျူ စတုတ်
အေအာရ်သော်မဆင်

* * *

စာမှတ် (၂၃)တွင် အကျွမ်းဝင်စာ (က)
ပြည်မြို့၊ ၁၈၇၉ ခု စက်တင်ဘာလ ၈ရက်နေ့ရေး
မြန်မာပြည်ကော်မရှင်နာမင်းကြီး၏
ခေတ္တအတွင်းဝန်ကြီး
မစ္စတာ ဒီဂျီဘားဂျက် B.C.S ထံမှ
အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန
အတွင်းဝန် အေစီ လားယလ်သို့ ပေးစာ

(၁) ၆ရက်နေ့စွဲနှင့် ရိုက်ကြားလိုက်သော ကြေးနန်းရရှိကြောင်းကို ကော်မရှင်နာမင်းကြီး၏ညွှန်ကြားချက်အရ ပြန်ကြားလိုက်ပါသည်။ ၎င်းကြေးနန်းတွင် မန္တလေးမြို့ရှိ သံအမတ်နှင့်တကွ အစောင့်အကြပ်တို့ကိုပါ ကော်မရှင်နာမင်းကြီး၏ အမြော်အမြင်အတိုင်း စီမံဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ၎င်းနောက် ၇ ရက်နေ့စွဲနှင့် ရိုက်ကြားလိုက်သော ကြေးနန်း၊ သံအမတ်နှင့်တကွ အစောင့်အကြပ်တို့ကိုပါ မန္တလေးမြို့တွင် စိတ်ချဖွယ်မရှိခြင်းကြောင့် ရုပ်သိမ်းလိုက သင့်တော်သည်ထင်သောအချိန်တွင် ရုပ်သိမ်းရန် ကော်မရှင်နာမင်းကြီးတို့ အာဏာအပြည့်အစုံ လွှဲအပ်လိုက်ကြောင်း။

(၂) ပထမကြေးနန်းကို ရလျှင်ရခြင်းပင် မစ္စတာ စိန်ဘာဘီထံ ကြေးနန်းရိုက်ကြားမေးမြန်းလိုက်သည်မှာ ကာဘူမြို့တွင် ဖြစ်ပျက်သော သတင်းသည် မန္တလေးမြို့သို့ ရောက်ရှိသောအခါ အထူးစီမံဖွယ်ရာ လိုမလို၊ လိုခဲ့သော် ကော်မရှင်နာမင်းကြီးက မည်ကဲ့သို့ အကောင်းဆုံး ကူညီနိုင်ပါသနည်း။ မန္တလေးမြို့သို့ ကြေးနန်းလမ်းပျက်နေသဖြင့် မင်းလှသို့ ကြေးနန်းရိုက်ကြား၍ မင်းလှမှတစ်ဆင့် အခွင့်ရလျှင်ရခြင်း၊ ကြေးနန်းမိတ္တူကိုစာဖြင့် မန္တလေးသို့ ပေးပို့သည်။ မစ္စတာ စိန်ဘာဘီထံမှ ပြန်စာရရှိရန် အချိန်မရှိသေး ယခုဖြစ်ပျက်လျက်ရှိသောအကြောင်းတို့ကို ထောက်ချင့်ခြင်းအားဖြင့် ကြေးနန်းကို နှောင့်နှေးထားမည်ဟူလည်း ထားရာ၏။ မပေးဘဲထားမည်ဟူလည်း ဖြစ်နိုင်၏။ မင်းလှမြို့မှ မနေ့က ၄ နာရီအချိန်တွင် ပို့လိုက်ကြောင်း သတင်းကို ယခုပင်ရရှိ၏။ သတင်းစကား ကမ်းလှမ်းရာ၌ လွယ်ကူစေရန် မြန်မာကြေးနန်းရုံများနှင့်သိသော ကြေးနန်းသမားတစ်ယောက်ကို မင်းလှသို့ ပို့ထား၏။ ကာဘူမြို့တွင် ဖြစ်ပျက်သော သတင်းများကို မစ္စတာ စိန်ဘာဘီ မသိပြီ။ မန္တလေးမြို့သို့ မရောက်မရှိစေရန် စီမံပြီးကြောင်း။

(၃) ဒုတိယကြေးနန်းအရ အောက်ပါစီမံချက်များကို ဆောင်ရွက်ပါကြောင်း၊ ရက်အနည်းငယ်လောက်က မန္တလေးမြို့မှ ပြန်လည်ရောက်ရှိသော ကာနယ်ဘရောင်းကို ပြည်မြို့၌ရှိသော ကော်မရှင်နာမင်းကြီးနှင့် တွေ့ဆုံရန်ကြေးနန်းရိုက်ကြား၍ ခေါ်လေသည်။ အသေအချာ သတိထားကာ စဉ်းစားဆင်ခြင်ပြီးလျှင် ယနေ့နံနက် မစ္စတာစိန်ဘာဘီထံ ကြေးနန်းရိုက်ကြားလိုက်ပါသည်။ ၎င်းကြေးနန်း၏ မိတ္တူကို ပူးတွဲပေးပို့လိုက်ပါသည်။ ဘုရင်ခံချုပ်ကြီးသည် ၎င်းကြေးနန်းကို သဘောတူညီတော်မူလိမ့်မည်ဟု ကော်မရှင်နာမင်းကြီး ယုံကြည်ပါသည်။ ကော်မရှင်နာမင်းကြီးမှာမူ ဓမ္မတာအတိုင်း မစ္စတာ စိန်ဘာဘီသို့ နေရာမှ မရွှေ့မပြောင်းဘဲ တည်မြဲတည်နေစေရန် အမိန့်ကိုသာပေးလို၏။ အကြောင်းရှိက သူ့ကိုကာကွယ်ရန်လည်း ပြင်ဆင်၍ ထားလို၏။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ သတင်းမျိုးရောက်ရှိနေဆဲတွင် သံအဖွဲ့ကို ရုပ်သိမ်းခြင်းအားဖြင့် ကျွန်ုပ်တို့မှာ အင်အားချည့်နဲ့သည်ဟု ယူဆကြပေလိမ့်မည်။ ဤကဲ့သို့ မြန်မာများက ယူဆကြစေရန်ကို ကျွန်ုပ်တို့ မလိုလားသင့်ကြောင်း မြန်မာအစိုးရတို့၏ အကြောင်းကို ကောင်းစွာ သိကျွမ်း၍ အလေးဂရုပြုလောက်သော အကြံအစည်များကို ပေးနိုင်သောအရာရှိများက အကြံပေးကြသည်မှာ ကာကွယ်မှုကိုသာ စီမံခြင်းသည် အကျိုးကျေးဇူးမများ၊ ကျွန်ုပ်တို့တတ်နိုင်သည်မှာ အစိုးရ မီးသင်္ဘော (ရောဝတီ) ကိုဖြစ်စေ၊ ယခုထက်ကြီးမားသော အစောင့်အကြပ်ကိုဖြစ်စေ မန္တလေးသို့ စေလွှတ်ရန်သာ တတ်နိုင်၏။ ဤသည်တို့ကို စေလွှတ်ခြင်းသည် မန္တလေးမြို့ရှိ ဗြိတိသျှ

www.burmeseclassic.com



နိုင်ငံသားများကို ဖမ်းဆီးရန် အထိမ်းအမှတ်ပေးသည်နှင့် တူပေလိမ့်မည်။ အစောင့်အကြပ်နှင့်တကွ သင်္ဘောကိုလည်း ခုခံကြပေလိမ့်မည်။ ဖေဖော်ဝါရီလ အတွင်းက (ဇရာဝတီ) မီးသင်္ဘောကိုပို့ရန် စီမံစဉ်ကလည်း မစ္စတာရှောက ဤကဲ့သို့သော ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့လေသည်။

(၄) မန္တလေးမြို့ရှိ ဗြိတိသျှအရာရှိများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရှိသည်ဟု ကျွန်ုပ်တို့ရရှိသော သတင်းအမျိုးမျိုးသည် ညီညွတ်၏။ မန္တလေးမြို့သူမြို့သားတို့၏ စိတ်မာန်သည် စော်ကား၍ ကျူးလွန်လို၏။ ၎င်းတို့၏ စိတ်သည် အဘယ်သို့ညွတ်လျက်ရှိသည်ကို ညွှန်ပြချက်တို့မှာ မစ္စတာစိန်ဘာဘီကို သံတဲဝတိုင်အောင် လူထုကြီးလိုက်ခြင်း၊ ဗန်းမော်မြို့ရှိ ကျွန်ုပ်တို့ကိုယ်စားလှယ်၏ စာရေးကို နှိပ်စက်ခြင်း၊ ဗြိတိသျှလက်အောက်ခံဖြစ်သော အိန္ဒိယတိုင်းသားတစ်ယောက်ကို ရက်စက်စွာအကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ သံတဲဆရာဝန်ကို အကြောင်းမဲ့ ရန်စ တစ်စုံတစ်ရာမရှိဘဲ ရိုက်နှက်ခြင်း။ **(ကင်းဝန်မင်းကြီး)နှင့် အဖော်တို့သည် သြဇာရှိသမျှ ကာလပတ်လုံး ကျွန်ုပ်တို့အပေါ်၌ ရန်လိုလားသောစိတ်များကို အတန်ချုပ်တည်း၍ ထားနိုင်ပေလိမ့်မည်။ တစ်စုံတစ်ခုသောအကြောင်းကြောင့် ၎င်းတို့၏တန်ခိုးသည် ဖောက်ပြန်သည်ဖြစ်၍ ရွှေနန်းတော် ဂိုဏ်းသားများတန်ခိုးကြီးပါမူ ချုပ်တည်းရန်အတွက် အားထားရန်မှာ ဖြစ်နိုင်တော့မည် မဟုတ်။**

(၅) သို့ဖြစ်ခြင်းကြောင့် ကော်မရှင်နာမင်းကြီး ကြုံတွေ့နေရသော ပြဿနာမှာ ကာဘူမြို့တွင်ဖြစ်သော ဘေးဒုက္ခအကြောင်း သတင်းသည် မန္တလေးမြို့သို့ ရောက်ရှိပါသော် ယခုပင်လျှင် မလွယ်ကူသော အခြေအနေကို ဆိုးသည်ထက်ဆိုးစေ၍ သံတဲရှိအရာရှိများကို ဆက်လက်ထားခြင်းအားဖြင့် အန္တရာယ်ရှိမရှိ သင့်မသင့်ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ဖြစ်ပျက်လျက်ရှိသော အခြေအနေမှာ ဤကိစ္စထက် သေးငယ်သော အကြောင်းကြောင့်ပင်လျှင် နိုင်ငံရေးလှုပ်ရှားဖွယ်ဖြစ်၏။ သို့ဖြစ်ပါ၍ ကော်မရှင်နာမင်းကြီး အထင်ရှိသည်မှာ ကာဘူမြို့တွင် ဖြစ်ပျက်သော သတင်းကြောင့် သံအရာရှိ၏အခြေအနေမှာ ပိုမိုစိတ်မချဖွယ်ဖြစ်လျှင် သံအဖွဲ့ကို ရုပ်သိမ်းထိုက်၏။ မစ္စတာ စိန်ဘာဘီထံသို့လည်း စစ်ကူတောင်းလောက်အောင် အခြေကျရောက်သည်ရှိသော်



သံအဖွဲ့ကို ရုပ်သိမ်းရမည်။ အဘယ်ကြောင့်ဆိုသော် စစ်သည်တော် အကူအညီ စေလွှတ်လျှင် ဘေးအန္တရာယ်များဖွယ်ရာ အကြောင်းရှိ၏။

(၆) သံအဖွဲ့ကို ရုပ်သိမ်းလောက်အောင် စိတ်မချဖွယ်ရာ အရေးကို ကြိုတင်၍အမိန့်ပေးနေရန်မှာလည်း ကော်မရှင်နာမင်းကြီး မတတ်နိုင်၊ ယခုကဲ့သို့ ကြေးနန်းရိုက်ကြားရန် ခဲယဉ်းနေသည့် အခိုက်အတန့်တွင် အရေးကြုံကြိုက်သည်တိုင်အောင် စောင့်ဆိုင်းရမှာလည်း ဘေးအန္တရာယ်များ၏။ အထက်က ပေးပြီးသောအမိန့်များအပြင် ကော်မရှင်နာမင်းကြီးသည် မစ္စတာစိန်ဘာဘီသို့ အမိန့်ပေးထားသည်မှာ အခြားအကြောင်းများကြောင့် သံအဖွဲ့ကို ရုပ်သိမ်းရန် သင့်လျော်သည်ထင်က ရုပ်သိမ်းနိုင်ခွင့်ရှိကြောင်း၊ ဤစီမံချက်သည် ၇ ရက်နေ့စွဲနှင့် ဘုရင်ခံချုပ်ကြီးပေးသော အမိန့်နှင့်ညီညွတ်သည်ဟူ၍ ကော်မရှင်နာမင်းကြီး ယုံကြည်ပါသည်။ ကော်မရှင်နာမင်းကြီးသည် မစ္စတာစိန်ဘာဘီသို့ မိမိအမြော်အမြင်ရှိသည့် အတိုင်းဆောင်ရွက်ရန် အခွင့်ပေးထားခြင်းသည် မိမိအခြေအနေ မလုံခြုံမှသာလျှင် အသုံးပြုလုပ်ရမည်ဟု မဆိုလို၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အခြား အင်္ဂလိပ်အရာရှိများ၊ အင်္ဂလိပ်စစ်ဗိုလ်များကဲ့သို့ပင် မိမိတာဝန်ကျရာ နေရာမှာ မဆုတ်မခွာဘဲ တတ်နိုင်သမျှ ကြာရှည်စွာနေပြီးလျှင် အန္တရာယ်ကို မရှောင်ဘဲ အန္တရာယ်များစေရန်သာ ပြုလုပ်ပေလိမ့်မည်။ မစ္စတာစိန်ဘာဘီသည် မိမိရရှိသော အခွင့်အရေးကို မလိမ်မမာ အသုံးချလိမ့်မည်ဟု ကော်မရှင်နာမင်းကြီးမထင်။ မစ္စတာစိန်ဘာဘီအပေါ်မှာလည်း တရားလေအောင် ဗြိတိသျှလူမျိုးတို့၏ အကျိုးစီးပွားကိုလည်း လုံခြုံစေလေအောင် မိမိ အမြော်အမြင်ရှိသည်အတိုင်း ပြုလုပ်စေနိုင်ရန် အခွင့်ပေးခြင်းသည် သင့်လျော်သည်ဟု ထင်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ်(၂၃)တွင် အကျွမ်းဝင်စာ (ခ)
၁၈၇၉ ခု၊ စင်တင်ဘာလ ၈ ရက်နေ့ရိုက် ကြေးနန်း
ပြည်မြို့ရှိ၊ မြန်မာပြည်ကော်မရှင်နာမင်းကြီးထံမှ
မန္တလေးမြို့ မစ္စတာ စိန်ဘာဘီသို့

မန္တလေးမြို့ရှိ သံအဖွဲ့ကို မိမိ အမြော်အမြင်အတိုင်း ရုပ်သိမ်းရန်အခွင့်ကို အိန္ဒိယပြည်အစိုးရသည် ကော်မရှင်နာမင်းကြီးသို့ လွှဲအပ်လိုက်ပြီ။ အလိုရှိက အကူအညီများ စေလွှတ်ခြင်းအားဖြင့် သင့်မှာလည်း ဒုက္ခအန္တရာယ်မများဘဲ၊ သို့မဟုတ် စစ်မက်ရေးရာအတွက် အန္တရာယ်မဖြစ်ဘဲမနေနိုင်ဟု ကော်မရှင်နာမင်းကြီး သိရ၏။ သို့ဖြစ်၍ ကာဘူမြို့၌ ဖြစ်ပျက်သောသတင်းသည် မန္တလေးမြို့၌ ပျံ့နှံ့ခြင်းကြောင့် သင်၏အခြေအနေမှာ ပိုမို၍ မလုံခြုံခဲ့သော် သင်၏ကိုယ်ကို ကာကွယ်ရန်အတွက် အကူအညီတောင်းရန် မဖြစ်နိုင်လျှင် ပြန်လည်ရုပ်သိမ်းလာခဲ့ရန် အမိန့်ပေးလိုက်သည်။

အခြားအကြောင်းများကြောင့် ရုပ်သိမ်းရန်သင့်လျော်သည်ဟု အထင်ရှိခဲ့လျှင်လည်း ရုပ်သိမ်းနိုင်ခွင့်ပြုလိုက်သည်။ သံတဲရှိအမှုတွဲ မှတ်တမ်းများကို အရန်သင့်ထုပ်ပိုးထားရှိစေလျက် သင်နှင့်အတူ ယူဆောင်ခဲ့ရမည်။ သတိပေးထားနှင့်ရန် သင့်လျော်သော အခြားဥရောပတိုက်သားများကိုလည်း သင် ရုပ်သိမ်းရန် ရည်ရွယ်ကြောင်း တိတ်တဆိတ် သတိပေးထားရမည်။ အစောင့်အကြပ်အားလုံးကိုလည်း ခေါ်ဆောင်ခဲ့ရမည်။ ထွက်ခွာမည်ဟု ရည်ရွယ်ကြောင်းကိုလည်း မြန်မာအစိုးရမင်းတို့အားလည်း ရက်များများ အလျှင်မကျစေဘဲ ပြောကြားရမည်။ ရုပ်သိမ်းခြင်းအကြောင်းကို မေးခဲ့သော် အစိုးရအမိန့်အရ ရုပ်သိမ်းရကြောင်း၊ ရန်မူရန် ရည်ရွယ်သည့် သဘောအဓိပ္ပာယ်မရှိကြောင်း ပြန်ပြောပါ။ ထွက်ခွာပုံနည်းစနစ်ကို စီမံရန် သင့်သို့ လွှဲလိုက်သည်။ သင်၏ရည်ရွယ်ချက်များကို ကော်မရှင်နာမင်းကြီးသို့ အစောဆုံးပြန်ကြားပါလေ။

* * *



စာမှတ် (၂၃) တွင် အကျွမ်းဝင်စာ (ဂ)
ရန်ကုန်မြို့၊ ၁၈၇၉ခု၊ စက်တင်ဘာလ ၅ရက်နေ့ရေး

ဩဂုတ်လ ၅ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီးထံသို့ ရေးလိုက်သောစာအရ ထုတ်ပြန်သောအမိန့်စာကို ရပြီးသည့်နောက် ရက်သတ္တပတ်မျှကြာလျှင် ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျွန်ုပ် မန္တလေးမှ ထွက်ခွာခဲ့သည်။

အမိန့်စာတွင်ပါရှိသည့်အတိုင်း ကျွန်ုပ်သည် တိတ်တဆိတ်ထွက်ခွာသည် မဟုတ်ပေ။ မြန်မာမှူးမတ်များကို အလုပ်သဘောမျိုးမဟုတ်ဘဲ ၅ရက်တင်ကြို၍ အလုပ်သဘောနှင့် ၃ရက်တင်ကြို၍ ကျွန်ုပ်ထွက်ခွာရန် ရည်ရွယ်ကြောင်းပြောထားသေးကြောင်း။

ကျွန်ုပ်ထွက်ခွာခြင်းနှင့် ပတ်သက်၍ လိုလားအပ်သည် ငြိမ်ဆိတ်မှုမှာ မြန်မာဝန်ကြီးများသည် တတ်နိုင်သမျှ ကူညီကြပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ထွက်ခွာခါနီးပြီဟု ပြောကြားပြီးသည့်နောက် မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်ကို ဂရုအလျှင်း မပြုကြကုန်။

**ကျွန်ုပ်သည် ထွက်ခွာခါနီးပြီဟု ကြေညာပြီးသည့်နောက် ထင်မြင်ချက်များမြွက်ဟပြောဆိုသံကြားရသည်မှာ နန်းတော်အတွင်းချုပ်နှောင်ခြင်းခံကြရရှာသူ ကံဆိုးမများက ကယ်ကြပါဟူ၍ နောက်ထပ်အော်သံ၊ နတ်ရွာစံမင်းတရားကြီး၏ မိဖုရားကြီးက ကျွန်ုပ်ထွက်ခွာသွားမည်ကို နှမြောဝမ်းနည်းကြောင်း ဆက်ဆံမှုပိုမို ကျေနပ်ဖွယ်ဖြစ်အောင် ပြုလုပ်စေလိုသလောဟု ကျွန်ုပ်ထံ အကြံအစည်တောင်းခြင်းများသာဖြစ်၏။ မှူးမတ်တို့မှာမူ ကျွန်ုပ်ကို ရှောင်ကွင်းကြ၏။**

ကျွန်ုပ်၏ ထွက်ခွာရခြင်းအကြောင်းနှင့် ပတ်သက်၍ အမိန့်စာတွင်ပါရှိသည့်အတိုင်း ပြောဆိုရန်မှာ အခွင့်မရမရှိခဲ့ပေ။ ပြောဆိုရန် အခွင့်ရစေကာမူ ကျွန်ုပ်သည် မပြောမဆိုလို၊ အဘယ့်ကြောင့်ဆိုသော် သံတဲတွင် ကျန်ရှိသည့် အခြားအရာရှိများနှင့် ဗြိတိသျှလက်အောက်ခံများ၏ ချမ်းသာရေးကို ထောက်ထားခြင်းကြောင့်တည်း။ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)နှင့် တီးတိုး ပြောဆိုရန် အခွင့်ရရှိခဲ့ပါမူ ဆက်ဆံမှု အခြေအနေကို အိန္ဒိယအစိုးရမင်းတို့သည် မကျေမနပ် ဖြစ်နေကြောင်းကို အမြွက်မျှ စွန့်၍ ပြောရာ၏။ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)ကမူ တစ်ဆင့် ၎င်း၏အဖော်များကို ရွေးချယ်၍ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သောသူများကို ပြောလိုက ပြောတန်ရာ၏။ သို့သော်လည်း နိုင်ငံခြားဝန်ကြီး (ကင်းဝန်)နှင့် တွေ့ဆုံရန် အခွင့်မရခဲ့။ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)၏ အခြေအနေမှာလည်း ယခုအခါ စိတ်ချဖွယ်မရှိ။

ရွှေနန်းတော် ဂိုဏ်းဝင်တစ်ဦးဦး ရှေ့ဝယ်ဖြစ်စေ၊ ထိုဂိုဏ်းသို့ စကားရောက်စေရမည့် သူတစ်ဦးဦး ရှေ့မှောက်၌ဖြစ်စေ၊ ၎င်းတို့ မနှစ်မြို့ဖွယ်ဖြစ်သောစကားကို ပြောဆိုခဲ့မိသည်ရှိမူ **ယမ်းတိုက်တွင် မီးညှိ၍ တဖြည်းဖြည်း တောက်လောင်မည့် မီးခြစ်ဆံကို ထားခဲ့သည်နှင့်တူပေလိမ့်မည်။ နိုင်ငံခြားဝန်ကြီးကင်းဝန်နှင့် အနည်းငယ်မျှသော ၎င်းတို့၏ ဂိုဏ်းသားတို့၏ ဩဇာမှာ လျင်မြန်စွာ ဆုတ်ယုတ်လျက်ရှိ၏။ နိုင်ငံရေးရာနှင့် ပတ်သက်သော တန်ခိုးသည် လူစိတ်ကွယ်၍ သားရိုင်း၏ စိတ်ဝင်ကာ နေသော ဆင်ခြင်တုံတရားအနိုင်နိုင်ရှိသော လူတိရစ္ဆာန်များဖြစ်ကြကုန်သော ရွှေနန်းတော်ဂိုဏ်းသားတို့၏ လက်တွင်းသို့ တဖြည်းဖြည်း ကုန်စင်အောင် ရောက်လျက်ရှိ၏။ နိုင်ငံခြားဝန်ကြီး ကင်းဝန်တန်ခိုးကင်းမဲ့၍ ရာထူးမှ လျှော့ကျသည်ရှိသော် မည်ကဲ့သို့အခြေသို့ ဆိုက်ရောက်မည်ကို ခန့်မှန်းခြင်းသည် အစောင့်အထိန်းများနှင့်တကွ နှောင်အိမ်သံချိုင့်များ၏ သံချောင်းများကို ရုတ်တရက် ရုပ်သိမ်းချိုးဖဲ့ပစ်ပါမူ ရိုင်းစိုင်းသော တောတိရစ္ဆာန်များ မည်ကဲ့သို့ပြုလုပ်ကြလိမ့်မည်ကို ခန့်မှန်းသကဲ့သို့ပင် လွယ်ကူ၏။ သူတို့သည် အချင်းချင်း တိုက်ခိုက်ကြမည်ဟူလည်း တိုက်ခိုက်ရာ၏။ အခြားအမဲများကို ရွေးချယ်မည်ဟုလည်း ရွေးချယ်ရာ၏။** အင်္ဂလိပ် သံတဲတွင် နေထိုင်လျက်ရှိကြကုန်သောသူတို့မှာ စိုးရိမ်ဖွယ်များလှသည်ကို သံသယရှိရန်မလို၊ ၎င်းတို့၏အခြေမှာ လ အတန်ကြာမှစ၍ ယခုအခါ၌ပင်လျှင် ဘေးအန္တရာယ်အတော်အတန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် မည်သည့်အခါတွင် နိုင်ငံရေးအရေးတကြီးဖြစ်ပေါ်မည်ကို မသိနိုင်၊ မစ္စတာရှော မသေမီလည်း ကြိမ်ဖန်များစွာ ကျွန်ုပ် မန္တလေးမြို့သို့ရောက်ပြီးသည့်နောက်လည်း တစ်ကြိမ် အသေအချာ သံတဲကို သုတ်သင်ရန် စီမံခဲ့ပေပြီ။ ကျွန်ုပ်ရှိနေစဉ်အခိုက် သံတဲကို **တိုက်ခိုက်ရန် ကြံစည်ကြောင်း၊ အကိုးအကားမှာ နန်းတွင်းမှ မင်းသမီးတစ်ပါးဖြစ်၏။ အခြားသေးငယ်သော ကိစ္စများတွင် ၎င်းမင်းသမီးပေး**သော သတင်းများမှာ မှန်သည်ချည့်သာ ဖြစ်ခြင်းကြောင့်၊ **နန်းတော်**တွင်း၌ မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို သိရှိနိုင်သော အခြေအနေရှိ၏။



သွေးထွက်သံယို ရည်ရွယ်ချက်တို့ကို မပြုမလုပ်ရသေးသည်မှာ မြန်မာများတို့၏ လေးကန်ခြင်းကြောင့်လည်း ဖြစ်တန်ရာသည်။ ရေးကြီးခွင့်ကျယ်ကိစ္စများဆောင်ရွက်ရန်ရှိလျှင် ရွှေ့ဆိုင်းတတ်သော (အမြစ်တွယ်လျက်ရှိသော) ဝသီကြောင့်သော်လည်း ဖြစ်တန်ရာသည်။ ထိုပြင် ထိုကဲ့သို့ပြုလုပ်ပါသော် မြန်မာမင်းတို့၏ နန်းဆက်ရပ်စဲလိမ့်မည်ဟု အသိအမြင်ရှိသော စည်းကမ်းကိုနှစ်သက်သော ဂိုဏ်းသားအနည်းငယ်တို့၏ ကန့်ကွက်ခြင်းကြောင့်လည်း ဖြစ်တန်ရာသည်။ အပြင်းအထန်ပြုလုပ်ခြင်းတို့ကို အခွင့်သာသည်တိုင်အောင် ရွှေ့ဆိုင်းရန်၊ ၎င်းဂိုဏ်းသားတို့က ပြောဆို၍ ယခုတိုင်ရသေး၏။ ၎င်းတို့၏ ရည်ရွယ်ချက်ကို အောင်မြင်စေရန် နိုင်ငံခြားသားများကို နိုင်ငံတွင်းမှ တဖြည်းဖြည်း ထွက်သွားခြင်းအားဖြင့် အောင်မြင်နိုင်ကြောင်း၊ ဤကိစ္စကို အထမြောက်စေရန် ဝန်ခံကြောင်းများကို ပြော၏။ ဤကဲ့သို့ ချုပ်ထိန်းထားသော လူတစ်စု မရှိခဲ့ပါမူ သံတဲကို ဝိုင်းရံလျက်ရှိသော ဘေးအန္တရာယ်မှာများစွာ တိုးပွားလိမ့်မည်ဖြစ်ကြောင်း။

မစ္စတာရှောသို့ ပေးထားသောအမိန့်မှာ မိမိ၏ချမ်းသာမှုကို ဘေးအန္တရာယ်ရောက်ရှိမည်ကို မြင်လျှင် ထွက်ခွာနိုင်ကြောင်း၊ ၎င်းအမိန့်များကို လိုက်နာရန်အတွက် မစ္စတာစိန်ဘာဘီသို့လည်း ထပ်မံပေး၏။ မစ္စတာရှောနှင့်ချစ်ကျွမ်းတဝင်ရှိသော မိတ်ဆွေများ ပြောကြား၍ သိရသည်မှာ ထွက်ခွာရန်အချိန်ကို ရွေးချယ်ခွင့်၊ မစ္စတာရှောသို့ တာဝန်လွှဲထားခြင်းအားဖြင့် အရေးကြီးသောကိစ္စများ ဖြစ်ပေါ်ရာ၏။ ဖေဖော်ဝါရီလအတွင်း ပေါ်ပေါက်သော သတ်ဖြတ်မှုများဖြစ်ပြီးသည့်နောက် သံတဲတွင်နေထိုင်ကြကုန်သောသူတို့မှာ မိမိတို့၏ချမ်းသာရေးအတွက် စိတ်ချရပြီဟု ထင်ရသောရက်သတ္တပတ်မှာ နည်းလှ၏။ မိမိတို့သည် ဘေးဒုက္ခနှင့်တွေ့ရတော့မည်ဟု ယုံကြည်လောက်သောအကြောင်းသည် မကြာခဏပေါ်ပေါက်တတ်၏။ သံတဲကို ရုပ်သိမ်းလောက်အောင် အရေးကြီးသော စီမံမှုကို မပြုမလုပ်မီ သံအမတ်သည် အလျင်စလို ထွက်ခွာသည်ဟု နောင်စွပ်စွဲခြင်း မခံရစေရန် ဘေးအန္တရာယ် အကယ်ပင်ကြီးကြောင်း လုံလောက်သော သက်သေကို လက်ဝယ်ရှိရပေမည်။ သို့ရာတွင် သံအမတ်နေထိုင်ရသောအခြေမှာ ဤကဲ့သို့ သာဓကများ ရနိုင်ဖို့မတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



အခါရာသီနှင့် ပေါ်ပေါက်တတ်သော ထိတ်လန့်ဖွယ်အကြောင်း နှစ်ရပ်မှာ ယခုကြီးစိုးလျက်ရှိသော (အမနုဿ) များ၏ အကျင့်စာရိတ္တနှင့်သံအဖွဲ့ကို အကျိုးယုတ်ကြစည်ကြောင်းကို ကျွန်ုပ်တို့၏ အကျိုးကိုလိုလားသော မန္တလေးမြို့ရှိ မိတ်ဆွေများထံမှ ရရှိသော သတင်းများဖြစ်၏။ ယခုကြီးစိုးလျက်ရှိသောသူများ၏ စာရိတ္တကို အိန္ဒိယပြည်အစိုးရသိပြီးဖြစ်၏။ သံအမတ်လည်း သိပြီးဖြစ်၏။ ဤအကြောင်းသည် သံအမတ်၏ ချမ်းသာရေးအတွက် စိုးရိမ်ရန်လုံလောက်သောအကြောင်းဖြစ်သည်ဟု အထင်မရှိပါမူ သံအမတ်လည်း စိုးရိမ်ရန် အကြောင်းလုံလောက်သည်ဟု အထင်ရှိရန် မသင့်လျော်ပေ။ ရရှိသောသတင်းများ သတိပေးချက်များနှင့် ပတ်သက်၍ကား သံအမတ်မှာ အခင်းဖြစ်ပွားသည့်ဌာနတွင် နေထိုင်သူဖြစ်ခြင်းကြောင့် ထိုသတင်းများကို ယုံကြည်ရန် အကြောင်းရှိသည်ဟု ထင်မြင်တန်သော်လည်း အပြင်အပ၌နေသော အခြားလူများကမူ ခိုင်မာခြင်းမရှိ၊ လျော့ရဲသောအကြောင်းမျှသာဖြစ်၍ ထင်မြင်ချက်မပေါ်ပေါက်နိုင်ဟု ယူဆပေလိမ့်မည်။ သတင်းပေးသူများကိုလည်း ၎င်းတို့၏ချမ်းသာရေးအတွက် လျှို့ဝှက်၍ထားရလိမ့်မည်။ သံအမတ်သည် မိမိတို့ရောက်ရှိမည့်ဘေးအန္တရာယ်သည် မှန်ကန်ကြောင်း မည်မျှပင် မိမိ၏စိတ်အတွင်း၌ယုံကြည်သော်လည်း လုံလောက်သော သက်သေခံမရှိခြင်းကြောင့် မည်သည့်အန္တရာယ်ကိုပင် တွေ့စေကာမူ မိမိ၏နေရာ၌ပင်လျှင် တွယ်ကပ်၍ နေရပေမည်။ ဤစနစ်ကို လိုက်ခြင်းအားဖြင့် မည်သည့်ဒုက္ခမျိုးမှ မတွေ့ရသေးပေ။ သို့သော်လည်း ဤစနစ်ကို လိုက်ခြင်းအားဖြင့် ဒုက္ခအကြီးအကျယ် မတွေ့ပေဘူးဟူ၍ စိတ်ချဖွယ်မရှိပေ။ အမှန်ကိုပြောရမည်ဆိုသော်၊ ဤစနစ်ကို ရှည်ကြာစွာလိုက်သည်ရှိသော် အနေးနှင့်အမြန်။ ဤကဲ့သို့သော ဒုက္ခမျိုးတွေ့ရမည်ကား မချွတ်တည်း။

ဤအချက်နှင့်ပတ်သက်၍ ပိုမို ဂနသေချာသော အမိန့်မျိုးကို မစ္စတာစိန်ဘာဘီသို့ပေးရန် သင့်လျော်ကြောင်း အကြံပေးလိုပါသည်။ (ဥပမာ) ဆိုသည်ရှိသော် ယခုနိုင်ငံခြားဝန်ကြီး (ကင်းဝန်)သည် တန်ခိုးယုတ်လျော့၍ မှူးမတ်အပြောင်းအလွှဲရှိပါမူ၊ မစ္စတာစိန်ဘာဘီသည် သံအဖွဲ့ကို ရုပ်သိမ်းရမည်ဟု အမိန့်အတိအလင်းပေးရာသည်။ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)၏ ဂိုဏ်းမှာ တန်ခိုးနိမ့်လျက်ရှိမူ (နိမ့်လည်းနိမ့်သည်ဟု ထင်ရ၏) ဥရောပတိုက်



သား ကိုယ်စားလှယ်ထားခြင်းအားဖြင့် အိန္ဒိယပြည်အစိုးရသည် ၎င်းကိုယ်စားလှယ်၏ ချမ်းသာမှုကို အန္တရာယ်ဖြစ်စေ၏။ သီပေါဘုရင်နှင့် ၎င်း၏ရွေးချယ်ထားအပ်သော အမတ်တို့မှာ ရုတ်တရက် မစုံစမ်း မဆင်ခြင်ဘဲ ဒေါသမွှန်ကပြုမိရာသည်။

ယခုလက်ရှိအုပ်စိုးရေးသည် တည်ရှိသမျှ ကာလပတ်လုံး နိုင်ငံရေးအခြေမှာ ပိုမိုကောင်းမွန်ရန် မျှော်လင့်ဖွယ် စိုးစဉ်းမျှမရှိပေ။ မြန်မာအစိုးရ၏နိုင်ငံခြားသားများသို့ ဆန့်ကျင်သည်စနစ်မှာ မိုက်မဲဆိုးညစ်သောသူတစ်သင်း ဝန်းရံလျက်ရှိသော ငယ်ရွယ်မိုက်မဲဆိုးညစ်သောဘုရင် အထွဋ်အထိပ်မရောက်မီကစ၍ ကျွန်ုပ်တို့သည် အလွန်အမင်းသည်းခံခြင်းအကြောင်းကြောင့် ဖြစ်ပေါ်လာရသောအကျိုးသာလျှင် ဖြစ်၏။

အကယ်၍ မြန်မာများအား (မင်းတို့မိုက်လှသည်) (မင်းတို့ထိုက်နှင့်မင်းတို့ကံ) ဟူ၍ စမ်းသပ်သည့်သဘော ပစ်ထားသဖြင့် နောက်ထပ်မံသူပုန်ထကြွခြင်း မဖြစ်ခဲ့သော် အကယ်၍ ယခုကဲ့သို့ ကြောက်မက်ဖွယ်အုပ်စိုးမှုသည် ဆက်လက်ရှည်ကြာစွာ တည်ပါမူ ဗြိတိသျှပိုင်မြန်မာပြည်နှင့်ပတ်သက်၍ အကျိုးကား ယခု ဖွံ့ဖြိုးလျက်ရှိသော ကူးသန်းရောင်းဝယ်ရေးသည် တဖြည်းဖြည်း ဆုတ်ယုတ်မည်။ ဆုတ်ယုတ်သဖြင့် အခွန်တော် ဆုံးရှုံးမည်။ ယခုပိုမို ကုန်ကျနေသော စစ်စရိတ်ကို ဆက်လက်၍ မကုန်မနေရကုန်ကျရမည်။ နောက်ဆုံး၌ကား ယခုလိုက်နာလျှင် အကုန်အကျနည်းမည့်စနစ်ကို မလိုက်နာဘဲ မနေနိုင်ဖြစ်ပေလိမ့်မည်။

ဩဂုတ်လ ၁၂ရက်နေ့စွဲနှင့် ပေးစာတွင် မန္တလေးမြို့သို့ တစ်စုံတစ်ရာတောင်းဆိုခြင်းမပြုဘဲ ကရင်နီနယ်ကိစ္စကို ပြီးပြတ်အောင် စီမံရမည်ဟူသောမှတ်ချက်နှင့် ပတ်သက်၍ ကျွန်ုပ်အထင်ရှိသည်မှာ ဤကိစ္စကို ဆက်လက်ဆင်ခြင်သည်ရှိသော် ကရင်နီနယ် သွားရန်လမ်းမှာ မန္တလေးမြို့ကို ဖြတ်သန်းသွားခြင်းသည် အတိုဆုံးသောလမ်းဖြစ်ကြောင်းကို သိပေလိမ့်မည်။ ရန်ကုန်မြို့ရှိ လူတစ်ယောက်သည် ကရင်နီနယ်သို့သွားလိုမူ ကျွန်ုပ်တို့ပိုင်နယ်အတွင်းရှိလမ်းဖြင့် မန္တလေးသို့သွား၍ ကရင်နီနယ်အရှေ့ပိုင်းသို့ သွားရောက်နိုင်၏။ မန္တလေးမြို့သို့ လူအမြောက်အမြား ချီတက်ခြင်းသည် ကရင်နီနယ်သို့ လူအနည်းငယ် ချီတက်ခြင်းထက် စရိတ်ကုန်လည်းနည်း၏။ လူလည်း

www.burmeseclassic.com

www.burmeseclassic.com



မပင်ပန်း၊ ကျွန်ုပ်သည် မန္တလေးမြို့မှ ထွက်ခွာစဉ် ညောင်ရမ်းမင်းသား အဖို့တော်လှန်တိုက်ခိုက်ရန် လုပ်ကြံကြောင်း သတင်းသည်ပျံ့နှံ့၏။ ၎င်းသတင်းမှာ ခိုင်မာသော အခြေခံရှိမရှိ သို့မဟုတ် မိမိတို့၏ လိပ်ပြာ ချောက်ချားခြင်းကြောင့် ဖြစ်ရလေသည်ကို ကျွန်ုပ်မပြောနိုင်။ သို့သော်လည်း ပြည်သူအများအထင်ရှိနေသည်မှာ မိမိတို့မလိုလားသောသူများကို ညှဉ်းဆဲသတ်ဖြတ်ရန်အခွင့်ရစေရန် ရည်ရွယ်၍ တီထွင်လိုက်သော သတင်းမျှသာဖြစ်ကြောင်း၊ **ကျွန်ုပ်သည် ရွှေနန်းတော်တွင်းရှိ မင်းသမီးတစ်ပါးထံမှ စာတစ်စောင်ရရှိသည်မှာ ညောင်ရမ်းမင်းသားထံမှ သတင်းရရှိကြောင်း၊ ညောင်ရမ်းမင်းသား မန္တလေးသို့ မကြာမီရောက်မည်ဖြစ်၍ မျှော်၍နေကြမည်ဖြစ်ကြောင်း၊ ညောင်ရမ်းမင်းသားသည် ကာလကတ္တားမြို့မှ တိတ်တဆိတ်ဖြစ်စေ၊ တိတ်တဆိတ် မဟုတ်ဘဲဖြစ်စေ၊ အကယ်ပင် ထွက်ခွာရန်ရည်ရွယ်သည်ကို ကျွန်ုပ်မသိပါ။ သို့သော်လည်း ကျွန်ုပ်အား အကြံပေးခွင့်ပြုစေလိုသည်မှာ မန္တလေးမြို့ရှိ သံအဖွဲ့ကိုကုန်စင်အောင် မရုပ်သိမ်းမီ ဤရည်ရွယ်ချက်အတိုင်း ပြုတော်မမူရန် အခွင့်ပြုထိုက်ကြောင်း။** ညောင်ရမ်းမင်းသားသည် ဗြိတိသျှပိုင် အောက်မြန်မာပြည်သို့ ရောက်လျှင်ပင် သီပေါဘုရင်သည် ဗြိတိသျှသံအဖွဲ့ကို သုတ်သင်ရန် အမိန့်တော်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

တော်လှန်လုပ်ကြံမှုဆိုသော အမှုများနှင့်ပတ်သက်၍ လူအမြောက်အမြား အဖမ်းခံကြရကုန်ပြီ။ အဖမ်းခံရသော လူများအနက် မိန်းမများပါဝင်လေသည်။ ကျွန်ုပ်သည် ထွက်ခွာဆဲတွင် ယုံလောက်သောသတင်းရရှိသည်မှာ အချို့သော မိန်းမများကို အရင်တစ်ရက်က သတ်ပြီးပေပြီ။ မိန်းမ ၄၀ မျှ ဖမ်းဆီးထားသည်။ သူတို့အားလုံးကို သတ်လိမ့်မည်ဟု မျှော်လင့်ကြကြောင်း၊ မုဆိုးဘို မြို့ဝန်ကို ဖမ်းဆီးရန် အမိန့်တော်သည် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်တန်ရာသည်။ အဘယ်ကြောင့်ဆိုသော် ကြားသမျှသောသတင်းအရ ၎င်းသည် ခုခံရန်သတ္တိရှိသောသူတစ်ယောက်ဖြစ်၏။ စစ်သည်တော်သားများသည် လစာရိက္ခာတော် မရရှိခြင်းကြောင့် မကျေမနပ်ဖြစ်နေကြောင်း သတင်းဖြစ်နေသည်။ ယင်းကဲ့သို့ မကျေမနပ်ဖြစ်နေခြင်းကို ရိုးမယ်ဖွဲ့ကာ ရွှေနန်းတော်ဂိုဏ်းသားတို့သည် နိုင်ငံခြားဝန်ကြီး (ကင်းဝန်)ကို ရာထူးမှ ချရန် ကြံစည်ကြလိမ့်မည်။



နန်းတော်တွင်း၌ အချုပ်ခံနေကြရသော မိန်းမများ၏အခြေမှာ ပြောင်းလဲခြင်းမရှိသေး။ **ညောင်ရမ်းမင်းသား၏ မယ်တော်မှာ ခြေတစ်ဖက်လျှင် လေးလံသော ခြေချင်းကြီး သုံးဆင့်ခတ်လျက်ရှိ၏။ သို့သော်လည်း အသက်တော်ရှင်လျက်ပင် ရှိသေး၏။** အခြားသူအများမှာလည်း မိဖုရားကြီးနှင့်အတူ အချုပ်ခံနေကြရ၏။ သို့သော်လည်း အခြားသူများမှာ နန်းတော်အတွင်း အတန်ငယ်သော လွတ်လပ်ခွင့်ရှိကြသေး၏။ ဤသနားစဖွယ်ကောင်းသော မိန်းမများမှာ အဖန်တလဲလဲ မျှော်လင့်ချက် မပြည့်သဖြင့် စိတ်ပျက်ကြသော်လည်း ယခုတိုင်ပင် ဗြိတိသျှအစိုးရသည် ၎င်းတို့အား **ကယ်ဆယ်၊ လက်စားချေမည့် သမာဒေဝနတ်အသွင်ဖန်တီး၍ လာလိမ့်မည်ဟု မျှော်ခေါ်တောင့်တလျက်ပင် ရှိနေကြ၏။ ၎င်းတို့သည် ကျွန်ုပ်ထံ မပြတ်စာရေး၍ နန်းတော်တွင်း အဖြစ်အပျက် သတင်းများကို ပေးကြ၏။**

သံတဲအသစ်ဆောက်လုပ်ရန် မြေရာနှင့် ပတ်သက်၍ အစီရင်ခံစာပို့ပြီးပြီ ဖြစ်ပါကြောင်း၊ အပြင်မြို့ရိုးနှင့် နီးကပ်လွန်းသည်ဟူ၍ မှူးမတ်များက ငြင်းဆန်ခဲ့သော် အံ့သြဖွယ်မဟုတ်ပေ။ သို့သော်လည်း ၎င်းတို့မှလက ရွေးချယ်သောနေရာထက်ပို၍ မနီးကပ်ပေ။ နိုင်ငံရေးဆက်ဆံမှု အခြေအနေသည် ပိုမိုကောင်းမွန်၍ ကျေနပ်ဖွယ် အခြေအနေမတိုင်မရောက်မီ သံတဲအသစ်ဆောက်လုပ်ရေးနှင့် ငွေအကုန်အကျခံလိမ့်မည် မဟုတ်သေးဟု ကျွန်ုပ်ယူဆနင့်ပါသည်။ သို့သော်လည်း မြေရာကိုပေးသည်ရှိသော် ဝင်းခတ်ထား၍ သစ်ပင်များစိုက်ထားလျှင် သင့်လျော်ပေလိမ့်မည်။

နိုင်ငံခြားဝန်ထောက် (မြို့သာဝန်ထောက်)နှင့် အာလာပ သလ္လာပ ပြောဆိုကြရာဝယ် ဝန်ထောက်မင်းက ပြောဆိုသည်မှာ သံတဲကို ဝင်းကာရံခွင့် မပြုလုပ်နိုင်ကြောင်း၊ သံတဲအသစ်ကို ယခုသံတဲကဲ့သို့ပင် အကွယ်အကာမရှိထားရန် ရည်ရွယ်ကြသည်။ ခိုင်ခံ့သော အကာအရံထားရှိနိုင်ခွင့်ကို အရတောင်းဆိုရမည်ဟု ကျွန်ုပ်အထင်ရှိပါကြောင်း။

(ပုံ) အိပ်ချ်အေဘာရောင်း

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၃)တွင် အကျွမ်းဝင်စာ (ဃ)
၁၈၇၉ခု၊ စက်တင်ဘာလ ၁၉ရက်နေ့ရိုက် ကြေးနန်း

ဆင်မလားမြို့ နိုင်ငံခြားရေး အတွင်းဝန်ထံမှ ရန်ကုန်မြို့ ကော်မရှင်နာမင်းကြီးထံသို့ စက်တင်ဘာလ ၅ရက်နေ့စွဲနှင့် နိုင်ငံခြားအတွင်းဝန်သို့ (ကာနယ်ဘရောင်း) ပေးပို့သော စာကို ရရှိ၏။ မြန်မာမှူးမတ်များ ပြောင်းလဲမည့်အကြောင်း သတိပေး၏။ သို့ပြောင်းလဲလျှင် မန္တလေးမြို့ရှိ ဗြိတိသျှသံအဖွဲ့မှာ ဘေးအန္တရာယ်များကြောင်း၊ ဘေးအန္တရာယ်နှင့် ပတ်သက်မည့်ကိစ္စကို သံအမတ်ရှိရာသို့ လွှဲအပ်ထားခြင်းသည် အနေးနှင့်အမြန် ဒုက္ခအကြီးအကျယ် ကြုံတွေ့မည့် အကြောင်းကိုလည်း ရေး၏။

ဤအကြောင်းများနှင့် ထင်မြင်ချက်များကို ထောက်ထားသဖြင့် သံအဖွဲ့ကို ရုပ်သိမ်းရန် အမြန်ဆုံးစီစဉ်ပြီးလျှင် သံအမတ်များ စာရေးစာချီများနှင့်တကွ အစောင့်အကြပ်များကိုပါ ရုပ်သိမ်းစေရမည်ဟု အိန္ဒိယအစိုးရသည် ဆုံးဖြတ်ပြီးပြီ။ ကော်မရှင်နာမင်းကြီးသည် စိန်ဘာဘီသို့ အကြောင်းကြားပါ။ ရုပ်သိမ်းရန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ မှူးမတ်များသို့ ကြေညာရန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ အခြေအနေကို ထောက်ချင့်ကာ အချိန်အခါနှင့် နည်းစနစ်ကို စိန်ဘာဘီနှင့်တိုင်ပင်ပါလေ။ ဤစိစစ်ခြင်းကိစ္စနှင့် ပတ်သက်၍ ကော်မရှင်နာမင်းကြီး အမြော်အမြင်အတိုင်း စီရင်ပိုင်ခွင့်ပြုလိုက်သည်။ သို့သော်လည်း စိန်ဘာဘီနှင့်တကွ သံအဖွဲ့ဝင်အားလုံးတို့ ချမ်းသာစွာ အမြန်ဆုံးရုပ်သိမ်းနိုင်ရန် အချိန်မဖြုန်းဘဲ အပတ်တကုတ်အားထုတ်ပါလေ။ ဤကြေးနန်းသတင်း ရရှိကြောင်းဝန်ခံပါ။

* * *



စာမှတ် (၂၄)
အိန္ဒိယပြည်အစိုးရ နိုင်ငံခြားရေးဌာန
ကေရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး
အတွင်းဝန်ကြီး လော့ခရိုင်းဘရွတ်သို့ပေး၊
ဆင်မလားမြို့၊
၁၈၇၉ခု၊ အောက်တိုဘာလ ၂ ရက်နေ့ရေး

၁၈၇၉ခု၊ စက်တင်ဘာလ ၁၅ ရက်နေ့စွဲနှင့် ကျွန်ုပ်တို့၏ အစီရင်ခံစာနှင့်ဆက်၍ အောက်တွင် ဖော်ပြထားသော နေ့စဉ်မှတ်တမ်းကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိတော်မူရန် ဆက်သလိုက်ပါကြောင်း။

(ပုံ) လစ်တန်
အက်စီပီဟိန်း
အေဂျေ အာရာဘတ်နော့
အေ ကလပ်
ဂျွန် စတြေချီ
အီးဘီဂျွန်ဆင်
ဒဘလျူစတုတ်
အေအာရ်သော်မဆင်

* * *

စာမှတ် (၂၄)တွင် အကျွမ်းဝင်စာ
၁၈၇၉ခု၊ မန္တလေးမြို့နေ့စဉ် လျှို့ဝှက်သော မှတ်တမ်း

၁၈၇၉ခု၊ စက်တင်ဘာလ ၅ရက်နေ့ လဆန်း ၁ရက်နေ့က သဘော်နှင့် ထွက်ပြေးသော ပုဏ္ဏားဝန်ကို အစိုးရမင်းတို့သည် ယခုတိုင်ရှာလျက်ပင်ရှိနေသေးကြောင်းကြားသိရသည်။ ကျွန်ုပ်တို့နယ်အတွင်းသို့ ခိုကိုးရန်ထွက်ပြေးသောသူများအနက် အရေးကြီးသောအရာရှိများတွင် သူသည် ပထမဦးဆုံးသော အရာရှိဖြစ်၏။ သူ့ဒ္ဓမုချအရေးကြီးသော သတင်းများပါရှိလေမည်။ သူလွတ်မြောက်သည်မှာ ကံကောင်းလှ၏။ ၎င်းသည် အိမ်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ်ကြည့်ရှုနေစဉ် အလုပ်ဝတ္တရားပေါ့လျော့ခြင်းကြောင့် ညောင်ရမ်းမင်းသား လွတ်မြောက်တော်မူစေသဖြင့် မိမိ၏ရာထူးဆုံးရှုံးသည်မှာ လအတန်ပင်ရှိပေပြီ။ နတ်ရွာစံမင်းတရားကြီး၏ နန်းမတော်မိဖုရားကြီးတွင် အမြတ်နိုးဆုံးသော အပျိုတော်ဖြစ်ခဲ့ဖူးသော (မအောင်) သည် ၎င်းပုဏ္ဏားဝန်၏ နှမဖြစ်၏။ ၎င်း (မအောင်)ကို ချုပ်ထားသည်မှာလည်း ရက်သတ္တပတ်အတန်ကြာပေပြီ၊ ယင်းကဲ့သို့ အချုပ်ခံရခြင်းအကြောင်းမှာ မင်းတရားကြီး၏ လက်ထက်တော်ကြီးတွင် နန်းမတော်ဘုရား၏ သမီးတော်အကြီးဆုံးဖြစ်သည့် ယခုအခါတွင် မိဖုရားအမည်ကိုသာလျှင် ခံရသော သမီးတော်က ညောင်ရမ်းမင်းသားသို့ဆက်သသော လက်ဆောင်တော်များကို ၎င်းမအောင်သည် ယူဆောင် ဆက်သခြင်းကြောင့်ဖြစ်၏။

(လျော်သည် မလျော်သည်ဟူ၍) ဆင်ခြင်တုံတရားကင်းမဲ့သော လူကြမ်းအချို့တို့က ၂၃ ရက်နေ့က ၎င်းမိန်းမငယ်သည် တိမ်းရှောင်နေသော (ညောင်ရမ်း)မင်းသား၏ ဓာတ်ပုံကို ၎င်းမင်းသမီးသို့ ဆက်သည်ဟု စွပ်စွဲကြ၏။ ၎င်းမိန်းမငယ်နှင့် ၎င်း၏မောင်ကိုလည်း သတ်စေရန် ဘုရင်မင်းမြတ်က အမိန့်တော်ချမှတ်လေသည်။ အာဏာသားတို့သည် ထောင်သို့ သွားကြရာ ၎င်းမိန်းကလေးအား သူ၏မိခင်သည် ပြုစုနေသည်ကိုတွေ့ရ၏။ သူ၏မိခင်မှာနေ့စဉ် ထမင်းပို့ခွင့်ရ၏။ အာဏာသားတို့လာရသည့်အကြောင်းကို ကြားလျှင် အမယ်အိုသည် အော်ဟစ်၍ ထောင်အပြင်သို့ ထုတ်၏။ အမယ်အိုသည် အပြင်သို့ရောက်လျှင် ပြေး၍ မိမိ၏သားအား သတိပေးလေသည်။ မိန်းကလေးကို မြန်မာများထုံးစံအတိုင်း သတ်ကြ၏။ ၎င်း၏ လက်နှစ်ဖက်တို့ကို ဒူးအတွင်း၌ ချည်နှောင်၏။ ၎င်း၏ လည်ပင်းကို ကြိုးနှစ်ချောင်းနှင့်ချည်၍ ၎င်းကြိုးကို တစ်ဖက်လျှင် အာဏာသားယောကျ်ားတစ်ယောက်ကျစီ ဆွဲငင်စေလျက် ဦးခေါင်းကို နောက်သို့ရောက်စေ၏။ ဤသို့ ပက်လက်မော့လျက်နေစဉ် အခြား သူသတ်ပါးကွက် ယောကျ်ားတစ်ယောက်သည် လေးလံသော ဝါးတုတ်ကြီးဖြင့် လည်မျိုကိုရိုက်၏။ မိန်းကလေးမှာ အသက်လည်းနုပျို လူကလည်း သန်မာသောကြောင့် ၇ချက်တိုင်တိုင် အရိုက်ခံပြီးမှ သေခြင်းသို့ ရောက်ရှာသည်ဟုသတတ်။

နတ်ရွာစံ မင်းတရားကြီး၏ နန်းမတော်ဖုရားက တောင်းပန်ပါသော်လည်း မရ၊ မိန်းကလေး၏ကြမ္မာကို ကြားတော်မူသည့်အခါ များစွာငိုကြွေး



တော်မူသည်။ အာဏာသားတို့သည် ပုဏ္ဏားဝန်၏အိမ်သို့ သွားရောက်သောအခါ ပုဏ္ဏားဝန်မှာ ထွက်ပြေးနှင့်ပြီးကို တွေ့ကြရ၏။ သို့ဖြစ်၍ ၎င်းအာဏာသားတို့မှာ ပုဏ္ဏားဝန်၏အိမ်ရှိပစ္စည်းများကို ယူငင်ခြင်းအားဖြင့် သာလျှင် ရောင့်ရဲကြရတော့၏။

* * *

စာမှတ် (၂၅)

အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန

ကေရီဘုရင်မကြီး၏ အိန္ဒိယပြည်

အတွင်းဝန်ကြီး လော့ခရိုင်းဘရွတ်သို့ (ကောက်နုတ်ချက်)

ဆင်မလားမြို့၊ ၁၈၇၉ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့ရေး

(၁) မန္တလေးမြို့သံတဲမှ ဗြိတိသျှအရာရှိများနှင့်တကွ အစောင့်အကြပ်တို့ပါ ရုပ်သိမ်းသည့် ကိစ္စနှင့် ပတ်သက်၍ ပေးစာ မိတ္တူများကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများသိရှိတော်မူရန် ဆက်သလိုက်ပါကြောင်း။

(၂) ကျွန်ုပ်တို့ ချမှတ်သည့် အမိန့်ကို မစ္စတာစိန်ဘာဘီသည် ချီးမွမ်းလောက်အောင် ချင့်ချိန်ခန့်မှန်း၍ ဣန္ဒြေမပျက် သတိတရားနှင့် လိုက်နာ၍ သံအဖွဲ့ကို ရုပ်သိမ်းခဲ့ပေသည်။ အခြေအနေမှာလည်း ထိုစဉ်အခါ၌ အနည်းငယ် ယွင်းချော်ခဲ့ပါမူ ၎င်းနှင့်တကွ ၎င်း၏အဖွဲ့သည်လည်း ဘေးအန္တရာယ်အခက်အခဲနှင့် ကြုံတွေ့ရပေမည်။

(ပုံ) လစ်တန်

အက်ဖ်ပီဟိန်း

အေရျေအာရ်ဘတ်နော့

အေ ကလပ်

ဇွန် စတြေချေချီ

အီဘီဇွန်ဆင်

ဒဗလျူစတုတ်

အေအာရ်သော်မဆင်

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၅)တွင် အကျမ်းဝင်စာ (က)
မန္တလေးသံတဲနေ နိုင်ငံရေးကိုယ်စားလှယ်
အိပ်ချ်အယ်လ် စိန်ဘာဘီထံမှ
ဗြိတိသျှပိုင် မြန်မာပြည်ကော်မရှင်နာမင်းကြီး
စီယူအိပ်ချ်ဆင် C.S.I.LL.D သို့
သရက်မြို့၊ ၁၈၇၉ခု၊ အောက်တိုဘာလ ၁၁ရက်နေ့ရေး

မန္တလေးမြို့ရှိ သံအမတ်အဖွဲ့ကို ရုပ်သိမ်းရေးနှင့် ပတ်သက်သော စီမံချက်များကို အစီရင်ခံပါကြောင်း။

ဤစီမံချက်နှင့်ပတ်သက်၍ ကော်မရှင်နာမင်းကြီး ရိုက်ကြားတော်မူလိုက်သော ကြေးနန်းကို စက်တင်ဘာလ ၂၅ ရက်နေ့ ညနေတွင် ရရှိပါကြောင်း။

ဗန်းမော်မြို့သို့ စာပို့သည်၊ လကုန်မည့်နေ့၌သာလျှင် စာများကို သယ်ယူ၏။ (ပန်းသေး)ခေါ် မီးသင်္ဘော၏ ကပ္ပတိန် မစ္စတာဆဗင်းအုပ် (Seven oaks) နှင့် တရုတ်ပြည်တွင် သာသနာပြု သင်းအုပ် မစ္စတာဆိုလတန် (Soltan) ကျွန်ုပ်ယုံကြည်စိတ်ချရသောသူ နှစ်ဦးတွင် အကြောင်းကြားလိုက်သည်မှာ ဗန်းမော်မြို့ရှိ ဥရောပတိုက်သား အားလုံးတို့အား ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ပြောကြား၍ ကျွန်ုပ်တို့နှင့် လိုက်လိုက လိုက်နိုင်ကြောင်း၊ အလုပ်သမားများကိုလည်း အလုပ်မှ ထွက်ခွင့်ပြုလိုကပြု၍ ရုပ်သိမ်းလိုက ရုပ်သိမ်းစေလိုကြောင်း၊ ကပ္ပတိန်ဆဗင်းအုပ်သည် အောက်တိုဘာလ ၅ရက်နေ့တွင်ရောက်၍ နောက်တစ်နေ့တွင် စာများ သယ်ယူ စုန်ဆင်းနိုင်အောင် ပြန်လာမည်ဟု ဝန်ခံ၏။ ကျွန်ုပ်လည်း ထိုသင်္ဘောနှင့်ပင်လျှင် လိုက်နိုင်ရန် စီမံ၏။ ဤစီမံချက်အကြောင်းကို ကော်မရှင်နာမင်းကြီးထံသို့ ကြေးနန်းရိုက်ကြား၍ အမြန်ဆုံး အစီရင်ခံ၏။ ၂ ရက်နေ့ အစီရင်ခံစာတွင် တိုင်ပင် ဆွေးနွေးပြီးလျှင် စီမံချက် အပြည့်အစုံကို စာအားဖြင့် အစီရင်ခံ၏။

(ပန်းသေး) သင်္ဘောသည် ၅ ရက်နေ့ ညနေစောင်းတွင် ဗန်းမော်မြို့မှ ပြန်လည် ဆိုက်ရောက်၏။ သာသနာပြုဆရာများတို့က ၎င်းတို့သည် ဆက်လက်နေမြဲနေရန် ပိုင်းဖြတ်ကြောင်း အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်က အနီးအနားရှိ မိတ်ဆွေများနေထိုင်ရာ ကချင်တောင်များသို့ ဆုတ်ခွာမည်



ဖြစ်ကြောင်း ပြောကြားကြ၏။ အဖွဲ့ဝင် အလုပ်သမားအချို့နှင့် ဗြိတိသျှလက်အောက်ခံ အမြောက်အမြားတို့မှာ သင်္ဘောပေါ်သို့ တက်ရောက်ကြ၏။ အစိုးရမှတ်တမ်းများနှင့် စက္ကူများကို ဆောင်ယူခဲ့၏။ လေးလံသော ပရိဘောဂများကို သယ်ယူရန် အချိန်မရချေ။ သင်္ဘောသည် နောက်တစ်နေ့နံနက် စုန်ဆင်းမည့် အကြောင်း ကြော်ငြာ၏။ သင်္ဘောရောက်လျှင် ရောက်ချင်း ဘာသာရေး ကထိက မစ္စတာကောလဘိုက် (Colbeck) အား ကျွန်ုပ်တို့ ထွက်ခွာမည့်အကြောင်း သိစေ၍ ၎င်းထွက်ခွာရန်အတွက်ကိုလည်း စီမံ၏။ (မစ္စတာကောလဘိုက် ထွက်ခွာရန်မှာ အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် သူ၏စိတ်စေတနာမှာ တိမ်းရှောင်နေတော်မူကြသော မင်းသားများ အပေါ်တွင် သက်ရောက်ကြောင်း၊ ကံအကြောင်းမလှကြကုန်သော မင်းသားများ၏ ဆွေတော်မျိုးတော်များအပေါ်၌ စာနာသောစိတ်ရောက်ရှိကြောင်းကို အများသိကြပြီးဖြစ်၏) ထိုပြင် မစ္စတာကောလဘိုက်၏ ဝင်းအတွင်းခိုကိုးနေကြသောသူများ ထွက်ခွာရန်အတွက်လည်း စီမံကြ၏။

ကျွန်ုပ်တို့ ထွက်ခွာရန် ကြံရွယ်ကြောင်းကို စာတိုက်ဗိုလ်ကိုလည်း အကြောင်းကြား၏။ ကျွန်ုပ်တို့ သင်္ဘောဆိပ်သို့ မရောက်မီ စာများ ထုတ်မပေးရန် သို့သော်လည်း အစိုးရမှတ်တမ်းများနှင့် အဖိုးတန်ပစ္စည်းများကို အိတ်များတွင်ထည့်၍ သင်္ဘောဆိပ်သို့ ပို့ရန် အမိန့်ပေး၏။ ထိုအတောအတွင်းတွင် (ပူးတွဲပေးပို့လိုက်သော မိတ္တူအတိုင်း) စာများရေးသား၍ စာပို့ပြာတာကို စေလွှတ်ပြီးလျှင် အရေးကြီးသော ဥရောပတိုက်သား ကုန်သည်ကြီးများနှင့် ဗြိတိသျှလက်အောက်ခံ တိုင်းရင်းသား ကုန်သည်ကြီးများသို့ နောက်တစ်နေ့နံနက် ၅ နာရီလောက်တွင် ပေးပို့၏။ နောက်တစ်နာရီမျှကြာသောအခါ နိုင်ငံခြားဝန်ကြီးကင်းဝန်ထံသို့ သိစေရန် စာရေး၍ ၆ နာရီ မိနစ် ၃၀အချိန်တွင် သင်္ဘောဆိပ်သို့ ထွက်ခွာလာကြ၏။ ကျွန်ုပ်တို့၏ လမ်းခရီးမှာ ဈေးကို ဖြတ်သန်းလာရသည်ဖြစ်၍ လူအများပင် အာရုံစိုက်ကာ ကြည့်ရှုကြ၏။ သို့သော်လည်း ကျွန်ုပ်တို့ ထွက်ခွာခြင်း အဓိပ္ပာယ်ကို နောက်မှသာလျှင် သိကြကုန်၏။ ကျွန်ုပ်တို့သည် သင်္ဘောသို့ ၇နာရီ မိနစ် ၃၀အချိန့်ရောက်ရှိ ၍ သင်္ဘောပေါ်သို့ ချက်ချင်း တက်ကြကုန်၏။

အချို့ဥရောပတိုက်သားတို့မှာရောက်နှင့်နေပြီး နောက် ၁နာရီအတွင်း လူအများပင် စုရုံးလျက်ရှိ၏။ သင်္ဘောကို နောက်တစ်နေ့နံနက်တိုင် ဆိုင်းငံ့

www.burmeseclassic.com

www.burmeseclassic.com



ထားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့နှင့် လိုက်လိုက လိုက်ကြစေနိုင်ရန် အချိန်အခွင့်ရှိသေးကြောင်းကို ကျွန်ုပ်ပြောရ၏။ ၎င်းတို့က သင်္ဘောသည် ဆက်လက်၍ အသွားအလာရှိဦးမည် မရှိမည်ကို သိလိုကြ၏။ ဤအချက်နှင့် ပတ်သက်၍ကား ကျွန်ုပ်သည်လည်း ၎င်းသူများကဲ့သို့ပင် တစ်စုံတစ်ရာမျှ မသိဘဲဖြစ်၏။ အမှန်ဆိုသည်ရှိသော် ကျွန်ုပ်တို့စုန်ဆင်းရာဝယ်၊ လမ်းတွင်တွေ့ဆုံသမျှသော သင်္ဘောမှာ လှည့်လည်၍ ကျွန်ုပ်တို့နှင့်အတူပင် လိုက်လာခဲ့ကြ၏။ နောက်ဆုံး၌ ပြင်သစ်နှင့်အီတာလျံလူမျိုးတို့သည် နေမြဲနေရန် ဆုံးဖြတ်ကြ၏။ အမေရိကန်နှင့် ဆသာလင် (Messrs. Sutherland) တို့မှတစ်ပါး ကျန်အခြား အင်္ဂလိပ်လူမျိုးတို့သည် ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့ကြကုန်၏။ ဆသာလင်တို့မှာမူ မန္တလေးမြို့အစိုးရနှင့် ကံထရိုက်အလုပ်တစ်ခု ရှိနေပေ၏။

နံနက် ၁၀နာရီအချိန်တွင် သံတဲကို မြန်မာအစောင့်အကြပ်တို့ကို ထား၍ ကျန်ရှိသော ပစ္စည်းများကို စောင့်ကြပ်လျက်ရှိကြောင်း သတင်းရ၏။ အစိုးရမှတ်တမ်းများ၊ တံဆိပ်တော်ခေါင်းများ၊အဖိုးတန်ပစ္စည်းများနှင့် ပိုလျှံနေသော ခဲယမ်းများကို ရက်အတန်ကြာက တင်ကြို၍ ရွှေ့ထားပြီးကြောင်းကိုလည်း အစီရင်ခံရပေမည်။ အချို့ခရီးသည်များကလည်း နိုင်ငံခြားသားများနေသော အရပ်တွင် လှည်းသမားများနှင့် ကူလီများ အလုပ်မလုပ်ကြတော့၍ မိမိတို့၏ အထုပ်အပိုးများကို သယ်ယူရန် မတတ်နိုင်ကြောင်းကို တိုင်တန်းကြ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဝန်ထောက်မင်းကို တိုင်တန်းသဖြင့် အတန်ကြာပြီးသည်နောက် အထုပ်အပိုးအားလုံးပင် သင်္ဘောဆိပ်သို့ ကောင်းမွန်စွာရောက်ရှိ၏။ လေးလံသော အိမ်ထောင်မှုများကိုမူ ချန်ထားခဲ့ကြရ၏။ ညဉ့်တွင် သင်္ဘောကို မြစ်လယ်တွင် သိပ်၏။ မြန်မာသင်္ဘောတစ်စင်းသည် ဝင်ရောက် တိုက်ခိုက်လုနီးပါးပြု၏။ ကျွန်ုပ်တို့သည် နောက်တစ်နေ့နံနက် ၉ နာရီတွင် ထွက်ခွာရန်စီမံ၏။ သို့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ၁၁ နာရီ တိုင်အောင် နှေးဖင့်ကာနေ၏။ (ပန်းသေး) ခေါ် သင်္ဘောရောက်ပြီးသည့် နောက် ၁ နာရီကြာမှ ရန်ကုန်မြို့မှ ဆိုက်ရောက်လာသော စာပို့သင်္ဘောသည်လည်း ကျွန်ုပ်တို့နှင့်အတူ စုန်ဆင်းခဲ့၏။ ကျွန်ုပ်တို့ထွက်ခွာသွားလာသည်ကို မြန်မာအရာရှိများ တစ်စုံတစ်ရာ ဂရုမပြု။ ထိုညဉ့်တွင် ကိစ္စတစ်စုံတစ်ရာ မပေါ်ပေါက်ဘဲ မြင်းခြံမြို့တွင် ကျောက်ဆူးချ၍ အိပ်၏။



ရွှေမြို့တော်နှင့် နယ်နိမိတ်အကြားရှိ ခရီးတွင် ဘုရင်မင်းမြတ် သင်္ဘော ၂စင်းနှင့် တွေ့၏။ သို့သော်လည်း ၁၈ ရက် သောကြာနေ့ မင်းလှမြို့သို့ ဆိုက်ရောက်သည်တိုင်အောင် အရေးကြီးသော ကိစ္စတစ်စုံတစ်ခုနှင့်မျှ မကြုံမတွေ့ရ။ ကျောက်ဆူးချပြီး၍ မကြာမီအတွင်းတွင် ရွှေနန်းတော်မှ အရာရှိငယ်တစ်ဦးသည် သင်္ဘောပေါ်သို့ တက်ရောက်လာပြီးလျှင် မြို့ဝန်နှင့်တွေ့ဆုံပါမည်လောဟု မေး၏။ မြို့ဝန်မင်းလာရောက်လိုက လက်သင့်ခံရန် အသင့်ရှိကြောင်း ကျွန်ုပ်က ပြန်ကြား၏။ တအောင့်ကြာလျှင် မြို့ဝန်မင်းသည် ရုံး အမှုထမ်း ၄ ယောက်နှင့် နောက်လိုက်ငယ်သား ၅၀ ပါလာရောက်၏။ မြို့ဝန်မင်းသည် များစွာ စိတ်လှုပ်ရှားသည့်အကြောင်း သိသာနိုင်၏။ ဤကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက် ကျွန်ုပ်တို့ ထွက်ခွာလာခြင်း အကြောင်းကို စုံစမ်း၏။ ထိုအခါတွင် ကျွန်ုပ်တို့၌ သူ့ဒွေးပိုင်သင်္ဘော ၄စင်းနှင့် သမ္ဗန် ၁၁ စင်းရှိ၏။ ကျွန်ုပ်ကလည်း ကြေးနန်းလည်း မပွင့်သေးပါလော၊ မန္တလေးမြို့မှ သတင်းမရသေးပါလောဟု မေးမြန်း၏။ မြို့ဝန်မင်းသည် မန္တလေးရွှေမြို့တော်မှ သတင်းရရှိကြောင်း ကျွန်ုပ်တို့ ထွက်ခွာသည့်အကြောင်းကို စုံစမ်းရန် အမိန့်တော်ရရှိကြောင်း ပြန်ပြော၏။ နိုင်ငံခြားဝန်ကြီး (ကင်းဝန်) ထံသို့စာရေးသား ဆက်သပြီးကြောင်းကို ပြော၏။ သို့သော်လည်း မြို့ဝန်မင်းတောင်းပန်ချက်အရ ၎င်းစာတွင်ပါရှိသည့်အကြောင်း အဓိပ္ပာယ်ကိုပြောပြ၏။ ဤသို့ပြောဆိုနေစဉ် အခြား စာတစ်စောင်တွင် အစီရင်ခံသည့်အတိုင်း ပုဏ္ဏားဝန် (မောင်ကုလား)နှင့် ပတ်သက်သော ကိစ္စပေါ်ပေါက်၏။ နာရီပြန် ၂ ချက်အချိန်တွင် ကျောက်ဆူးချီ၍ မိုးမချုပ်မီ သရက်မြို့သို့ ဆိုက်ရောက်၏။ မြစ်ရိုးတစ်လျှောက်ရှိ ခံမြို့များတွင် စစ်သည်တော်များ စစ်မက်ရေးအတွက် တစ်စုံတစ်ရာ ပြင်ဆင်ထားသည်ကို မမြင်ခဲ့ပါ။ ကျွန်ုပ် ဖော်ပြခဲ့သည့်ကိစ္စမှတစ်ပါး ကျွန်ုပ်တို့အား မည်သို့မျှ အသိအမှတ်မပြု မလုပ်ကြ။

သံအဖွဲ့နှင့် ပတ်သက်သော ရုံးပြာတာအများ မြန်မာမင်း၏ ကျေးတော်မျိုး ကျွန်တော်မျိုးများပါမကျန် မန္တလေးမြို့တွင် မနေဝံ့၍ ကျွန်ုပ်တို့နှင့် အတူလိုက်လာခဲ့ကြကြောင်းကိုလည်း ဖော်ပြရပေမည်။ အထက် မြန်မာပြည်တွင် နေရစ်လိုသော အမှုထမ်းများအား ဤသို့ နုတ်ထုတ်မည့်အကြောင်းကို တင်ကြို၍ သတိမပေးရသဖြင့် တစ်လစာတွက် လစာငွေကို ပိုမို၍ပေးခဲ့၏။

ကော်မရှင်နာမင်းကြီး အခွင့်ပြုသော်လည်း သင်္ဘောတစ်စင်း အထူးငှား

www.burmeseclassic.com

www.burmeseclassic.com



ရမ်းရန် လိုသည်ဟု မထင်ပါ။ သို့သော်လည်း ဗန်းမော်မြို့ အစောင့်အကြပ် အတွက် ငှားရမ်းထားသော သမ္ဗန်ကို ကုလားစစ်သားများနှင့် သံအဖွဲ့ စာရေးစာချီများ စီးနင်းရန်အတွက် သီးသန့်ထား၏။ တစ်စုံတစ်ရာ အနှောင့် အယှက်ပေါ်ပေါက်ခဲ့ပါသော် ခရီးသည်များနှင့် အရောရော အနှောနှောဖြစ် နေရခြင်းကြောင့် စစ်သည်တော်တို့မှာ ကျပ်တည်းကြပေလိမ့်မည်။

အတန်ခဲယဉ်းသော ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်၏ စီမံချက်တို့မှာ ကျွန်ုပ်ရရှိသော အမိန့်များနှင့် ထပ်တူသည်သာလျှင် ဖြစ်၏။ အာဏာလွှဲပြီး သဘောတူပြီးဟူ၍လည်း ကျွန်ုပ်သိရ၏။ မြန်မာတို့က တစ်စုံတစ်ရာ မတော် လောဘ ကြံရွယ်သည်ရှိပါမူ၊ ဤစီမံချက်တို့မှာ မလုံလောက်မရှိတန်ရာ၊ မြန်မာမင်းတို့၏ စိတ်နေသဘောထားကို ထောက်သဖြင့်လည်းကောင်း၊ ကျွန်ုပ်ရရှိသောသတင်းများကို ထောက်သဖြင့်လည်းကောင်း၊ မြန်မာမင်းတို့ က ဝင်ရောက် စတင် တိုက်ခိုက်သည်ဖြစ်စေ၊ အဟန့်အတားပြုလုပ်သည် ဖြစ်စေ၊ ၎င်း ရန်တို့ကို ရှောင်ရှားစေနိုင်ရန် လုံလောက်သည်ဟု ကျွန်ုပ် ထင်မြင်ပါကြောင်း။

* * *

စာမှတ် (၂၅)တွင် အကျွမ်းဝင်စာ (ခ)

ရန်ကုန်မြို့ ၁၈၇၉ ခု၊ အောက်တိုဘာလ ၁၈ ရက်နေ့ရေး

ဗြိတိသျှပိုင် မြန်မာပြည် ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်ကြီး မစ္စတာဘားဂျက် C.S ထံမှ မန္တလေးမြို့ သံတဲနေ နိုင်ငံရေးကိုယ်စားလှယ် မစ္စတာ စိန်ဘာဘီ C.S သို့ပေး။

(၁) မန္တလေးမြို့ သံအဖွဲ့ စာရေးစာချီများနှင့် အလုပ်သမားတို့ကို ရုပ်သိမ်း ရန် ကျွန်ုပ်တို့ထံမှ ရရှိသောအမိန့်ကို မည်ကဲ့သို့ လိုက်နာကြောင်းကို ၁၈၇၉ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့စွဲနှင့် အစီရင်ခံစာကို ရရှိကြောင်း အမိန့်အရ ပြန်ကြားလိုက်ပါသည်။

(၂) အလွန်တရာကျပ်တည်း ခဲယဉ်းသောအခြေအနေသို့ ရောက်ရှိနေစဉ် သံအဖွဲ့ကို ကျေနပ်ဖွယ်ကောင်းသော နည်းစနစ်ဖြင့် ရုပ်သိမ်းရန် သတိထား



ချက် စီမံချက်တို့ကို ကော်မရှင်နာမင်းကြီးသည် သဘောတူညီပါကြောင်း၊ သင်သည် မန္တလေးမြို့မှ ထွက်ခွာမည့်အကြောင်း ဗန်းမော်မြို့ရှိ ဗြိတိသျှ လက်အောက်ခံများ၊ ဥရောပတိုက်သားများနှင့် အမေရိကန်များအား သိစေရန် စီမံချက်ကိုလည်းကောင်း၊ ထိုသူများသည် သင်နှင့်အတူ လိုက်လိုက လိုက် စေရန် အခွင့်ပြုသည်ကိုလည်းကောင်း၊ သဘောတူညီကြောင်းကို ကော်မရှင် နာမင်းကြီးသည် အောက်တိုဘာလ ၂ရက်နေ့က ကြေးနန်းရိုက် ကြားလိုက်ပြီ ဖြစ်ကြောင်း၊ သင်မှာကြားလိုက်သောစကားကို သယ်ယူသွားရသော သင်္ဘော ဗန်းမော်မြို့မှ ပြန်လာသည့်တိုင်အောင် သင့်သည် မန္တလေးမြို့မှ မထွက်ခွာ ဘဲ ဆိုင်းငံ့နေရကြောင်း၊ ၎င်းသင်္ဘော ပြန်လည်ရောက်ရှိမှသာလျှင် ထွက်ခွာ မည့်အကြောင်း မြန်မာအစိုးရသို့ ကြေညာ၏။ ထို့ပြင် မန္တလေးမြို့ရှိ ဗြိတိသျှ လက်အောက်ခံများနှင့် ဥရောပတိုက်သားများကိုလည်း သိစေ၏။ သင်နှင့် အတူ လိုက်လိုသူများရှိလျှင် လိုက်စေနိုင်ရန် သင်္ဘောပေါ်မှ စောင့်ဆိုင်းခြင်း သည် အမြော်အမြင် အလိမ္မာတရားနှင့်ပြည့်စုံသောစီမံချက်ဟူ၍ကော်မရှင်နာ မင်းကြီး ယူဆတော်မူ၏။ အဘယ်ကြောင့်ဆိုသော် သံတဲပေါ်မှ စောင့်ပါမူ ဝင်ရောက်တိုက်ခိုက်ကြပါလျှင် ခုခံရန် ခက်ခဲပေလိမ့်မည်။ ၎င်းပြင် မြစ်ဆိပ် သို့မရောက်စေရန် အနှောင့်အယှက် အတားမဆီးများပြုလုပ်ရန် ရည်ရွယ် လျှင်လည်း တားဆီးရန် လွယ်ကူပေလိမ့်မည်။ သင်္ဘောသို့ ရောက်ပြန်လျှင် လည်း ရုတ်တရက် မထွက်ခွာသေးဘဲ လိုက်လိုသောသူအားလုံးတို့ကို ၎င်းသင်္ဘောဖြင့်လိုက်နိုင်စေရန် နောက်တစ်နေ့ နေမြင့်သည် တိုင်အောင် စောင့်ဆိုင်းပေ၏။

(၃) မန္တလေးမြို့တွင် ဖြစ်လျက်ရှိသောအခြေများကို ထောက်ချင့်၍ ကော်မရှင်နာမင်းကြီးသဘောတော်ရရှိသည်မှာ သင်သည် တင်ကြို၍ သတိ ထားခြင်းကြောင့် ခုခံမှုနည်းပါးစေ၏။ ချမှတ်လိုက်သောအမိန့်များကို သတိ အလိမ္မာနှင့် လိုက်နာဆောင်ရွက်ခြင်းကြောင့် ကော်မရှင်နာမင်းကြီးက ကျေးဇူးတင်ရှိပါကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၅)တွင် အကျွမ်းဝင်စာ (ဂ)
ဆင်မလာမြို့၊ ၁၈၇၉ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့ရေး
အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန
အတွင်းဝန် မစ္စတာလားယလ် C.B ထံမှ
ဗြိတိသျှပိုင်မြန်မာပြည် ကော်မရှင်နာမင်းကြီးသို့ပေး

(၁) မန္တလေးမြို့ရှိ သံအဖွဲ့ကို မည်သည့်နည်းဖြင့် ရုပ်သိမ်းခဲ့ရကြောင်း အောက်တိုဘာလ ၁၈ ရက်နေ့စွဲနှင့် မစ္စတာစိန်ဘာဘီ၏ အစီရင်ခံစာကို ရရှိကြောင်း။

(၂) ကျွန်ုပ်ပြန်ကြားရမည်မှာ အလွန်ကျပ်တည်းခက်ခဲ၍ အတိမ်းအစောင်း အနည်းငယ်မျှ ရှိခဲ့ပါမူ ဘေးအန္တရာယ်များမည့် အခြေအနေမျိုးမှ ချီးမွမ်း လောက်ဖွယ် ချင့်ချိန်မှန်းဆ၍ ကျွန်ုပ်မပျက် စီမံဆောင်ရွက်သည်များကို အကုန်အစင် ဘုရင်ခံချုပ်ကြီးသည် သဘောတူညီပါကြောင်း။

* * *

စာမှတ် (၂၆)
အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန
ဧကရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး
အတွင်းဝန်ကြီး လော့ခရိုင်းဘရွတ်သို့
ဆင်းမလားမြို့၊ ၁၈၇၉ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့ရေး

(၁) မြန်မာဘုရင် မင်းမြတ်ထံမှ သံအမတ်တစ်ဦးသည် သရက်မြို့သို့ ရောက်ရှိနေကြောင်းကို အစီရင်ခံပြီးဖြစ်၏။ ၎င်း၏ရည်ရွယ်ချက်များကို ဖြေရှင်းစေရန်အလို့ငှာ သရက်မြို့တွင် ရပ်ဆိုင်းထား၏။

(၂) ဧကရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိတော်မူရန် ၎င်းသံအမတ်သို့ လွှဲအပ်စေခိုင်းလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းစေသောစာများ



နှင့်တကွ အိန္ဒိယပြည်အစိုးရမင်းတို့က ဗြိတိသျှ မြန်မာပြည် ကော်မရှင်နာ မင်းကြီးသို့ပေးပို့သော အမိန့်စာများကိုလည်း ပူးတွဲဆက်သလိုက်ပါကြောင်း။

(ပုံ) လစ်တန်
အက်ဖ်ပီဟိန်း
အေဂျေအာရာဘတ်နော့
အေ ကလပ်
ဂျွန်စတြေချီ
အီဘီဂျွန်ဆင်
ဒဘလျူစတုတ်
အေအာရ်သော်မဆင်

* * *

စာမှတ် (၂၆)တွင် အကျွမ်းဝင်စာ (က)
ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်ကြီးနှင့်
ဗြိတိန်သျှပိုင် မြန်မာပြည်ဘုရင်ခံချုပ်ကြီး၏
ကိုယ်စားလှယ် မစ္စတာ ဂျီဒီဘားဂျက်ထံမှ အိန္ဒိယပြည်အစိုးရ
နိုင်ငံခြားရေးဌာနအတွင်းဝန်၊ မစ္စတာ အေစီလားယလ်သို့ပေး
ရန်ကုန်မြို့ ၁၈၇၉ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့ရေး

၂၁ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီးထံမှ အတွင်းဝန်ထံသို့ ရိုက်ကြားသော ကြေးနန်းနှင့်ပတ်သက်၍လည်းကောင်း၊ ၂၃ရက်နေ့စွဲနှင့် အတွင်းဝန်မင်းပြန်ကြားသည့်စာနှင့် ပတ်သက်၍လည်းကောင်း၊ အိန္ဒိယပြည်အစိုးရမင်းများသိရှိတော်မူရန် အောက်တွင်ဖော်ပြရာပါ စာ မိတ္တူများကို ဆက်သံလိုက်ပါသည်။

အောက်တိုဘာလ ၁၈ ရက် နေ့စွဲနှင့် မန္တလေးမြို့တွင် လွှတ်တော်မှ ရန်ကုန်မြို့ရှိ ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော် သူဌေးဦးစံထံသို့ရိုက်ကြားသော ကြေးနန်း၊ ၎င်းကြေးနန်း မိတ္တူကို ဦးစံက ကော်မရှင်နာမင်းကြီးသို့ ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



၂၄ ရက်နေ့စွဲနှင့် မြန်မာဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော် ဦးစံသို့ ကော်မရှင်နာမင်းကြီး၏ အတွင်းဝန်ထံမှ ပေးသောစာ။

၂၄ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီး၏ အတွင်းဝန်ထံမှ သရက်မြို့ အရေးပိုင်မင်းထံရိုက်ကြားသော ကြေးနန်း။

* * *

၁၈၇၉ ခု၊ အောက်တိုဘာလ ၁၈ရက်နေ့ရိုက် ကြေးနန်း

မန္တလေးမြို့လွှတ်တော်မှ ရန်ကုန်မြို့ သူဌေးဦးစံသို့ပေး

မြန်မာသံအမတ် မြောင်လှ ဝန်ထောက်မင်းသည် အဆောင်အယောင်နှင့်တကွ ၁၂၄၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (၁၈၇၉ခု အောက်တိုဘာလ ၂၃ရက် ကြာသပတေးနေ့) ရာဇသံလက်ဆောင်တော်များနှင့် အိန္ဒိယပြည်ဘုရင်ခံချုပ်ထံသွားကြောင်းကို ကော်မရှင်နာမင်းကြီးသို့ပြောပါလေ။

အောက်တိုဘာလ ၂၁ ရက်နေ့၊ နံနက် ၈ နာရီ ၃၀ မိနစ်အချိန်၊ ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော်က ကျွန်ုပ်အားပေးသည်။

* * *

ကော်မရှင်နာမင်းကြီး၏ခေတ္တအတွင်းဝန်ကြီးနှင့် ဗြိတိသျှပိုင်

မြန်မာပြည် ဘုရင်ခံချုပ်ကြီး၏ ကိုယ်စားလှယ်

မစ္စတာ ဂျီဒီဘားဂျက်ထံမှ

မြန်မာဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော် သူဌေးဦးစံသို့ပေး

ရန်ကုန်မြို့၊ ၁၈၇၉ ခု၊ အောက်တိုဘာလ ၂၄ရက် ရေး

၂၁ ရက်နေ့စွဲနှင့် ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော်ထံမှ ကော်မရှင်နာမင်းကြီးသို့ ပေးပို့လိုက်သော ကြေးနန်းနှင့် ပတ်သက်၍ ကော်မရှင်နာမင်းကြီးက အမိန့်ရှိသည်မှာ ဘုရင်မင်းမြတ်၏ သံအမတ်သို့ သရက်မြို့ အရေးပိုင်မင်းက သရက်မြို့တွင် သင်္ဘောဆိုက်ရောက်သည့်အခါ အကြောင်း



ပြန်ကြားလိမ့်မည် ဖြစ်ပါကြောင်း၊ သံအမတ်သည် မန္တလေးမြို့မှ **မနေ့က** ထွက်ပြီဖြစ်၍ သံအမတ်သည် သရက်မြို့မရောက်မီ ဤသတင်းကို **ရရှိစေရန်** ကိုယ်စားလှယ်တော်မင်းက စီမံပေးပါမည့်အကြောင်း တောင်းပန်ပါသည်။

* * *

ကော်မရှင်နာမင်းကြီးထံမှ

သရက်မြို့အရေးပိုင်မင်း ကာနယ်ဒေးဝစ် (Davies) ထံသို့ရိုက် ကြေးနန်း

သင်္ဘောတော်နှင့် မြောင်လှ ဝန်ထောက်ကြီးမှူးလျက် ရာဇသံလက်ဆောင်တော်နှင့် အိန္ဒိယဘုရင်ခံချုပ်ထံသို့ မြန်မာသံအဖွဲ့ မနေ့က ထွက်ခွာလာပြီဟု မြန်မာမင်းကိုယ်စားလှယ်တော်က အကြောင်းကြား၏။ သင်္ဘောဆိုက်လျှင် ဆိုက်ခြင်း၊ သင်္ဘောပေါ်သို့တက်ရောက်ပါလေ။ အရေးပိုင်မင်းထံမှ သတင်းရရှိမည့်အကြောင်း ပြောကြားနှင့်ရန် ကိုယ်စားလှယ်တော်ကို ပြောလိုက်မည်။ နောက်ထပ် အမိန့်မရသေးမီ ကာလအတွင်း သံအဖွဲ့ကို သရက်မြို့ဟွင် ရပ်တန့်ထားပါလေ။ သံအဖွဲ့သွားရခြင်းအကြောင်းကို အပြည့်အစုံရှင်းလင်းစေရန်နှင့် အမိန့်တော် စာချွန်တော်များကို ပြသရန် သံအမတ်သို့ တောင်းပန်ပါလေ၊ ဤအကြောင်း နှစ်ရပ်နှင့်ပတ်သက်၍ အပြည့်အစုံ ရေးသား အစီရင်ခံပါ။ တတ်နိုင်ပါလျှင် သံအမတ်တွင် ပါရှိသော စာတမ်းများကို မိတ္တူကို အခွင့်ပန်၍ ကူးပြီးလျှင် ပို့ပါ။ သံအဖွဲ့ကိုပြုအပ်သည့် ယဉ်ကျေးဖွယ်ရာ ဧည့်ဝတ်ကျေပွန်အောင် ကြိုးဆို၍ တည်းခိုရန်အတွက် ဗိုလ်တဲကို ပေးထားပါလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၆)တွင် အကျမ်းဝင်စာ (ခ)
ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်ကြီးနှင့်
ဗြိတိသျှမြန်မာပြည်ဘုရင်ခံချုပ်ကြီး၏
ကိုယ်စားလှယ် မစ္စတာဂျီဒီဘားဂျက်ထံမှ
အိန္ဒိယပြည်အစိုးရ၊ နိုင်ငံခြားရေးဌာန
အတွင်းဝန် မစ္စတာ အေစီလားယလ်သို့ပေး
၁၈၇၉ခု၊ နိုဝင်ဘာလ (၁) ရက်နေ့ရေး

(၁) အိန္ဒိယပြည်အစိုးရမင်းတို့ သိရှိတော်မူရန် အောက်ပါ စက္ကူစာများကို ဆက်သလိုက်ပါကြောင်း။

(၁) ၁၈၇၉ ခု၊ အောက်တိုဘာလ ၂၇ ရက် နေ့စွဲနှင့်၊ သရက်မြို့ အရေးပိုင်မင်းထံမှ ကော်မရှင်နာမင်းကြီး၏ အတွင်းဝန်ထံပေးစာ မိတ္တူ။

(၂) အထက်စာနှင့်အတူ၊ ပူးတွဲပါစာမူအတိုင်း (မြန်မာသံအမတ်တွင် ပါရှိသော အမိန့်တော် မိတ္တူ)

(၃) အမှတ် ၂ ဘာသာပြန်ဆိုချက်

(၄) အမှတ် ၁ ပြန်စာ၊ သရက်မြို့အရေးပိုင်မင်းသို့ပေး။

(၅) မန္တလေးမြို့၊ နိုင်ငံခြားဝန်မင်းထံမှ ၁၈၇၉ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီးသို့ပေးစာ ဘာသာပြန်ဆိုချက်။

(၆) အမှတ် ၅ သို့ ပြန်ကြားစာမိတ္တူ။

၂။ သံအမှတ်မှာ ဘုရင်ခံချုပ်သို့ပေးရန် စာမှတစ်ပါး အခြားစာမပါမရှိပေ။ ၎င်းစာမှာလည်း စနစ်အတိုင်း ရေးသားထားသည်။ သို့သော်လည်း ၎င်းစာမှာ သံအမတ်များ၏အမည် ရာထူးနှင့်ရည်ရွယ်ရင်း ကိစ္စများကို ဖော်ပြထားသည့် သက်သေခံမျှသာ ဖြစ်သည်ဟု ကျွန်ုပ်ထင်၏။ သံအဖွဲ့သို့ အာဏာ အပြည့်အစုံ လွှဲအပ်ကြောင်းမပါ မရှိ။ သံအဖွဲ့သည် ဘုရင်မင်းမြတ်၏ ကိုယ်စား တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုရန်သော်လည်းကောင်း၊ စီမံရန်ကို သော်လည်းကောင်း အာဏာမရှိပေ၊ အာဏာလွှဲအပ်ခြင်းခံရကြောင်း အခြား



အမိန့်စာလည်း မပါချေ။ ၎င်းတို့၏တာဝန်မှာ ရာဇသံနှင့် လက်ဆောင်တော် ပဏ္ဏာတော်များ ဆက်သရုံမျှသာ ဖြစ်ဟန်ရှိ၏။

၃။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်မှုနှင့် ကုန်သွယ်မှုများကို ပြန်လည် ထူထောင်ရန် လိုလားအပ်ကြောင်း ဟူ၍သာလျှင်၊ ကွဲပြားရေးရာခြင်းမရှိသော တာဝန်ကို ထမ်းဆောင်ရသောသံအဖွဲ့ကို စေလွှတ်ခြင်းဖြင့် အကျိုးမများတန် ရာ။ ယုံကြည်မှုနှင့် ကုန်သွယ်မှုကို ပျက်ပြားစေရန် မြန်မာမင်းတို့ စီမံခြင်းကို ဖြေရှင်းရန်သော်လည်းကောင်း၊ ကျေနပ်အောင်ပြုပြင်ရန်သော်လည်းကောင်း သံအဖွဲ့မှာ အာဏာမရှိ၊ ထိုပြင် ဆက်ဆံမှုပိုမိုကောင်းမွန်ရေးအတွက် စကား ကမ်းလှမ်းရန်လည်း အခွင့်အာဏာမရှိ၊ ဤသို့ဖြစ်နေခြင်းကြောင့် ဤကဲ့သို့ သော သံအဖွဲ့ကို လက်ခံခြင်းအကြောင်းကို နားမလည်ဘဲ ရှိနေကြမည်သာ မက၊ အထက်မြန်မာပြည်၌လည်းကောင်း၊ အောက်မြန်မာပြည်၌လည်း ကောင်း ပြည်သူပြည်သားများ အထင်လွဲမည်သာလျှင် ဖြစ်၏။ ရှေးဦးစွာ ဖြစ်ပေါ်မည့် အထင်မှာ သံအဖွဲ့ကို ရပ်သိမ်းခြင်း၌ အိန္ဒိယအစိုးရမင်းတို့က မိမိတို့၏ကိုယ်စားလှယ်များကို မကျေနပ်ဟူ၍ အထင်ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် မြန်မာမင်းအစိုးရအပေါ်၌ မကျေနပ်ဖွယ်ရာ ရေးကြီး ခွင့်ကျယ်ကိစ္စများရှိသည့်အနက် ယခု သံအဖွဲ့မှာ မည်သည့်အချက်ကိုမျှ ဝန်ခံရန်သော်လည်းကောင်း၊ လျှော့ပေါ့ရန်ကိုလည်းကောင်း အာဏာမရှိ ကြောင်း ကောင်းစွာသိပြီးဖြစ်၏။ သို့သော်လည်း ၎င်းတို့၏ ရည်ရွယ်ချက်မှာ မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏ သံအဖွဲ့ကို ရုပ်သိမ်းခြင်းအားဖြင့် နာကျည်း ဝမ်းနည်းသည်ဟူ၍ လုပ်လို၏။ သို့သော် ထိုသို့ ရုပ်သိမ်းရခြင်းမှာလည်း မြန်မာမင်းတို့က မချစ်မခင်ပြုလုပ်ခြင်း အကြောင်းကြောင့် မလွဲသာ မရှောင်သာပေါ်ပေါက်လာရသော အကျိုးမျှသာဖြစ်ကြောင်း၊ ယခု မြန်မာ သံအဖွဲ့ကို လက်သင့်ခံပါမူ မြန်မာမင်းတို့ သံရေးသံရာနှင့်ပတ်သက်၍ စီမံမှု သည် အထမြောက်အောင်မြင်ပြီဟူ၍ အထင်ရောက်ပြီးလျှင် ဘုရင်မင်းမြတ် ၏မှူးမတ်တို့မှာ မာနထောင်လွှားရာ၏။ ကျွန်ုပ်တို့ လက်အောက်ခံတိုင်းသား တို့မှာမူ နှစ်တိုင်းနှစ်ပြည်ရှိ အစိုးရမင်းတို့မှာ မည်သည်ကို ရည်ရွယ်ကြပါ သနည်းဟု နားမလည်နိုင်အောင် ရှိကြပေလိမ့်မည်။ နှစ်တိုင်းနှစ်ပြည်အတွင်း မညီမညွတ်ရှိနေသည့်အချက်တို့ကို ယခုအခါတွင် ပြင်ဆင်ရန် ရှေ့အဖို့

www.burmeseclassic.com

www.burmeseclassic.com



လည်း အခြေတကျဖြစ်စေနိုင်သော အချက်အလက်များကို မစီမံပါဘဲ၊ အိန္ဒိယပြည်အစိုးရနှင့် မြန်မာမင်းအစိုးရတို့သည် ထပ်မံ၍ တိုက်ရိုက် ဆက်ဆံခြင်းကို ရှောင်ရှားရန် မည်မျှပင်အကြံပေးသော်လည်း လွန်သည်ဟူ၍ မရှိတန်ရာ။

၄။ သို့ဖြစ်၍ ကော်မရှင်နာမင်းကြီး အကြံပေးလိုသည်မှာ ယခုသံအဖွဲ့ကို ရှေ့သို့မတိုးစေရ။ မိမိသည်လည်းကောင်း၊ မိမိ၏မှူးမတ်တို့သည်လည်းကောင်း၊ ကြေကြေညာညာ ပြုလုပ်သောအမှုတို့နှင့် မညီညွတ်ဘဲ ဘုရင်မင်းမြတ် နှုတ်ဖြင့် မြွက်ဟ ပြောဆိုချက်များကို လက်သင့်မခံထိုက်ကြောင်း အတိတ်အခါက မသင့်မတင့်ဖြစ်ရခြင်းအကြောင်းတို့ကို ရှင်းလင်းထုချေ၍ ပယ်ရှားပြီးမှသာလျှင် အနာဂတ်အဖို့၌ ယုံကြည်မှု ယဉ်ကျေးဖွယ်ရာ ဆက်ဆံမှုများကို ပြုလုပ်အပ်၏။ မန္တလေးမြို့မှ သံအဖွဲ့ကို ရုပ်သိမ်းခြင်းမှာ အလျင်စလို ရှိလှသည်ဟု အထင်ရှိကြောင်း၊ ထိုပြင် ထူးခြားသည့်အကြောင်းလည်းမရှိဟု မြန်မာအစိုးရမင်းများ ထုတ်ဖော်ပြောဆိုသည်ဖြစ်၍ ကျွန်ုပ်တို့သည် မြန်မာများနှင့် ဆက်ဆံမှုကို နေသားတကျ စီရင်ဆုံးဖြတ်ရန် ရည်ရွယ်ပါမူ ကျွန်ုပ်တို့က သံအဖွဲ့ကို မရုပ်သိမ်းလိုသဖြင့် ကြာမြင့်စွာ အောင့်အည်းသည်းခံပါသော်လည်း မဖြစ်သဖြင့် နောက်ဆုံး၌ မလိုလားပါဘဲ ရုပ်သိမ်းရခြင်းအကြောင်းကို အတိအလင်း ထုတ်ဖော်၍ စီကာပတ်ကုံးပြလျှင် သင့်လျော်လိမ့်မည်ဟု ထင်ကြောင်း၊ ယခုအခါ၌ မသင့်မတင့် မညီမညွတ်ဖြစ်နေသောအချက်တို့ကို ပြုပြင်ပိုင်ခွင့်ကို မြန်မာသံအမတ်သို့ လွှဲပေးရန် မလိုလားသေးလျှင် အင်္ဂလိပ်သံအမတ်မှတစ်ဆင့် ပြောဆိုကမ်းလှမ်းရန် လမ်းပိတ်ဆို့ပြီးဖြစ်သော်လည်း ဘုရင်ခံချုပ်ကြီး၏ ကိုယ်စားလှယ်တော်ဖြစ်သော ကော်မရှင်နာမင်းကြီးနှင့် စကားကမ်းလှမ်း ပြောဆိုနိုင်ခွင့်ရှိသေးကြောင်း၊ သို့သော်လည်း အခမ်းအနားအဆောင်အယောင်နှင့် ယခု စေလွှတ်သော သံအဖွဲ့မှာ အခွင့်အာဏာလည်း အပြည့်အစုံမရှိ။ ထိုပြင် မြန်မာမင်းသည်သာလျှင် အနစ်နာခံနေရသော အခြေမျိုးကို အယူရှိလျက် ဗြိတိသျှအစိုးရကမူ တစ်စုံတစ်ရာ တိုင်တန်းရန် မရှိသည့်အလား စိတ်ထားသော သံအဖွဲ့သည် အခါအခွင့်မကြုံသေး၊ ၎င်းသံအဖွဲ့ကို လက်သင့်ခံခြင်းအားဖြင့် ကျွန်ုပ်တို့၏အကျိုးစီးပွား နစ်နာဖွယ် အကြောင်းသာ ရှိ၏။

* * *



သရက်မြို့အရေးပိုင်မင်းထံမှ ဗြိတိသျှပိုင်
မြန်မာပြည်ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်သို့
၁၈၇၉ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့ရေး

၂၄ရက်နေ့စွဲနှင့် ရိုက်ကြားလိုက်သော ကြေးနန်းကိုရရှိပါကြောင်း၊ ယနေ့ မွန်းလွဲ ၃ချက်တီးအချိန်တွင် သဘော်တော်နှင့် မြောင်လှဝန်ထောက်မင်းသည် ရောက်ရှိပါကြောင်း၊ ရောက်ရှိကြောင်းကိုလည်း ကြေးနန်းဖြင့် အစီရင်ခံပြီးဖြစ်ပါကြောင်း။

ရရှိသော အမိန့်နှင့်လျော်ညီစွာ နယ်ခြားသို့ရောက်လျှင်ပင် ဝန်ထောက်မင်းထံ စာတစ်စောင်ပါး၍ သရက်မြို့သို့ရောက်လျှင် ကျွန်ုပ်သည် သဘော်ပေါ်သို့ လာရောက်မည့်အကြောင်း၊ သို့ပါ၍ ခံမြို့အနီးတွင် ကျောက်ချ စွဲရပ်ရန် ပန်ကြားပါကြောင်း။

အာလံမြို့တွင် မစ္စတာ ဖန်းရှော (Fanshawe) သည် သဘော်ပေါ်သို့ တက်၍ ဝန်ထောက်မင်းနှင့်အတူ သရက်မြို့တိုင် လိုက်ပါခဲ့၏။ သဘော် ကျောက်ချလျှင် ကျွန်ုပ်သည် ရာဇဝတ်ဝန် မစ္စတာ ဒေဗစ်ဆင် (Davidson) နှင့်အတူ လှေစီး၍ သဘော်သို့သွားရောက်ရာ မစ္စတာဖန်းရှောက ဝန်ထောက်တော်မင်းနှင့် မိတ်ဆက်ပေး၏။ ၎င်းပြင် သဘော်တော်နှင့်ပါလာသူမင်းလှဝန်နှင့်လည်း မိတ်ဆက်ပေး၏။ ပဋိသန္ဓာရစကားအနည်းငယ်ပြောဆိုဆွေးနွေးရန် ဝန်ထောက်မင်းကို တခြားသို့ခေါ်၏။ ယခု သံအဖွဲ့မှာ သီးခြားအစိုးရနယ်ပယ်အတွင်း ဖြတ်သန်းသွားသည်ဖြစ်၍ ဘုရင်ခံချုပ်ကြီးထံ သွားမည့် သံအဖွဲ့၏ရည်ရွယ်ချက်ကို ကော်မရှင်နာမင်းကြီးသည် သိလိုကြောင်း၊ မြန်မာအစိုးရတို့က ဘုရင်ခံချုပ်ကြီးထံပေးမည့် ရာဇသံကို ရလိုကြောင်း ကျွန်ုပ်ကပြောကြားရာ ဝန်ထောက်မင်းက ညနေတွင် ပေးပါမည်ဟု ဝန်ခံ၏။ ရာဇသံကိုရလျှင်ရခြင်း အလျင်အမြန်ပို့မည်ဖြစ်ပါကြောင်း။

အစိုးရမင်းထံမှရရှိသော အမိန့်စာများကိုလည်း ပြသရန် ဝန်ထောက်မင်းသို့ပြော၏။ ဘုရင်ခံချုပ်ကြီးထံ ပေးပို့ဖို့ ရာဇသံမှတစ်ပါး အခြားတစ်စုံတစ်ရာ အာဏာမရှိကြောင်း ပြော၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံအတွင်း ကုန်သွယ်မှုရပ်စဲစေသည့် သံအဖွဲ့ရုပ်သိမ်းမှုကြောင့် နယ်နိမိတ်၏ဟိုမှာဘက် ဤမှာဘက်တွင် စိတ်မအေးချမ်းဖွယ်ဖြစ်နေခြင်းကို ရပ်စဲစေရန်သာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ရင်းရှိကြောင်းကို ဝန်ထောက်မင်းက ပြော၏။

စာချုပ်အသစ်ချုပ်ဆိုရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ လွှဲအပ်လိုက်သော အာဏာများပါရှိသလောဟုမေးရာ ထိုသို့သဘောရှိသော အာဏာမပါမရှိကြောင်း ပြော၏။ မန္တလေးမြို့တွင် သံအဖွဲ့ပြန်လည်တည်ရှိစေရန် အလိုရှိကြောင်း ပြောဆိုရန် အာဏာပါရှိသလောဟု မေးရာ၊ မရှိကြောင်း ပြန်ပြော၏။ သို့သော်လည်း နှစ်တိုင်း နှစ်ပြည်၏ အကျိုးကျေးဇူးကို ရှေးရှုကာ သံအဖွဲ့ပြန်လည်ရရှိစေရန် ပြုလုပ်ဖို့သင့်ကြောင်း ထိုသို့ဖြစ်ခဲ့ပါမူ နှစ်တိုင်းနှစ်ပြည်လုံးမှာ အကျိုးများမည့်အကြောင်း ပြော၏။

ဘုရင်ခံချုပ်ကြီးထံပေးရန် စာမိတ္တူရရှိလျှင် ကော်မရှင်နာမင်းကြီးသို့ အလျင်အမြန်ပို့မည့်အကြောင်း ထိုအတောအတွင်း နောက်ထပ်အမိန့်တော်မြတ်နာခံရန် အလို့ငှာ သရက်မြို့တွင်ပင်နေရန် သင့်သေးကြောင်း၊ သို့မှသာလျှင် မိမိ၏ ကြေးနန်းနှင့် နီးမည်ဖြစ်ကြောင်း၊ ကျွန်ုပ်သည် ကော်မရှင်နာမင်းကြီးထံ အစီရင်ခံသည့်စာအတွက် ပြန်စာရသည့်တိုင်အောင် စောင့်ဆိုင်းရန် သင့်ကြောင်း ပြောကြား၏။

ဤသည်ကို သဘောတူ၏။ သို့သော်လည်း သင်္ဘောကို မြို့နှင့်နီးနီး ကျောက်မချရပါလောဟု မေး၏။ ထိုနေရာတွင် မြစ်သည် ကျဉ်းမြောင်းကြောင်း၊ သင်္ဘောအသွားအလာများသဖြင့် ခက်ခဲကြောင်း၊ ကော်မရှင်နာမင်းကြီးသည်လည်း ဤနေရာတွင် ကျောက်ဆူးချနေကျဖြစ်၍ ဤနေရာကို ရွေးချယ်ရကြောင်း ကျွန်ုပ်ကပြော၍ ဝန်ထောက်မင်းသည် ကျေနပ်၏။

ကျွန်ုပ်တို့တွေ့ဆုံ ပြောဆိုခြင်းမှာ ပျူငှာစွာရှိ၏။ ကျွန်ုပ်သည် ထွက်ခွာရန်နှုတ်ဆက်လျှင် ကမ်းပေါ်၌ တည်းခိုလိုပါလျှင် ဗိုလ်တဲသည် ဝန်ထောက်မင်းနှင့် မင်းလှဝန်အတွက် အရံသင့်ရှိကြောင်း ပြောခဲ့၏။ ဝန်ထောက်မင်းသည် သင်္ဘောပေါ်၌ပင်လျှင် နေလိုကြောင်း ပြော၏။ မင်းလှဝန်မှာမူ သင်္ဘောသူဌေး ကိုယ်စားလှယ်၏ ဖိတ်မန်ချက်အရ သင်္ဘောကိုယ်စားလှယ်ထံသွားရောက်နေထိုင်မည်ဟု ပြော၏။

မင်းလှဝန်သည် အလွန်ဖော်ရွေ၏။ ကျွန်ုပ်တို့၏ နယ်နှစ်နယ်မှာ ဆက်စပ်လျက်ရှိသည်ဖြစ်၍ ကျွန်ုပ်နှင့် တွေ့ဆုံရသောကြောင့် ဝမ်းမြောက်ဝမ်းသာရှိကြောင်း ပြော၏။ ကျွန်ုပ်တို့၏အသက်ကို စုံစမ်း၏။ သူသည် ကျွန်ုပ်ထက် နှစ်အနည်းငယ်ကြီးသည်ဖြစ်သောကြောင့် ငယ်ရွယ်သောသူ



သည် ကြီးရင့်သောသူထံသို့ ရှေးဦးစွာလည်ပတ်ရန် သင့်သည်ဟု အထင်ရှိကြောင်းပြော၏။ သားသမီး မည်မျှရှိသနည်းဟုမေးရာ နှစ်ယောက်ရှိကြောင်းပြော၏။ သားသမီးနည်းသောသူသည် ရှေးဦးစွာအလည်အပတ်လာရန် သင့်သည်ဟု ကျွန်ုပ်အထင်ရှိကြောင်း ပြော၏။ ကျွန်ုပ်မှာ သားသမီး ၁၀ ယောက်ရှိသည်ဖြစ်၍ ဝန်မင်းသည် ရှေးဦးစွာလာထိုက်ကြောင်းပြောရာ အများပင် ရယ်မောကြ၏။ နောက်ထပ် စကားစမြည် အနည်းငယ်ပြောဆို၍ မည်သည့်အရာမျိုးမဆို အလိုရှိက ကျွန်ုပ်ကို အကြောင်းကြားရန် မှာထားလျက် ကျွန်ုပ်သည် ထွက်ခွာခဲ့၏။ ညချမ်းအချိန်တွင် အခွန်ဝန်ကို စေလွှတ်၍ စားဖွယ်သောက်ဖွယ်များပို့၏။

အထက်စာပိုဒ်ကို ရေးပြီးသည့်နောက် မင်းလှဝန်နှင့်တကွ စာရေးကြီးသည် ရောက်၍ ဘုရင်ခံချုပ်ထံ ဆက်သမည့် စာမိတ္တူကို ပေးလာသည်။ ကျွန်ုပ်တို့ ပြောဆိုခဲ့သည့် ပဋိသန္ထာရစကားနှင့်ဆက်လက်၍ စာရေးတော်ကြီးက ပြောဆိုလိုသည်မှာ ဘုရင်ခံချုပ်ထံ ဆက်သရန်စာမှတစ်ပါး အခြားအာဏာတစ်စုံတစ်ရာ မပါမရှိသော်လည်း ဘုရင်မင်းမြတ်သို့တင်ရန် စကားရပ်များကို မှတ်သား၍ အစိုးရမင်းထံ ဆက်သရန် အာဏာရှိကြောင်းကို ဝန်ထောက်တော်မင်းက သိစေလိုသည်ဟု ပြော၏။ ဤအချက်များကို မှတ်သားပြီးရှိသလောဟု ကျွန်ုပ်ကမေးရာ မရှိကြောင်း၊ သို့သော် ဘုရင်ခံချုပ်က စတင်ပြောဆိုရမည်ဖြစ်ကြောင်း ပြန်ကြား၏။ ကျွန်ုပ်၏ အစီရင်ခံစာတွင် ၎င်းအချက်ကိုလည်း ဖော်ပြရန် အလိုရှိကြောင်း ပြောသဖြင့် ဖော်ပြပါမည်ဟု ဝန်ခံလိုက်၏။ ထိုနောက် စာရေးတော်ကြီးသည် မင်းလှဝန်နှင့်တကွ သင်္ဘောသူဌေးကိုယ်စားလှယ် မစ္စတာဘရိုဒီ (Brodie) ထံသို့ ထွက်ခွာသွား၏။

* * *

၁၂၄၁ ခု၊ တန်ဆောင်မုန်း လဆန်း ၇ ရက်နေ့ရေး
မြန်မာဘုရင်မင်းမြတ်က အိန္ဒိယဘုရင်ခံချုပ်ထံပေး ရာဇသံ
၁၈၇၉ခု၊ အောက်တိုဘာလ ၂၁ ရက်

ဘုန်းတော်အလွန်ကြီးတော်မူလှသော သုနာပရန္တ၊ တမ္ပဒီပ အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကြီးများနှင့်တကွ နေထွက်ဘုရင်ဖြစ်တော်မူသော အရှေ့နိုင်ငံထီးဆောင်း မင်းအပေါင်းတို့၏အရှင် ဆဒ္ဒန်ဆင်မင်းနှင့်တကွ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားက အိန္ဒိယပြည် နယ်ပယ်အပေါင်းတို့ကို အုပ်စိုးတော်မူသော ဘုရင်ခံချုပ်ကြီးထံ စာရေးသားတော်မူလိုက်သည်။

မြန်မာပြည်နှင့် အင်္ဂလိပ်ပြည် နှစ်တိုင်းနှစ်ပြည်မှာ တည်ရှိမြဲမြန်ခိုင်ခံ့သော ရာဇမဟာမိတ်အဖြစ် ခမည်းတော်မှသည် သားတော်၊ ဘိုးတော်မှသည် မြေးတော်၊ ဘေးတော်မှသည် မြစ်တော်တိုင်အောင် အခွန့်ရှည်စွာ ကုန်သည်ကြီးငယ် ဆင်းရဲသားကျွန်တော်မျိုးတို့မှာ အေးချမ်းသာယာစွာ ရောင်းဝယ်ဖောက်ကား ကုန်ဝယ်ခြင်း ကိစ္စများအတွက် သွားလာ ဝင်ထွက်နေသည်ကို မန္တလေးရတနာပုံ ရွှေမြို့တော်ရှိ အင်္ဂလိပ်နိုင်ငံရေးအရာရှိသည် နောက်လိုက်အရာရှိ ၃ ဦးနှင့်တကွ အစောင့်အကြပ် စာရေး စာချီများပါ အကြောင်းထူးတစ်စုံတစ်ရာ မရှိပါဘဲလျက် ရုတ်တရက် ရှောင်တခင် မန္တလေးရတနာပုံ ရွှေမြို့တော်ကို စွန့်ခွာထွက်သွားသည် ဖြစ်ပါသောကြောင့် နှစ်တိုင်းနှစ်ပြည်အတွင်း နေထိုင်ကြကုန်သော ကုန်သည်ဆင်းရဲသားတို့မှာ စိတ်နှလုံးမချမ်းမသာဖြစ်ကြရပေသည်။ ကုန်သွယ်ဖောက်ကားခြင်း ဆုတ်ယုတ်ပျက်ပြားခြင်း ဖြစ်ရသည်။

နှစ်တိုင်းနှစ်ပြည်အတွင်းရှိ ကုန်သည်ဆင်းရဲသားတို့မှာ ရောင်းဝယ်ဖောက်ကားခြင်း၌ ဆုတ်ယုတ်ခြင်း မရှိ။ စိတ်နှလုံးချမ်းမြေ့ရောင့်ရဲတင်းတိမ်စွာ ကုန်သွယ်မှုကို ရောင်းဝယ်ဖောက်ကား သွားလာမြဲ သွားလာနိုင်စေရန် နှစ်တိုင်းနှစ်ပြည်မှာလည်း ရာဇမဟာမိတ်ပီသစွာ ချစ်ခင်မြဲမြဲသည်ထက် ချစ်ခင်မြဲမြံစေရန် ဝန်ထောက်မြှောင်လှမြို့စား သီရိမဟာကျော်ထင် ရာဇာကိုသံကြီး၊ မင်းထင်သီဒ္ဓိရာဇာကိုသံလတ်၊ နေမျိုးမင်းထင်ရာဇာကိုသံငယ်အဖြစ် ရာဇသံလက်ဆောင်တော်များနှင့် စေလွှတ်လိုက်ကြောင်း။

သံအမတ်တို့ရောက်ရှိသည့်အခါ နှစ်တိုင်းနှစ်ပြည် ချစ်ချစ်ခင်ခင် ကြည်ကြည်သာသာ ပေါင်းသင်းလိုရင်း သဘောထား၊ ဘုရင်မင်းမြတ်၌ ရှိတော်မူကြောင်း ထင်ရှားပေလိမ့်မည်။

နေထွက်ဘုရင် ဘဝရှင်မင်းတရားကြီးဘုရားသည် နှစ်တိုင်းနှစ်ပြည်ရှိ ကုန်သည်ဆင်းရဲသားတို့သည် အထူးသဖြင့် ပျော်ရွှင်ချမ်းသာသည်ကို လိုလားတော်တော်မူသည့်အလား ဘုရင်ခံချုပ်ကြီးသည်လည်း



ကုန်သည်ဆင်းရဲသားတို့၏ အကျိုးစီးပွားကို လိုလားတော်မူသဖြင့်သံအမတ်များနှင့် တကွ အရာရှိများကို ကောင်းမွန်စွာ လက်ခံလိမ့်မည်ဟု မျှော်လင့်ကြောင်း။

* * *

ဗြိတိသျှ မြန်မာပြည်ကော်မရှင်နာမင်းကြီး၏
ခေတ္တအတွင်းဝန်ထံမှ
သရက်မြို့အရေးပိုင်မင်းသို့ပေး
၁၈၇၉ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့ရေး

မြန်မာမင်းက စေလွှတ်တော်မူလိုက်သော သံအဖွဲ့သည် သရက်မြို့သို့ ရောက်ရှိကြောင်း၊ ရရှိသော အမိန့်များကို မည်ကဲ့သို့ ရှက်ဆောင်ကြောင်းများကို ၂၇ ရက်နေ့စွဲနှင့် အစီရင်ခံသည့်စာကို ရရှိကြောင်း၊ ဘုရင်မင်းမြတ်ထံမှ သံအမတ်များရောက်ရှိကြောင်း၊ ရာဇသံတွင်ပါရှိသည်အတိုင်း သံအမတ်များ ဖြေရှင်းပြသည့် ရည်ရွယ်ချက်များအကြောင်းကို ဘုရင်ခံချုပ်ကြီးသို့ အစီရင်ခံမည်ဖြစ်ပါကြောင်း၊ ဘုရင်ခံချုပ်ကြီးထံမှ အမိန့်တစ်စုံတစ်ရာ မရသေးမီ ကာလအတွင်း သံအမတ်များသည် သရက်မြို့ကို ကျော်လွန်၍ မသွားစေရ။ ၎င်းတို့ သက်သာလွယ်ကူစွာနေနိုင်ရန်အတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ဆောင်ရွက်စေလိုကြောင်း ဤစာကို ကူး၍ သံအမတ်သို့ တစ်စောင်ပေးပါလေ။

* * *

၁၂၄၁ ခု၊ တန်ဆောင်မုန်းလဆန်း ၆ရက်
ခရစ်သက္ကရာဇ် ၁၈၇၉ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲနှင့်
မန္တလေးမြို့ နိုင်ငံခြားဝန် (ကင်းဝန်)ထံမှ
ဗြိတိသျှ မြန်မာပြည်ကော်မရှင်နာမင်းကြီးသို့ပေး

အဂ္ဂမဟာသေနာပတိ အရေးပိုင် ဝန်ရှင်တော် လယ်ကိုင်းမြို့စား၊ သေနတ်ဝန်မင်းကြီးမင်းသတိုးသုဓမ္မာမဟာသက်တော်ရှည်တပဲခူး၊တနင်္သာရီ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရခိုင်နယ် ၃ နယ်ကို အုပ်စိုးတော်မူသော အရေးပိုင် မဟာဝန်ရှင် တော်မင်းကြီးသို့ အကြောင်းကြားပါသည်။

မြန်မာပြည်နှင့် အင်္ဂလိပ်ပြည် နှစ်တိုင်းနှစ်ပြည်မှာ တည်ရှိမြဲမြဲနိုင်ခံ့သော ရာဇမဟာမိတ်ဖြစ်သည့်အတိုင်း အစွန့်ရှည်စွာ ကုန်သည်ကြီးငယ်ဆင်းရဲသား ကျွန်တော်မျိုးတို့မှာ အေးချမ်းသာယာစွာ ရောင်းဝယ်ဖောက်ကား ကုန်သွယ်ခြင်းကိစ္စအတွက် သွားလာ ဝင်ထွက်နေစဉ်တွင် မန္တလေး ရတနာပုံ ရွှေမြို့တော်ရှိ အင်္ဂလိပ်နိုင်ငံရေးအရာရှိသည် နောက်လိုက်အရာရှိ သုံးဦးနှင့်တကွ အစောင့်အကြပ် စာရေးစာချီများပါ အကြောင်းထူး တစ်စုံတစ်ရာ မရှိပါဘဲလျက် ရုတ်တရက် ရှောင်တခင် မန္တလေးရတနာပုံ ရွှေမြို့တော်ကို စွန့်ခွာထွက်သွားသည် ဖြစ်ပါသောကြောင့် နှစ်တိုင်းနှစ်ပြည် အတွင်း နေထိုင်ကြကုန်သော ကုန်သည်ဆင်းရဲသားတို့မှာ စိတ်နှလုံး မချမ်းမသာဖြစ်ကြရပေသည်။ ကုန်သွယ်ဖောက်ကားခြင်း ဆုတ်ယုတ်ပျက်ပြားခြင်းဖြစ်ကြရပေသည်။

နှစ်တိုင်းနှစ်ပြည်အတွင်းရှိ ကုန်သည်ဆင်းရဲသားတို့မှာ ရောင်းဝယ်ဖောက်ကားခြင်းတို့၌ ဆုတ်ယုတ်ခြင်းမရှိ၊ စိတ်နှလုံးချမ်းမြေ့ရောင့်ရဲတင်းတိမ်စွာ ကုန်သွယ်မှုကို ရောင်းဝယ်ဖောက်ကား၊ သွားလာမြဲသွားလာနိုင်စေရန် နှစ်တိုင်းနှစ်ပြည်မှာလည်း ရာဇမဟာမိတ်ပီသစွာ ချစ်ခင်မြဲမြဲသည်ထက် ချစ်ခင်မြဲမြဲစေရန် နေထွက်ဘုရင် ဘဝရှင် မင်းတရားကြီးသည် ဝန်ထောက်မြောင်လှမြို့စား မင်းကြီးသီရိမဟာကျော်ထင်ရာဇာကို သံကြီး၊ မင်းထင်သိင်္ခရာဇာကို သံလတ်၊ နေမျိုးမင်းထင်ရာဇာကို သံငယ်အဖြစ်ခန့်တော်မူ၍ သက္ကရာဇ် ၁၂၄၁ ခု၊ တန်ဆောင်မုန်းလအတွင်း (၁၈၇၉ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ နိုဝင်ဘာလ ၁၃ ရက်အတွင်း) ရာဇသံလက်ဆောင်တော်များနှင့် အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးထံ စေလွှတ်လိမ့်မည်ဖြစ်ပါကြောင်း အရေးပိုင် မဟာဝန်ရှင်တော်မင်းကြီး သိရှိစေရန် စာရေးကြားရောက်လိုက်ပါသည်။

* * *



ဗြိတိသျှ မြန်မာပြည်ကော်မရှင်နာမင်းကြီး၏
ခေတ္တအတွင်းဝန်ထံမှ
မန္တလေးမြို့ နိုင်ငံခြား ဝန်ကြီး (ကင်းဝန်) သို့ပေး
၁၈၇၉ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့ရေး

၁၂၄၁ခု၊ တန်ဆောင်မုန်းလဆန်း ၆ရက် နေ့ရေး၊ နိုင်ငံခြားဝန်ကြီး ပေးပို့တော်မူလိုက်သော စာကို ရန်ကုန်မြို့ရှိ ဘုရင်မင်းမြတ်၏ကိုယ်စားလှယ်တော်က ပေးသဖြင့် ကော်မရှင်နာမင်းကြီးသည် အောက်တိုဘာလ ၂၉ ရက်နေ့ နံနက်တွင် ၎င်းစာကို ရရှိကြောင်း၊ သံအမတ်တို့မှာ သရက်မြို့သို့ ရောက်ရှိကြောင်း၊ အိန္ဒိယပြည် ဘုရင်ခံချုပ်ထံ အစီရင်ခံမည်ဖြစ်ပါကြောင်း စာပြန်ကြားလိုက်ပါသည်။

ဘုရင်ခံချုပ်ကြီးထံမှ အမိန့်တစ်စုံတစ်ရာ မရသေးမီအတွင်း သံအဖွဲ့သည် သရက်မြို့မှ ကျော်လွန်၍ မသွားရာ၊ ၎င်းတို့ သက်သာလွယ်ကူစေရန် အတွက်ဆောင်ရွက်ရမည်ဟု သရက်မြို့အရေးပိုင်သို့ အမိန့်ပေးပြီး ဖြစ်ပါကြောင်း။

အိန္ဒိယဘုရင်ခံချုပ်ကြီး၏ သဘောတော်နှစ်ခြိုက်ခြင်းနှင့်တကွ အမိန့်တော်ကို သိရှိပြီးသည့်နောက် ဆက်လက်အကြောင်းကြားဦးမည်ဖြစ်ပါကြောင်း။

* * *

စာမှတ် (၂၆)တွင် အကျမ်းဝင်စာ (ဂ)
အိန္ဒိယနိုင်ငံအစိုးရ နိုင်ငံခြားရေးဌာနအတွင်းဝန် အေစီလားယလ်ထံမှ
ဗြိတိသျှပိုင် မြန်မာပြည်ကော်မရှင်နာမင်းကြီး စီယူအိပ်ချီဆင်သို့ပေး
ဆင်မလားမြို့၊ နိုဝင်ဘာလ ၁၈ ရက်နေ့ရေး

(၁) အောက်တိုဘာလ ၂၆ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီး၏ အတွင်းဝန်မင်းပေးစာတွင် မြန်မာဘုရင်မင်းမြတ်ထံမှ အိန္ဒိယဘုရင်ခံချုပ်ထံသို့ ရာဇသံ လက်ဆောင်များနှင့် သံအမတ်များကို စေလွှတ်လိုက်ကြောင်း ကြေးနန်းလည်း ပါရှိပေသည်။ နယ်ခြားဌာနဖြစ်သော သရက်မြို့မှနေ၍ ၎င်းသံ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့၏ရည်ရွယ်ချက်၊ သံအမတ်တို့၏ ရာထူးနှင့်အာဏာများကို စုံစမ်းရန် ကော်မရှင်နာမင်းကြီးသို့ ကြေးနန်းရိုက်ကြား အမိန့်ပေးပြီးဖြစ်၏။ အိန္ဒိယ အစိုးရထံမှ အမိန့်မရသေးမီအတွင်း သံအဖွဲ့ကို ထိုအရပ်၌ ပင်လျှင် ရပ်တန့်ထားရန်ကိုလည်း အမိန့်ပေးလိုက်သည်။

(၂) ကော်မရှင်မင်းကြီး၏ အတွင်းဝန်ထံမှ နိုဝင်ဘာလ ၁ရက် နေ့စွဲနှင့် ပေးစာကို ရရှိပါကြောင်း၊ ၎င်းစာနှင့်အတူ သရက်မြို့တွင် သံအမတ်က ပေးအပ်လိုက်သော သက်သေခံစာ၊ သံအဖွဲ့နှင့်ပတ်သက်၍ ကော်မရှင်နာမင်းကြီး၏ ထင်မြင်ချက်၊ သံအဖွဲ့ကို ဘုရင်ခံချုပ်ကြီးက လက်သင့်ခံခြင်းကိစ္စနှင့်ပတ်သက်၍ ထင်မြင်ချက်များလည်း ပါရှိပေသည်။

(၃) မြန်မာသံအမတ်တွင် ပါရှိသောစာများကို ထောက်သဖြင့်လည်းကောင်း သရက်မြို့တွင် သံအမတ်နှင့်အရေးပိုင်မင်းတို့ စကားကမ်းလှမ်း ပြောဆိုသည်ကို ထောက်သဖြင့်လည်းကောင်း သိရှိရသည်မှာ ဗြိတိသျှ သံအမတ်ကို ရုပ်သိမ်းခြင်းအားဖြင့် မန္တလေးရွှေနန်းတော်မှာ မငြိမ်မသက် လှုပ်လှုပ်ရွရွဖြစ်လာကြောင်း၊ မြန်မာဘုရင်မင်းမြတ်သည် မြောင်လှဝန်ထောက်ကို မင်းခမ်းမင်းနားနှင့် စေလွှတ်ခြင်းအားဖြင့် ဗြိတိသျှအစိုးရမင်းနှင့် ချစ်ကျွမ်းတဝင် ရာဇမဟာမိတ်အဖြစ် ပေါင်းသင်းဆက်ဆံလိုကြောင်း၊ သို့ပြုလုပ်ခြင်းအားဖြင့် နှစ်တိုင်းနှစ်ပြည် ဆက်ဆံမှုကြောင့် တိုင်းသူပြည်သားအပေါင်းတို့၏ ယုံကြည်စိတ်ချသောစိတ် ပြန်လည်ပေါ်ပေါက်စေရန် စီမံသည်ဟုသိရှိရ၏။ သို့သော်လည်း မြောင်လှဝန်ထောက်တွင် ပါလာသော စာမှာဗြိတိသျှ သံအမတ်သည်မမျှော်လင့်ဘဲ ရုတ်တရက်မန္တလေးမြို့မှထွက်ခွာသွားကြောင်း၊ ရာဇမဟာမိတ်ကို ဆက်လက်တည်မြဲတည်စေလိုကြောင်း၊ ကုန်သွယ်ခြင်းကိုလည်း ဆက်လက်ပြုလုပ်စေလိုကြောင်း အရိပ်အမြွက်မျှ ပြောဆိုခြင်းမှ တစ်ပါး အခြားတစ်စုံတစ်ရာ မပါမရှိပေ။ ၎င်းပြင် သံအမတ်တွင် ဧကဝစန သဘောသော်လည်းကောင်း၊ ဗဟုဝစနသဘောသော်လည်းကောင်း၊ မိမိ၏ နိုင်ငံအတွက် ရှင်းလင်းရန် စီမံရန် အာဏာတစ်စုံတစ်ရာ မပါမရှိပေ။

(၄) သို့ဖြစ်ခြင်းကြောင့် ဘုရင်ခံချုပ်ကြီးသည် ကော်မရှင်နာမင်းကြီးနှင့်



သဘောချင်းညီညွတ်၏။ သံအဖွဲ့ကို သရက်မြို့မှကျော်လွန်၍ စေလွှတ်ခြင်းအားဖြင့် အကျိုးလည်း မရှိရာ၊ သင့်တော်မည်လည်းမဟုတ်ပေ။ ယခုဘုရင်မင်းမြတ်သည် ထီးနန်းဆက်ခံသည်မှစ၍ ကျွန်ုပ်တို့နှင့် အထက်မြန်မာပြည် ဆက်ဆံမှုကြောင့်လည်းကောင်း၊ မန္တလေးမြို့မှ ကျွန်ုပ်တို့၏ သံအမတ်ကို ရုပ်သိမ်းရသည့်အခါတွင် ဖြစ်ပျက်သည့် အခြေအနေကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့သည် ယခုအခါ ဘုရင်မင်းမြတ်စေလွှတ်တော်မူသော သံအမတ်များကိုသော်လည်းကောင်း၊ ပေးပို့တော်မူလိုက်သော ရာဇသံလက်ဆောင်တော်များကိုသော်လည်းကောင်း၊ ကာလကတ္တားမြို့တွင် လက်ခံရန် အခါအခွင့် မကြုံသည် ဖြစ်ပါကြောင်း။

(၅) အိန္ဒိယပြည်အစိုးရမင်းတို့သည် မန္တလေးမြို့မှ အရာရှိများကို မနေသာသဖြင့် ရုပ်သိမ်းရသည့်အကြောင်း အလုံးစုံကို စီကာပတ်ကုံး၊ အကုန်အစင် ထုတ်ဖော်ရေတွက်ရန်ကိုသော်လည်းကောင်း၊ ဤအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ရှင်းလင်းချက်ကိုသော်လည်းကောင်း ဘုရင်ခံချုပ်ကြီးသည် လိုလားတော်မမူ။

အိန္ဒိယပြည်အစိုးရမင်းတို့သည် စကားစတင် ကမ်းလှမ်းခြင်းကို အလိုရှိသည် သို့မဟုတ် နှစ်နာချက် လိုလားချက်များကို မြွက်ဟခြင်းအားဖြင့် ဗြိတိသျှ သံအမတ်ကို မန္တလေးမြို့သို့ မည်ကဲ့သို့သော စည်းကမ်းသတ်မှတ်ချက်များနှင့် ပြန်လည်ခန့်ထားရန် အလိုရှိသည်ဟု အထင်ရောက်စေမည့် စကားမျိုးကို ယခုအခါတွင် မပြောမဆိုရ။

ယခုရောက်ရှိသော အခြေအနေတွင် မြောင်လှဝန်ထောက် ဆက်လက်သွားရန် အခွင့်မပြုနိုင်သည့်အကြောင်းကို ပြောဆိုရုံမျှနှင့် တော်သင့်တန်ပြီ။

မန္တလေးမြို့တွင် သံအမတ်၏ အခြေအနေနှင့် သံအမတ်အားပြုစုပုံကို ဘုရင်ခံချုပ်ကြီးသည် များစွာ မကျေမနပ်ရှိကြောင်း၊ နှုတ်ဖြင့်ပြောဆိုသည့် ရာဇမဟာမိတ်သဘောမျိုးနှင့် အလျင်းပင် မညီညွတ်ကြောင်း၊ သံအမတ်သို့ ပြောကြားပါလေ။

သို့ဖြစ်ခြင်းကြောင့် ကာလကတ္တားမြို့သို့ လောကွတ်သဘောမျိုးဖြင့် နှုတ်ခွန်းဆက်သရန် သံအမတ်ကိုစေလွှတ်ခြင်းသည်လည်းကောင်း၊ ဗြိတိသျှ သံအမတ်ကို မန္တလေးမြို့တွင် ထာဝစဉ် မပျူမငှာပြုစုပါလျက် ယခု မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



သံအဖွဲ့ကို အိန္ဒိယအစိုးရမင်းတို့က ရာဇမဟာမိတ်သဖွယ် လေးလေး စားစား ကာလကတ္တားမြို့တွင် လက်သင့်ခံလိမ့်မည်ဟု အထင်ရောက်ရှိနေခြင်းသည် မဆီမလျော် မစပ်မဟပ်လည်း ဖြစ်ကြောင်း၊ စောလည်း စောသေးသည်ဖြစ်ကြောင်း မြောင်လှဝန်ထောက်သို့ ပြောကြားရာသည်။

လွန်ခဲ့သည့် ၁၂ လအတွင်း မန္တလေးမြို့ရှိ ကျွန်ုပ်တို့၏ သံအမတ်သည် သီပေါဘုရင်မင်းမြတ်၏ မှူးကြီးမတ်ကြီးတို့အား အခါအခွင့်ရတိုင်း အထူးထူးအပြားပြားသော ကိစ္စတို့နှင့် ပတ်သက်၍ ဗြိတိသျှအစိုးရမင်းတို့၏ ထင်မြင်ချက်နှင့် လိုလားချက်သည် မည်သို့ရှိသည်ကို အပြည့်အစုံ ပြောဆိုလေ့ရှိခဲ့သည်။ ဗြိတိသျှ သံအမတ်သည် ရွှေမြို့တော်၌ ရရှိထိုက်သော အခွင့်အရေး၊ နေရာထိုင်ခင်းနှင့် ပတ်သက်၍လည်း ပြောဆိုခဲ့သည်များကို မြန်မာသံအမတ်အား သတိရရှိအောင် ပြောကြားပါလေ။

ဤအကြောင်း ကိစ္စများနှင့် ပတ်သက်၍သော်လည်းကောင်း၊ နှစ်တိုင်းနှစ်ပြည်အစိုးရတို့ ပြောဆိုကြရသော ကိစ္စတို့နှင့် ပတ်သက်၍သော်လည်းကောင်း ဗြိတိသျှအစိုးရလက်သင့်ခံနိုင်လောက်အောင် ပြောဆိုစီမံနိုင်ခွင့်အာဏာသည် မြောင်လှဝန်ထောက်တွင် မပါမရှိခြင်းကြောင့် သံအဖွဲ့သည် ရှေ့သို့ဆက်လက်သွားခြင်းအားဖြင့် တစ်စုံတစ်ရာ အကျိုးအောင်မြင်ဖွယ် မရှိပေ။ သင့်လျော်သည်ထင်ပါလျှင် ရွှေနန်းတော်တို့ နောက်ထပ် အခွင့်အာဏာများ တောင်းဆိုရန်ပြောပါလေ။

အကယ်၍ မြောင်လှဝန်ထောက်သည် ထိထိရောက်ရောက်ပြောဆိုကမ်းလှမ်းရန် အာသာရှိသည်ဟု ထုတ်ဖော်ပြောဆိုသည်ဖြစ်ခဲ့ပါမူ ၎င်းပြောဆိုသည့် စကား၏သဘော၊ စကား၏တန်ဖိုး၊ စကား၏ မှန်ကန်ခြင်းများကို ထောက်ချင့်၍လည်းကောင်း၊ အခြားအကြောင်းများကို ထောက်ချင့်၍လည်းကောင်း ကော်မရှင်နာမင်းကြီးသည် စီမံနိုင်ခွင့်ရှိပါကြောင်း။

သို့တည်းမဟုတ်သော် ၎င်းသံအဖွဲ့ကို လက်သင့်ခံနိုင်မည် မဟုတ်ကြောင်းကို အတိအလင်း နားလည်စေရန် ပြောကြားပါလေ။ သံအမတ်လည်း ဗြိတိသျှ မြန်မာပြည်အတွင်း နေထိုင်ခြင်းအားဖြင့် ကန့်ကွက်ရန်အကြောင်းထူး မရှိခဲ့ပါလျှင် ၎င်းအား နယ်နိမိတ်ကို ကျော်လွန်ပြန်လည်ဆုတ်ခွာရန်စေလိုကြောင်း တောင်းပန်ရန် မလိုပေ။

* * *



စာမှတ် (၂၇)
အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးသို့
လန်ဒန်မြို့၊ ၁၈၇၉ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့ရေး

(၁) မန္တလေးမြို့မှ ဗြိတိသျှသံအမတ်နှင့်တကွ ၎င်း၏ အဖွဲ့ဝင်များပါ ရုပ်သိမ်းရခြင်းကိစ္စနှင့် ပတ်သက်၍ ဘုရင်ခံချုပ်ကြီး၏ အစိုးရထံမှ အစီရင်ခံစာကို ရရှိပါကြောင်း။

(၂) ဩဂုတ်လ ၁၁ရက် နေ့စွဲနှင့် ပေးစာအရ ကောရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိရသည်မှာ ဗြိတိသျှ မြန်မာပြည်ကော်မရှင်နာမင်းကြီးနှင့် ကာနယ်ဘရောင်းတို့ အစီရင်ခံသည့် ထင်မြင်ချက်တို့ကို ကျနပြည့်စုံအောင်ဆင်ခြင်ပြီးလျှင် ကွယ်လွန်သူ မစ္စတာရှော၏နေရာတွင် ခေတ္တစေလွှတ်ခန့်ထားသော (ကာနယ်ဘရောင်း)ကို မိမိ၏မူလထမ်းဆောင်ရသော ရာထူးဖြင့်အောက် မြန်မာပြည်သို့ ပြောင်းရွှေ့ပြီး သံအမတ် အမြဲတမ်းမခန့်တော့ဘဲ ဗန်းမော်မြို့ တွင် ခေတ္တနိုင်ငံရေးကိုယ်စားလှယ် မစ္စတာစိန်ဘာဘီကို ရွှေမြို့တော်တွင် သာမန် ပြုဖွယ်ကိစ္စများကို ဆောင်ရွက်စေရန် ဘုရင်ခံချုပ်ကြီး စီမံခန့်ခွဲသည်ဟု သိရှိရပါကြောင်း။

(၃) ယင်းသို့ ဆုံးဖြတ်ရာတွင် ကာနယ်ဘရောင်း၏ အစီရင်ခံစာ၏အလိုသို့လိုက်လျောကြောင်း၊ ကာနယ်ဘရောင်းက ထင်ရှားစေသည်မှာ မြန်မာအစိုးရမင်းတို့ တမင်ပြုလုပ်သည့်စနစ်ကြောင့် သံအမတ်၏အခြေမှာ ဗြိတိသျှအစိုးရသို့ ထိခိုက်၏။ ၎င်းသည် ကောင်းရာ ကောင်းကြောင်း စီမံရန်လည်း မတတ်နိုင်၊နှစ်တိုင်းနှစ်ပြည် ဆက်ဆံမှုတွင်လည်း တစ်စုံတစ်ရာမပြုလုပ်နိုင်။ ဗြိတိသျှလက်အောက်ခံများ နစ်နာချက်ကို ပြုပြင်စေရန်ကိုလည်း မစွမ်းဆောင်နိုင် ဖြစ်ချေသည်။ ယင်းကဲ့သို့ ဖြစ်နေပါသဖြင့် ကွယ်လွန်သူ မစ္စတာရှော၏နေရာတွင် ခမ်းနားဖွယ်ရာ သံအမတ် ခန့်ထားခြင်းဖြင့်လည်းကောင်း၊ ကာနယ်ဘရောင်းကဲ့သို့သော ရာထူးကြီးရှိသော အရာရှိတစ်ဦးကို အတိအလင်း အမည်မှည့်ပြီးမဟုတ်သောဌာနတွင် ခန့်ထားခြင်းဖြင့်လည်းကောင်း၊ အိန္ဒိယပြည်အစိုးရသည် အာဏာတန်ခိုး သိမ်ဖျင်းသည့်အခြေသို့ မိမိတို့၏ကိုယ်စားလှယ် သက်ဆင်းသည်ကို သဘောတူ လက်ခံရာကျရောက်မည့်

www.burmeseclassic.com

www.burmeseclassic.com



အခြေမျိုးကို မလိုလားကြောင်း။

(၄) ထို့ပြင် တစ်မျိုးစဉ်းစားရန်ရှိသည်ကား မြန်မာအစိုးရမင်းတို့နှင့် ဆက်ဆံမှု ပြတ်စဲသည်ရှိသော် ဧကရီဘုရင်မကြီး၏ အစိုးရမင်းနှင့်တကွ ဘုရင်ခံချုပ်ကြီးသည်လည်း ကြာမြင့်နိုင်သမျှ ကြာမြင့်စွာရှောင်ရှားလိုသည့် စစ်မက်ရေးရာကို မြန်မာဘုရင်မင်းမြတ်သည် ရုတ်တရက်ဖြစ်ပေါ်စေလိမ့်မည်။ သို့ဖြစ်ခြင်းကြောင့် ဩဂုတ်လ ၅ ရက်နေ့စွဲနှင့် ကော်မရှင်နာမင်းကြီးသို့ အမိန့်စာပေးပို့သည့် အချိန်အခါတွင် ဖြစ်လျက်ရှိသည့်အခြေကို ထောက်သဖြင့်လည်းကောင်း၊ ဘုရင်ခံချုပ်ကြီးရှေ့ဝယ် ရောက်ရှိသည့်သတင်းများကို ထောက်သဖြင့်လည်းကောင်း၊ ထိုကဲ့သို့ အခက်အခဲကြုံတွေ့နေခိုက်တွင် အလယ်အလတ်ဖြစ်သောလမ်းကို လိုက်နာရန် ဆုံးဖြတ်ခြင်းသည် ကန့်ကွက်ရန် အနည်းဆုံးဖြစ်သောလမ်းဟု ထင်၏။

(၅) စက်တင်ဘာလ ၂၅ ရက်နေ့စွဲနှင့် စာတွင် ဘုရင်ခံချုပ်ကြီးသည် မိမိ၏ ထင်မြင်ချက်ကို အဘယ်အတွက်ကြောင့် နောက်မှပြုပြင်ရသည်ကို အပြည့်အစုံ ထုတ်ဖော်ရေးသားထားပေ၏။ စက်တင်ဘာလ ၃ရက်နေ့၌ ကာဘူမြို့တွင် ဖြစ်လျက်ရှိသော အရေးမှာ မန္တလေးမြို့တွင်ရှိသောအရာရှိ၏ အခြေကို ထိခိုက်ဖွယ်အကြောင်းရှိသည်မှာကား သံသယရှိဖွယ်မရှိ။ ထိုအဖြစ်အပျက်များကို ထောက်ရှုခြင်းအားဖြင့်လည်းကောင်း၊ ကာနယ်ဘရောင်းသည် ဗြိတိသျှပိုင် မြန်မာပြည်အတွင်းသို့ ရောက်ရှိပြီးမှ အထက်မြန်မာပြည်တွင် ဖြစ်ပျက်လျက်ရှိသောကိစ္စ၊ ဖြစ်ပေါ်မည်ဖြစ်သောကိစ္စများနှင့် ပတ်သက်၍ ရေးသားပေးပို့သည့် သတင်းများကို ထောက်ရှုခြင်းအားဖြင့်လည်းကောင်း၊ မစ္စတာစိန်ဘာဘီကို မန္တလေးရွှေမြို့တော်တွင် ဆက်လက်နေစေခြင်းသည် မလိမ်မာရာ ရောက်ရှိပေလိမ့်မည်ဟု ဧကရီဘုရင်မကြီး၏ အစိုးရမင်းသည် အထင်ရှိ၏။ သို့ဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်နှင့်တကွ အစည်းအရုံး အစောင့်အကြပ်များကိုပါ စီမံဖွယ်ကိစ္စအရပ်ရပ်တို့ကို စီမံပြီးလျှင် ရုပ်သိမ်းရန် အမိန့်ချမှတ်သည်ကို သဘောတူ၏။ အခက်အခဲ မကြုံတွေ့ဘဲ ချောမောစွာ ထွက်ခွာခဲ့ပြီးဖြစ်ကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း။

(ပုံ) ခရိုင်းဘရွတ်

* * *



စာမှတ် (၂၈)

ဘုရင်ခံချုပ်ကြီးထံမှ အိန္ဒိယအတွင်းဝန်သို့ ရိုက်ကြေးနန်း

၁၈၇၉ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့

လွန်ခဲ့သည်လက သူဌေးပိုင် မီးသင်္ဘောပေါ်၌ သင်္ဘောသားများကို ရန်းရင်းဆန်ခတ်တက်ရောက် ရိုက်နှက်ကြ၏။ ဤကိစ္စကို လျစ်လျူမရှုနိုင်။ မြန်မာများက ငြင်းဆန်ခဲ့သော်ဖြစ်စေ၊ သွေဖည်ခဲ့သော်ဖြစ်စေ ကျွန်ုပ်တို့မှာ အသင့်ပြင်ဆင်ပြီးမရှိဘဲ ပြုပြင်မှုတောင်းဆိုရန်များစွာ မသင့်လျော်။ သင့်တော်ရုံပြုပြင်စေရန် သာမန်တောင်းဆိုချက်မျှသာပြုရန် ကြံစည်၏။ လိုက်နာနိုင်ရန် အချိန်လုံလောက်စွာပေးမည်။ သို့သော် ကျွန်ုပ်တို့ ကျေနပ်လောက်အောင် ပြုပြင်မှု မပြုမလုပ်ခဲ့ပါလျှင် ဗြိတိသျှ လက်အောက်ခံများကို ကာကွယ်ခြင်း၊ ပြုပြင်ပေးခြင်း မပြုသဖြင့် စည်းကမ်းဖောက်ခြင်းကြောင့် နောက်ဆုံးချုပ်ဆိုသော နှစ်ရပ်သောစာချုပ်တို့ကို ရုပ်သိမ်းမည်ဟု ကြံရွယ်ပါကြောင်း၊ **ကျွန်ုပ်တို့အဖို့ အကျိုးကျေးဇူး မများတော့ပြီဖြစ်သော ကုန်သွယ်ရေးစာချုပ်မှ လွတ်မြောက်ရန် ယခုပေါ်ပေါက်သည့် ကိစ္စကို အသုံးပြုရပေမည်။ ထို့ပြင် ဤကိစ္စကို ရိုးမည်ဖွဲ့ကာ ဗြိတိသျှအခွန်ဘဏ္ဍာတော်မှာအကျိုးများ၍ မြန်မာပြည်ကို နစ်နာစေနိုင်သော ဘဏ္ဍာရေးစီမံချက်များ ပြင်ဆင်စေရန် အတင်းအကျပ် ဖိနှိပ်နိုင်ပေလိမ့်မည်။** စေ့စပ်သေချာစွာ စုံစမ်းပြီးမှသာလျှင် ပြုလုပ်ဖွယ်အခင်းများကို ပြုလုပ်ပါမည်။ သို့သော်လည်း တောင်းဆိုဖွယ်ရှိသည်များကို အချိန်မနှောင်းစေဘဲ တောင်းဆိုရမည်ဖြစ်ပါ၍ ဤနည်းလမ်းအတိုင်း လိုက်နာနိုင်စေရန် မိမိတို့ အမြော်အမြင်အတိုင်း ပြုလုပ်နိုင်ခွင့်ကို ရလိုပါကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာမှတ် (၂၉)
အိန္ဒိယအတွင်းဝန်ထံမှ
ဘုရင်ခံချုပ်ကြီးသို့ရိုက်ကြေးနန်း
၁၈၇၉ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့

၉ ရက်နေ့စွဲကြေးနန်းကို ရရှိ၏။ မြန်မာပြည်သည် အပြစ်ကျူးလွန်သည်ဟု ယူဆကာ သာမန်ပြုပြင်မှုတောင်းဆိုခြင်းသည် သင့်တော်၏။ စာချုပ်နှင့်ပတ်သက်၍ ရှေ့အဖို့မည်သို့ ပြုလုပ်မည်ကို မဆုံးဖြတ်မီ အကြောင်းအပြည့်အစုံရရှိရန်လို၏။

* * *

စာမှတ် (၃၀)
အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန
ကေရီဘုရင်မကြီး၏အိန္ဒိယပြည်ရေး
အတွင်းဝန် လော့ခရိုင်းဘရွတ်သို့ပေး
ပုတ်ဝီလျံခံမြို့၊ ၁၈၇၉ ခု
ဒီဇင်ဘာလ ၁၉ ရက်နေ့ရေး

မြန်မာပြည် ကော်မရှင်နာမင်းကြီးထံမှ မန္တလေးမြို့ရေးကိစ္စနှင့် စပ်လျဉ်းသော ၁၈၇၉ ခု နိုဝင်ဘာလ ၃၀၊ ဒီဇင်ဘာလ ၇ရက်နေ့များတွင် ဆုံးခန်းတိုင်သည့် ရက်သတ္တပတ်များအတွက် ရရှိသော သတင်းများကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိတော်မူကြစေရန် ဤစာနှင့် အတူ ပူးတွဲထည့်သွင်းလိုက်ပါကြောင်း။

(ပုံ) လစ်တန်
အက်ဖ်ဝီဟိန်း
အေဂျေအာရ်ဘတ်နော့
အေကာလပ်
ဂျွန်စတြေရေချီ
အီဘီဂျွန်ဆင်
ဒဘလျူစတုတ်
အေအာရ်သော်မဆင်



စာမှတ် (၃၀) တွင် အကျွမ်းဝင်စာ
မှတ်ချက်များ

(၁) သရက်မြို့နှင့် တောင်ငူနယ်ခြားများမှ ငြိမ်ဆိတ်စွာရှိကြောင်း သတင်းရသည်။ စစ်မက်ရေးရာအတွက် ပြင်ဆင်နေခြင်းနှင့် ပတ်သက်သော သတင်းများမှာ ပပျောက်ကုန်ပေပြီ။

(၂) မန္တလေးမြို့တွင် မလျှော့သော ရက်စက်ခြင်းဖြင့် သတ်ဖြတ်ခြင်းများကို ဆက်လက်၍ ပြုလုပ်လျက်ရှိ၏။ မကြာမီက မင်းသား၏ ရာထူးသို့ သူကောင်းပြုခြင်းခံရသော မင်းသားတစ်ပါးမှာ ချစ်ကြိုက်ရည်ငံမှုတွင် အမြင့်ကို လှမ်းလွန်းသောကြောင့် အသတ်ခံရသည်။ သုံးဆယ်မင်းသား၏ နှမတော် ၅ပါးကိုလည်း သတ်ဖြတ်ကြ၏။ အစိုးရ၏အကြောင်းပြချက်မှာ ၎င်းမင်းသမီးများသည် ညောင်ရမ်းမင်းသားနှင့် စာပေးစာယူပြုလုပ်ခြင်းကြောင့်ဟုဆို၏။ သို့သော် ၎င်းမင်းသမီးတို့အပေါ်တွင် နန်းမတော်ဘုရားသည် မနာလိုဝန်တိုသောကြောင့် အသတ်ခံရကြသည်ဟု စွပ်စွဲကြ၏။ ၎င်းပြင် ပုဏ္ဏား နှစ်ယောက်နှင့် မြန်မာအဖော် ၃ဦးတို့ကိုလည်း သတ်၏။ ဘုရင်မင်းမြတ်ကို လုပ်ကြံရန် အဆိပ်ရရှိစေရန် ပြုလုပ်ခြင်းကြောင့်ဖြစ်သည်။ သို့မဟုတ် ညောင်ရမ်းမင်းသား၏ဘက်တော်တွင် အားတက်သရော ဆောင်ရွက်ခြင်းကြောင့် ဖြစ်သည် စသည်ဖြင့် အသေအချာ မသိရပေ။ နန်းမတော်ဘုရား၏အစ်မတော် စုဖုရားကြီးသည် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကို အဆိပ်ကျွေးရန် ကြံစည်ရာတွင် ပါဝင်သည်ဟု ပြောကြ၏။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ယင်းကဲ့သို့သော အကြောင်းများကို ပြကာ ဘုရင်မင်းမြတ်နှင့် ဘုရင်မင်းမြတ်၏ ရုံရွှေတော်များတို့ မနှစ်မြို့သောသူများကို ရက်စက်စွာ သတ်ဖြတ်ခြင်း ပြုကြကုန်၏။

(၃) မန္တလေးမြို့မှ အောက်မြန်မာပြည်သို့ရောက်ရှိသော စေတမန်တို့သည် ကြံစည်အားထုတ်ခြင်းနှင့် ပတ်သက်၍ မကွဲမပြားရှိသော်လည်း စိတ်နှလုံး မငြိမ်ဖွယ်ရာ သတင်းများကို ဆက်လက်ရရှိ၏။ ဤကဲ့သို့ စီမံအားထုတ်ရာတွင် ကျွန်ုပ်တို့၏အရာရှိတစ်ဦး နှစ်ဦးမှာလည်း သံသယလုံးလုံးကင်းဖွယ်

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ယခုထက်တိုင် တစ်စုံတစ်ရာ အကောင်အထည်နှင့် သာဓက မရရှိခြင်းကြောင့် ရရှိသော သတင်းများကို အခြေအတိုင်း စောကြော စုံစမ်းရန် စီမံလျက်ရှိပါကြောင်း။

(ပုံ) ဂျီဒီဘားဂျက်

* * *

ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်
ဗြိတိသျှပိုင် မြန်မာပြည်
၁၈၇၉ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့
မှတ်ချက်များ

ဘုရင်မင်း၏ အသက်ကို အဆိပ်ကျွေး၍ လုပ်ကြံရာတွင် မိဖုရားကြီး၏ အစ်မတော်လည်း ပါဝင်သည်ဟူသော သတင်းသည် ဟုတ်မှန်ကြောင်း ထောက်ခံချက်ရရှိ၏။ တသီးပုဂ္ဂလဖြစ်သော သတင်းပေး နှစ်ယောက်ထံမှ ရရှိသောသတင်းမှာ မြန်မာအစိုးရမင်းတို့သည် (ရိုက်ဖယ်)သေနတ်များနှင့် (တော်ပီဒို)ရေအောက်ပစ်ဗုံးလက်နက်များကို လုပ်ကိုင်လျက်ရှိနေကြောင်း၊ ဤလုပ်ကိုင်ခြင်းများကို တိတ်တဆိတ်လုပ်ကိုင်လျက်ရှိကြောင်း၊ နောက်ဆုံးရရှိသောသတင်းမှာ လဆန်း ၁ရက်နေ့တွင် ရရှိသော သတင်းဖြစ်၏။ ထိုသတင်းအရဟူမူ တောင်ငူနယ်ခြားတွင် အေးချမ်းစွာရှိ၏။ ထိုနေ့တွင်ပင် တောင်ငူအရေးပိုင်ထံမှရရှိသော အစီရင်ခံစာ၌ (ပုလိပ်များသတင်းရရှိသည်မှာ၊ မင်းလှသူဌေး မောင်စံမှီအား လက်နက်အပြည့်အစုံနှင့် လေ့သမား ၇၀၀ ကို စုဆောင်း၍ ၂၅၀ မင်းလှမြို့ တစ်ဖက်တွင်ရှိသော အလုပ်တွင် လုပ်ကိုင်ရန် သတ်မှတ်ကြောင်း။) စလင်းမင်းသမီး ကွယ်လွန်ကြောင်း သတင်းရရှိ၏။ သို့သော်လည်း အကြောင်းစုံ မသိရသေးပေ။

(ပုံ) ဂျီဒီဘားဂျက်

ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်
ဗြိတိသျှပိုင် မြန်မာပြည်
၁၈၇၉ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့

* * *



စာမှတ် (၃၁)
ကေရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေး
အတွင်းဝန်ကြီး လော့ခရိုင်းဘရွတ်သို့
ပုတ်ဝီလျှံမြို့ ၁၈၈၀ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့ရေး

(၁) ရောဝတီမီးသင်္ဘောတစ်စင်းပေါ်တွင် မြန်မာဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများက တက်ရောက်ရန်းရင်းဆန်ခတ်ဖြစ်ခြင်းနှင့် စပ်လျဉ်းသောစာများကို ကေရီဘုရင်မကြီး၏ အစိုးရမင်းများ သိရှိတော်မူရန် ဆက်သလိုက်ပါကြောင်း။

(၂) ထိုသတင်းအရ သိရှိရသည်မှာ ရောဝတီမီးသင်္ဘော ကုမ္ပဏီပိုင် ရွှေမြို့ခေါ်မီးသင်္ဘောသည် နိုဝင်ဘာလ ၁၃ ရက်နေ့က အထက်မြန်မာပြည် မြင်းခြံမြို့သို့ ဆိုက်ရောက်သောအခါ မဟာမေဒင်လူမျိုး စူရတီကုလားတစ်ယောက်သည် တိုင်းရင်းသားအစောင့်ကို ကျော်လွန်၍ စက်အိုးကိုဖြတ်သန်း၍ ဆေးသုတ်ပြီးခါစရှိသော သင်္ဘောရှေ့ပိုင်းသို့သွားရန် အားထုတ်၏။ စိတ်သဘောကောင်း၍ ရန်ကိုမလိုလားသောအရာရှိတစ်ဦးဟူ၍ နာမည်ရရှိသော သင်္ဘောအရာရှိ ကပ္ပတိန်ဗင့်စ် (Captain Vince)က ၎င်းစူရတီလူမျိုးအား ကုန်းဘောင်ပေါ်မှ လှည့်၍ ဖြတ်သန်းသွားရန် တောင်းပန်၏။ စူရတီက ငြင်းဆန်၍ ကပ္ပတိန်အား ရိုင်းစိုင်းစွာရေရွတ်ဆဲဆို၏။ ထိုကြောင့် ကပ္ပတိန်ဗင့်စ်သည် ၎င်းအားအနီးရှိ သမ္ဗန်ပေါ်သို့ ဆွဲချ၍ လွှတ်လိုက်၏။ စူရတီသည် ချက်ချင်း ၂၀ ခန့်မျှ ရှိသော မြန်မာကူလီများကို ခေါ်၍ ၎င်းတို့သည် ဝါးများ ထင်းချောင်းများကို လက်နက်စွဲကုန်လျက် သင်္ဘောပေါ်သို့ တက်ရောက်ကြ၏။ ကပ္ပတိန်သည် ၎င်းအားဖမ်း၍ လက်ထိတ်ခတ်ရန် အားထုတ်သည်ရှိသော် မြန်မာများတို့သည် သင်္ဘောအရာရှိများနှင့် သင်္ဘောသားများကို အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ကြ၏။ သင်္ဘောအရာရှိကြီးနှင့် စက်ဆရာကို ရိုက်နှက်ကြ၍ သင်္ဘောကုလားနှစ်ယောက်ကို ရေသို့ပစ်ချ၏။ ကပ္ပတိန်သည် တစ်ယောက်သော သင်္ဘောကုလားကို ကယ်ဆယ်ရန်သွား၏။ ၎င်းနောက် ရေစပ်တွင် သတိမေ့လျက်ရှိသော သင်္ဘောသားတစ်ယောက်ကို သင်္ဘောပေါ်သို့ ယူဆောင်ခဲ့၏။ ၎င်းသင်္ဘောသားမှာ သေလု မျောပါးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်းတွင် လက်ထိတ်ခတ်ပြီးသူ တစ်ဦးမှ တစ်ပါး ကျန်မြန်မာအားလုံးတို့သည် ရှုရတီနှင့်အတူ ကုန်းပေါ်သို့ ထွက်ပြေးကြကုန်၏။ ထိုညတွင် သင်္ဘောပေါ်မှ မဆင်းရန် ကပ္ပတိန်ကို သတိပေး၏။ နောက် တစ်နေ့နံနက်၌မူ မြို့ဝန်မင်းရုံးတော်သို့ သွားရောက်တိုင်တန်း၏။ မြို့ဝန်မင်းသည် စစ်ဆေး၏။ သို့သော်လည်း မန္တလေးရွှေမြို့တော်မှ အမိန့်ကို စောင့်ဆိုင်းနေရသဖြင့် တစ်စုံတစ်ရာ ပြီးပြတ်ခြင်းမရှိခြင်းကြောင့် သင်္ဘောသည် ထွက်ခွာလာခဲ့၏။ မန္တလေးမြို့သို့ရောက်ရှိသောအခါ ကပ္ပတိန်သည် သင်္ဘောကိုယ်စားလှယ် မစ္စတာအန္ဒြေနီးထံသို့ သွားရောက် တိုင်တန်း၍ နိုင်ငံခြားဝန်ကြီး (ကင်းဝန်)မင်းကြီးသည် သင်္ဘောကို ဝင်ရောက်တိုက်ခိုက်သော မြန်မာများကို ဖမ်းဆီးရန် မြို့ဝန်သို့ ကြေးနန်း ရိုက်ကြားပြီးကြောင်း မစ္စတာ အန္ဒြေနီးက ပြန်ပြော၏။ သင်္ဘောပြန်လည်စုန်ဆင်းရာ (ကပ္ပတိန် ဗင့်စ်)သည် မြင်းခြံဝန်ထံသွားရောက်၍ ပြုပြင်မှုတောင်းဆို၏။ သို့ရာတွင် တစ်စုံတစ်ရာ စုံစမ်းခြင်း ပြုလုပ်ပုံမရှိ။ ဝန်မင်းသည် ကျေအေးမှုကို ပြောဆို၏။ ကပ္ပတိန်က ငြင်းဆို၏။ ထိုသည်တွင် ဝန်မင်းသည် အမှုကို ပယ်ချ၍ တစ်စုံတစ်ရာပြုပြင်မှု မရချေ။

(၃) ကျွန်ုပ်တို့က ရန်စခြင်း တစ်စုံတစ်ရာ မပြုလုပ်ပါဘဲလျက် ဗြိတိသျှပိုင် သင်္ဘောကို မြန်မာပိုင်သည့်ရေထဲတွင် ဝင်ရောက်တိုက်ခိုက်ခြင်းသည် လျော်ကြေးတောင်းဆိုရန်နှင့် ကျူးလွန်စော်ကားသူများကို အပြစ်ဒဏ်ပေးစေရန် တောင်းဆိုထိုက်သောကိစ္စ ဖြစ်သည်ဟု ကျွန်ုပ်တို့ အမှန်အယူရှိ၏။ တိုင်းနိုင်ငံတို့၏ ဓလေ့အတိုင်း ဤကဲ့သို့သော ကိစ္စအတွက် မြန်မာမင်းတို့မှာ တာဝန်မကင်းဖြစ်သည်သာမက စာချုပ်အရ ဗြိတိသျှတိုင်းသားများကို မြန်မာနယ်ပယ်အတွင်း ကာကွယ်ရန်လည်း တာဝန်ရှိ၏။ ဤကဲ့သို့သော ကိစ္စမျိုးကို ဂရုမမူ၊ လျစ်လျူရှုပါမူ ဗြိတိသျှအစိုးရတို့မှာ ဂုဏ်တက်ဖွယ်မရှိ။ ထိုကဲ့သို့သော လစ်ဟင်းခြင်းအတွက် ဗြိတိသျှ မြန်မာပြည်တွင် လူအများပြောဆိုရုံမျှမက ကန့်ကွက်ကြရန်လည်း အကြောင်းရှိ၏။ အထက်မြန်မာပြည်၌လည်း ထပ်မံကျူးလွန်ရုံမျှမက လေးနက်သော ကျူးလွန်ခြင်းကိုပင်လျှင် အားပေးရာရောက်ပေလိမ့်မည်။ သို့ပါ၍ အတွင်းဝန်မင်း၏ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲနှင့် ကြေးနန်းကိုရလျှင် မြန်မာနိုင်ငံခြား ဝန်ကြီး (ကင်းဝန်)ထံ



စာရေး၍ ၎င်းကိစ္စသည် ချုပ်ဆိုပြီး စာချုပ်ကို ဖောက်ပြားရာ ရောက်ကြောင်း၊ ၎င်းပြင် မပြင်းထန်သော စကားအသုံးအနှုန်းဖြင့် စာရေးသား၍ လုံလောက်သော ပြုပြင်မှုကို တောင်းဆိုရန် ကော်မရှင်နာမင်းကြီးသို့ အခွင့်အာဏာပေးလိုက်ပါသည်။

(၄) သို့သော်လည်း ဒီဇင်ဘာလ ၉ရက်နေ့ ကြေးနန်းတွင် ကျွန်ုပ်တို့ အစီရင်ခံသည့်အတိုင်း ကျွန်ုပ်တို့၏ တောင်းဆိုချက်ကို ငြင်းသော်လည်း ငြင်းရာ၏။ သွေဖည်တိမ်းရှောင်ခြင်းကိုသော်လည်း ပြုရာ၏။ သို့ပါ၍ ထိုသို့ဖြစ်ခဲ့သော် ကျွန်ုပ်တို့ ပြုဖွယ်ကိစ္စများကို ဆောလျင်စွာပြင်ဆင် အသင့်ရှိနှင့်စေကြောင်း စဉ်းစားစီမံရန် လိုပေ၏။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏နိုင်ငံရေးဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်ရေး ဆက်ဆံမှုတို့ကို တိုင်းထွာ ဆင်ခြင်၍ ဆုံးဖြတ်ကြသည်မှာ ထိုက်သင့်သောပြုပြင်မှုကိုမျှ မရမရှိ၊ မန္တလေးအစိုးရများက ငြင်းဆိုသည်ရှိသော် ၁၈၆၂ခု၊ ၁၈၆၇ ခုနှစ်များတွင် ချုပ်ဆိုသည့် ကူးသန်း ရောင်းဝယ်ရေး စာချုပ်များကို မလိုက်နာတော့ဘဲ ပြန်လည်ရုပ်သိမ်းမှသာလျှင် ထိခိုက်၍ သင့်လျော်သော စီမံချက်ဖြစ်ပေလိမ့်မည်။

မြန်မာမင်း၏ နယ်ပယ်အတွင်း ကူးသန်းရောင်းဝယ်လျက်ရှိသော ကျွန်ုပ်တို့၏ လက်အောက်ခံများကို နှိပ်စက်ကလူပြုခြင်း၊ ၎င်းတို့အား မြန်မာအစိုးရမင်းတို့က ကာကွယ်စောင့်ရှောက်မှုများ မပြုမလုပ်ခြင်းတို့သည် ၁၈၆၂ ခုနှစ်တွင် ချုပ်ဆိုသော စာချုပ်၊ အပိုဒ် ၃ နှင့် အပိုဒ် ၇ တို့ကို ကျူးလွန်ရာရောက်၏။ ၁၈၆၇ခုနှစ်တွင် ချုပ်ဆိုသော စာချုပ်မှာလည်း ပထမစာချုပ်ကို အမှီသဟဲပြုသည်ဟု ကြေညာပြီးဖြစ်၏။ ယခုပေါ်ပေါက်သည့်ကိစ္စကို အကြောင်းပြု၍ မြန်မာမင်းအစိုးရသည် ၎င်းစာချုပ်များကို ရိုးသားဖြောင့်မတ်စွာ ထိထိရောက်ရောက် လိုက်နာလိုသည် မလိုက်နာလိုသည်ကို အတိအလင်း မေးမြန်းရန် များစွာ အခွင့်သာသည်ဟု ထင်၏။ ကူးသန်းရောင်းဝယ်မှု အခွင့်အရေးတို့ကို အထက်မြန်မာပြည်အစိုးရတို့သည် မကြာခဏ ကျူးလွန်ခြင်း၊ သွေဖည်ရှောင်တိမ်းခြင်းများကြောင့် မကြာခဏ ကျွန်ုပ်တို့၏ လက်အောက်ခံများက ယခုတစ်လောတွင် အမြဲတိုင်တန်းလျက် ရှိ၏။

ထို့ပြင် ကျွန်ုပ်တို့၏ သံအမတ်နှင့် မြန်မာမှူးမတ်မြတ်များ တွေ့ဆုံဆွေးနွေးသော်လည်း အကြောင်းမထူးသည်သာလျှင် ဖြစ်၏။ ၎င်းစာချုပ်

www.burmeseclassic.com

www.burmeseclassic.com



များမှာ မြန်မာအစိုးရမင်းတို့သာလျှင် အကျိုးကျေးဇူးများ၏။ အဘယ်ကြောင့်ဆိုသော် ထိုစာချုပ်များချုပ်ဆိုရာ၌ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ နှစ်တိုင်းနှစ်ပြည်အတွင်း ကူးသန်းရောင်းဝယ်ရေး လမ်းဖွင့်၍ အားပေးရန်သာဖြစ်၏။ နောင်အရှည်သဖြင့်လည်း ကူးသန်းရောင်းဝယ်ရေးသည် ချစ်ခင်ရက်ရောသောအခြေသို့ ရောက်ရှိရန်ဖြစ်၏။ ကျွန်ုပ်တို့၏ အကျိုးစီးပွားနစ်နာ၍ ဂုဏ်ဒြပ်ညှိုးနွမ်းခြင်းကို ခံသော်လည်း ကျွန်ုပ်တို့ရက်ရောသည်ကို မသိတတ်သောတိုင်းနိုင်ငံ၊ကျွန်ုပ်တို့က စာချုပ်ကို ရိုသေစွာလိုက်နာသော်လည်း ကျွန်ုပ်တို့၏စေတနာကို တုံ့ပြန်ခြင်းမပြုလုပ်သော တိုင်းနိုင်ငံနှင့် ဆက်လက်၍ စာချုပ်အတိုင်း လိုက်နာခြင်းသည် ကျွန်ုပ်တို့၏ ကုန်သည်များမှာလည်း အကျိုးကျေးဇူး မများတန်ရာ။

(၅) ဤစာချုပ်များကို ရုပ်သိမ်းပယ်ဖျက်ခြင်းကြောင့် ကူးသန်းရောင်းဝယ်မှုနှင့် ဆက်ဆံမှုများသည် မည်ကဲ့သို့ဖြစ်မည်ကို သေချာစေ့စပ်စွာ စူးစမ်းပြီးဖြစ်၏။ ဤအချက်နှင့် ပတ်သက်၍ ဒီဇင်ဘာလ ၆ ရက်နေ့ မြန်မာပြည်ကော်မရှင်နာမင်းကြီးထံမှ ကျွန်ုပ်တို့သို့ ပေးပို့လိုက်သောစာကို ကြည့်ရှုစေလိုပါသည်။ ဤကဲ့သို့စာချုပ်ကို ဖျက်ခြင်းအားဖြင့် ကူးသန်းရောင်းဝယ်ရေးတွင် အခြေအနည်းငယ် ပျက်မည်မှာ မှန်၏။ သို့သော်လည်း ခေတ္တမျှသာဖြစ်မည်ဟု ထင်ရန်အကြောင်းရှိ၏။ မန္တလေးမြို့နှင့် ကုန်သွယ်မှုမှာ များစွာဆုတ်သာတက်သာရှိကြောင်း ကော်မရှင်နာမင်းကြီးက အစီရင်ခံ၏။ နောက်ထပ် နှောင့်ယှက်ခြင်းမရှိပါလျှင် မကြာမီ နလံထူမည်မှာ အမှန်ဖြစ်၏။

ကော်မရှင်နာမင်းကြီး အစီရင်ခံသည်မှာ သံအဖွဲ့ကို ရုပ်သိမ်းပြီးနောက် မန္တလေးမြို့နှင့် ကူးသန်းရောင်းဝယ်မှုမှာ အတန်ကြာ ရပ်စဲလုခမန်းဖြစ်သော်လည်း မကြာမီ နလံထူ၍ ယခုအခါ၌မူ ရှေးကကဲ့သို့ပင် စည်ကားဖွံ့ဖြိုးလျက်ရှိ၏။ စာချုပ်များကို ရုတ်တရက် ဖျက်သိမ်းခြင်းအားဖြင့်လည်း ကူးသန်းရောင်းဝယ်ရေးမှာ မငြိမ်မသက် လှုပ်လှုပ်ရှားရှားဖြစ်မည်ကား မှန်သော်လည်း ကြာမြင့်စွာ လှုပ်ရှားမည်မဟုတ်၊ ၎င်းလှုပ်ရှားခြင်းကိုလည်း တင်ကြိုသတိထား၍ အုပ်ထိန်းနိုင်၏။ တစ်မျိုးဆင်ခြင်ပြန်သည်ရှိသော် ဤကဲ့သို့ပြုလုပ်ပါလျှင် ကျွန်ုပ်တို့ နယ်ပယ်အတွင်း၌ လွတ်လပ်စွာ ငွေရေးကြေးရေးကို စီမံနိုင်၍ အခွန်ဘဏ္ဍာ များစွာတိုးတက်နိုင်၏။ ယခုအခါ၌ ၁၈၆၂ ခု၊ ၁၈၆၇ ခုနှစ်



များတွင် ချုပ်ဆိုသည့် စာချုပ်များ၏ အကျိုးအားကြောင့်ဧရာဝတီမြစ်ကြောင်းဖြင့် အထက်မြန်မာပြည်သို့ တင်ပို့ရန် ထွက်ကုန်များတန်ဖိုး ငွေဒင်္ဂါး ၁၀၀ ကျပ်လျှင် ရန်ကုန်ဆိပ်ကမ်း၌ အကောက်ငွေ ၁ကျပ်သာလျှင် ကောက်ခံရ၏။ မြန်မာ ဘုရင်မင်းမြတ်သည်လည်း မြန်မာပြည်မှ ဗြိတိသျှပိုင်နယ်သို့ တင်ပို့သော နိုင်ငံခြားပစ္စည်းများအပေါ်တွင် ဤမျှသော အကောက်တော်ကို စည်းကြပ်၏။

သို့သော်လည်း ခွင်းချက်ထားတော်မူသည်မှာ မြန်မာပြည်နှင့် ဗြိတိသျှပိုင်နယ်အတွင်း ဝင်ကုန်၊ ထွက်ကုန် နှစ်ရပ်လုံးအပေါ်တွင် နယ်ခြားခွန်တစ်ရာလျှင် ၅ ကျပ် စည်းကြပ်တော်မူ၏။ ၎င်းပြင်အချို့သောကုန်များကို ဘုရင်မင်းမြတ် တစ်ဦးတည်းပိုင် (မိုနိုပိုလီ)ပြုလုပ်ထားတော်မူသေး၏။ ၁၈၆၇ ခုနှစ် ချုပ်ဆိုသည့် စာချုပ် အပိုဒ် ၂ အရ သတ်မှတ်ထားသော ကာလအပိုင်းအခြားမှာ ကုန်လွန်ပြီဖြစ်၍ မည်သည့်အခါမဆို ၃ လ ကြိုတင်သတိပေးအကြောင်းကြားပြီးလျှင် ဘုရင်မင်းမြတ်သည် ၎င်းအခွန်များကို ရာခိုင်နှုန်း ၁၀ အထိ တိုးတက်ပိုင်၏။ ၎င်းအခွင့်အရေးတို့မှာ မြန်မာအစိုးရ၌ အကျိုးကျေးဇူးများလှကြောင်း မျက်မြင်ပင်ဖြစ်၏။ ကုန်းကြောင်းခရီးဖြင့် တရုတ်ပြည်နှင့် ရှမ်းပြည်မှ ဗြိတိသျှနယ်အတွင်းသို့ တင်သွင်းသော ကုန်များအပေါ်တွင် တန်ဖိုးငွေ ၁၀၀ကျပ်လျှင် ၁ ကျပ်သာလျှင် စည်းကြပ်ရန်ကန့်သတ်ချက် တစ်ခုသာလျှင်ရှိ၏။ သို့သော်လည်း ကုန်းလမ်းဖြင့်ကုန်သွယ်ခြင်းသည် ရေလမ်းဖြင့် အထက် မြန်မာပြည်သို့ တင်ပို့ရသောကုန်သွယ်ခြင်းနှင့် နှိုင်းယှဉ်သည်ရှိသော် ပြောပလောက်အောင် အရေးမကြီးပေ။

---

၁၈၇၈ – ၇၉ ခုနှစ်တွင် မန္တလေးကုန်များ
အပေါ်တွင် ကျပ်နှုန်းစည်းကျပ်သည့် အကောက်ငွေ – ၅၈၄၈၀ ] အတိုးငွေ ၂၈၁၇၈၂
၁၈၇၈ – ၇၉ ခုနှစ်တွင် မန္တလေးကုန်များအပေါ်တွင်– ၃၄၀၂၅၂ ]
အကောက်နှုန်းအတိုင်းသင့်ငွေ

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကန့်သတ်ခြင်းကြောင့် ဘုရင်မင်းမြတ်၌ အခွန်တော် ဆုံးရှုံးခြင်းမှာ မဖြစ်သလောက်သာလျှင် ရှိချေမည်။ သို့သော်လည်း ၁၈၇၈ –၇၉ ခုနှစ်တွင် ဗြိတိသျှအစိုးရတို့၌ ဆုံးရှုံးခြင်းမှာ ငွေဒင်္ဂါး ၂၈၁၇၈၅ ဖြစ်၏။ ၎င်းငွေ ၂သိန်းကျော်မှာ ၁ကျပ်နှုန်းနှင့် အကောက်တော်ကို မစည်းကြပ်ဘဲ ဗြိတိသျှနယ်အတွင်း၌ စည်းကြပ်သော နှုန်းထားအတိုင်း စည်းကြပ်ခဲ့သော် ရှိနိုင်သော ငွေဖြစ်၏။

၁၈၆၂ခုနှစ်တွင် ချုပ်ဆိုသည့်စာချုပ်တွင်ပါရှိသော နယ်ခြားခွန်ကို ရုပ်သိမ်းပယ်ဖျက်ခြင်းအားဖြင့် ဗြိတိသျှအစိုးရတို့မှာ တစ်နှစ်လျှင် ငွေ ၆ သိန်းမျှကို လက်လွှတ်လိုက်ရ၏။ သို့ပါ၍ စာချုပ်များကို ပယ်ဖျက်ခြင်း၏ အကျိုးတစ်ရပ်ကား ရေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ တင်ပို့သော ကုန်များ အပေါ်တွင် စည်းကြပ်သည့် အကောက်တော်ကို တိုးမြှင့်ခြင်းဖြင့် ကျွန်ုပ်တို့ နယ်အတွင်းသို့ တင်ပို့သော ကုန်များအပေါ်တွင် စည်းကြပ်သော အကောက်တော်နှင့် ညီမျှအောင်ပြုလုပ်နိုင်၏။ ကျွန်ုပ်တို့၏ အကောက်တော်မှာ ၃ သိန်းမျှတိုးရန် ခန့်မှန်းနိုင်၏။ ၎င်းပြင် နယ်ခြား၌ အခွန်တော် ကာကွယ်ရေး အဖွဲ့များကို ရုပ်သိမ်းခြင်းအားဖြင့် စရိတ်ငွေလည်း သက်သာရန်ရှိသေး၏။ ကျွန်ုပ်တို့နိုင်ငံအတွင်း ဝင်ကုန်များအပေါ်တွင် အကောက်နှုန်းတို့တိုးသော်လည်း ကုန်သွယ်မှု၌ လွယ်လပ်ခြင်းကသာ၍ အကျိုးကျေးဇူးများ၏။

(၆)ထိုပြင် အထက်မြန်မာပြည်နှင့် ကူးသန်းရောင်းဝယ်ရေး စာချုပ်များ ပျက်ခြင်းအားဖြင့် ဗြိတိသျှပိုင် မြန်မာပြည်အတွင်း၌ အခွန်ဘဏ္ဍာတော်ကိစ္စ နှင့်ပတ်သက်၍ များစွာလိုလားအပ်သော ပြုပြင်မှုများကို ပြုလုပ်နိုင်ပေမည်။ **ဗြိတိသျှပိုင် မြန်မာပြည်အတွင်းတွင် တိုင်းပြည်၏ စီးပွားရေးသဘောဖြင့် လူခွန်တော်ကို ရုပ်သိမ်းပယ်ဖျက်ရန်လိုလားအပ်ကြောင်း အသိအမှတ်ပြုထားသည်မှာ ကြာမြင့်လေပြီ။ လူခွန်တော်ကို ရုပ်သိမ်း၍ အိန္ဒိယပြည် တစ်ပြည်လုံးတွင် မကြာမီက စည်းကြပ်သည့်အတိုင်း တမောင်လျှင် ၂ ဂဲ နှုန်းနှင့် ဆားခွန်တော်ကောက်လျှင် ဖြစ်နိုင်၏။** ဤသို့ပြုပြင်ခြင်းအားဖြင့် အကျိုးကျေးဇူးများမည့် အကြောင်းကို ကော်မရှင်နာမင်းကြီးက သတိပေးပြန်၏။ သို့သော်လည်း ဤကိစ္စသည် မဖြစ်နိုင်သေးကြောင်း အထက်မြန်မာပြည်သို့ ဆားကိုတန်ဖိုးငွေ ၁၀၀ ကျပ်လျှင်၁ကျပ်နှုန်း



(ဝါ–တမောင်လျှင် တပိုင်ခွဲနှုန်း)နှင့် တင်ပို့နေရကြောင်း ကော်မရှင်နာသို့ ညွှန်ပြလိုက်၏။

အထက်မြန်မာပြည်မှာ ဆားအလို့ငှာ ကျွန်ုပ်တို့ကိုသာလျှင် အားကိုးနေရ၏။ မိမိတို့နယ်အတွင်း ချက်လုပ်နိုင်သော ဆား သို့မဟုတ် ဗြိတိသျှပိုင်နက်ကို မဖြတ်သန်းဘဲ သယ်ယူနိုင်သော ဆားမှာ မများချေ။ စာချုပ်မိနေခြင်းမှ တစ်ပါး ကျွန်ုပ်တို့၏နိုင်ငံသားများ (ဆားတမောင်)လျှင်အကောက်တော် (၃)ပေးနေရပါလျက် အထက်မြန်မာနိုင်ငံသူ နိုင်ငံသားတို့မှာ ဆားကို ကျွန်ုပ်တို့ထက် ဈေးချိုသာစွာနှင့် အသုံးပြုနိုင်ရန် အခြားအကြောင်း တစ်စုံတစ်ရာမရှိ။ ယခုနှုန်းနှင့် မန္တလေးမြို့သို့ တင်ပို့သောနှုန်းမှာ အမိန့်မရဘဲ တိတ်တိတ်ပုန်း (ဆား) ရောင်းဝယ်ခြင်း ပြုလုပ်လောက်အောင် မကွာခြားပေ၊ ကျွန်ုပ်တို့ နယ်အတွင်း၌သာလျှင် ဆားခွန် (တမောင်လျှင် ၂ ဂဲ) စည်းကြပ်ပါလျှင် အခွန်ငွေခြင်း ကွာခြားသဖြင့် တိတ်တိတ်ပုန်း အမိန့်မရဘဲ နိုင်ငံတွင်းသို့ ဆားသွင်းခြင်းကိစ္စသည် ပေါ်ပေါက်ပေမည်။ စာချုပ်များသည် အတည်ဖြစ်နေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့နယ်အတွင်း အကောက်တော် သတ်မှတ်ရန် မဖြစ်နိုင်ပေ။ သို့ပါ၍ ကျွန်ုပ်တို့နယ်အတွင်းအခွန်တော်စနစ် ပြုပြင်ပြောင်းလဲရေးတွင် ၎င်းစာချုပ်များသည် အနှောင့်အယှက်ကြီးတစ်ရပ် ဖြစ်ပေ၏။ ဤအချက်ကို သိမြင်ခြင်းကြောင့် ၁၈၇၈ခုနှစ်တွင် စာချုပ်များကို ပြုပြင်စီမံသောအခါ ၁၈၆၂ ခုနှစ်တွင် ချုပ်ဆိုသောစာချုပ်အပိုဒ် ၄ တွင် ဆားကို ခြွင်းချန်ရန် အားထုတ်ဖို့လိုသည်ဟု ကျွန်ုပ်တို့ အထင်ရှိခဲ့၏။

ကျွန်ုပ်တို့၏ နယ်ပယ်များနှင့် ပတ်သက်၍ကား လူခွန်တော်၏အစား ဆားခွန်ကိုဖြည့်စွက်ခြင်းအားဖြင့် ငွေကြေးအတွက်အကျိုးကျေးဇူးကို မမျှော်ကိုးပါ။ **သို့သော်လည်း အထက်မြန်မာပြည်သူ ပြည်သားများမှာ ဆားအတွက် ကျွန်ုပ်တို့ကိုသာလျှင် အားထားရမည်ကား မလွဲတည်း။ ဗြိတိသျှအကောက်တော်စည်းကြပ်ပြီးဆားကို အထက်မြန်မာပြည်က အသုံးမပြုလျှင် မနေနိုင်သည်နှင့် အမျှ ကျွန်ုပ်တို့၏အခွန်ဘဏ္ဍာတော်မှာ အကျိုးများမည်ကား ထင်ရှား၏။** ၎င်းပြင် ယခု စီမံချက်အတိုင်းပြုမှု နယ်ခြားတွင် မတားရ ယစ်မျိုးရောင်းဝယ်သွတ်သွင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ အကောက်ခွန် ယစ်မျိုးခွန်များနစ်နာဖွယ်ရှိ၏။ ဈေးပေါသော ယစ်မျိုး အမြောက်အမြားကို ရန်ကုန်သို့သွင်းပြီးလျှင် အထက်မြန်မာပြည်သို့ တင်ပို့

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ထိုသို့တင်ပို့သော ယစ်မျိုးအပေါ်တွင် စည်းကြပ်သည့် အကောက်တော်မှာ ဗြိတိသျှမြန်မာပြည်အတွင်း အသုံးပြုရန် သွတ်သွင်းချက်လုပ်သည့် ယစ်မျိုးခွန်နှင့် နှိုင်းယှဉ်သည်ရှိသော် အလွန်နည်း၏။ သို့ပါ၍ တိတ်တဆိတ်အမိန့်မရသော ယစ်မျိုး ရောင်းဝယ်မှုပေါ်ပေါက်ရန် အကြောင်းများ၏။

(၇) စာချုပ်များကို ရုပ်သိမ်းပြီးသည့်နောက် ဆားခွန်နှင့် အကောက်ခွန်များကို တိုးမြှင့်ခြင်းအားဖြင့် အထက်မြန်မာပြည်သူပြည်သားများကို ချက်ချင်းပင်လျှင် ထိခိုက်လိမ့်မည်။ ပြည်သူပြည်သားများကို ထိခိုက်ခြင်းကြောင့် ရွှေနန်းတော်ကြီးကို ထိခိုက်လိမ့်မည်ဟူ၍ မဆိုလိုပါ။ အဘယ့်ကြောင့် ဆိုသော် ရွှေနန်းတော်ကြီးသည် ပြည်သူခပင်း၏ အကျိုးစီးပွားကို အနည်းငယ်မျှ ဂရုမပြုချေ။ သို့သော်လည်း နိုင်ငံအုပ်စိုးသည့် လူအတန်းအစားများကို ထိခိုက်၍ တဖြည်းဖြည်း ၎င်းတို့၏ စိတ်နေစိတ်ထားကိုလည်း ထိခိုက်ပေမည်။ ရှေးဦးအစ၌ ဘုရင်မင်းမြတ်သည် တုံ့ပြန်သည့် စနစ်များကို စီမံတန်ရာသည်။ စာချုပ်များကို ရုပ်သိမ်းသည်ရှိသော် အခွန်တော်ရေးနှင့် ပတ်သက်၍ ဘုရင်မင်းမြတ်မှာလည်း ကျွန်ုပ်တို့နှင့် အလားတူပင် အနှောင်အဖွဲ့မှ လွတ်ကင်းမည်မှာ အမှန်ပင်ဖြစ်၏။ သို့သော်လည်း မန္တလေးမြို့၏ ကူးသန်းရောင်းဝယ်ရေး သဘောအခြေအနေကို ထောက်သဖြင့် ဘုရင်မင်းမြတ်မှာ တုံ့ပြန်ရန် ခွန်အားမှာ နည်းလှ၏။ စာချုပ်များအရ မြန်မာအစိုးရတို့မှာ နယ်ခြားခွန်ကို ရာခိုင်နှုန်း ၁ဝ အထိ တိုးမြှင့်နိုင်၏။ အကယ်၍ စာချုပ်များကို ရုပ်သိမ်းသည်ရှိသော် နယ်ခြားခွန်များကို ၎င်းထက်ပင် တိုးမြှင့်၍ စည်းကြပ်ရာ၏။ ကျွန်ုပ်တို့ကလည်း ကုန်သည်များ၏ အကျိုးစီးပွားကိုထိခိုက်၍ ကုန်သည်များ စိတ်မချမ်းမသာဖြစ်သော အခြားစည်းကြပ်ဖွယ် ကိစ္စများကို ပြန်လည်စည်းကြပ်ရန် အသင့်ရှိရပေလိမ့်မည်။

သို့ဖြစ်လင့်ကစား မြန်မာဘုရင်သည် မိမိ၏အကျိုးကျေးဇူး အလို့ငှာ အတန်ထက်ပိုလွန်၍ စည်းကြပ်မှုများကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အထက်မြန်မာပြည်မှ **ထွက်ကုန်များဖြစ်ကြပေသော ချိတ်၊ပိုး၊ဆီ၊ ကျောက်သံပတ္တမြားအစရှိသော ကုန်စည်တို့မှာ မသုံးလျှင်မဖြစ်နိုင်သောကုန်မျိုးလည်းမဟုတ်။ အခြားတစ်ပါး၌ရနိုင်သော ကုန်မျိုးလည်းဖြစ်၏။** အထက်မြန်မာပြည်သူပြည်သားများမှာ



**မူ များစွာအရေးကြီးသော ကုန်စည်နှစ်ရပ်ဖြစ်သော ဆန်နှင့်ဆားအတွက် ဗြိတိသျှကုန်သည်များကို အားကိုးနေရကြ၏။ ကျွန်ုပ်တို့မှာ ၎င်းကုန်များသာ မဟုတ်ဘဲ အခြားပစ္စည်းများအပေါ်၌လည်း နယ်ခြားခွန် စည်းကြပ်ရန် ခွန်အားရှိ၏။** ကျွန်ုပ်တို့အလိုရှိက ကျွန်ုပ်တို့နယ်အတွင်းမှ မန္တလေးသို့တင်ပို့သောကုန်များကို ရပ်တန့်ထားမှုလည်း ရပ်တန့်ထားနိုင်၏။ ဤကဲ့သို့သော စနစ်ကို လိုက်နာရန်မည်သည့်အခါမှ လိုလိမ့်မည်ဟုမထင်ပေ။ သို့သော်လည်း ကျွန်ုပ်တို့ မန္တလေးနှင့် ဆက်ဆံမှုမှာ ဤကဲ့သို့သော အခြေသို့ရောက်ရှိနေစဉ် ထိုကဲ့သို့ ဖိနှိပ်နိုင်သော အခွင့်အာဏာပိုင်ရှိခြင်းသည် အသုံးကျ၏ဟု ထင်ရပေမည်။

(၈) အထူးစဉ်းစားရန်ကျန်ရှိသည့် အချက်တစ်ရပ်မှာ ၁၈၆၇ခုနှစ် စာချုပ်အရ ဗြိတိသျှမြန်မာပြည်တွင် အရာရှိများ ခန့်ထား၍ ၎င်းအရာရှိများအား အခွင့်အာဏာများလွှဲအပ်နိုင်ခွင့်ဖြစ်ပေသည်။ ၁၈၆၂ခုနှစ်တွင် ချုပ်ဆိုသော စာချုပ်မှာ ကူးသန်းရောင်းဝယ်ရေးစာချုပ်သက်သက်မျှသာ ဖြစ်ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ချုပ်ဆိုသော စာချုပ်မှာမူ ကူးသန်းရောင်းဝယ်ရေးသာလျှင်မက ရာဇဝတ်ဘေးမှ တိမ်းရှောင်ပုန်းအောင်းနေသောသူများကို နိုင်ငံအတွင်းမှ ထုတ်ပေးခြင်း၊ သံအရာရှိ သို့မဟုတ် နိုင်ငံရေးကိုယ်စားလှယ်အား တရားမအာဏာများ လွှဲအပ်ပေးခြင်း၊ ဗြိတိသျှ လက်အောက်ခံများနှင့် ပတ်သက်သည့် အချို့အမှုအခင်းများတွင် တွဲဖက်ရုံး မန္တလေးမြို့၌ တည်ထောင်ခြင်းအစရှိသော အချက်အလက်များလည်း ပါရှိပေသည်။ ၎င်းပြင် မြန်မာမင်းနယ်ပယ်အတွင်း အကောက်တော်စည်းကြပ်သည့် မြို့များတွင် ဗြိတိသျှအရာရှိများ ခန့်ထားပိုင်ခွင့်လည်းရှိ၏။ ယခု အခြေအနေအတိုင်းမှာမူ ကျွန်ုပ်တို့၏ သံအဖွဲ့မှာ ရုပ်သိမ်းပြီး တွဲဖက်ရုံးမှာလည်း ရုပ်စဲပြီးဖြစ်၍ ၁၈၆၇ခုနှစ် စာချုပ်အရ ဤအခွင့်အရေးများမှာ ရပ်ဆိုင်းထားပြီး ဖြစ်၏။ အကယ်၍ စာချုပ်ကို ရုပ်သိမ်းသည်ရှိမူ ကိုယ်စားလှယ်ခန့်ခြင်း၊ အာဏာလွှဲခြင်းအစ ရှိသော အခွင့်အရေးတို့မှာ ကွယ်ပျောက်ရပေလိမ့်မည်။

သို့ဖြစ်စေကာမူ ၁၈၂၆ ခုနှစ်တွင် ချုပ်ဆိုသည့် ရန္တပိုစာချုပ် အပိုဒ်၇အရ မြန်မာမင်း၏ရွှေနန်းတော်အတွင်း သံအမတ်ခန့်ထားရန်အခွင့်သည် ဗြိတိသျှအစိုးရတွင် ရှိ၏။ အတွင်းဝန်မင်းသိတော်မူသည့်အတိုင်း မြန်မာ အစိုးရမင်း

www.burmeseclassic.com

www.burmeseclassic.com



များက ၎င်းစာချုပ်သည် ယခုတိုင်အတည်ဖြစ် မဖြစ်ကို သံသယရှိသော်လည်း ၎င်းစာချုပ်သည် အတည်မဖြစ်ဟု ငြင်းဆိုကန့်ကွက်ရန် ခိုင်မာသောအကြောင်းမရှိချေ။ ထိုပြင် ၎င်းအချက်သည် ယခုအခါ၌အရေးကြီးသောအချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်ရေး ဆက်ဆံမှုများကို ယခုထက် ပိုမိုကောင်းမွန်စေ၍ ကျွန်ုပ်တို့၏ အရာရှိကိုလည်း ယခုအခြေနှင့် ခြားနား၍ ပိုမိုမြင့်သော အခြေသို့ ရောက်ရှိစေရန် ပြုပြင်နိုင်သည်ဖြစ်၍ ဗြိတိသျှကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တွင် ပြန်ပို့ခြင်းကို မလိုလားပေ။ ယခု ကျွန်ုပ်တို့ တောင်းဆိုသည့်ပြုပြင်ချက်များကို ကျေနပ်အောင်မပြုလုပ်ခဲ့ပါလျှင် သို့မဟုတ် ကျွန်ုပ်တို့၏ ကုန်သွယ်မှုဆက်ဆံရေးသည် ပိုမိုကောင်းမွန်မြဲမြံခြင်း မရှိသေးပါမူ ကျွန်ုပ်တို့သည် မန္တလေးမြို့နှင့် နိုင်ငံရေးဆက်ဆံမည် မဟုတ်ပေ။

(၉) ကျွန်ုပ်တို့တောင်းဆိုချက်များကို မြန်မာအစိုးရမင်းတို့သည် ငြင်းဆန်သွေဖည်၍ ကျွန်ုပ်တို့ ကျေနပ်အောင်မလုပ်ခဲ့ပါမူ၊ အိန္ဒိယပြည်အစိုးရသည် ၁၈၆၂ခု၊ ၁၈၆၇ ခုနှစ်များတွင် ချုပ်ဆိုသည့် စာချုပ်များကို ရုပ်သိမ်းနိုင်သောအခြေသို့ရောက်ရှိပြီဟူ၍ ကျွန်ုပ်တို့ထင်၏။ ကျွန်ုပ်တို့၏တောင်းဆိုချက်များကို လိုက်နာနိုင်စေရန်အချိန်ကို လုံလောက်သင့်တော်အောင် အခွင့်ပြုစေရန် ကော်မရှင်နာမင်းကြီးသို့ အမိန့်ပေးပြီးပါကြောင်း၊ အကယ်၍ လိုခဲ့ပါမူ စာချုပ်များကို ရုပ်သိမ်းပြီဟူ၍ ကြေညာရန်လည်း အခွင့်ပေး၏။ ကျွန်ုပ်တို့ ကြေညာသည့်အခါ ကုန်သွယ်မှု စီမံချက်များမှ ရုပ်သိမ်းခြင်းနှင့် နိုင်ငံရေးဆက်ဆံမှု ပြတ်စဲခြင်းများကို အဓိပ္ပာယ်ခွဲ၍ ကြေညာမည်ဖြစ်ပါကြောင်း။

ကျွန်ုပ်တို့ တောင်းဆိုသည့် ပြုပြင်ရေးများကို ငြင်းဆိုသည်ရှိသော် ကျွန်ုပ်တို့က မည်ကဲ့သို့ပြုလုပ်မည်ကို တင်ကြို၍ သတိပေးနှင့်ရန်လိုသော်လည်း လိုရာ၏။ မလိုသော်လည်း ရှိရာ၏။

ကန့်ကွက်ရန် အရေးကြီးသောအကြောင်းမရှိခဲ့ပါလျှင် ငြင်းဆိုခဲ့သော် မည်ကဲ့သို့ဖြစ်မည်ကို မြန်မာအစိုးရမင်းများ သိရှိပြီး ဖြစ်နှင့်အောင် သတိပေးထားခြင်းကို ပိုမိုနှစ်သက်၏။ ကျွန်ုပ်တို့ပေးစာကို မန္တလေးအစိုးရများရရှိလျှင် စာပြန်ကြားပေလိမ့်မည်။ ထိုစာပြန်ကြားလျှင် အိန္ဒိယအစိုးရမင်းများက မည်ကဲ့သို့ စီမံရမည်ကိုသိရှိနှင့်ရန်သင့်၏။ သို့ပါ၍ ကေရီဘုရင်မကြီး၏



အစိုးရမင်းများ မည်ကဲ့သို့ ဆုံးဖြတ်သည်ကို ကြေးနန်းဖြင့် သတင်းပေးစေလိုကြောင်း။

(ပုံ) လစ်တန်
အက်ဖ်စီပီဟိန်း
အေဂျေအာရ်ဘတ်နော့
အေကလပ်
ဂျေစတြေချီ
အီးဘီဗျွန်ဆင်
ဒဘလျူစတုတ်
အေအာရ်သောမဆင်

* * *

စာမှတ် (၃၁)တွင် အကျွမ်းဝင်စာ (က)
ဗြိတိသျှပိုင် မြန်မာပြည်ကော်မရှင်နာမင်းကြီး၏
ခေတ္တအတွင်းဝန် ဂျီဒီဘားဂျက် C.B ထံမှ
အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန
အတွင်းဝန်မင်း အေစီလားယလ် C.B သို့ပေး
ရန်ကုန်မြို့၊ ၁၈၇၉ ခု နိုဝင်ဘာလ ၂၃ ရက်နေ့ရေး

(၁) သရက်မြို့အရေးပိုင်ထံမှ ၂၀ ရက်နေ့စွဲနှင့် ပေးပို့လိုက်သောစာကို အိန္ဒိယပြည်အစိုးရမင်းများ သိရှိတော်မူရန် ဆက်သလိုက်ပါကြောင်း။

(၂) ရွှေမြို့ခေါ် မီးသဘော်ပေါ်တွင် ဖြစ်ပျက်သည့် ရန်းရင်းဆန်ခတ်မှုသည် အလွန်အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်၏။ များစွာသော ဗြိတိသျှလက်အောက်ခံများမှာ ရိုက်နှက်ခြင်းခံရ၍ တစ်ယောက်မှာ အသက် အန္တရာယ်အတွက်ကိုပင် စိုးရိမ်ရ၏။

(၃) ကာနယ်ဒေးဝစ်၏အစစ်ခံချက်အရ ခိုက်ရန်ဖြစ်ပွားရခြင်း၏ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော စူရတီလူမျိုးသည်သာလျှင် လုံးဝမှား၏။ ကပ္ပတိန်ဗင့်စ်သည် ၎င်းသူကို လက်ထိတ်ခတ်ရန် အားထုတ်သည်ကို ကော်မရှင်နာမင်းကြီးသည် ဝမ်းနည်းဖွယ်ဖြစ်၏ဟု ထင်၏။ သို့သော်လည်း ဤကဲ့သို့ နောက်ဆုံး၌ ပြုလုပ်ရခြင်းမှာ မိမိကိုယ်ကို ကာကွယ်ရန်သာဖြစ်၏။ ၎င်းပြင် ရန်းရင်းဆန်ခတ်ပြုလုပ်သောသူများသည် သင်္ဘောပေါ်သို့ တက်ရောက်၍ စူရတီလူမျိုးကခေါ်သဖြင့် သင်္ဘောသားများကို ကြမ်းတမ်းစွာ ရိုက်နှက်မှုပြုလုပ်ခြင်းဖြစ်၏။ ဤအချက်မှတစ်ပါး ကပ္ပတိန်ဗင့်စ်သည် ဖြည်းညင်းသိပ်သည်းစွာ ပြုလုပ်ဆောင်ရွက်၏။ ရောဝတီမီးသင်္ဘောကုမ္ပဏီအရာရှိများအနက် ၎င်းသည် သဘောအကောင်းဆုံး ရန်မလိုလားဆုံးဟူသော နာမည်ကိုရသော အရာရှိ တစ်ဦးဖြစ်၏။ ထို့အပြင် ၎င်းအရာရှိပြုလုပ်ပုံသည် ရန်ခိုက်ဒေါသပေါ်ပေါက်၍ ၎င်းနှင့်တကွ သင်္ဘောသားများကိုပါ ရိုက်နှက်ရန် အကြောင်းမရှိပေ။

(၄) ဤကဲ့သို့သောကိစ္စမျိုးကို လျစ်လျူရှုခြင်းအားဖြင့် နိုင်ငံရေးကြာရှည်စွာ ငြိမ်သက်နိုင်မည်မဟုတ်ပေ။ခရီးသွားကုန်သွယ်သော ဗြိတိသျှ လက်အောက်ခံများကို စာချုပ်အရ စောင့်ရှောက်ကာကွယ်ခြင်း ရှိစေရမည်။ ဤကဲ့သို့သော ကာကွယ်ခြင်းကို မြန်မာအစိုးရမင်းတို့သည် မပေးနိုင်သည်သော်လည်းကောင်း၊ မပေးလိုသည်သော်လည်းကောင်း မိမိ၏ကျေးတော်ကျွန်တော်မျိုးများ ကျူးလွန်သည်ကို ပြုပြင်မှုမပြုလုပ်ဘဲရှိပါမူ ၁၈၆၂ခု၊ ၁၈၆၇ ခုနှစ်များတွင် ချုပ်ဆိုသည့်စာချုပ်များကို ရုပ်သိမ်းသည်က မြတ်၏။

(၅) အစစ်ခံချက်များကို ကူး၍ မြန်မာအစိုးရမင်းထံပို့၍ ပြစ်မှုကျူးလွန်သူများကို ထိုက်သင့်သော ရာဇဒဏ်ခပ်၍ ပြင်းထန်စွာဒဏ်ရာရရှိသော သင်္ဘောသားကုလားနှစ်ယောက်ကို လျော်ကြေးပေးစေရန်ကို ကော်မရှင်နာမင်းကြီး ထောက်ခံအကြံပေးပါကြောင်း။

* * *



စာမှတ် (၃၁) တွင် အကျွမ်းဝင်စာ (ခ)

သရက်မြို့အရေးပိုင် ကာနယ်အိပ်ချ်နယ်ဆင်ဒေဝစ်ထံမှ ဗြိတိသျှပိုင်မြန်မာပြည်ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန် ဂျီဒီဘားဂျက် G.S သို့ပေး

သရက်မြို့၊ ၁၈၇၉ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့ရေး

ရောဝတီမီးသင်္ဘောကုမ္ပဏီပိုင် ရွှေမြို့ခေါ် မီးသင်္ဘောပေါ်၌ မြင်းခြံမြို့တွင် ရန်းရင်းဆန်ခတ်ဖြစ်သည်ဟူ၍ သတင်းရရှိခြင်းကြောင့်လည်းကောင်း သင်္ဘော မန္တလေးမြို့မှအပြန်တွင် ကျွန်ုပ်သင်္ဘောပေါ်သို့ တက်ရောက်၏။ ကပ္ပတိန် ဗင့်စ်သည် အကြောင်းချင်းကို ပြန်ပြော၍ မြင်းခြံမြို့၌လည်းကောင်း၊ မန္တလေးမြို့၌လည်းကောင်း အရာရှိတို့သည် တစ်စုံတစ်ရာပြုပြင်ခြင်းကို မပြုမလုပ်ကြောင်း တိုင်တန်း၏။

သမ္ဗန်နှစ်စင်း ဝဲယာညှပ်လျက် ရွှေမြို့သည် အထက်မြန်မာပြည် မြင်းခြံဆိပ်ကမ်းသို့၁၃ရက်နေ့ ညနေ့တွင် ဆိုက်၏။ သင်္ဘောကို ကမ်းသို့တုပ်နှောင်ပြီးသည့်နောက် မဟာမေဒင်လူမျိုး မဟာမတ်ခေါ် မဟာမတ်အီစမ်အင်သည် သင်္ဘောပေါ်သို့တက်ရောက်၏။ အစောင့်က တားမြစ်သည်ကို အလေးမမူဘဲ သင်္ဘောစက်အိုးကို ဖြတ်သန်း၍ ဆေးအသစ်သုတ်ပြီးခါစ ဖြစ်၍ ဆေးမခြောက်သေးသော သင်္ဘောဦးပိုင်းသို့ အတင်းလာရန် အားထုတ်၏။ များစွာရန်ကင်း၍ ဂင်္ဂါမြစ်တွင်လည်းကောင်း၊ ရောဝတီမြစ်တွင်လည်းကောင်း သင်္ဘောများဦးစီးကာ ကပ္ပတိန်လုပ်ခဲ့ဖူးသူ အရာရှိက ၎င်းစူရတီလူမျိုးအား သွားရိုးသွားစဉ်လမ်းအတိုင်းသွားပါရန် တောင်းပန်၏။ ၎င်းက ငြင်းဆန်၍ ကျူးလွန်စော်ကားသော အသုံးအနှုန်းဖြင့် ကပ္ပတိန်ကို ဆဲရေးတိုင်းထွာ၏။

ထိုသည်တွင် ကပ္ပတိန်သည် ၎င်းအားသမ္ဗန်ကုန်းဘောင်သို့ယူဆောင်ပြီးလျှင် လွှတ်လိုက်၏။ ထိုအခါတွင် ၎င်းစူရတီသည် တိုင်တန်းဖွယ်အကြောင်းတစုံတစ်ရာရှိခဲ့ပါသော် မြို့ဝန်ထံလွှတ်လပ်စွာ သွားရောက်တိုင်တန်းရန် အခွင့်ရှိ၏။ ဤကဲ့သို့မပြုဘဲ သမ္ဗန်ပဲ့ဆီသို့ပြေး၍ ၎င်းအားနှိပ်စက်ကလူပြုသဖြင့် လာရောက်ကြရန် မြန်မာကုလီအများကို ခေါ်၏။ တုတ်အစရှိသည်တို့ကို လက်စွဲကိုင်လျက်လာကြသော မြန်မာများကို

www.burmeseclassic.com

www.burmeseclassic.com



မြင်သည်ရှိသော် ၎င်းတို့၏ ခေါင်းသူကြီးဖြစ်သော စူရတီကို ဖမ်းဆီးလျက် အသင့်မြှတ်ဆုံးဟု ကပ္ပတိန်သည် အထင်ရှိသဖြင့် ထွေးကြလုံးကြဟန်ရှိ၏။ လက်ထိတ်တစ်ဖက်ဖြင့် စူရတီကို ခတ်၏။ ထိုအခိုက်တွင် မြန်မာများတို့သည် ထင်းချောင်းများကို ကိုင်စွဲလျက် အရာရှိများနှင့် သင်္ဘောသားများကို အပြင်းအထန် ရိုက်နှက်ကြကုန်ပေပြီ။ တစ်ယောက်သော သင်္ဘောသား ကုလားကို ရေသို့ပစ်ချ၏။ တစ်ယောက်ကို ရေသို့ ရိုက်ချ၍ မူးမေ့စေ၏။

ကပ္ပတိန်သည် စူရတီကို စွန့်လွှတ်၍ ရေနစ်ခြင်းဘေးအန္တရာယ် ကြုံတွေ့နေသောကုလားကို ကယ်ဆယ်ရန်သွား၏။ စူရတီသည် လက်ထိတ် တစ်ဖက်နှင့်ပင် ကမ်းသို့ လွတ်မြောက်၍ မြို့ဝန်ထံသို့ သွားရောက်တိုင်တန်း ဟန်ရှိ၏။ ထိုအတောအတွင်းတွင် ရေဆိပ်၌ သတိမေ့လျော့နေသော သင်္ဘော သားကုလားတစ်ယောက်ကို အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်အခြေသို့ ရောက်လျက် သင်္ဘောပေါ်သို့ဆောင်ယူခဲ့ကြ၏။ သင်္ဘောသားများကို စတင် ဝင်ရောက်ရိုက်နှက်ကြသော မြန်မာတို့သည်လည်း စူရတီနှင့်အတူပင် သွားကြဟန်ရှိ၏။ သင်္ဘောပစ္စည်းထိန်းကို ရိုက်လှဲသော မြန်မာကိုဖမ်းဆီး၍ သင်္ဘောပေါ်တွင် ထား၏။ လူပ်ရှားခြင်း မရပ်စဲမီ မှောင်ကျရောက်၏။ ကပ္ပတိန်ကို ကမ်းသို့မဆင်းရန် သတိပေးကြ၏။ ကမ်းသို့ဆင်းသည်ရှိသော် ဘေးအန္တရာယ်ရောက်မည်ကား မလွဲတည်း။ သင်္ဘောသားများကို ကာကွယ် စောင့်ရှောက်ရန် မြန်မာအာဏာ ရှင်များတို့သည် မည်သို့မျှ မပြုမလုပ်ချေ။

နောက်တစ်နေ့ နံနက်တွင် ကပ္ပတိန်သည် မြို့ဝန်ထံသွားရောက် တိုင်တန်းမည်လုပ်စဉ် မြို့ဝန်ထံမှ လူများလာရောက်၍ ဖမ်းဆီးထားသော မြန်မာကိုလွှတ်ရန် တောင်းဆိုကြ၏။ ကပ္ပတိန်သည် မြို့ဝန်မင်းရုံးသို့ သွားရောက်၍ မြို့ဝန်မင်းသည် တစ်မျိုးသော အတိုကောက်နည်းဖြင့် စစ်ဆေး ၍ မည်သို့မျှစီရင်ဆုံးဖြတ်ခြင်းမရှိချေ။ ၎င်းသည် မန္တလေးမြို့မှ အမိန့်တော် ကို နာခံရန်စောင့်ဆိုင်းနေဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော် မြို့ဝန်သည် စီရင်ချက်ကို ရုတ်တရက်မချနိုင်ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။ အတန်ကြာနှောင့်နှေးပြီးမှ သင်္ဘောစုန်ဆင်းသည့်ကာလ၊ နောက်ထပ်စစ်ဆေး ခြင်းပြုလုပ်မည်ဟု စီမံ၏။ သင်္ဘောသည်လည်း မန္တလေးသို့ ဆန်တက်ခဲ့၍ သင်္ဘောကိုယ်စားလှယ် မစ္စတာအန္ဒြေနီးသို့ တိုင်တန်း၏။ ၎င်းက ကင်းဝန် မင်းကြီးသို့ တိုင်တန်း၏။ ကင်းဝန်မင်းကြီးက မြင်းခြံမြို့ဝန်သို့ ကြေးနန်း



ရိုက်ကြား၍ သင်္ဘောကို ဝင်ရောက်တိုက်ခိုက်သော မြန်မာများကို ဖမ်းဆီး၍ ထောင်တွင် ချုပ်နှောင်စေမည်ဟု ကတိထားကြောင်း မစ္စတာအန္ဒြေနီးက ကပ္ပတိန်ကို ပြောကြား၏။ အစုန်ခရီး၌လည်း ကပ္ပတိန်တို့သည် မြို့ဝန်မင်း ထံ သွားရောက်ပြုပြင်မှုကို တောင်းဆို၏။ သို့ရာတွင် ကျနစွာ စစ်ဆေးထား နှင့်ခြင်း ရှိဟန်မတူ။ မြို့ဝန်မင်းသည် ကျေအေးမှုကို တိုက်တွန်း၏။ နှစ်ဖက် စလုံးသည် မမှန်သော စကားများကိုလည်း ပြော၏။ နှစ်ဖက်လုံးမှာ အပြစ်မကင်းဟု ပြောဆို၏။ ကပ္ပတိန်ဗင့်စ်သည် ကျေအေးမှုကို ငြင်းဆို၏။ မြို့ဝန်မင်းသည်လည်း အမှုကိုပယ်၍ မည်သို့သော ပြုပြင်မှု ဖြောင့်မှန်ရာ ဖြစ်စေမှုကိုမျှ မရတော့ချေ။

သက်သေများတို့၏ ထွက်ချက်ကိုလည်းကောင်း၊ ဒဏ်ရာများ၏ သဘောကို ထောက်ချင့်၍လည်းကောင်း မြန်မာများတို့သည် သင်္ဘောသား များက စိုးစဉ်းမျှသော ရန်စခြင်းမရှိပါဘဲလျက် မကြင်မနာ ရက်စက်စွာ ဝင်ရောက်ရိုက်နှက်ကြောင်း ထင်ရှား၏။ ကပ္ပတိန်သည် မိမိ၏အလုပ်ရှင်များ ၏ပစ္စည်းများကိုစောင့်ရှောက်ကာကွယ်ရမည်ကား အကြောင်းလည်းသင့်၏။ မှန်လည်း မှန်၏။ သင်္ဘောဦးပိုင်း၌ ဆေးသည် သုတ်ပြီးခါစ ရှိကြောင်းကို ကျွန်ုပ်ကိုယ်တိုင် မြင်၏။ သို့ပါ၍ ကပ္ပတိန်သည် စူရတီအား လမ်းမှန်ဖြစ် သော ကုန်းဘောင်ပေါ်မှ လာစေခြင်းအားဖြင့် မိမိ၏ဝတ္တရားကို ဆောင်ရွက် သည်သာလျှင် ဖြစ်၏။

၎င်းပြင် မြန်မာများတို့သည် သင်္ဘောပေါ်သို့ တိုးဝှေ့တက်လာသည် တိုင်အောင် စူရတီအား ဖမ်းဆီးရန် အားထုတ်ခြင်း မပြုမလုပ်ချေ။ ၎င်းသူ သည် သင်္ဘောပဲ့ဆီသို့ပြေး၍ လူထုကြီးကိုမြင်လျှင် သင်္ဘောပေါ်သို့လာကြ ရန် အော်ဟစ်ခြင်းအားဖြင့် ကပ္ပတိန်မှာ မိမိကိုယ်ကို ကာကွယ်ရန်အလို့ငှာ ခေါင်းသူကြီးဖြစ်သူကို ချုပ်နှောင်ရန် အားထုတ်ရန်လိုသည်ဖြစ်ရကုန်၏။ သင်္ဘောသားများကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်သည်ကို ထောက်ရှု ခြင်းအားဖြင့် မြန်မာများတို့မှာ ရန်းရင်းဆန်ခတ် ရိုက်နှက်ရန်အတွက် လိုလို ချင်ချင်ရှိနေကြောင်း ထင်ရှား၏။ သင်္ဘောသားများမှာ ခုခံရာမဲ့ဖြစ်လျက် မည်သည့်အကြောင်းကြောင့် မိမိတို့ကို ဝင်ရောက် ရိုက်နှက်သည်ကိုမျှ မသိကြရာ၊ လေးလံသော သစ်တုံးစနှင့် ရိုက်နှက်၍ သင်္ဘောပေါ်မှ ရေသို့ ပစ်ချခြင်းခံကြရသောသူနှစ်ယောက်တို့ အသက်မသေသည်မှာလည်း အံ့ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



သူရဲ တမျှပင်ဖြစ်တော့၏။ ၎င်းစုရတီမှာ မူလာအီဘရာဟင်နှင့် အလုပ်ခြင်း ပတ်သက်၏။ ၎င်းမူလာအီဘရာဟင်မှာ မန္တလေးတွင် ဘုရင် မင်းမြတ် တစ်ဦးတည်းပိုင် (မိုနိုပိုလီ) လယ်မြေများကို လုပ်ကိုင်ရသောသူ ဖြစ်၏။ ၎င်း၌ မြစ်ရိုးတစ်လျှောက်တွင် မဟာမေဒင်လူမျိုးကိုယ်စားလှယ် မြောက်မြား စွာရှိ၏။

၎င်းမူလာအီဘရာဟင်၏ လူစုသည် ရန်းရင်းကြမ်းတမ်း စော်ကားမှု များ အများအပြား ရှိခဲ့ဖူး၏။ မြန်မာအရာရှိတို့သည် ဤလူစုများနှင့် ဤလူစု များစေခိုင်းရာ လိုက်နာရန်ရှိနေသည်။ မြန်မာလူကြမ်း လူသရမ်းများ၏ ဘက်၌ အစဉ်လိုက်၏။

* * *

စာမှတ် (၃၁)တွင် အကျွမ်းဝင်စာ (ဂ)

၁၈၇၉ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့ရိုက် ကြေးနန်း

အဂျမေရာမြို့ နိုင်ငံခြားအတွင်းဝန်ထံမှ ရန်ကုန်မြို့ကော်မရှင်နာမင်း ကြီးသို့ နိုဝင်ဘာလ ၂၃ ရက်နေ့ ကော်မရှင်နာမင်းကြီးရေးသည့် စာအပိုဒ်၄။ စာချုပ်များကို ရုပ်သိမ်းပယ်ဖျက်ပြီးပြီဟု ကြေညာခြင်း၊ **အခွန်ဘဏ္ဍာတော် ကိစ္စများကို ဗြိတိသျှလူမျိုးတို့၏ အကျိုးကျေးဇူးကိုသာလျှင် ရေးရှု၍ ပြုပြင်ခြင်းများ၏ အကျိုးကားမည်သို့ရှိမည်ဟု ကော်မရှင်နာမင်းကြီး ထင်မြင်ပါသနည်း။ ဤစီမံချက်သည် မန္တလေးမြို့ကို နစ်နာထိခိုက်၍ ကျွန်ုပ်တို့မှာ အကျိုးများပါမည်လော။ သို့မဟုတ် မမျှမတအကျိုးပျက် စီးပါမည်လော။** အထူးသဖြင့် ကော်မရှင်နာမင်းကြီး၏ ဆားခွန်တော်ကို မျှတညီညွတ်စေရန် လွယ်ကူစေပါမည်လော။ ဖြောင့်မှန်ရာဖြစ်စေရန် ပြုပြင်မှုတောင်းဆိုသည်များကို မြန်မာများက ငြင်းဆန်သည်ဖြစ်စေ၊ ဆက်လက်သွေဖည်ခြင်းကိုဖြစ်စေ ပြုလုပ်ခဲ့ပါသော် နောက်ဆုံး ဖိနှိပ်ခြင်း လက်စားတုံ့ပြန်ခြင်း သဘောမျိုးဖြင့် အစားအသောက်များ တင်ပို့ခြင်းကို တားမြစ်၍ ပိတ်ဆို့ထားခြင်းသည် ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို မည်သို့ ထင်မြင်ပါသနည်း။ ကြေးနန်းအကျဉ်းချုံး၍ ပြန်ပါ။ စာလည်းရေးပါ။

* * *



စာမှတ် (၃၁)တွင် အကျွမ်းဝင်စာ (ဃ)

၁၈၇၉ ခု၊ ဒီဇင်ဘာလ ၆ရက်နေ့ရိုက် ကြေးနန်း

ရန်ကုန်မြို့ကော်မရှင်နာမင်းကြီးထံမှ

ဘုရင်ခံချုပ်ကြီး၏ ခေတ္တစခန်း နိုင်ငံခြားအတွင်းဝန်သို့

အတွင်းဝန်မင်း၏ ၄ ရက်နေ့စွဲ ကြေးနန်းရ၏။ အကျိုးကား ကုန်သွယ် မှုခေတ္တမျှ အခြေပျက်မည်။ သို့သော်လည်း မကြာမီ နလံထူအံ့။ ဘဏ္ဍာရေး ပြုပြင်မှုများကြောင့် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများကို ထိခိုက်၍ ကျွန်ုပ်တို့၏လက်အောက်ခံများကို မမျှမတ နစ်နာပျက်စီးစေမည် မဟုတ်၊ ဆားခွန်ကို ညီညွတ်စေခြင်းအားဖြင့် အကောက်ခွန်ကျေးဇူးများအံ့၊ စာချုပ်တည်နေခဲ့ပါမူ မဖြစ်နိုင်။ **ဆားခွန်အတည်ပြုရန်များစွာ လွယ်ကူ စေမည်။ ဆားနှင့် ငါးခြောက် ပိတ်ဆို့ထားရန် ဖြစ်နိုင်၏။ ဖိနှိပ်ရေး သဘောမျိုးဖြင့်လည်း ထိခိုက်၏။ ဆန်တင်ပို့ခြင်းကိုလည်း ပိတ်ဆို့ နိုင်၏။ တိုင်းသူပြည်သားအမြောက်အမြားကို လေးနက်စွာ ထိခိုက်နိုင် ၏။** နှစ်စဉ် ဆန်ပေါင်ပေါင်း ၁၆ သိန်းမျှ တင်ပို့ရ၏။ တိုင်းသူ ပြည်သား သည် ၎င်းဆန်ကို လုံးဝမှီခိုအားထားသည်မဟုတ်။ ဒုက္ခခံစားရသော်လည်း အခြားနည်းဖြင့် နေနိုင်၏။ စာလည်း ထည့်လိုက်ပါမည်။

* * *

စာမှတ် (၃၁)တွင် အကျွမ်းဝင်စာ (င)

ဗြိတိသျှမြန်မာပြည် ကော်မရှင်နာမင်းကြီး၏ ခေတ္တအတွင်းဝန်

ဂျီဒီဘားဂျက် C.S ထံမှ အိန္ဒိယပြည်အစိုးရ

နိုင်ငံခြားရေးဌာန အတွင်းဝန် အေစီလားယလ် C.B သို့

ရန်ကုန်မြို့၊ ၁၈၇၉ခု၊ ဒီဇင်ဘာလ ၆ရက်နေ့ရေး

အခွန်ဘဏ္ဍာတော်ပြုပြင်ရေးနှင့် ပတ်သက်၍ ၄ ရက်နေ့စွဲနှင့် ရိုက်ကြား လိုက်သော ကြေးနန်းကိုရရှိကြောင်း ကော်မရှင်နာမင်းကြီး၏ အမိန့်အရ ဝန်ခံပါကြောင်း၊ ကျွန်ုပ်တို့ပြန်ကြားလိုက်သော ကြေးနန်းမိတ္တူနှင့်တကွ မိမိ

www.burmeseclassic.com

www.burmeseclassic.com



၏ ထင်မြင်ချက်ကို အပြည့်အစုံထုတ်ဖော်ရေးသားထားသော ကော်မရှင်နာမင်းကြီး၏ မှတ်တမ်းစာကိုလည်း တစ်ပါတည်းပေးပို့လိုက်ပါကြောင်း။

## မှတ်တမ်းစာ

(၁) ၁၈၆၂ခု၊ ၁၈၆၇ ခုနှစ်များတွင် အထက်မြန်မာပြည်နှင့် ချုပ်ဆိုသည့် စာချုပ်များကို ရုပ်သိမ်းခြင်းအားဖြင့် ရုတ်တရက်ရှေးဦးစွာ ပေါ်ပေါက်မည့် အကျိုးကား ကူးသန်းရောင်းဝယ်ရေးမှာ အတန်ကြာ အခြေပျက်၍ ဖရိုဖရဲ ရှိပေမည်။ မန္တလေးမြို့နှင့် ကျွန်ုပ်တို့ဆက်ဆံမှုနှင့် စပ်လျဉ်းသော နိုင်ငံရေး ကိစ္စဟူသမျှသည် ကျွန်ုပ်တို့၏ကုန်သွယ်မှုကို ကျွန်ုပ်တို့ အခြားတပါး၌ ကြုံတွေ့ဖူး၏။ မျှော်လင့်သည်ထက် ပိုမိုထိခိုက်တတ်၏။ ဤအကြောင်းကြောင့် သာလျှင် ဗြိတိသျှပိုင် မြန်မာပြည်အတွင်းရှိ ကုန်သည် သင်းပင်းတို့သည် မန္တလေးမြို့၌ဖြစ်ပျက်သောနိုင်ငံရေးကို ဤမျှစိတ်စိုက်နေကြပေသည်။ ဤအကြောင်းကြောင့်သာလျှင် ကုန်သည်သင်းပင်းတို့မှာ နေသားတကျ မြဲမြံသောစီမံချက်ကို လိုလားကြ၍ အလွန်လျှင် ထင်ရှားလွယ်သော ကုန်ဈေးကို ဤမှာဘက် အစွန်းမှသည် ဟိုမှာဘက် အစွန်းတိုင်အောင် လှုပ်ရှားရွေ့ပြောင်း ဈေးကစားခြင်းကို ရှောင်ရှားလိုကြပေသည်။

ယခုအချိန်အခါသည် ဤနှစ်အဖို့ ကူးသန်းရောင်းဝယ်သူ အလုပ်များသည့်အချိန်ကျရောက်စဖြစ်၏။ အင်္ဂလန်နိုင်ငံမှ တင်ပို့လိုက်သော ကုန်စည် အမြောက်အမြားတို့မှာ လာရောက်ဆဲဖြစ်၏။ ဤကုန်များကို အဆင်သင့် ဝယ်ယူမည့်သူ ရရှိရန် အတန်ကြာ အခက်အခဲတွေ့ကြုံရလတ္တံ့။ ပေါက်ဈေးများနှင့် ယုံကြည်မှု (အကြွေးပေးခြင်းကိစ္စ)ကို များစွာ ထိခိုက်စေလိမ့်မည်။ ၎င်းကုန်များနှင့် သက်ဆိုင်သည့် ကုန်တိုက်ကြီးများမှာ ရှုံးပါးကြပေလိမ့်မည်။ မန္တလေးမြို့နှင့် အရောင်းအဝယ်များ ဆင်းသာ တက်သာရှိ၍ နောက်ထပ် အနှောင့်ယှက်မရှိခဲ့ပါမူ မြန်မကြာနာလန်ထူလိမ့်မည်။ သံအဖွဲ့ ရုပ်သိမ်းပြီး နောက်အတန်ကြာ မန္တလေးနှင့်ကူးသန်းရောင်းဝယ်ရေးသည် ရပ်စဲ လုမတတ် ဖြစ်၏။ သို့သော်လည်း မကြာမီ နာလန်ထူ၍ ယခုအခါ၌မူ ခါတိုင်းကဲ့သို့ပင် စည်ကားဖွံ့ဖြိုးလျက်ရှိ၏။ စာချုပ်များကို ရုပ်သိမ်းလျှင် ခဏ္ဍ ဖရိုဖရဲဖြစ်မည်ကား မလွဲတည်း။ သို့သော်လည်း နောက်ဆုံး၌ နိုင်ငံရေးကိစ္စ အရပ်ရပ်



တို့ကို ပြုပြင်ပြီးပြတ်ပေလိမ့်မည်ဟု သိရှိကြပါလျှင် လက်သင့်ခံကြပေလိမ့်မည်။

(၂) ကျွန်ုပ်တို့ထင်သော အခြေအနေသို့ ရောက်သည်ရှိသော် ဘုရင်မင်းမြတ်မှာလည်း အနှောင်အဖွဲ့မှ လွတ်ကင်းလျက် မိမိ၏ ဘဏ္ဍာတော်ရေးများကို စီမံဆောင်ရွက်နိုင်ပေလိမ့်မည်။ ကုန်သွယ်မှုနစ်နာစေကြောင်း အထူးထူး စိတ်အနှောင့်အယှက် ဖြစ်စေမည့် အခွန်တို့ကို မုချစည်းကြပ်ရာ၏။ သို့သော်လည်း အထက်မြန်မာပြည်မှာ ရနိုင်သော ကုန်များမှာ မရလျှင်မဖြစ်သော ကုန်များလည်း မဟုတ်၊ အခြားတစ်ပါး၌ ရရှိနိုင်သောကုန်များဖြစ်၏။ ဘုရင်မင်းမြတ်သည် မိမိ၏အကျိုးစီးပွားကို ရှုလျက် အတန်မျှသော အတိုင်းအမှတ်ကို ကျော်လွန်၍ ဖိနှိပ်ကောက်ခံနိုင်မည် မဟုတ်ပေ။ အလွန်ဆိုးရွားသည်သော်မှ ကျွန်ုပ်တို့၏ ကူးသန်းရောင်းဝယ်ရေးမှာ နတ်ရွာစံမင်းတရားကြီး လက်ထက်တွင် စိတ်ပြောင်းလွဲတတ်သည်နှင့်အညီ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် နစ်နာသည်ထက် ပိုမိုနစ်နာမည်မဟုတ်ပေ။ ထိုပြင် ၎င်းလက်ထက်တော်တွင် ကျွန်ုပ်တို့တိုင်တန်းရသည့် စာချုပ်များကို သွေဖည်ခြင်းကြောင့် နစ်နာရသည်ထက် ပိုမိုနစ်နာနိုင်မည်မဟုတ်ပေ။ တစ်မျိုးဆင်ခြင်ပြန်သည်ရှိသော် မန္တလေးမြို့သို့ ကျွန်ုပ်တို့ ရေကြောင်းခရီးဖြင့် တင်ပို့ရသော ကုန်များအပေါ်တွင် စည်းကြပ်ရသော အကောက်ခွန်ကို ကျွန်ုပ်တို့နယ်အတွင်း သုံးဆောင်ရန် ဝင်ကုန်များအပေါ်တွင် စည်းကြပ်သောအခွန်နှင့် ညီမျှအောင် ပြုလုပ်ခြင်းအားဖြင့် အခွန်တော် အမြောက်အမြားတိုးရန် ရရှိ၏။

၁၈၇၈ – ၇၉ ခုနှစ်အတွင်း
တန်ဖိုးငွေ တစ်ရာလျှင် ဒိ
စည်းကြပ်သော မန္တလေး
ကုန်ပေါ်တွင် အကောက်ငွေ – ၅၈၄၇၀-၀-၀
၎င်းအခွန်တော်နှုန်းထားအတိုင်း
၎င်း – ၃၄၀၂၅၂-၀-၀
တိုးငွေ – ၂၈၁၇၈၂-၀-၀

www.burmeseclassic.com

www.burmeseclassic.com



(၃) ဆားခွန်တော်ညီမျှစေရေးအတွက် စာချုပ်များကို ပြန်လည် စစ်ဆေး ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းရန် ရှေးဦးစွာလိုသော အချက်ဖြစ်၏။ လွန်ခဲ့သည့်လ ၅ရက်နေ့တွင် ဘဏ္ဍာရေးဌာနက **အကြံပေးသည့်အတိုင်း မနစ်မြို့ဖွယ်ကောင်းသော လူခွန်တော်ကို ဗြိတိသျှပိုင်မြန်မာပြည်တွင် ရုပ်သိမ်းပယ်ဖျက်၍ ၎င်းအခွန်၏နေရာတွင် ဘင်္ဂလားပြည်နှုန်းထား အတိုင်း ဆားခွန်တော်ကို အစားတိုးရန် ကျွန်ုပ်သည် အစီရင်ခံခဲ့၏။** အထက်မြန်မာပြည်သို့ တန်ဖိုးငွေ ၁၀ဝိလျှင် ၁ကျပ် တမောင်လျှင် တစ်ပိုင်ခွဲမျှသော အခွန်တော်စည်းကြပ်၍ ဆားပေးသွင်းနေရသမျှ ကာလပတ်လုံး အလွန်အရေးကြီးသော ဤဘဏ္ဍာရေးပြင်ဆင်မှုကိုပြုလုပ်နိုင်မည် မဟုတ်ကြောင်း ကျွန်ုပ်ညွှန်ကြားခဲ့ပေပြီ။ အထက်မြန်မာပြည်သည် ဆားအလို့ငှာ ကျွန်ုပ်တို့ကို သာလျှင် အမှီပြုရ၏။ တိုင်းရင်းဖြစ် သို့မဟုတ် ဗြိတိသျှမြန်မာကို မဖြတ်သန်းဘဲ အခြားလမ်းကြောင်းဖြင့် သယ်ယူရရှိနိုင်သော ဆားအချိန်မှာ မများချေ။ ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို ကျွန်ုပ်တို့လက်အောက်ခံများထက် သက်သာလျှော့ပေါ့သော နှုန်းထားဖြင့် ဆက်လက်၍ ဆားပေးသွင်းနေရန်၊ စာချုပ်မှအပ အခြားအကြောင်း တစ်စုံတစ်ရာ မရှိပေ။ တန်ဖိုးငွေ ၁၀ဝိလျှင် ဒိကျနှုန်းဖြင့်ကောက်ခံခြင်းကြောင့် လွန်ခဲ့သည့် ၅ နှစ်အတွင်း အထက်မြန်မာပြည်သို့ တင်ပို့သော ဆားမှရရှိသော ဆားခွန်မှာ ပျှမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင် ငွေ ၂ဖ၄ဓိ၊ သို့မဟုတ် ဂဏန်းအပြည့်ဟူမူ ငွေ ၃၀၀ဝိသာ ရရှိ၏။ ပျမ်းမျှခြင်းဆားချိန်မှာ ၄၂၂၉၇၇ မောင်ဖြစ်၏။ အကောက်တော်နှုန်းပြည့် တမောင်လျှင် ၂– ဂဲ သာ စည်းကြပ်ပါမူ ဤမျှသော ဆားအချိန်အတွက် သင့်ငွေ ၁၀၅၇၄၄၂ ကျပ် ရရှိရာ၏။ အထက်မြန်မာပြည်နှင့်ပတ်သက်၍ ဂဏန်းအသေအချာကို မရနိုင်ပေ။ သို့သော်လည်း ဘုရင်မင်းမြတ်၏ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ လူဦးရေမှာ ၃၀၀၀၀၀၀ သုံးသန်းဟူ၍ အများပင် ခန့်မှန်းကြ၏။ ဘင်္ဂလားနယ်ဘီဟာနယ်များတွင် ခန့်မှန်းခြေမှာ လူတစ်ယောက်လျှင် ဆား ၁၀ မောင်မှသည် ၁၁ မောင်မျှသုံးစွဲ၏။ လူဦးရေ ၃သန်းဟူမူ ဆားအချိန် ၃၉၃၇၅၀ မောင်ပေါင်းရ၏။ ဆားအချိန် မောင်ပေါင်း ၃၅၀၀၀၀ သုံးစွဲလျှင် အခွန်တော်ငွေ ၈၇၂၀၈ဝိ ကျပ်တိုး၍ ရနိုင်ပေလိမ့်မည်။



(၄) အိန္ဒိယပြည်အစိုးရမင်းတို့သည် သရက်မြို့နှင့်တောင်ငူ၌ နယ်ခြားအကောက်ခွန်ကို ထပ်မံစည်းကြပ်ရန် ရည်ရွယ်လိမ့်မည်ဟု ကျွန်ုပ်မထင်ပေ။ အထက်မြန်မာပြည်သို့ တင်ပို့သော ဆန်များအပေါ်၌လည်း ခေတ္တ ဖိနှိပ်ခြင်းတုံ့ပြန်ခြင်းသဘောမျိုးမှတစ်ပါး အခြားအကြောင်းကြောင့် အခွန်တော်စည်းကြပ်ခြင်းသည် သင့်လျော်လိမ့်မည်ဟု ကျွန်ုပ်မထင်။ အထက်မြန်မာပြည်သို့ တင်ပို့ရသော ဆန်နှင့်စပါးမှာ လွန်ခဲ့သည့် ၄ နှစ်အတွင်း ပျမ်းမျှခြင်းအားဖြင့် မောင်ပေါင်း ၁၈၉၀၈၃၁ ဖြစ်၍ တန်ပေါင်း ၆၇၅၀၀ နှင့် ညီမျှ၏။

တမောင်လျှင် ၃ပဲကျ စည်းကြပ်လျှင် အကောက်တော်ငွေ ၃၅၀၀၀ဝိ ကျပ် ရရှိပေလိမ့်မည်။ ဆန်ခွန်စည်းကြပ်ရန်အတွက် ထောက်ခံအကြောင်းပြရန်များ၏။ ၎င်းဆန်ကို အခွန်တော်ရရှိနိုင်သော အခြားအရပ်ဒေသများသို့ မပို့ဘဲ မန္တလေးမြို့ကိုပို့ရသည်။ အခွန်တော်ရနိုင်သော အခြားအရပ်ကို မတင်ခြင်းကြောင့် ကျွန်ုပ်တို့မှာ အခွန်နစ်နာ၏။ ဘုရင်မင်းမြတ်၏ကျေးတော်ကျွန်တော်မျိုးများကို ဤကဲ့သို့သော အခွင့်အရေးပေးရန်အကြောင်း မရှိသည်မှာ ထင်ရှား၏။ တစ်မျိုး ဆင်ခြင်ပြန်သည်ရှိသော် ဆန်ခွန်သည် မကြာမီ လုံးဝရုပ်သိမ်းရာသည်။ ကျွန်ုပ်တို့၏နယ်အတွင်း၌ဖြစ်သော စပါးပေါက်ဈေးကြောင့် အထက်မြန်မာပြည် စပါးပေါက်ဈေးကို ထိခိုက်သည်ဟူ၍ အသေအချာ မပြောနိုင်ပေ။ စပါးခွန်ကို ကြာရှည်စွာ ကောက်ခံသည်ရှိသော် ကျွန်ုပ်တို့၏လက်အောက်ခံများအပေါ်တွင် ပြန်လည် ကျရောက်လိမ့်မည် မဟုတ်ဟု မပြောနိုင်ပေ။ ခေတ္တမျှသာ သင့်တော်၍ အရှည်အားဖြင့် မရေရာသောအခွန်မျိုးကို ကျွန်ုပ် မထောက်ခံလို။

(၅) စားရေရိက္ခာပိတ်ဆို့ထားခြင်းကိစ္စနှင့် ပတ်သက်၍ကား အထက်မြန်မာပြည်သည် ဆားအလို့ငှာ ကျွန်ုပ်တို့ကိုသာလျှင် လုံးလုံးအမှီပြုနေရကြောင်းကို ဖော်ပြပြီးဖြစ်၏။ သူ၏အဖြစ်တွင် အလွန်လျှင် အရေးကြီးလှသော ထိုပစ္စည်းကို ရပ်တန့်ထားခြင်းအားဖြင့် အပြင်းအထန် ထိခိုက်ပေလိမ့်မည်။ များစွာ ခရီးရောက်သော ဖိနှိပ်ခြင်းလည်း ဖြစ်ပေလိမ့်မည်။ ထို့ပြင် တစ်ပြိုင်နက် ငါးပိ တင်ပို့ခြင်းကိုလည်း ရပ်တန့်ရန်လိုပေလိမ့်မည်။ မြန်မာလူမျိုးတို့ အာဟာရတွင် ၎င်းအစာသည် အရေးကြီး၏။ ၎င်းသည် များသောအားဖြင့် ဆား၏နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



**အသုံးပြုနိုင်၏။** လွန်ခဲ့သည့်နှစ်က အထက်မြန်မာပြည်သို့ တင်ပို့ရသော ငါးပိနှင့် ငါးခြောက် တန်ဖိုးမှာ ငွေ ၁၅၇၃၄၅၅ ကျပ် ဖြစ်၏။ ဆန်တင်ပို့ခြင်းကို တားမြစ်ခြင်းအားဖြင့် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများကို လေးလံစွာ ထိခိုက်ပေလိမ့်မည်။ အထူးသဖြင့် မြစ်ရိုးတစ်လျှောက်တွင် နေထိုင်သူများ နစ်နာပေလိမ့်မည်။

သို့သော်လည်း တိုင်းသူပြည်သားတို့သည် ဆန်စပါးအတွက် ကျွန်ုပ်တို့ကို လုံးလုံးအားကိုးသည်မဟုတ်ပေ။ အထက်မြန်မာပြည်တွင် ဂျုံနှင့် အခြားကောက်ပဲ အသီးအနှံအမြောက်အမြားထွက်၍ ပိုလျှံသောကုန်များကို ဗြိတိသျှမြန်မာပြည်သို့ တင်ပို့၏။ လွန်ခဲ့သည့်နှစ်တွင် အထက်မြန်မာပြည်မှ ကျွန်ုပ်တို့၏နယ်သို့ ဂျုံတန်ချိန် ၁၂၈၀နှင့်အခြား ကောက်မျိုးတန်ချိန် ၁၂၆၈၀မျှ တင်ပို့လေသည်။ စပါးပို့ခြင်းကို ကျွန်ုပ်တို့ရပ်တန့်ထားသည်ရှိမူ ဤပစ္စည်းများကို နိုင်ငံအတွင်းတွင် သုံးစွဲရန် ရရှိပေလိမ့်မည်။ အထက်မြန်မာပြည်တွင် မိမိတို့တိုင်းသူပြည်သားများအတွက် စားရေရိက္ခာတို့ကို မြောက်မြားစွာ ရရှိနိုင်သည်ကို ယုံမှားဖွယ် မရှိ။ **စပါးတင်ပို့ခြင်းကို ရပ်တန့်ထားလျှင် ခေတ္တမျှ ငတ်မွတ်ခြင်းကပ်ဆိုက်ရောက်၍ အတန်များသော ဆင်းရဲပင်ပန်းခြင်းကို ဖြစ်စေလိမ့်မည်။ သို့သော်လည်း ဆား တင်ပို့ခြင်းကို မြစ်တားထားသကဲ့သို့ ဖိနှိပ်ရေးတွင် ခရီးရောက်လိမ့်မည် မဟုတ်ပေ။**

(ပုံ)စီယူအိပ်ချီဆင်
ဗြိတိသျှပိုင်
မြန်မာပြည်ကော်မရှင်နာမင်းကြီး
ရန်ကုန်မြို့၊ ၁၈၇၉ ခု၊ ဒီဇင်ဘာလ ၆ ရက်

စာမှတ် (၃၁)တွင် အကျွမ်းဝင်စာ (စ)
၁၈၇၉ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ရိုက် ကြေးနန်း

ကာလကတ္တားမြို့ နိုင်ငံခြားရေးအတွင်းဝန်ထံမှ ရန်ကုန်မြို့ကော်မရှင်နာမင်းကြီးပေး

နိုဝင်ဘာလ ၂၃ ရက်နေ့စွဲနှင့် ရောဝတီ မီးသင်္ဘောကို ဝင်ရောက်ရိုက်နှက်ကြောင်း အစီရင်ခံစာကိုရရှိ၏။ မြန်မာနိုင်ငံခြားဝန်ကြီး (ကင်းဝန်)



ထံ စာရေးသား၍ ၎င်းကိစ္စသည် စာချုပ်ကိုဖောက်ဖျက်ရာရောက်ကြောင်း၊ သင့်တော်လုံလောက်သော ပြုပြင်မှုကို တောင်းဆို၍ ကျူးလွန်သူများကို ရာဇဒဏ်ခတ်ရန် တောင်းဆိုပါလေ။

မယုတ်မလွန်သောစကားကို သုံးနှုန်းပါလေ၊ ပြန်စာကိုမူ ဆောလျင်စွာ တောင်း၍ မည်သို့ဖြစ်သည်ကို အစီရင်ခံပါ။

* * *

စာမှတ် (၃၂)
၁၈၈၀ ပြည့်နှစ်၊ မတ်လ ၁ရက်နေ့
အိန္ဒိယပြည်ရေးဆိုင်ရာအတွင်းဝန်ကြီးထံမှ
အိန္ဒိယပြည်ဘုရင်ခံချုပ်ကြီးထံသို့ ရိုက်သောကြေးနန်း

ပေးစာရရှိ၏။ စီမံသည့်အတိုင်း စာချုပ်များ ရုပ်သိမ်းခြင်းသည် သင့်တော်သည်ဟု ကျွန်ုပ်တို့ မသေချာ၊ ကျွန်ုပ်တို့ပြုပြင်ရန် တောင်းဆိုချက်ကို မြန်မာများ မည်သို့ပြန်ဆိုသည်ကို မသိရသေးမီအတွင်း ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားသေးသည်။ သင်္ဘောကပ္ပတိန်သည် လျော်ကြေးငွေကို လက်ခံသည်ဆိုသည်မှာ မှန်ပါသလော။

* * *

စာမှတ် (၃၃)
အိန္ဒိယပြည်အစိုးရနိုင်ငံခြားရေးဌာန
ဧကရီဘုရင်မကြီး၏ အိန္ဒိယပြည်ရေးအတွင်းဝန်ကြီး
လော့ခရိုင်းဘရွတ်သို့ပေး
ပုတ်ဝီလျံခံမြို့

(၁) ဗြိတိသျှပိုင်မြန်မာပြည်၏ နယ်ခြားဌာနဖြစ်သော သရက်မြို့တွင် ယခုတိုင်ရှိနေသေးသည့် မြန်မာအသံအဖွဲ့နှင့် စပ်လျဉ်းသည့် စာများ မိတ္တူကို ဆက်သလိုက်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) လွန်ခဲ့သည့်နိုဝင်ဘာလအတွင်းက မြန်မာသံအဖွဲ့ကို ယခုအခြေအနေတိုင်းဟူမူ အိန္ဒိယပြည်အစိုးရသည်လက်ခံရန် စိတ်မရှိကြောင်း၊ ၎င်းသံအဖွဲ့မှာ မန္တလေးဘုရင်မင်းမြတ်သည် ရာဇမဟာမိတ်အဖြစ် စိတ်နေစိတ်ထားရှိကြောင်း မြွက်ဟဝန်ခံရုံမျှသာ စေလွှတ်သော အခမ်းအနားဖြစ်ခြင်းကြောင့် လက်မခံနိုင်ကြောင်း ပြောကြားရန် ကော်မရှင်နာမင်းကြီးသို့ အမိန့်ချမှတ်သည်ကို အတွင်းဝန်မင်း သတိရတန်ရာ၏။ သံအမတ်သည် သင့်လျော်သည်ထင်က မိမိ၏အစိုးရထံ နောက်ထပ် အမိန့်တောင်းခံနိုင်ကြောင်း ပြော၏။ သံအမတ်သည်လည်း၎င်းအတိုင်းပြုလုပ်ဟန်ရှိ၏။ ဖေဖော်ဝါရီလဆန်းလောက်တွင် ဗြိတိသျှအစိုးရနှင့် အထက်မြန်မာပြည်အစိုးရတို့ နောက်ထပ်စာချုပ်ချုပ်ဆိုရန် နိဒါန်းစကားများပြောဆိုရန် အခွင့်အာဏာများကို သံအမတ်သို့ လွှဲအပ်ပြီးကြောင်းကို ကော်မရှင်နာမင်းကြီးသည် သိရှိရ၏။ သို့ပါ၍ သံအမတ်သည်ကော်မရှင်နာမင်းကြီးနှင့်စကားကမ်းလှမ်းပြောဆိုလိုကြောင်း။

(၃) သံအမတ်ထံမှရရှိသော စာချုပ်သစ်၏ အရိပ်အမြွက်နှင့်တကွ စာချုပ်တွင်ပါရှိသည့် အကြောင်းအရာများ၊ စာချုပ်၏သဘောနှင့် ပတ်သက်၍ မိမိ၏ထင်မြင်ချက်များကို မစ္စတာအိပ်ချီဆင်သည် ယခုပေးလိုက်ပါသည်။ မစ္စတာအိပ်ချီဆင်၏ အထင်အားဖြင့် ထိုစာချုပ်တွင်များစွာသော အချက်တို့မှာ လက်ခံနိုင်ဖွယ်မရှိ။ နှစ်တိုင်းနှစ်ပြည်အတွင်း အချင်းဖြစ်နေသည့် အချက်တို့နှင့် ပတ်သက်၍ကား တစ်စုံတစ်ရာဖော်ထုတ်ပြောဆိုခြင်းမပြု၊ အထူးသဖြင့် အနာဂတ်အဖို့ မန္တလေးမြို့တွင် ဗြိတိသျှသံအမတ်၏ အခြေအနေ၊ သံအမတ်အားပြုမူရန် နည်းစနစ်ကိုကား လုံးလုံးပြောဆိုသည်မရှိ၊ သို့ပါ၍ ကော်မရှင်နာမင်းကြီးသည် သံအမတ်အားသိစေသည်မှာ သံအမတ်သည် ၎င်းထက် ပိုမိုအရေးပါအရာရောက်သော စကားကမ်းလှမ်းချက်များကို မျှော်လင့်ဖွယ် မရှိပါမူ သံအမတ်သည် ရက်အပိုင်းအခြားမရှိဘဲ သရက်မြို့တွင် ဆက်လက်နေခြင်းအားဖြင့် ကျွန်ုပ်တို့မှာ အနေအထိုင် မချောင်ချိ။ ဆက်လက်နေခြင်းကိုလည်း မလိုလားအပ်ကြောင်း။

(၄) အကြမ်းမျှရှိသေးသောစာချုပ်တွင် ပါရှိသည့်အချက်များတို့မှာ ဘယ်နည်းနှင့်မျှ လက်ခံနိုင်ဖွယ်မရှိကြောင်း ဆွေးနွေးခြင်းမပြုလုပ်ဘဲ ပယ်ရန်သာသင့်ကြောင်း၊ ကော်မရှင်နာမင်းကြီးနှင့် ကျွန်ုပ်တို့သဘောချင်းတိုက်ညီ၏။ ထို့ပြင်လည်း ကျွန်ုပ်တို့၏ သံအမတ်ကိုပြန်လည်ရုပ်သိမ်းရခြင်း အဓိကအကြောင်းရင်းမှာ ၎င်း၏အခြေအနေမှာ ကျေနပ်ဖွယ်လည်းမရှိ ခန့်ငြားခြင်းလည်း မရှိခြင်းကြောင့်ဟု ထုတ်ဖော်ပြောဆိုပြီးဖြစ်၍ နောက်ထပ်စကားကမ်းလှမ်းခြင်းပြုရာဝယ်၊ ဤအချက်ကို ရှေးဦးစွာ ပြီးပြတ်ရေလည်အောင် စီမံရပေမည်ကား ထင်ရှား၏။ ထို့ပြင် သံအမတ်အားဘုရင်မင်းမြတ်က လျောက်ပတ်စွာလက်ခံခြင်း ကိစ္စတစ်ရပ်သည်လည်း စာချုပ်တွင်ပါရှိရပေမည်။ ကော်မရှင်နာမင်းကြီး၏ စာအပိုဒ် ၆ တွင် ထောက်ခံထားသည့်အတိုင်း ရှေ့အဖို့သံတဲကို ဗြိတိသျှစစ်တပ်ဖြင့် ဝန်းရံကာကွယ်စောင့်ကြပ်ထားရှိစေခြင်းသည် လိုသည်။ သို့မဟုတ် စနစ်သဘောဖြင့် သင့်တော်သည်ဟူသော ကိစ္စကို ရုတ်တရက် စီစစ်ရန် မလိုသေးပေ။ သို့ရာတွင် သံတဲဆောက်လုပ်ရန် နေရာအသစ်ကားမရလျှင် မဖြစ်နိုင်ပေ။

(၅) သို့ပါ၍ ကော်မရှင်နာမင်းကြီးသည် သရက်မြို့ရှိသံအဖွဲ့နှင့် မန္တလေးမြို့ နိုင်ငံခြားရေးဝန်ကြီး (ကင်းဝန်)ထံ ပေးပို့ ပြန်ကြားစေသောစာကို ကျွန်ုပ်တို့ သဘောတူညီပါကြောင်း။

(ပုံ) လစ်တန်
အက်ဖ်ပီဟိန်း
အေဂျေအာရိဘတ်နော့
အေကလပ်
ဂျွန်စတြေရေချီ
အီးဘီဂျွန်ဆင်
ဒဘာလျူစတုတ်
ရိဝါးစသော်မဆင်
အေဖရေဆာ။

---

၁၈၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ရက်နေ့စွဲနှင့်၊ သရက်မြို့အရေးပိုင်ထံမှ ပေးစာနှင့်တကွ အကျွမ်းဝင်စာ ဘာသာပြန်ဆိုချက်။
၁၈၈၀ ပြည့်နှစ်၊ဖေဖော်ဝါရီလ ၁၁ရက်နေ့စွဲနှင့်၊ သရက်မြို့အရေးပိုင်ထံမှပေးစာနှင့်တကွ အကျွမ်းဝင်စာ ဘာသာပြန်ဆိုချက်ပေးစာ။
၁၈၈၀ ပြည့်နှစ်၊ဖေဖော်ဝါရီ ၁၆ ရက်နေ့စွဲနှင့် သရက်မြို့အရေးပိုင်သို့ပေးစာ။
၁၈၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၁၆ရက်နေ့စွဲနှင့် မန္တလေးမြို့တော်နိုင်ငံခြားဝန်ကြီးသို့ ပေးစာ။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ရွှေနန်းတွင်း အတ္ထုပ္ပတ္တိစာတမ်းမှာ မြန်မာတိုင်းရင်းသား အများ ရှင်လူ ဦးဖြူ၊ ဦးမည်း၊ အသီးအသီး အဝဝတို့၏ ဆန္ဒ အာသီသ ပြည့်ဝစေရန် စီမံပြုလုပ်ရာဝယ် စာမျက်နှာ ၁၅၆ မျှနှင့် ပင်။ ပထမတွဲပြီးဆုံးလိုက်ရသည်မှာ စာအုပ်ကြီးခြင်း၊ တန်ဖိုးများ ခြင်းရှိက ဖတ်ရှုနိုင်သူ ဦးရေနည်းပါးမည် စိုးရိမ်ကြောင့်ကြမှု အတွက်ပင် ဖြစ်ပေကြောင်း။

အဆိုပါ လက်ထက်တော်တွင်း အဖြစ်အပျက် ရွှေနန်းတွင်း အတ္ထုပ္ပတ္တိ စာတမ်းကို၊ ၁၂၉၈ ခု ကဆုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့ နံနက် အချိန် ပြီးစီးအောင်မြင်ပါကြောင်း။

(ရွှေနန်းတွင်း အတ္ထုပ္ပတ္တိ၊ ပထမတွဲပြီး၏။)





ကင်းဝန်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးရတနာပုံ၊ ဒုတိယနန်းစံ၊ မာရ်အောင်ရတနာစေတီတော်ဒါယကာ
ဘဝရှင် အရှင်နှစ်ပါးပုံတော်





(ကင်းဝန်မင်းကြီး)

www.burmeseclassic.com

www.burmeseclassic.com






(သံချက်ဝန်မင်းဦးမြို)





လှေသင်းအတွင်းဝန်မင်း

www.burmeseclassic.com

www.burmeseclassic.com





(ရေနံချောင်းမင်းကြီး)





ပဋ္ဌမသင်္ဂါယနာတင်၊ ဘဝရှင် မင်းတုန်းမင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com






မန္တလေးရတနာပုံ၊ ချစ်သနန်းစံ၊ မာရှိအောင်ရင်တနာ ဓာတ်တော်ဒါယကာ
ဘဝင် အရှင်ခမင်းတာရားကြီး၊ အတွင်းဆောင်စံတော်မူပုံ





ရောဝတီမီးသင်္ဘောကိုယ်စားလှယ်ကြီး (Mr Andreino)
မစ္စတာအန္ဒြေနီး၏ပုံ

www.burmeseclassic.com

www.burmeseclassic.com





(သံချက်ဝန်မင်း)
ပြည်သစ်ပြည်သို့ သံအမတ်အဖြစ်နှင့် သွားရောက်စဉ်က
ရိုက်ကူးခဲ့ပုံ





မြန်မာသံတော်အရာရှိကြီးများ
(နိုင်ငံခြားဆိုင်ရာအတွင်းဝန်ကြီး) (ကင်းဝန်မင်းကြီး) (သံချက်ဝန်ကြီး)

www.burmeseclassic.com

www.burmeseclassic.com





၁။ ရွှေတိုက်အတွင်းဝန် ၂။ အတ္တပတ်မြို့ဝန် ၃။ ဦးရွှေဘင်

BURMESE CLASSIC .com
www.burmeseclassic.com